**စာအုပ်မှတ်တမ်း**

၁၉၈၈ – ၂၀၀၂
မြန်မာ့နိုင်ငံရေးဖြစ်စဉ် ထူးခြားမှု
ရက်စွဲမှတ်တမ်းများ

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

စောင်ရေ ၅၀၀

၂၀၀၃ ခုနှစ် မေလ

**ပြုစု**
Research Department

**ထုတ်ဝေ ၊ ဖြန့်ချိ**
Research Department
All Burma Students' Democratic Front
P.O Box - 37
Mesarieng - 58110
MaeHongSon Province
Thailand
Email: absdfhq@cscoms.com

# ၁၉၈၈ – ၂၀၀၂
# မြန်မာ့နိုင်ငံရေးဖြစ်စဉ် ထူးခြားမှု
# ရက်စွဲမှတ်တမ်းများ

Research Department
All Burma Students' Democratic Front
P.O Box - 37
Mesarieng - 58110
Mae Hong Son Province
Thailand
Email: absdfhq@cscoms.com

**မဟာမိတ်အဖွဲ့အစည်း အသီးသီးမှ ခေါင်းဆောင်များ၊ ရဲဘော်များ၊ မိတ်ဆွေများသို့ –**

၁၉၈၈ – ၂၀၀၂ ခုနှစ်၊ မြန်မာနိုင်ငံရေးဖြစ်စဉ် ထူးခြားမှုရက်စွဲမှတ်တမ်းများ စာအုပ်အား စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် ဒီမိုကရေစီရေး လှုပ်ရှားမှုများကို တထောင့်တနေရာမှ အထောက်အကူပြုနိုင်ရန်အတွက် မကဒတမှ လက်လှမ်းမီသမျှ ကြိုးပမ်းအားထုတ်ပြီး ပြုစုတင်ပြထားပါသည်။

ဤသို့ ကြိုးပမ်း အားထုတ်ထားသော်လည်း အကြောင်းကြောင်းသော အခက်အခဲ အမျိုးမျိုးကြောင့် ချို့ယွင်းချက်၊ အားနည်းချက်များ မကင်းစင်နိုင်သကဲ့သို့ မပြည့်စုံမှုများလည်း ရှိနိုင်ပါသည်။

သို့အတွက် –

ခေါင်းဆောင်များ၊ ရဲဘော်များ၊ မိတ်ဆွေများ၏ ဝေဖန်အကြံပြုမှုများ၊ ဖြည့်စွက်မှုများဖြင့် ဒုတိယအကြိမ် ဆက်လက်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

ရဲဘော်များ၏ ပူးပေါင်းဆောင်ရွက်မှုများကို လေးစားနွေးထွေးစွာ ကြိုဆိုအပ်ပါကြောင်းနှင့်အောက်ပါလိပ်စာများသို့ ဆက်သွယ်ဆောင်ရွက်စေလိုပါသည်။


**absdf-hq@absdf.org**
**absdf-o&i@absdf.org**

**P o Box 51**
**Mae Sod P.O**
**Tak 63110**
**Thailand**

# ၁၉၈၈ –၂၀၀၂ မြန်မာ့နိုင်ငံရေးဖြစ်စဉ်ထူးခြားမှု ရက်စွဲမှတ်တမ်းများ။

၁၉၈၇ ခုနှစ်အတွင်း အခြေအနေတချို့။

❖ ၁၉၈၅ ခုနှစ် ဖိလစ်ပိုင်နိုင်ငံတွင် လူထုလှုပ်ရှားမှုဖြစ်ပွားပြီး စစ်အာဏာရှင်'မားကို့စ်'ပြုတ်ကျသွားခြင်းသည် မြန်မာနိုင်ငံအတွင်း ဂယက်ရိုက်ခတ်ခဲ့သည်။အထူးသဖြင့် နိုင်ငံရေးနိုးကြားသော ကျောင်းသားလူငယ်များအတွင်း လန်းဆန်းမှုကို ဖြစ်စေခဲ့။ 'မားကို့စ် ပြောင်း'ဟူသော ဗန်းစကားတလုံးက နိုင်ငံတဝန်းရေပန်းစားခဲ့။ မြေအောက် ကျောင်းသား လှုပ်ရှားစုဖွဲ့မှုများ အရှိန်မြင့်လာသည်။

❖ ၁၉၈၇ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးမှ မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ LDC အဖြစ် စာရင်းသွင်းခဲ့။ ထိုသတင်းအား မဆလသတင်းမီဒီယာများမှ အမှောင်ချထားသော်လည်း နိုင်ငံခြားသတင်းဌာနများမှ တဆင့် မြန်မာလူထုမှသိရ။ အမျိုးသားဂုဏ်သိက္ခာ ကျဆင်းမှုကြီးတရပ်အဖြစ် ခံစားနာကျည်းခဲ့ကြ။

❖ ၄–၁–၈၇။ ။ မဆလ စစ်အစိုးရအားဆန့်ကျင်သော ပြည်ပရောက် အင်အားစုများစုပေါင်း၍ မြန်မာနိုင်ငံ ဒီမိုကရေစီ ပြန်လည် တည်ဆောက်ရေး ကော်မတီ CRDB စတင်ဖွဲ့စည်း။

❖ ၂၆–၃–၈၇။ ။ ဝန်ကြီးချုပ်ဟောင်း ဦးနုနှင့်ဇနီးသည်တို့ ပြည်ပခရီးစဉ်ထွက်ခွာ။ Passport တွင် 'စာရေး ဆရာတယောက်အနေနှင့် ခရီးသွားရန်'ဟုဖော်ပြထား။ ၈–၁–၈၈ နေ့တွင်မှ မြန်မာပြည်သို့ ပြန်ရောက်။ ၉ လ နှင့် ၁၃ ရက်ကြာ။ နီပေါ၊ အိန္ဒိယ၊ အင်္ဂလန်၊ အမေရိကန်၊ နယ်သာလန်၊ အရှေ့ဂျာမဏီ၊ ဆွစ်ဇာလန်နှင့် ပြင်သစ် ၈ နိုင်ငံရောက်။ အမေရိကန်နှင့် အိန္ဒိယတို့တွင် ကြာကြာနေ။ ခရီးစဉ်တလျှောက် ဘာသာရေးဆိုင်ရာ တရားပွဲများ လုပ်ဆောင်။ ပြည်ပရောက်သားသမီးများ၊ မိတ်ဆွေဟောင်း လုပ်ဖော်ကိုင်ဖက်ဟောင်းများနှင့်တွေ့ဆုံ BBC အပါအဝင် သတင်းဌာနတချို့နှင့် တွေ့ဆုံခဲ့သည်။ (နဝတ သတင်းစာရှင်းလင်းပွဲ ၈၉ မှ)

❖ ၂၁–၇–၈၇။ ။ ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီး မှ ဗိုလ်နေဝင်းထံ ပေးစာတစောင်ထွက်လာ။ လူထုအကြား ပျံ့နှံ့။

❖ ၁၀–၈–၈၇။ ။ မဆလပါတီဥက္ကဋ္ဌ ဦးနေဝင်းမှ တိုင်းပြည်သို့ရေဒီယိုမိန့်ခွန်းပြောကြား။ "အချိန်အခါနှင့် လျော်ညီစွာ ပြောင်းသင့်တာကို ပြောင်းရပါမယ်" ဟု ပြောဆို။

❖ ၁၅–၈–၈၇။ ။ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အာဘော်ဖြစ်သော 'ပြည်သူ့အာဏာဂျာနယ်' အမှတ် ၁ စတင်ထုတ်ဝေ။

❖ ၁–၉–၈၇။ ။ မဆလ စစ်အစိုးရက ၁၉၆၆ ခုနှစ်ကတည်းမှ လက်ဝါးကြီးအုပ်ထားခဲ့သော ဆန်စပါးနှင့် ဆန်ထွက် ပစ္စည်းများ ဝယ်ယူ၊ ရောင်းချ၊ သယ်ပို့ခွင့်အား ပုဂ္ဂလိကများသို့ စတင်ခွင့်ပြုလိုက်။

❖ ၅–၉–၈၇။ ။ နေ့လည် ၁၁ နာရီ မြန်မာ့အသံရေဒီယိုမှ ၇၅ ကျပ်တန်၊ ၃၅ ကျပ်တန်နှင့် ၂၅ ကျပ်တန် ငွေစက္ကူများ တရားဝင်သုံးစွဲခွင့်အား ရပ်ဆိုင်းလိုက်ကြောင်း ကြေငြာ။ နိုင်ငံအတွင်း လည်ပတ်ငွေ ၈၀ ရာခိုင်နှုန်းရပ်ဆိုင်းသွား။

❖ ၅–၉–၈၇။ ။ ညှ၊ ငွေစက္ကူများ တရားမဝင်ဖျက်သိမ်းကြောင်း ကြေငြာချက်အား မကျေနပ်၍ ရန်ကုန် စက်မှုတက္ကသိုလ်မှ ကျောင်းသားများဆန္ဒပြ။ လှည်းတန်းလမ်းဆုံတွင်လည်း အုံကြွမှုဖြစ်။ ကမာရွတ်မြို့နယ် ပြည်သူ့ ကောင်စီရုံးအား ဒေါသဖြစ်နေသော လူထုကဖျက်ဆီးပစ်ခဲ့။

❖ ၅–၉–၈၇။ ။ည ၈ နာရီတွင် စာမေးပွဲဖြေဆိုနေဆဲဖြစ်သော တက္ကသိုလ်များအား ၆–၉–၈၇ နေ့မှ စတင်ကာ ရက်အကန့်အသတ်မရှိ ပိတ်လိုက်ကြောင်း မြန်မာ့အသံမှကြေငြာ။ ထိုကျောင်းများအား ၂၆–၁၀–၈၇ နေ့တွင် ပြန်ဖွင့်၊ စာမေးပွဲဆက်ဖြေခိုင်းပြီး ပိတ်လိုက်။

❖ ၆–၉–၈၇။ ။မြေအောက်နည်းဖြင့် စုစည်းထားသော ကျောင်းသားအင်အားစုများမှ "ငွေစက္ကူဖျက်သိမ်းခြင်းနှင့် ပတ်သက်ပြီး ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂနှင့် မန္တလေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂတို့၏ သဘောထား ပူးတွဲကြေငြာချက်" ဟူသော ကြေငြာချက် ထုတ်ပြန်။

❖ ၇–၉–၈၇။ ။ မဆလ စစ်အစိုးရမှ အခွန်အကောက်ဆိုင်ရာ ဥပဒေအများအပြားကို ပြန်လည်ပြင်ဆင်ကြောင်း ထုတ်ပြန်ကြေငြာ။

❖ ၂၂–၉–၈၇။ ။ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်မှ ၄၅ ကျပ်တန်နှင့် ၉၀ ကျပ်တန် ငွေစက္ကူအမျိုးအစားသစ်များ စတင်ထုတ်ဝေ။

❖ ၂၇–၁၀–၈၇။ ။ တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်ပြီး နိုဝင်ဘာလဆန်း၌ စစ်တွေကောလိပ်တွင် ကျောင်းသားများ ဆန္ဒပြပွဲဖြစ်ပွား။

❖ ၇–၁၁–၈၇။ ။ ပျဉ်းမနား ရေဆင်းတက္ကသိုလ်တွင် ကျောင်းသားများ ဆန္ဒပြမှုဖြစ်ပွား။ ကျောင်းရုံးခန်းထဲရှိ ဦးနေဝင်း ဓာတ်ပုံအား ရိုက်ခွဲပြစ်။

❖ ၇–၁၁–၈၇။ ။ ရန်ကုန်မြို့တွင် ဗုံးတလုံးပေါက်ကွဲ။ ရန်ကုန်မြို့ရှိ ချက်ကိုဆလိုဗက်သံရုံးလည်း ဗုံးနှင့်အပစ်ခံရ။

❖ ၉–၁၂–၈၇။ ။ ဥက္ကဋ္ဌနိုင်ရွှေကျင်နှင့် ဥက္ကဋ္ဌနိုင်နွံလာတို့ဦးဆောင်သော မွန်ပြည်သစ်ပါတီ ၂ ဖွဲ့တို့ တဖွဲ့တည်းအဖြစ် ပြန်လည်ပေါင်းစည်း။ နိုင်ရွှေကျင်မှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ။

❏ ❏ ❏ ❏ ❏ ❏ ❏

## ၁၉၈၈ ခုနှစ်အတွင်း မြန်မာနိုင်ငံသတင်းများ

ဇန်နဝါရီလ။

ဗမာပြည် ကွန်မြူနစ်ပါတီ ၄၈၂၈ ဒေသပါတီကော်မတီမှ 'အရုဏ်ဦး' စာစောင်ထုတ်ဝေ။ မဆလ စစ်အုပ်စု ဆန့်ကျင်ရေး မြေအောက်အင်အားစုများအတွက် ဦးတည်ထုတ်ဝေခြင်းဖြစ်သည်။

❖ ၁၀–၁–၈၈။ ။ မန္တလေးမှလာသော ရထားတစီး ပုဇွန်တောင်ဘူတာအရောက် ချိန်ကိုက်ဗုံးတလုံး ပေါက်ကွဲရာ လူ ၈ ဦးသေဆုံးပြီး ၄၀ ကျော် ဒဏ်ရာရ။ KNU လက်ချက်ဖြစ်သည်ဟု မဆလ အစိုးရက စွပ်စွဲ။

မတ်လ။

❖ ၇–၃–၈၈။ ။ ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီးမှ ဗိုလ်နေဝင်းထံ စာတစောင်ရေးသားပေးပို့။ (ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံအား စီးပွားရေးအကူညီဖြတ်တောက်မည့်အကြောင်း)

❖ ၁၂–၃–၈၈။ ။ ရန်ကုန်စက်မှုတက္ကသိုလ်မှ ကျောင်းသားတချို့နှင့် ကြို့ကုန်းရပ်ကွက်အတွင်းရှိ လူငယ်တချို့ 'စန္ဒဝင်း' လက်ဘက်ရည်ဆိုင်တွင် ခိုက်ရန်ဖြစ်ပွား။

❖ ၁၃–၃–၈၈။ ။ ရန်ကုန်စက်မှုတက္ကသိုလ်တွင် မကြေနပ်မှုဖြစ်ပွားနေသော ကျောင်းသားများအား စစ်တပ် (လုံထိန်း) များက သေနတ်နှင့်ပစ်ခတ်ဖြေရှင်းသဖြင့် ပဉ္စမနှစ် ကုန်ထုတ်ဓာတုဗေဒအဓိက ကျောင်းသားကိုဘုန်းမော် နေရာတွင်ပင် ပွဲချင်းပြီးကျဆုံးသွားပြီး (ဆရာများအပါအဝင်) ကျောင်းသားအများအပြား ဒဏ်ရာရသွား။

❖ ၁၄–၃–၈၈။ ။ မကျေနပ်မှုကြီးထွားနေသော ရန်ကုန်စက်မှုတက္ကသိုလ်မှ ကျောင်းသားများအား နေထိုင်ရာကျောင်းဝင်းအား စစ်တပ်မှဝင်ရောက်စီးနင်းကာ ကျောင်းသားအများအပြားအား ဖမ်းဆီးပြီး၊ ည ၈ နာရီ မြန်မာ့အသံမှ ရန်ကုန်စက်မှုတက္ကသိုလ်အား ရက်အကန့်အသတ်မရှိ ပိတ်လိုက်ကြောင်းကြေငြာ။ မြေအောက် ကျောင်းသားသမဂ္ဂများမှ RIT အဖြစ်အပျက်နှင့် ပတ်သက်ပြီး ကြေငြာချက်များ၊ တောင်းဆိုချက်များ ထုတ်ပြန်။

❖ ၁၅–၃–၈၈။ ။ RIT အဖြစ်အပျက်အပေါ် မဆလ စစ်အစိုးရ၏ ကိုင်တွယ်ဖြေရှင်းမှုအား မကျေနပ်၍ ရန်ကုန်တက္ကသိုလ် (ပင်မ) တွင် ကျောင်းသားများ ကန့်ကွက်ဆန္ဒပြ။ (အာဇာနည် ဘုန်းမော်ရှာပန အားလုံး လိုက်ပို့ကြ) ဟူသော စာတမ်းထွက်ပေါ်လာ။ RIT အရေးအခင်းနှင့်ပတ်သက်ပြီး အစိုးရမှ အမှန်အတိုင်းဖြေရှင်းပေးရန် အပါအဝင် 'ကျောင်းသားထုအခွင့်အရေး ကာကွယ်ရေးကော်မတီ' တရပ် ဖွဲ့စည်းရေးကို ကျောင်းသားများက တောင်းဆို။

❖ ၁၆–၃–၈၈။ ။ ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းအတွင်း ကန့်ကွက်ဆန္ဒပြနေကြသော ကျောင်းသားများအား စစ်တပ်ကဝိုင်း။ ပြည်ထဲရေးဝန်ကြီးကိုယ်တိုင် ကိုင်တွယ်အမိန့်ပေး။ မဆလ အတွင်းရေးမှူးဦးစိန်လွင်က တိုက်ရိုက်အမိန့်ပေး။ 'နာနာရိုက် ခေါင်းကိုရိုက်' ဟူသော ဦးစိန်လွင်၏ စကားပြောစက်ဖြင့် တိုက်ရိုက်အမိန့်ပေးသံကို ကျောင်းဝင်းအတွင်းရှိ ဆရာ၊ ဆရာမများကိုယ်တိုင် ကြားကြရ။ ဆန္ဒပြကျောင်းသားများ ကျောင်းဝင်းအပြင်ထွက်ပြီး ရန်ကုန်တက္ကသိုလ် (လှိုင်) သို့ ချီတက်စဉ် စစ်တပ်နှင့်လုံထိန်းများက တံတားဖြူတွင်တားဆီးပြီး အကြမ်းဖက်ဖြိုခွဲခဲ့၍ ကျောင်းသားတချို့ သေဆုံး၊ အများအပြားဒဏ်ရာရ အဖမ်းခံကြရ (တံတားနီအရေးအခင်း) တက္ကသိုလ်အားလုံးကို ရက်အကန့်အသတ်မရှိ ပိတ်လိုက်ကြောင်း ည ၈ နာရီတွင် မြန်မာ့အသံမှ စစ်အစိုးရကကြေငြာ။

❖ ၁၆–၃–၈၈။ ။ ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားအချို့နှင့် ကြို့ကုန်းအနောက်ရပ်ကွက် လူထုအချို့တို့ ဖြစ်ပွားသည့် အရေးအခင်းနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးတင်ပြရန် စုံစမ်းရေးကော်မရှင်ကို မဆလ နိုင်ငံတော်ကောင်စီမှ အမိန့်ကြော်ငြာစာ အမှတ် ၄၅/၈၈ ဖြင့် ဖွဲ့စည်းပေးခဲ့။ အစီရင်ခံစာတွင် ကျောင်းသားတယောက် မည့်သည့်သေနတ်ဖြင့်၊ မည်သူ၏လက်ချက်ဖြင့် သေဆုံးရသည်၊ အလားတူအရေးအခင်းမျိုး ထပ်မံမပေါ်ပေါက်စေရေး ဆောင်ရွက်သင့်သည့် အချက်များအား ကော်မရှင်မှ ၁၇–၄–၈၈ နေ့ နောက်ဆုံးထားပြီး နိုင်ငံတော်ကောင်စီသို့ တင်ပြရမည်ဟု ဖော်ပြထားသည်။

❖ ၁၇–၃–၈၈။ ။ ကျောင်းသားများဦးဆောင်ပြီး ရန်ကုန်မြို့လယ်တွင် ဆန္ဒပြပွဲကျင်းပ။ လူထုကထောက်ခံပြီး ပူးပေါင်းပါဝင်။

❖ ၁၈–၃–၈၈။ ။ ရန်ကုန်မြို့လယ်တွင် ဆန္ဒပြပွဲများ ဆက်လက်ဖြစ်ပွား။ အကြမ်းဖက်မှုတချို့လည်းဖြစ်ပွား။ စစ်တပ် (လုံထိန်းများ) က မျက်ရည်ယိုဗုံးသုံး၍ အကြမ်းဖက်ဖြိုခွဲ။ ရိုက်နှက်ဖမ်းဆီး။ (အချုပ်ကားအတွင်း အသက်ရှူ

မွန်းကြပ်၍ လူ ၄၀ ကျော်သေဆုံးခဲ့ရကြောင်း မဆလ စစ်အစိုးရက နောက်ပိုင်းတွင်ဝန်ခံရ)
❖ ၂၀–၃–၈၈။ ။ ချင်းအမျိုးသားတပ်ဦး CNF ဖွဲ့စည်း။

ဧပြီလ။
❖ ၂–၄–၈၈။ ။ ၁၉၈၈ ခုနှစ်၊ မတ်လ က လေဖြတ်သွားခဲ့သော နေထိုင်မကောင်းသည့် မိခင်ကြီးအား ပြုစုရန် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံသို့ပြန်လာ။ ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၆၀ ခုနှစ် မိခင်ကြီး အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ခံရစဉ် မှစတင်ကာ မြန်မာပြည်မှ ထွက်ခွာသွားခဲ့သည်။ ၂၇ နှစ် အတွင်း မြန်မာပြည်သို့ ခေတ္တ ၈ ကြိမ်ပြန်လာခဲ့ပြီး နိုင်ငံသားအဖြစ် ဆက်လက်ရပ်တည်နေသည်။ ၁၉၈၆ ခုနှစ် အာဇာနည်နေ့တွင် ဖခင်ကြီး၏ အုတ်ဂူ၌ လွမ်းသူပန်ခွေချ ကန်တော့သည်။
❖ ၁၁–၄–၈၈။ ။ မဆလပါတီ ဥက္ကဋ္ဌကြီးဦးနေဝင်း ဆေးကုသခံယူရန်အတွက် အနောက်ဂျာမဏီနှင့် ဆွစ်ဇာလန်နိုင်ငံသို့ ထွက်ခွာ။

မေလ။
❖ ၉–၅–၈၈။ ။ ဗိုလ်အောင်ကြီးမှ ဗိုလ်နေဝင်းထံ စာမျက်နှာ ၄၀ ပါ အိတ်ဖွင့်ပေးစာတစောင် ထွက်လာ။ (နိုင်ငံရေးကိစ္စ လုပ်ဖော်ကိုင်ဖက်များကို ဝေဖန်။)
❖ ၃၀–၅–၈၈။ ။ ရက်အကန့်အသတ်မရှိ ပိတ်ထားခဲ့သော တက္ကသိုလ်များအား ပြန်လည်ဖွင့်လှစ်။ ကျောင်းများ ပြန်လည်ဖွင့်လှစ်သည်နှင့် မြေအောက်ကျောင်းသားသမဂ္ဂဝင်များ လှုပ်ရှားမှုများစတင်။ ကျောင်းသားများသမဂ္ဂမှ 'သပိတ်မှောက်ပန်ကြားလွှာ' ကို ဖြန့်ချိ။ ပန်ကြားလွှာတွင် ဖမ်းဆီးခံထားရသော ကျောင်းသားများအားလုံးကို ပြန်လွှတ်ပေးရေး၊ ကျောင်းထုတ်ခံထားရသော ကျောင်းသားများ ကျောင်းပြန်တက်ခွင့်ပြုရေး၊ သေဆုံးကျောင်းသားစာရင်း အတိအကျ ကြေငြာပေးရေး၊ ကျောင်းသားသမဂ္ဂ ဖွဲ့စည်းခွင့်ပြုရေးတို့ကို တောင်းဆိုထား။

ဇွန်လ
❖ ၈–၆–၈၈။ ။ ဗိုလ်အောင်ကြီးမှ ဗိုလ်နေဝင်းထံပေးစာတစောင်ထွက်လာ။ (တံတားဖြူ အရေးအခင်းအကြောင်း၊ ဗိုလ်ချုပ်ကြီး လက်ရှောင်နေပါ။)
❖ ၁၄–၆–၈၈။ ။ ညနေ ၄ ဝန်းကျင် ရန်ကုန်တက္ကသိုလ် တောင်ငူဆောင်ရှေ့တွင် တရားဟော။ ကျောင်းသားတထောင်ခန့်ရှိ။ မောင်မောင်ကျော်မှ မျက်နှာစည်းမထားဘဲ တရားဟော။ မကျေနပ်မှုတွေကို ထုတ်ဖော်။ 'နေဝင်း အလိုမရှိ' 'မဆလ အလိုမရှိ' ကြွေးကြော်။ ပါမောက္ခချုပ် ဒေါက်တာချစ်ဆွေရောက်လာပြီး မလုပ်ဖို့တောင်းပန်။ ညနေ (၅း၃၀) မှာ ပြီး။
❖ ၁၅–၆–၈၈။ ။ နေ့လည် ၁၁ ဝန်းကျင် ဂျပ်ဆင်ရှေ့ မျက်ခင်းပြင်တွင် တရားဟောပွဲစတင်။ လူတွေက ရေတမာပင်များအောက်မှ အားပေးနားထောင်။ မဆလ မကောင်းကြောင်း ရင်ဖွင့်ဟောပြောကြ။ လူပိုများလာပြီး RC ရှေ့သို့ တရားပွဲရွှေ့သွား။ ညနေ မှောင်စပျိုးမှ တရားပွဲရပ်နား။ အောင်မြင်။
❖ ၁၆–၆–၈၈။ ။ နေ့လည်မှစတင်ကာ ဘွဲ့နှင်းသဘင်ခန်းမရှေ့တွင် တရားပွဲများစတင်။ ကြွေးကြော်သံများ၊ တောင်းဆိုချက်များ၊ ထုတ်ပြန်ချက်များ ဖြန့်ဝေ သစ်ပင်များတွင်ကပ်။ ဟောပြောသူ၊ နားထောင်သူ အရေအတွက်ပိုများလာ။ ကျောင်းပစ္စည်းများ မဖျက်ဆီးရေး၊ ငြိမ်းချမ်းစွာဆန္ဒပြရေး၊ စည်းကမ်းချက်များ ထုတ်ပြန်။ ဒီမိုကရေစီအကြောင်း စတင်ပြောဆို တပါတီအာဏာရှင်စနစ်အား ရှုံ့ချ။ စစ်ကားများ ကျောင်းဝင်းအပြင်တွင် ဝိုင်းထား။ တရားပွဲအောင်မြင်။
❖ ၁၇–၆–၈၈။ ။ သောကြာနေ့။ တရားပွဲများ ဘွဲ့နှင်းသဘင်ရှေ့တွင် ဆက်လက်ဖြစ်ပွား။ ကျောင်းသူ မိန်းကလေးများ အားတက်သရော ပါဝင်ဆောင်ရွက်။ အခြေခံပညာကျောင်းသားလေးများက ကျောင်းဝတ်စုံများနှင့် တရားပွဲလာရောက်နားထောင် ပူးပေါင်းဆောင်ရွက်၊ သံဃာတော်များလည်းပါဝင်။ ကိုမိုးသီးဇွန် စတင်တရားဟော၊ အချက်အလက် ရှိရှိ၊ ပိုင်ပိုင်နိုင်နိုင်၊ ဆွဲဆောင်မှု ရှိရှိနှင့် ဟောပြောနိုင်၍ ကျောင်းသားထု၏ ထောက်ခံအားပေးမှုကိုရရှိ။

စစ်ကားများ ကျောင်းဝင်းအပြင်မှ ဝိုင်းထား၊ တရားပွဲအောင်မြင်။

❖ ၂၀–၆–၈၈။ ။ တနင်္လာနေ့ တရားပွဲများ ဘွဲ့နှင်းသဘင်ရှေ့တွင် ဆက်လက်ဖြစ်။ ဆရာ၊ ဆရာမများပါ တရားပွဲလာနားထောင်။ အင်အား တသောင်းခန့်ရှိလာ။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ၏ တရားပွဲအား ထောက်ခံကြောင်း အခြားတက္ကသိုလ်များ၊ သိပ္ပံများမှ ကြေငြာချက်အသီးသီး ထုတ်ပြန်။ အထက်တန်း ကျောင်းသားလေးများ၊ ရဟန်းသံဃာတော်များ၊ လူငယ်များ ယူနီဖောင်းနှင့် အလုပ်သမားများပါဝင်။ လူထုမှ စားသောက်စရာများ ကူညီခြင်းဖြင့် သပိတ်အရှိန်ကြွလာ။ စစ်ကားများလည်း အင်အားပိုတိုးချလာ။ တရားဟောသူ အရေအတွက်ပိုတိုးလာ။ တရားဟောသူများအကြား အယူအဆ ၂ ရပ် သိသိသာသာ ကွဲပြားလာ။ 'ကျောင်းသားများသည် ကျောင်းသားအရေးကိုသာ လုပ်သင့်သည်' (ကိုဝင်းလွင် အင်အားစု)၊ 'ကျောင်းသားများသည် ပြည်သူများအရေးကိုပါ ပူးတွဲလုပ်ဆောင်သင့်သည်' (ကိုမိုးသီးဇွန် အင်အားစု)။ ကျောင်းသားထု၏ အဆုံးအဖြတ်ကိုခံယူရာ ကိုမိုးသီးဇွန်တို့ အယူအဆအား ကျောင်းသားထုက တခဲနက်ထောက်ခံ။ ညနေမှောင်မှ တရားပွဲပြီး။

❖ ၂၀–၆–၈၈။ ။ ည ၈ မြန်မာ့အသံမှ ရန်ကုန်တက္ကသိုလ် (ပင်မ၊ ဗိုလ်တထောင်၊ လှိုင်၊ ကြည့်မြင်တိုင်) ရန်ကုန်စက်မှုတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့အား ရက်အကန့်အသတ်မရှိ ပိတ်လိုက်ကြောင်းကြေငြာ။

❖ ၂၁–၆–၈၈။ ။ ရန်ကုန်တက္ကသိုလ်ပိတ်လိုက်သဖြင့် ကျောင်းသားလူငယ်များက ကျောင်းအပြင်တွင် စုရုံးကာ ဆန္ဒပြရင်း မြို့လည်သို့ချီတက်။ 'တပါတီအာဏာရှင်စနစ် အလိုမရှိ'၊ 'ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်ရေးတို့ကို တောင်းဆို။ ဆန္ဒပြကျောင်းသားထုအား မြေနီကုန်းတွင် စစ်တပ်မှဟန့်တားရာမှ အဓိကရုဏ်းဖြစ်ပွား။

❖ ၂၁–၆–၈၈။ ။ ကျောင်းပိတ်ရာတွင် မပါဝင်သော ရန်ကုန်ဆေးတက္ကသိုလ်– ၁ လမ်းမတော်တွင် ကျောင်းသားများနှင့် လုံထိန်းတို့ အဓိကရုဏ်းဖြစ်ပွား။

❖ ၂၁–၆–၈၈။ ။ ည ၈ နာရီ မြန်မာ့အသံမှ တနိုင်ငံလုံးရှိတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများအား ရက်အကန့်အသတ်မရှိ ပိတ်လိုက်ကြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နမိတ်အတွင်း ည ၆ နာရီမှ နံနက် ၆ နာရီအတွင်း ညမထွက်ရအမိန့်၊ ရန်ကုန်စည်ပင်သာယာရေး နယ်နမိတ်အတွင်း စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေငြာကြောင်း အစိုးရမှ အမိန့်များထုတ်ပြန်။ ကုန်ဈေးနှုန်းများ အဆမတန်မြင့်တက်လာ။

❖ ၂၂–၆–၈၈။ ။ နေ့ထုတ် မဆလ သတင်းစာများတွင် ဇွန် ၂၁ ရက်နေ့ မြေနီကုန်းအဖြစ်အပျက်တွင် ရဲ ၆ ယောက် သေဆုံး၊ အကြမ်းဖက်သမား ၃ ဦးသေဆုံးကာ ၇၇ ဦးအား ဖမ်းဆီးထားကြောင်း ဖော်ပြထား။

❖ ၂၉–၆–၈၈။ ။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နမိတ်အတွင်း ညမထွက်ရအမိန့်အား ည ၈ နာရီမှ နံနက် ၄ သို့ ပြောင်းလဲသတ်မှတ်ကြောင်း မြန်မာ့အသံမှကြေငြာ။

ဇူလိုင်လ။

❖ ၇–၇–၈၈။ ။ ဆဲဗင်းဇူလိုင်နေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့လည်တွင် ကျောင်းသားလူငယ်များ စုရုံးဆန္ဒပြ။ စစ်ကားများ ရောက်လာချိန် လူစုခွဲလိုက်။ မြေနီကုန်းအရေးအခင်းပြီးနောက် ပထမဆုံး စုရုံးဆန္ဒပြခြင်းဖြစ်။ လူထုထောက်ခံအားပေးမှုရရှိ။ အထိအခိုက်အကျအဆုံးမရှိဘဲ အောင်မြင်သောကြောင့် ကျောင်းသားလူငယ်များ အားတက်။ ဤနေ့မှ စတင်ကာ ပျောက်ကျားဆန္ဒပြပွဲများ ဆက်လက်ဖြစ်ပေါ်ခဲ့။

❖ ၇–၇–၈၈။ ။ ၈၈ မတ်လအရေးအခင်းများအတွင်း အဖမ်းခံထားရသော ကျောင်းသား ၁၄၁ ဦး၊ အားလုံးပြန်လွှတ်လာ။ ထောင်မှပြန်လွှတ်လာသော ကျောင်းသားများထံမှ ထောက်လှမ်းရေး စစ်ကြောရေးစခန်းများနှင့် ထောင်ထဲတွင် အညှဉ်းပန်းခံရမှုများ၊ ထောက်လှမ်းရေးစခန်းတွင် ကျောင်းသူတချို့အား လုံထိန်းများမှ အဓမ္မပြုကျင့်ခဲ့ကြခြင်း သတင်းများ၊ ရေးသားတင်ပြချက်စာများ ထွက်ပေါ်လာ။

❖ ၉–၇–၈၈။ ။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်မြေအတွင်း ထုတ်ပြန်ထားသော အရေးပေါ် အခြေအနေနှင့် စစ်အုပ်ချုပ်ရေးဥပဒေအား အစိုးရမှရုတ်သိမ်း။

❖ ၁၆–၇–၈၈။ ။ ပြည်မြို့တွင် ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်ဘာသာဝင်တချို့အကြားတွင် ဘာသာရေး အဓိကရုဏ်းများ ဖြစ်ပွား။ ပြည်မြို့တွင် စစ်အုပ်ချုပ်ရေးဥပဒေ ကြေငြာ။ စစ်ထောက်လှမ်းရေးမှ သွေးထိုးလှုံ့ဆော် ပါဝင်ဆောင်ရွက်သည့် အထောက်အထားများ တွေ့ရှိရ။ ပြည်မြို့တွင် စစ်အုပ်ချုပ်ရေး ဥပဒေထုတ်ပြန်။

❖ ၁၉–၇–၈၈။ ။ တောင်ကြီးမြို့တွင် ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်ဘာသာဝင်တချို့တို့ အဓိကရုဏ်းဖြစ်ပွား။ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ဒဏ်ရာရကာသေဆုံး။ စစ်ထောက်လှမ်းရေး၏ လက်ရာပါဝင်။ တောင်ကြီးမြို့တွင် စစ်အုပ်ချုပ်ရေးဥပဒေ ထုတ်ပြန်။

❖ ၂၂–၇–၈၈။ ။ BBC မှ အထူးသတင်းထောက် ခရစ္စတိုဖာဂါးနက်သည် Tourist Visa ဖြင့် ရန်ကုန်သို့ ရောက်ရှိလာ။ ရန်ကုန်မြို့တွင် ကျောင်းသားခေါင်းဆောင်တချို့အပါအဝင် လျှို့ဝှက်တွေ့ဆုံခြင်း အင်တာဗျူးနှင့် ရန်ကုန်နှင့် နယ်သတင်း လတ်လတ်ဆတ်ဆတ်များအား BBC မှ ဖော်ပြပေးသဖြင့် တနိုင်ငံလုံးမှသိရှိရ။ ပြောက်ကျား ဆန္ဒပြ တိုက်ပွဲဆင်နေသော ကျောင်းသားလူငယ်များအား အားတက်စေခဲ့။

❖ ၂၃–၇–၈၈။ ။ မဆလ ပါတီ အရေးပေါ်ပါတီညီလာခံ စတင်ကျင်းပ။ ပါတီဥက္ကဋ္ဌ ဦးနေဝင်းသည် ရေဒီယိုမှ တိုင်းပြည်သို့ မိန့်ခွန်းပြော။ လူထုအနေနှင့် ပါတီစုံနှင့်တပါတီ ဘယ်ဟာကိုကြိုက်နှစ်သက်ကြောင်း၊ တပြည်လုံး လူထုဆန္ဒခံယူပွဲ ကျင်းပပေးရန် ပါတီဥက္ကဋ္ဌဦးနေဝင်းက ပြောဆိုလိုက်။ ပါတီဥက္ကဋ္ဌအဖြစ် ဦးနေဝင်းနုတ်ထွက်။ ဦးစိန်လွင် သမ္မတ ဖြစ်လာ။

❖ ၂၄–၇–၈၈။ ။ ရန်ကုန်မြို့လည်တွင် ဇူလိုင်လဆန်းကတည်းက ပျောက်ကျားဆန္ဒပြပွဲ ဆင်နွှဲနေကြသော ကျောင်းသားလူငယ်လေးများ ရွှေတိဂုံဘုရားပေါ်တွင် သပိတ်စခန်းဖွင့်။ ရဟန်းသံဃာတော်များပါ ပူးပေါင်းပါဝင်။ မဆလ စစ်အစိုးရဆန့်ကျင်ရေး တရားများဟောပြော။ အထူးသဖြင့် ဦးနေဝင်း၏ 'စစ်တပ်ဆိုတာ ပစ်ရင်မှန်အောင်ပစ်တယ်' နှင့် 'နောင်ကို ဆူဆူပူပူလုပ်ရင် မသက်သာဘူးသာ မှတ်ပေရော့' ဟူသော စိမ်ခေါ်ချက်ကို ကျောင်းသားလူငယ်များက ပြင်းပြင်းထန်ထန် ကန့်ကွက်။ ဦးစိန်လွင်လိုလူမျိုးအား သမ္မတအဖြစ် ခန့်အပ်လိုက်ခြင်းကို ကျောင်းသားလူငယ်များနှင့် သံဃာတော်များက ကန့်ကွက်၊ အထူးသဖြင့် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဖြစ်စဉ်က သံဃာတော်များအပေါ် မောက်မောက်မာမာ ဆက်ဆံခဲ့သည့် ဦးစိန်လွင်လိုလူစားမျိုးအား သမ္မတခန့်အပ်ခြင်းကို သံဃာထုက မကြေနပ်ကြောင်း ဟောပြောကြ။

❖ ၂၈–၇–၈၈။ ။(ရွှေတိဂုံစေတီတော်ရင်ပြင်မှ အစိုးရဆန့်ကျင်ရေး တရားပွဲများ နေ့စဉ်လိုလိုဖြစ်ပွားနေခြင်း ပိုမိုအားကောင်းလာခြင်းတို့ကြောင့်) အစိုးရမှ တရားပွဲအားဖြိုခွဲလိုက်။ (ဝါဆိုလပြည့်နေ့)

❖ ၂၉–၇–၈၈။ ။ နေ့ထုတ် မဆလ စစ်အစိုးရ သတင်းစာများတွင် ဆူပူလိုသူတစုတို့သည် ရွှေတိဂုံစေတီတော် ရင်ပြင်တွင် ဘုရားဖူးများအား နှောက်ယှက်ခြင်း၊ ဘုရားရင်ပြင်ပေါ်တွင် မိန်းမပျက်များနှင့် ပျော်ပါးခြင်း အလှူခံပုံးများအား ရိုက်ခွဲကာ အလှူငွေများအား ယူဆောင်သွားကြောင်း ရေးသားထား။

❖ ၂၉–၇–၈၈။ ။ နိုင်ငံခြားမှ မြန်မာဘာသာဖြင့် ထုတ်လွှင့်သော အသံလွှင့်ဌာနများမှ ရွှေတိဂုံရင်ပြင် သပိတ်စခန်းအား အစိုးရမှဖြိုခွဲစဉ် စစ်သားများသည် ဘိနပ်မချွတ်ဘဲ ရင်ပြင်ပေါ်တက်ရောက်ကာ ကျောင်းသားများနှင့် သံဃာတော်များအား ဘက်နက်များဖြင့် ထိုးနှက်သတ်ဖြတ်ကြောင်း သာသနာ့အလံတော်အား စစ်ဘိနပ်ဖြင့်နင်းချေခဲ့ကြကြောင်း အသံလွှင့်။

❖ ၂၉–၇–၈၈။ ။ ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီးနှင့်အဖွဲ့အား ဖမ်းဆီး။ (ဦးအောင်ရွှေ၊ ဦးကြည်မောင်၊ ဦးခင်ညို သံအမတ်ကြီးဟောင်း ဦးဘရွှေတို့ပါဝင်) AP သတင်းထောက်ဦးစိန်ဝင်းကိုလည်းဖမ်းဆီးလိုက်။

ဩဂုတ်လ။

❖ ၃–၈–၈၈။ ။ မဆလ နိုင်ငံတော်ကောင်စီကြေငြာချက် အမှတ် ၅/၈၈ ရန်ကုန်မြို့တော်၊ မြို့နယ်များတွင် အရေးပေါ်အခြေအနေကြေငြာ စစ်အုပ်ချုပ်ရေးဥပဒေထုတ်ပြန်။

❖ ၆–၈–၈၈။ ။ BBC အသံလွှင့်ဌာနမှ ရန်ကုန်မြို့ရှိ ကျောင်းသားခေါင်းဆောင်တဦးနှင့် တွေ့ဆုံမေးမြန်းခန်းတွင် အဆိုပါကျောင်းသားခေါင်းဆောင်က မိမိတို့အနေဖြင့် ၈–၈–၈၈ "ရှစ်လေးလုံးနေ့" တွင် တနိုင်ငံလုံး အတိုင်းအတာဖြင့် အထွေထွေသပိတ်ကြီး ဆင်နွှဲသွားမည်ဟု ပြောဆိုလိုက်။

❖ ၆–၈–၈၈။ ။ မဆလ စစ်အစိုးရအား ဆန့်ကျင်ကန့်ကွက်ကြောင်း ထုတ်ဖော်မှုတရပ်အနေနှင့် ည ၈ နာရီတိတိတွင် သံပုံးတီးတောထုတ် ဆန္ဒပြကြရန် ကျောင်းသားသမဂ္ဂမှ တိုက်တွန်းနှိုးဆော်ထားမှုအရ ည ၈ နာရီတိတိ တွင် ရန်ကုန်မြို့အနှံ့ သံပုံးတီးသံကြီးများ တခဲနက်ပေါ်ထွက်လာ။

❖ ၆–၈–၈၈။ ။ ရန်ကုန်မြို့လည်တွင် စစ်တပ်မှ အင်အားတိုးမြှင့်ချထား။ အချုပ်ကားအပြာကြီးများ နေရာအနှံ့တွင် ရပ်ထားပြခြင်း၊ တလမ်းမောင်းလမ်းမကြီးများအား စစ်ကားများအရေးပေါ်သုံးနိုင်ရန် နှစ်လမ်းမောင်းအဖြစ် ယာယီ ပြဌာန်းခြင်း၊ သံဆူးကြိုးအလိပ်များ လမ်းဆုံလမ်းခွနှင့် အချက်အချာကျသော နေရာတိုင်းတွင် ချထား၊ ကာထားခြင်း၊ လည်စီးအနီပတ်ထားသော၊ လုံစွပ်အသင့်တပ်ထားသော၊ စစ်သားများအပြည့်ပါသည့် စစ်ကားများ ဥဒဟို သွားလာနေခြင်း၊ သံချပ်ကာကားများ မောင်းနှင်သွားလာနေခြင်း၊ အသံချဲ့စက် တပ်ဆင်ထားသောစစ်ကားများမှ စစ်အုပ်ချုပ်ရေး ဥပဒေ ညမထွက်ရအမိန့်တို့အား ရပ်ကွက်များတွင် အော်ဟစ်ရှင်းပြနေခြင်းများ ဆောင်ရွက်၊ ခရီးသွားလာနေသော ကျောင်းသားများ၊ လူငယ်များအား ရှာဖွေခြင်း၊ စစ်ဆေးမေးမြန်းခြင်း၊ ဖမ်းဆီးခြင်းများ စစ်တပ်က တိုးမြှင့်လုပ်ဆောင်။

❖ ၈–၈–၈၈။ ။ နေ့လည် ၁၁ နာရီခန့်မှ စတင်ကာ ရှစ်လေးလုံးဆန္ဒပြပွဲကြီး ဖြစ်ပွားခဲ့။ အင်အား သောင်းနှင့်ချီသော လူထုစစ်ကြောင်းကြီးများကြောင့် စစ်တပ်၏အတားအဆီးမှန်သမျှ ပြိုဆင်းသွား။ 'စိန်လွင် ၆ တန်း တစောက်ကန်း'၊ 'ဘဲဥတလုံးနှစ်ကျပ်ခွဲ စိန်လွင့်ခေါင်းကိုခွဲ' စသောကြွေးကြော်သံများမှစကာ 'တပါတီ အာဏာရှင်စနစ် အလိုမရှိ'၊ 'ဒီမိုကရေစီ ရရှိရေး' တို့ကို ကြွေးကြော်ခဲ့။ ရန်ကုန်တမြို့တည်းသာမက နယ်မြို့အတော်များများတွင်ပါ ချီတက်ဆန္ဒပြမှုဖြစ်ပွားခဲ့။

❖ ၈–၈–၈၈။ ။ ည ၁၁ နာရီတွင် ရန်ကုန်မြို့တော်ခမ်းမရှေ့တွင် စုဝေးဆန္ဒပြ တရားဟောနေသော လူထုအား စစ်တပ်မှ စတင်ပစ်ခတ်ချေမှုန်း။ ရန်ကုန်မြို့အနှံ့ ပစ်ခတ်ခြင်း ဆန္ဒပြသူများကိုသာမက မီးထွန်းထားသော အိမ်များအပါအဝင် မဲမဲမြင်ရာ ပစ်ခတ်မှုကြောင့်လည်းကောင်း နိုင်ငံတဝှမ်းလုံးရှိ မြို့အတော်များများတွင်ပါ ပစ်ခတ်မှု ကြောင့် ထိခိုက်သေကြေ ဒဏ်ရာရမှုများခဲ့။

❖ ၉–၈–၈၈။ ။ (ညက ပစ်ခတ်ထားသည့်တိုင်) မဆလ စစ်အစိုးရအား ဆန္ဒပြရန် ချီတက်လာသော လူထုအား စစ်တပ်မှဆက်လက်ပစ်ခတ်။ ရန်ကုန်မြို့တွင် အထူးသဖြင့် အထက်တန်းကျောင်းသားလေးများ သွေးမြေကျခဲ့ရ။

❖ ၉–၈–၈၈။ ။ စစ်ကိုင်းမြို့တွင် ဆန္ဒပြလူထုအား စစ်တပ်မှပစ်ခတ်မှုကြောင့် ကျောင်းသားများ၊ လူထုနှင့်သံဃာတော်များ၊ အမျိုးသမီးများပါ သေကျေဒဏ်ရာရခဲ့။ (စုစုပေါင်း ၃၁၇ ယောက် သေဆုံးခဲ့သည်ဟု နဝတ မှ ဝန်ခံခဲ့)

❖ ၉–၈–၈၈။ ။ ရန်ကုန် ပြည်သူ့ဆေးရုံကြီးရှေ့တွင် စစ်တပ်မှ ဝင်ရောက်ပစ်ခတ်။ သူနာပြုဆရာ/ဆရာမ တချို့ ဒဏ်ရာရ။

❖ ၉–၈–၈၈။ ။ ရုံးဌာနများ အလိုအလျောက်ပိတ်ပြီး ဆက်သွယ်ရေးပြတ်တောက်သွား။ ကုန်ဈေးနှုန်းများ ထိုးတက်လာ။ မဆလ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ 'ဆူပူလိုသူလူတစု'ဟု သုံးကာ သတင်းမှန်ကို အမှောင်ချထား။ မြန်မာနိုင်ငံသတင်းများ၊ ကမ္ဘာ့သတင်းမီဒီယာများတွင် ရေပန်းစားလာ။ စိန်လွင်အား နိုင်ငံခြားသတင်း မီဒီယာများက 'The Butcher ' ' Rangoon Killer ' ဟု နာမည်တပ်။

❖ ၀၉–၀၈–၈၈။ ။ စစ်ကိုင်းတိုင်း တန့်ဆည်မြို့တွင် လူထုမှ ရဲစခန်းအား ဝင်ရောက်စီးနင်း။ ဒေသတွင်း နာမည်ဆိုးနှင့် ကျော်ကြားသော ရဲအုပ်ကြီးသန်းမြင့် အပါအဝင် ရဲ ၅ ယောက်သေ။

❖ ၁၀–၀၈–၈၈။ ။ မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း ရဲစခန်းအား လူထုမှ ဝင်ရောက်စီးနင်းခဲ့။

❖ ၁၀–၈–၈၈။ ။ ရန်ကုန် ဆင်ခြေဖုံးရပ်ကွက်နေ လူထုမှ မဆလ စစ်အစိုးရအား 'လမ်းပိတ်ဆို့ရေး' တိုက်ပွဲဆင်။ စစ်ကားများ သွားလာလှုပ်ရှားမှု မပြုနိုင်စေရန် ကားလမ်းပေါ်တွင် သစ်တုံးများချထားခြင်း မြောင်းတူးထားခြင်းတို့ကြောင့် စစ်ကားများသွားလာမှု ရပ်တန့်သွားသည်။

❖ ၁၁–၈–၈၈။ ။ ရန်ကုန်မြို့တွင် မြို့လည်နှင့် အချက်အချာကျသောနေရာများတွင် မဆလ စစ်အစိုးရဆန့်ကျင်ရေးစာများ၊ သရော်ကာတွန်းများ ရေးဆွဲကပ်ထား။ Poster Campaign။

❖ ၁၂–၈–၈၈။ ။ ရန်ကုန်ဆေးရုံကြီး (အထွေထွေ ရောဂါကုဆေးရုံကြီး) အား စစ်တပ်က ပစ်ခတ်မှုကြောင်း သူနာပြု ဆရာ/ဆရာမ တချို့ ဒဏ်ရာရရှိ။

❖ ၁၂–၈–၈၈။ ။ မဆလပါတီ ၉၂ ကြိမ်မြောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးမှ ဦးစိန်လွင်အား လမ်းစဉ်ပါတီဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်။ နိုင်ငံတော်ကောင်စီမှ ယနေ့တွင် သမ္မတအဖြစ် နုတ်ထွက်လာမှုကို လက်ခံလိုက်။ ဒေါက်တာမောင်မောင်အား သမ္မတအဖြစ်ရွေးချယ်ခဲ့။

❖ ၁၄–၈–၈၈။ ။ ရန်ကုန်ဆေးရုံကြီးတွင် သပိတ်စခန်းစတင်ဖွင့်လှစ်။ ဟောပြောပွဲများ Poster Campaign များ လုပ်ဆောင်ခဲ့ကြ။

❖ ၁၄–၈–၈၈။ ။ ဒီမိုကရေစီရေး ပုဂ္ဂလိကစာစောင်စာတမ်းများ ထွက်ပေါ်လာ။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ဗကသ) မှ 'သမဂ္ဂသတင်းစာ' လည်းထွက်ပေါ်လာ။

❖ ၁၅–၈–၈၈။ ။ ရှေ့နေများကောင်စီ (Bar Council ) ကြေငြာချက်ထွက်ပေါ်လာ။ ပြည်သူလူထုအနေနှင့် လွတ်လပ်စွာ ဆန္ဒပြခွင့်၊ စုရုံးခွင့်၊ စည်းဝေးခွင့် စသည့်အခွင့်အရေးများအား လက်ရှိအခြေခံဥပဒေတွင် အတိအကျ ပြဌာန်းထားကြောင်း။ မဆလ အစိုးရ၏ လုပ်ရပ်သည် အခြေခံဥပဒေနှင့် ဆန့်ကျင်နေကြောင်း ထောက်ပြကန့်ကွက် ထား။

❖ ၁၈–၀၈–၈၈။ ။ စစ်တက္ကသိုလ် ကျောင်းဆင်း ဆရာ/ဆရာမများ သမဂ္ဂမှ 'စစ်တက္ကသိုလ်ကျောင်းဆင်း (ကြည်း၊ ရေ၊ လေ) အရာရှိများသို့ ပန်ကြားလွှာ' ထုတ်ပြန်။

❖ ၂၁–၈–၈၈။ ။ ဆေးရုံကြီး သပိတ်စခန်းမှ မြို့တွင်းသို့ စတင်ထွက်ဆန္ဒပြ။ ကျောင်းသားများ၊ လူငယ်များ ပြည်သူလူထု၊ အလုပ်သမားများ၊ မြို့နယ်အသီးသီးကိုယ်စားပြု လူထုများ၊ ထင်ရှားသောစာပေ ပညာရှင်များ၊ အဆိုတော်များ၊ ရုပ်ရှင်သရုပ်ဆောင်များတို့ အသီးသီးဆိုင်းဘုတ်ထောင်ကာ ပါဝင်ဆန္ဒပြ။ စစ်တပ်မှပိတ်ဆို့ ဟန့်တားမှုများ ရှိခဲ့သော်လည်း ပစ်ခတ်ဖမ်းဆီးမှု မရှိခဲ့။ နောက်ပိုင်း နေ့စဉ်မြို့တွင်းလှည့်လည်ဆန္ဒ။

❖ ၂၁–၈–၈၈။ ။ ဒေါ်အောင်ဆန်းစုကြည် လူထုလှုပ်ရှားမှုတွင် ပါဝင်ရေးအတွက် ကြည့်မြင်တိုင် ဗိုလ်သူရ လမ်းရှိ နေအိမ်တအိမ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ရှေ့နေများ၊ ဆရာဦးဝင်းတင်၊ ဆရာမောင်သော်က အပါအဝင် စာပေပညာရှင်များ နိုင်ငံရေးသမားကြီးများ တွေ့ဆုံဆွေးနွေး။

❖ ၂၃–၈–၈၈။ ။ ဗမာ့တပ်မတော် မျိုးချစ်တပ်မှူးဟောင်းကြီး ၁၅ ဦး လက်မှတ်ရေးထိုးထားသောစာ ထွက်လာ။

❖ ၂၃–၀၈–၈၈။ ။ အင်းစိန်ထောင်အတွင့် အပစ်ဒဏ်ကျခံနေရသော စစ်ထောက်လှမ်းရေး ဗိုလ်မှူးချုပ် မျက်မှန်တင်ဦး၊ ပြည်ထဲရေးဝန်ကြီး ဦးဘိုနီနှင့် မြောက်ကိုရီးယားမှ ကင်မင်ချူးတို့အား အင်းစိန်ထောင်အတွင်းမှ တခြားတနေရာသို့ ခေါ်ထုတ်သွား။ (ထောင်မဆူမှီ ၂ ရက်အလို)

❖ ၂၄–၈–၈၈။ ။ ရန်ကုန်ဆေးရုံကြီး သပိတ်စခန်းတွင် ဒေါ်အောင်ဆန်းစုကြည် ပထမဆုံးအကြိမ် စတင် တရားဟော။ ၂၆–၈–၈၈ နေ့ သိမ်ဖြူကွင်းတွင် ဒေါ်အောင်ဆန်းစုကြည်မှ လူထုအား တရားပွဲကျင်းပမည်ဖြစ်ကြောင်း ပိုစတာများ နေရာအနှံ့တွင်ကပ်ထား။

❖ ၂၄–၈–၈၈။ ။ နေ့လည် ၁ နာရီတွင် (၃–၈–၈၈ နေ့က ထုတ်ပြန်ထားခဲ့သော) အရေးပေါ်အခြေအနေ နှင့် စစ်အုပ်ချုပ်ရေးဥပဒေတို့အား အစိုးရမှရုတ်သိမ်းလိုက်။

❖ ၂၄–၈–၈၈။ ။ ရန်ကုန်မြို့တွင် 'ကျောင်းသားလှုပ်ရှားမှုကော်မတီ' SCS ကို ဖွဲ့စည်း။

❖ ၂၅–၈–၈၈။ ။ စစ်တပ်များ လူထုမြင်ကွင်းမှ ကွယ်ပျောက်သွား။ တနိုင်ငံလုံးအနှံ့ သပိတ်စခန်းများ ပေါ်လာ။ သမဂ္ဂများ၊ အဖွဲ့အစည်းအသီးသီးများ ပေါ်ထွက်လာ။

❖ ၂၅–၈–၈၈။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ တာဝန်ရှိသူအား အကြပ်ကိုင်ကာ စစ်တပ်မှ ကျပ်ငွေ သိန်း ၆၀၀ ကျော် ထုတ်ယူသွား။ ဤလုပ်ရပ်သည် ဘဏ်ဥပဒေကို ဖောက်ဖျက်ပြီး ဓားပြတိုက်လုယူသွားခြင်း ဖြစ်ကြောင်း ဘဏ်သမဂ္ဂမှ ထုတ်ပြန်ကြေငြာ။

❖ ၂၅–၀၈–၈၈။ ။ အင်းစိန်ထောင် ဆူပူမှုဖြစ်ပွား။ ထောင်ပွင့်သွား။ ဤနေ့ တနေ့တည်းပင် မြန်မာနိုင်ငံ တဝှမ်းလုံးရှိ ထောင်အသီးသီး၌လည်း ထောင်ဆူပူမှုများ တပြိုင်နက်ဖြစ်ပွားခဲ့။ ထောင်ဖွင့်ပေးလိုက်။

❖ ၂၅–၀၈–၈၈။ ။ ရန်ကုန်မြို့လည် လမ်း ၃၀ တွင် စစ်ထောက်လှမ်းရေးမှ ၆ ဦးအား ဒေါ်အောင်ဆန်းစုကြည် အား အပုပ်ချထားသော စာရွက်စာတမ်းများ (နောက်တနေ့ ဒေါ်အောင်ဆန်းစုကြည် တရားပွဲအား ရှုန်းရင်းဆန်ခတ် ဖြစ်စေရန် ရည်ရွယ်ရေးသားထားသောစာများ) ပါဝင်သည့် ပတ်ဘလစ်ကာ ကားတစီးအား လူထုမှရှာဖွေ ဖော်ထုတ် ဖမ်းဆီးရမိလိုက်သည်။ (စစ်ထောက်လှမ်းရေးများမှာ ဗိုလ်မှူးဥာဏ်လင်း၊ ဗိုလ်မှူးသက်တင်စိန်၊ ဗိုလ်ကြီး စည်သူ၊ တပ်ကြပ်ကြီးအေးကြူ၊ တပ်ကြပ်ကြီးစန်းလွင်နှင့် တပ်ကြပ်စိုးနိုင်တို့ ဖြစ်ကြသည်။ စာရွက်စာတမ်းများအား လူထုမှ သိမ်းဆည်းထားလိုက်ပြီး လူများကို စစ်ချက်ယူ၍ ပြန်လွှတ်ပေးလိုက်သည်။)

❖ ၂၅–၈–၈၈။ ။ မဆလ စစ်အစိုးရမှ ဖမ်းဆီးထားသော ဦးအောင်ကြီးအားနေ့လည်တွင် ပြန်လွှတ်ပေးလိုက်

ညနေပိုင်းတွင် စမ်းချောင်းပဒုမ္မာကွင်းတွင် ဦးအောင်ကြီးမှ တရားဟောပွဲ ချက်ခြင်းကျင်းပ။ (စစ်တပ်ကို စိတ်နဲ့တောင် မပစ်မှားနဲ့)

❖ ၂၆–၈–၈၈။ ။ (မူလက သိမ်ဖြူကွင်းတွင် စီစဉ်ထားသော်လည်း) ရွှေတိဂုံဘုရား အနောက်ဘက်မုခ်တွင် ဒေါ်အောင်ဆန်းစုကြည်မှ လူထုတရားပွဲကျင်းပ။ (စည်းကမ်းရှိစွာ စည်းလုံးညီညွတ်စွာဖြင့် ဒီမိုကရေစီရရေး ဆောင်ရွက်ကြဖို့)

❖ ၂၇–၈–၈၈။ ။ မဆလ ကာကွယ်ရေးဝန်ကြီးဟောင်း ဗိုလ်ချုပ်ကြီးဟောင်းဦးတင်ဦး ရန်ကုန်ဆေးရုံကြီး သပိတ်စခန်းတွင် တရားစတင်ဟော။

❖ ၂၈–၈–၈၈။ ။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ညီလာခံကြီးအား ရန်ကုန်တက္ကသိုလ်ရှိ သမဂ္ဂအဆောင်အအုံဟောင်း နေရာတွင်ကျင်းပ။ ဥက္ကဋ္ဌမင်းကိုနိုင်၊ အထွေထွေအတွင်းရေးမှူး မိုးသီးဇွန်တို့ပါဝင်သော ဗကသများအဖွဲ့ချုပ်အား ညီလာခံမှရွေးချယ်ခဲ့။

❖ ၃၁–၈–၈၈။ ။ လူထုဆန္ဒပြပွဲနှင့် ဒီမိုကရေစီအရေးတော်ပုံသို့ တပ်မတော် (ရေ) မှ ရဲဘော်များ ပူးပေါင်းပါဝင်လာခြင်းကိစ္စအတွက် စာရေးဆရာမောင်သော်က (ဗိုလ်မှူးဟောင်းဘသော်မှ) သူငယ်ချင်းဖြစ်သူ ရေဝတီရေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးကြီးသန်းညွန့်ထံစာရေးသား။

စက်တင်ဘာလ။

❖ ၁–၉–၈၈။ ။ နိုင်ငံတော်သမ္မတ ဒေါက်တာမောင်မောင်မှ တိုင်းပြည်သို့ ရေဒီယို မိန့်ခွန်းပြော။ (သပိတ်အဖွဲ့အစည်းများ၊ ပြည်သူများမှ ကြားဖြတ်အစိုးရ ဖွဲ့စည်းပေးရေး တခဲနက်တောင်းဆိုမှုအား) ဒေါက်တာမောင်မောင်မှ “ဒီလို ကြားဖြတ်အစိုးရ ဖွဲ့စည်းပေးဖို့ လက်ရှိ ၁၉၇၄ အခြေခံဥပဒေမှာ မရှိပါဘူး” ဟု တုံ့ပြန်။

❖ ၂–၉–၈၈။ ။ Bar Council ကြေငြာချက်။ (အထက်ပါ ဒေါက်တာမောင်မောင်၏ ပြောဆိုချက်အား) မဆလသည် (တော်လှန်ရေးကောင်စီအပါအဝင်) ၁၉၄၇ အခြေခံဥပဒေအား ဖျက်သိမ်းကြောင်း ကြေငြာခဲ့ခြင်းမရှိ။ (၄၇) အခြေခံဥပဒေတွင် ကြားဖြတ်အစိုးရ ဖွဲ့စည်းရေးပါဝင်။ ထို့ကြောင့် ၄၇ အခြေခံဥပဒေအား ပြန်လည်အသက်သွင်းပြီး ၇–၉–၈၈ နေ့ နောက်ဆုံးထားပြီး ကြားဖြတ်အစိုးရတရပ်ကို ဖွဲ့စည်းပေးရန် ဖွဲ့စည်းမပေးပါက အထွေထွေ သပိတ်ကြီး ဆက်မှောက်မည်ဟု ဖော်ပြထား။

❖ ၄–၉–၈၈။ ။ အမေရိကန်နိုင်ငံ နိုင်ငံခြားရေးရာကော်မတီဝင်နှင့် အာရှပစိဖိတ်ရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌ မစ္စတာစတီဗင်ဂျေဆိုလာ့ဇ် ရန်ကုန်မြို့သို့ တရက်တာခရီး ရောက်လာ။ သမ္မတဒေါက်တာမောင်မောင်၊ ဦးအောင်ကြီး ဦးနု၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ကျောင်းသားခေါင်းဆောင်တချို့တို့အား တွေ့ဆုံပြီး ကြားဖြတ်အစိုးရ ဖွဲ့စည်းရေး အကြံပေးခဲ့။ နောက်တနေ့အပြန် ဘန်ကောက်မြို့အရောက်တွင် သတင်းစာရှင်းလင်းပွဲ ကျင်းပရာ ၅–၉–၈၈ နေ့ထုတ် Bangkok Post သတင်းစာတွင် ‘ Burma could plunge into civil war’ ဟူသော ခေါင်းစဉ်ဖြင့် သတင်းဖော်ပြထား။

❖ ၅–၀၉–၈၈။ ။ ရန်ကုန်မြို့၊ ဟယ်လပင်လမ်းရှိ ကလေးဆေးရုံကြီး ရေတိုင်ကီအား အဆိပ်ခတ်နေသော အမျိုးသမီးတဦးအား သပိတ်အဖွဲ့မှ ဖမ်းဆီးရမိ။ သူမလက်ထဲတွင် ဆေးရုံရှိ ကလေးလူကြီးအားလုံးအား ဒုက္ခပေးနိုင်သည့် ပမာဏရှိသော အဆိပ်ထုပ်များကို သိမ်းဆီးရမိ။ သူမအား စစ်ဆေးနေစဉ် လူအုပ်တွင်းမှ အမည်မသိ (ဒေသခံမဟုတ်သူ တဦးမှ) လူငယ်တဦးမှ ဓားဖြင့်ဝင်ခုတ်၍ နှုတ်ပိတ်သတ်ပစ်လိုက်သည်။

❖ ၆–၉–၈၈။ ။ ရန်ကုန်တွင် အထွေထွေသပိတ်ကော်မတီအား ကိုယ်စားလှယ်ပေါင်း ၁၀၀ ကျော်ဖြင့် ဖွဲ့စည်း။ ဥက္ကဋ္ဌဦးဥတ္တမ၊ ဒု–ဥက္ကဋ္ဌ ၁ ဦးသန်းညွန့် (ရွှေနေ)၊ ဒု–ဥက္ကဋ္ဌ ၂ ဦးတင်ထွတ် (၉–၉–၈၈ နေ့တွင် ကိုသီဟ အလုပ်သမားသမဂ္ဂပြောင်း) အထွေထွေအတွင်းရေးမှူး ကိုဇော်ထွန်း (ဆေး) ဗကသများအဖွဲ့ချုပ် တွဲဘက်အထွေထွေ အတွင်းရေးမှူး ဦးမြင့်လှိုင် (တက္ကသိုလ်ဆရာများသမဂ္ဂ)။

❖ ၇–၀၉–၈၈။ ။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသမဂ္ဂ စတင်ဖွဲ့စည်း။ ‘ယနေ့မှ စတင်၍ သတင်းများအား ဤသမဂ္ဂမှ ခွင့်ပြုချက်ဖြင့်သာ ထုတ်လွှင့်မည်’ ဟု ကြေငြာချက် ထုတ်ပြန်။ မဆလ မှ ရုပ်/သံ အရပ်သား ဝန်ထမ်းများအား ချက်ချင်းထုတ်ပယ်၊ နေရာပြောင်းပြီး အရေးပါသောနေရာများတွင် စစ်တပ်နှင့် စစ်တပ်အသိုင်းအဝိုင်းအား အစား

ထိုး ခန့်ပစ်လိုက်။

❖ ၀၉–၀၉–၈၈။ ။ ဦးနုမှ သတင်းစာရှင်းလင်းပွဲကျင်းပ။ မိမိသာလျှင် တရားဝင် ဝန်ကြီးချုပ်ဖြစ်ကြောင်း။

❖ ၀၉–၀၉–၈၈။ ။ တပ်မတော် (လေ) မှ ရဲဘော်များ လူထုဆန္ဒပြပွဲသို့ စတင်ပူးပေါင်းပါဝင်လာ။

❖ ၁၀–၀၉–၈၈။ ။ မှ မဆလ ပါတီ အရေးပေါ်ညီလာခံနှင့် အရေးပေါ် ပြည်သူ့လွှတ်တော် အစည်းအဝေး ကျင်းပ။ ရွေးကောက်ပွဲအား ယနေ့မှ စတင်၍ ၃ လ တင်းတင်းပြည့်သောနေ့တွင် ကျင်းပပေးမည်ဟုကြေငြာ။ လူထု၏ တောင်းဆိုချက်နှင့် ကိုက်ညီမှုမရှိသဖြင့် 'ရရင်ရ၊ မရရင်ချ' ဟူသော ကြွေးကြော်သံ စတင်ပေါ်ထွက်လာခဲ့။

❖ ၁၀–၉–၈၈။ ။ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ကြေငြာချက်ထွက်လာ။ (နောက်ဆက်တွဲတွင်ရှု)

❖ ၁၂–၉–၈၈။ ။ 'ဗမာ့တပ်မတော် (ရေ) နှင့် (လေ) တို့မှ မဆလ ပါတီ ဗဟိုကော်မတီသို့ သတိပေးချက်' ဟူသော စာတစောင်ထွက်လာ။ သတိပေးချက်တွင် ၁၃–၉–၈၈ နေ့၊ နေ့လည် ၁ နာရီ နောက်ဆုံးထားပြီး ကြားဖြတ် အစိုးရ ဖွဲ့စည်းပေးရန် ပျက်ကွက်ပါက မဆလ ပါတီဌာနချုပ်ဝန်ကြီးများ၊ နေအိမ်များနှင့် အရေးကြီးနေရာများအား တိုက်ခိုက်မည်ဟု ဖော်ပြထား။ ည ၈ နာရီ မြန်မာ့အသံ သတင်းတွင် အထက်ပါကြေငြာချက်သည် ဆူပူအကြမ်းဖက် သမားတို့၏ လုပ်ကြံဝါဒဖြန့်ချက်သာ ဖြစ်သည်ဟု ပြန်လည်ရှင်းလင်းဖော်ပြထားသည်။

❖ ၁–၉–၈၈။ ။ မြန်မာ့ပင်လယ်ပြင်တွင် အမေရိကန်ရေတပ် သင်္ဘောရောက်ရှိလာဟု သတင်းများထွက်ပေါ်။ (အဆိုပါသတင်းနှင့်ပတ်သက်ပြီး ၁၅–၈–၉၉ နေ့ထုတ် ကြေးမုံသတင်းစာတွင် အောက်ပါအတိုင်း ရေးသားထား။ မြန်မာ့ ပင်လယ်ရေပိုင်နက်၊ ရန်ကုန်မြို့တော် တောင်ဘက် ရေမိုင် ၁၉၀ အကွာ မြောက်လတ္တီတွဒ် ၁၄ ဒသမ ၅၇ ဒီဂရီ နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၃၃ ဒီဂရီ ဆုံရာတွင် အမေရိကန်ရေတပ်က လေယာဉ်တင်သင်္ဘော အပါအဝင် စစ်သင်္ဘော ၅ စင်း၊ နေရာယူထားပြီး ကမ်းတက်ယာဉ်တွေ ရေထဲချပြီး လေ့ကျင့်နေပုံကို ၁၂–၉–၈၈ နေ့တွင် မြန်မာ့ ကြယ်ငါးပွင့်ပိုင် 'အင်းဝ' သင်္ဘောကတွေ့ပြီး မှတ်တမ်းတင် ဗွီဒီယို ရိုက်ယူခဲ့။)

❖ ၁၃–၉–၈၈။ ။ ရန်ကုန်ဆေးတက္ကသိုလ် ၁ တွင် ဗကသ များအဖွဲ့ချုပ်မှ နိုင်ငံရေးခေါင်းဆောင် ၅ ဦး (ဦးနု၊ ဦးအောင်ကြီး၊ ဦးတင်ဦး ၊ ဗိုလ်မှူးအောင်နှင့် ဒေါ်အောင်ဆန်းစုကြည်) တို့နှင့် တွေ့ဆုံပြီး 'ယာယီကြားဖြတ်အစိုးရ' ဖွဲ့စည်းနိုင်ရေးအတွက် အစည်းအဝေးတခုလုပ်။ ဘာဆုံးဖြတ်ချက်မှမကျ။ လူကြီးတွေကြား တူညီတဲ့သဘောထားမရရှိခဲ့။

❖ ၁၄–၉–၈၈။ ။ ဗမာပြည်ကွန်မြူနစ်ပါတီမှ တပ်များ မိုင်းယန်းမြို့အား စတင်တိုက်ခိုက်။ ၂၃–၉–၈၈ မှ ၃၀–၉–၈၈ ထိ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့။ (အဆိုပါတိုက်ပွဲတွင် မိမိဘက်မှ အရာရှိစစ်သည် စုစုပေါင်း ၁၂၄ ယောက် ကျဆုံးခဲ့ကြောင်း ဗိုလ်မှူးချုပ်ခင်ညွန့်မှ ၅–၈–၈၉ နေ့တွင် ပြောဆိုသကဲ့သို့၊ နဝတဉက္ကဋ္ဌနှင့် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်ကလည်း 'မိုင်းယန်းတိုက်ပွဲဟာ ပေါ့သေးသေးတိုက်ပွဲ မဟုတ်ဘူး။ တိုင်း ပြည်ရဲ့ ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်တဲ့ တိုက်ပွဲ' ဟု ၁၀–၁၁–၈၉ နေ့တွင် ပြောဆိုခဲ့။)

❖ ၁၆–၉–၈၈။ ။ မဆလ နိုင်ငံတော်ကောင်စီ ကြေငြာချက် အမှတ် ၁၄/၈၈ ထုတ်ပြန်။ တပ်မတော်၊ ရဲနှင့် ဝန်ထမ်းများအား မဆလပါတီ၊ ပါတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်။

❖ ၁၇–၉–၈၈။ ။ ငြိမ်းချမ်းစွာဆန္ဒပြနေသော လူထုအား ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ ကုန်သွယ်ရေးရုံးချုပ် ပေါ်တွင် တပ်စွဲထားသော စစ်တပ်က ပစ်ခတ်သဖြင့် ဆန္ဒပြသူတဦးဒဏ်ရာရ။ လူထုကမကျေနပ်၊ သံဃာတော်များ ဦးဆောင်ကာ ထိုတပ်မှ လက်နက်များကို စနစ်တကျတက်သိမ်း။

❖ ၁၇–၉–၈၈။ ။ မှ အောက်တိုဘာ ၁၀ ရက်နေ့အထိ၊ KIO ဉက္ကဋ္ဌ ဦးဘရန်ဆိုင်းနှင့် အတွင်းရေးမှူး ဦးဇောင်းဟရားတို့ ဂျပန်နိုင်ငံသို့ရောက်ရှိပြီး သတင်းထောက်များ၊ (အာဏာရ) လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမှ လွှတ်တော်အမတ်များနှင့် တွေ့ဆုံခဲ့။

❖ ၁၈–၉–၈၈။ ။ ညနေ ၄ နာရီ နိုင်ငံတော်အာဏာကို တပ်မတော်မှ သိမ်းပိုက်လိုက်ကြောင်း၊ 'နဝတ' အဖွဲ့ ဖွဲ့စည်းလိုက်ကြောင်းကြေငြာ။

❖ ၁၈–၉–၈၈။ ။ နဝတ အဖွဲ့ကြေငြာချက်အမှတ် ၁/၈၈ နှင့် ၂/၈၈ (လူ ၅ ဦးထက် ပိုမစုရ) တို့ ထုတ်ပြန် ကြေငြာ။ (နောက်ဆက်တွဲ)

❖ ၁၉–၉–၈၈။ ။ ဗမာပြည်ကွန်မြူနစ်ပါတီ ၄၈၂၈ ဒေသပါတီကော်မတီမှ 'ပြည်သူ့ထံပန်ကြားချက်' ထုတ်ဝေ။

❖ ၁၉–၉–၈၈။ ။ နဝတ အဖွဲ့မှ အမိန့်အမှတ် ၃/၈၈ ထုတ်ပြန်။ ရုံး၊ စက်ရုံ၊ ဌာနအသီးသီးမှ လက်ရှိအရာ

ထမ်း၊ အမှုထမ်း စသောဝန်ထမ်းများအား လက်ရှိနေရာအဆင့်အတိုင်း ဆက်လက်တာဝန်ပေးအပ်ကြောင်း။ ဝန်ထမ်းများအားလုံး ၁၉–၉–၈၈ နေ့မှ စတင်၍ ၂၆–၉–၈၈ နေ့ (နောင်တွင် ၃–၁၀–၈၈ နေ့) နောက်ဆုံးထားပြီး မူလတာဝန်များ ထမ်းဆောင်ရမည်။ ပျက်ကွက်ပါက တာဝန်မှရပ်စဲမည်။

❖ ၁၉–၉–၈၈။ ။ နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင်သည် ဌာနဆိုင်ရာအကြီးအကဲများအား ကာကွယ်ရေးဝန်ကြီးဌာန ခမ်းမဆောင်တွင် တွေ့ဆုံရှင်းလင်းပွဲတရပ် ကျင်းပခဲ့သည်။ "မိမိတို့သည် အာဏာမက်မောလို၍ မဟုတ်ကြောင်း ဝန်ထမ်းများက နိုင်ငံတာဝန်ကိုသာ ထမ်းရန်လိုကြောင်း" ပြောဆို။

❖ ၁၉–၉–၈၈။ ။ မှ စတင်ကာ တနိုင်ငံလုံးရှိ သပိတ်စခန်းများအား စတင်ရှင်းလင်းခဲ့ရာ ၂၉–၉–၈၈ နေ့တွင် အားလုံးရှင်းလင်းနိုင်ခဲ့ပြီဟု နဝတ မှ ကြေငြာခဲ့။ (ရှင်းလင်းစဉ် နဝတမှထုတ်ပြန်သော ကျဆုံးစာရင်း နောက်ဆက်တွဲတွင်ရှု)

❖ ၂၁–၉–၈၈။ ။ နဝတ ဥပဒေအမှတ် ၁/၈၈ ထုတ်ပြန်။ (ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် ဖွဲ့စည်းခြင်း) ဥပဒေအမှတ် ၄/၈၈ (နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ)၊ ဥပဒေအမှတ် ၆/၈၈ (အသင်းအဖွဲ့ များဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ) တို့ကို ထုတ်ပြန်။ (နောက်ဆက်တွဲ)။

❖ ၂၁–၉–၈၈။ ။ နဝတ အစိုးရအဖွဲ့ စတင်ဖွဲ့စည်း။ ဝန်ကြီး ၉ ဦးပါဝင်။ အစိုးရအဖွဲ့ ကြေငြာချက်အမှတ် ၁/၈၈ အရ ဗိုလ်ချုပ်ကြီးစောမောင်အား နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်လိုက်သည်။

❖ ၂၂–၉–၈၈။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ သတင်းထုတ်ပြန်ချက် ၁/၈၈။ ကျွန်ုပ်အစိုးရအဖွဲ့သာလျှင် နိုင်ငံတကာမှအသိအမှတ်ပြု၍ လူထုထောက်ခံအားပေးမှုကိုရသဖြင့် တရားဝင်ပြည်သူ့အစိုးရဖြစ်သည်။ တပ်မတော်သည် ပြည်သူ့အစိုးရ၏ အမိန့်ကိုသာ နာခံရန်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်အား ဝန်ကြီးချုပ်တယောက်အနေဖြင့် အောက်ပါအတိုင်း လမ်းညွှန်လိုက်သည်။ (၁) လူထုအား သတ်ဖြတ်ဖြိုခွဲနေသော စစ်တပ်အရာရှိကြီးများအား ဖယ်ရှားပစ်ရန် (၂) ပြည်သူလူထုအား ဆက်လက်သတ်ဖြတ်နေမှုများအား အချိန်မှီတားဆီးရန် (၃) လူထု၏ အကျိုးစီးပွားကို စစ်အရာရှိဆိုးများမှ ဆက်လက်မဖျက်ဆီး နိုင်ရေးတားဆီးရန် (၄) ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်ညွှန်ကြားသွားမည်။

❖ ၂၃–၉–၈၈။ ။ ဦးအောင်ကြီး၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့ထံ လိပ်မူထားသော KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောဘိုမြမှ စာတစောင်ပေးပို့။ (နောက်ဆက်တွဲ)

❖ ၂၃–၉–၈၈။ ။ နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင်မှ တိုင်းပြည်သို့ တင်ပြမေတ္တာရပ်ခံချက်။ မလွှဲမရှောင်သာ တော့လို့သာ အာဏာကို ရယူခဲ့ရခြင်းဖြစ်တယ်။ အင်္ဂါရပ်နဲ့ညီဖို့အတွက်သာ အစိုးရတရပ်ကို ဖွဲ့ထားတာဖြစ်တယ်။ လူနည်းနည်းနဲ့ ဖွဲ့ထားတာကိုက အာဏာရေရှည်ယူထားဖို့ မဟုတ်ကြောင်းထင်ရှားစေ။ ပါတီတွေ မှတ်ပုံတင်ဖို့သာ ပြင်ပါ တောင်းပွဲတိုက်ပွဲတွေရပ်ပါ။ မိမိတို့ တာဝန်ယူမယ့်ကာလဟာ တိုလွန်းတဲ့အတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတွေကို ထိုက်သင့်သလောက်သာ လုပ်သွားနိုင်မယ်၊ ရေရှည်ကိုတော့ နောက်တက်လာမယ့် အစိုးရကသာ လုပ်ကြဖို့။ ကျွန်တော်တို့ တပ်မတော်အနေနဲ့ကတော့ ရွေးကောက်ပွဲမှ တင်မြှောက်လိုက်တဲ့အစိုးရထံ အာဏာလွှဲပေးပြီးသည်နှင့် မူလတာဝန်ဖြစ်သော ကာကွယ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိုသာ ဆောင်ရွက်သွားမယ်ဆိုတာ ထပ်မံ ကတိပေးလိုကြောင်း။

❖ ၂၄–၉–၈၈။ ။ နဝတ ကြေငြာချက်အမှတ် ၆/၈၈ ထုတ်ပြန်။ ၁၈–၉–၈၈ နေ့တွင် တည်ဆဲဖြစ်သော ဥပဒေအားလုံး ပယ်ဖျက်ခြင်း၊ ရုတ်သိမ်းခြင်းမပြုသမျှ ဆက်လက်အတည်ဖြစ်ကြောင်း။

❖ ၂၆–၉–၈၈။ ။ နဝတ မှ တရားစီရင်ရေးဥပဒေထုတ်ပြန်၊ တရားသူကြီးချုပ်ခန့်အပ်။

❖ ၂၆–၉–၈၈။ ။ နယ်စပ်ရောက်ကျောင်းသားများ ပြန်လာရေးအတွက် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် ပညာရေးဝန်ကြီးတို့၏ မေတ္တာရပ်ခံချက်၊ နယ်စပ်ပြန်ကျောင်းသားကိုလှအောင်၊ မင်းသိန်း၊ သိန်းဌေးတို့၏ 'ကျောင်းသားလူငယ်များသို့ အသိပေးကြေငြာချက်' စာများကို နယ်စပ်တွင် လေယာဉ်နှင့်ကြဲချ။

❖ ၂၆–၉–၈၈။ ။ ထိုင်းနိုင်ငံရောက် မြန်မာကျောင်းသားများ ပြန်လာရေး ကူညီပေးနိုင်သူများအား ကျောင်းသားတယောက်လျှင် ဘတ်ငွေ ငါးထောင်အပါအဝင် ဆုများချီးမြှင့်မည်ဟု ဘန်ကောက်ရှိ နဝတသံရုံးမှ ကြေငြာချက်ထုတ်။

❖ ၂၆–၉–၈၈။ ။ နဝတ မှ ကရင်ပြည်နယ် 'မဲသဝေါ' ထိုးစစ်စတင်။

❖ ၂၇–၈–၈၈။ ။ နဝတ မှ ရွှေ့နေချုပ် ဥပဒေထုတ်ပြန်၊ ရွှေ့နေချုပ်ခန့်အပ်။

❖ ၂၇–၉–၈၈။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှတ်ပုံတင်ကျ။ (နောက်ဆက်တွဲ)

အောက်တိုဘာလ။

❖ ၃–၁၀–၈၈။ ။ နဝတ ရာဇသံပေးထားတဲ့အတိုင်း အလုပ်သမားဝန်ထမ်းများအားလုံး လုပ်ငန်းခွင်သို့ပြန်ဝင်။ ၂၄–၈–၈၈ နေ့ကတည်းက ရပ်တန့်နေသော အစိုးရယန္တရားပြန်လည်ပတ်။

❖ ၁၄–၁၀–၈၈။ ။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ မှတ်ပုံတင်ကျ။ ဒုတိယအင်အားအကြီးဆုံး နိုင်ငံရေးပါတီဖြစ်။

❖ ၁၄–၁၀–၈၈။ ။ နယ်စပ်ဒေသရောက် ကျောင်းသားများ ပြန်လာရေးအတွက် နယ်စပ်ကြိုဆိုရေးစခန်းများကို နယ်စပ် ၂၇ မြို့နယ်တွင် နဝတမှ စတင်ဖွင့်လှစ်။ နောက်ဆုံးရက်ကို မူလက ၁၈–၁၁–၈၈ နေ့ သတ်မှတ်ထားသော်လည်း နောက်ပိုင်းတွင် ၃၁–၁၂–၈၈ နေ့အထိ ပြောင်းလဲသတ်မှတ်။

❖ ၁၅–၁၀–၈၈။ ။ရန်ကုန်မြို့တွင် ပေါ်တာဆွဲ။ လက်ဘက်ရည်ဆိုင် စားသောက်ဆိုင်များတွင် စားသောက်နေသော လူငယ် ၆၀၀ ခန့် အဆွဲခံရ။

❖ ၁၆–၁၀–၈၈။ ။ ရန်ကုန်မြို့ပေါ်တွင် ပေါ်တာဆွဲခြင်းကိစ္စနှင့်ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ထံသို့ စာတစောင်ရေးသားပေးပို့။ (နောက်ဆက်တွဲ)

❖ ၁၉–၁၀–၈၈။ ။ နဝတ ကြေငြာချက်အမှတ် ၈/၈၈ ကိုထုတ်ပြန်။ တပ်မတော်ဖြိုခွဲရေး ရည်ရွယ်ချက်ဖြင့် စည်းရုံးခြင်၊ လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ လုပ်ကြံဝါဒဖြန့်ခြင်းနှင့် ရေးသားခြင်းများ မပြုလုပ်ရန်တားမြစ်ချက်။

❖ ၂၉–၁၀–၈၈။ ။ ကုန်သွယ်ရေးဝန်ကြီးဌာန ကြေငြာချက်အမှတ် ၁/၈၈ ထုတ်ပြန်။ ပုဂ္ဂလိကကုမ္ပဏီများ စတင်ခွင့်ပြု။

နိုဝင်ဘာလ။

❖ ၁–၁၁–၈၈။ ။ လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲရန် နယ်စပ်သို့ရောက်ရှိသွားသော ကျောင်းသားလူငယ်များ စုပေါင်းကာ ‘မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ABSDF’ နှင့် ‘ကျောင်းသားတပ်မတော်’ ကို စတင်ဖွဲ့စည်း။

❖ ၂–၁၁–၈၈။ ။ နဝတ အစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၃/၈၈ သွင်းကုန်၊ ထုတ်ကုန်နှင့် ကော်မရှင်များ မှတ်ပုံတင်အဖွဲ့ ဖွဲ့စည်း။ သွင်းကုန်၊ ထုတ်ကုန်လိုင်စင်များ စတင်ချပေး။

❖ ၇–၁၁–၈၈။ ။ နဝတ မှ အထွေထွေဦးစီးဌာနအား အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်း။ (၉၂ စက်တင်ဘာလအထိ ပြည်နယ်/တိုင်း ဦးစီးမှူးများသည် ပဝတ/တဝတ အဖွဲ့ဝင်၊ မြို့နယ်မှူးများသည် မဝတ အတွင်းရေးမှူးများအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြပြီး။ ၂၈–၉–၉၂ မှ စတင်ကာ မြို့နယ်မှူးများသည် (အထူးမြို့နယ်မှအပ) မဝတ (နောင် မယကဥက္ကဋ္ဌများအဖြစ် တာဝန်ယူခဲ့ကြသည်။)

❖ ၁၈–၁၁–၈၈။ ။ နယ်စပ်ဒေသရောက်အင်အားစုများ စုပေါင်းလျက် ‘မြန်မာပြည် ဒီမိုကရက်တစ်တပ်ပေါင်းစု’ (DAB) ဖွဲ့စည်း။

❖ ၂၂–၁၁–၈၈။ ။ ပထမဆုံးသော နယ်စပ်ကုန်သွယ်ရေးစဖွင့် မူဆယ်–နမ်းခမ်း–ကြူကုတ်–ပန်ဆန်း။

❖ ၂၅–၁၁–၈၈။ ။ NLD မှာ ကွန်မြူနစ်တွေဝန်းရံနေတယ်ဟု ပါတီဥက္ကဋ္ဌ ဦးအောင်ကြီးက (ပါတီသက်တမ်း၂ လပြည့်ရန် ၂ ရက်အလိုမှာ) စွပ်စွဲ။ (ထိုကိစ္စအတွက် ၃–၁၂–၈၈ နေ့တွင် ပါတီဗဟိုကော်မတီအတွင်း မဲခွဲဆုံးဖြတ်ရာ ဦးအောင်ကြီးက ၂၈ မဲ၊ ၁၃ မဲနှင့် ရှုံးနိမ့်သွား၍ နုတ်ထွက်ပေးလိုက်ရပြီး ပါတီအသစ်ထောင်)

❖ ၂၇–၁၁–၈၈။ ။ KIA တပ်မဟာ ၂ မှ တပ်ဖွဲ့များသည် နဝတ၊ ခလရ ၁၅ နှင့် မိုးညှင်းမြို့နယ် ရဲစခန်းအား ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့။

❖ ၃၀–၁၁–၈၈။ ။ ကျောင်းသားခေါင်းဆောင်တဦးဖြစ်သော မင်းဇေယျာအား မြိတ်မြို့တွင် စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးမိ။ မင်းဇေယျာသည် ဇာလီမော်နှင့်တွေ့ဆုံရန်၊ ထိုင်းနိုင်ငံသို့ထွက်ခွာရန် ကြိုးပမ်းစဉ် ဖမ်းဆီးမိသည်ဟု

နဝတက ပြော။

ဒီဇင်ဘာလ။

❖ ၂၀–၁၁–၈၈။ ။ ဗိုလ်အောင်ကျော် ရွှေရတုအထိမ်းအမှတ် ကျောင်းသားလူငယ်များ ဆန္ဒပြလှုပ်ရှားမှု ဖြစ်ပွား။ နဝတ အာဏာသိမ်းပြီးနောက် ပထမဆုံး ကျောင်းသားလူငယ်များ လှုပ်ရှားမှုဖြစ်။

❖ ၃၀–၁၂–၈၈။ ။ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ကွယ်လွန်။

❑ ❑ ❑ ❑ ❑ ❑ ❑

# ၁၉၈၉ ခုနှစ်အတွင်း မြန်မာနိုင်ငံသတင်းများ

ဇန်နဝါရီလ။

❖ ၂–၁–၈၉။ ။ ဒေါ်ခင်ကြည်၏ ဈာပနအခမ်းအနားသို့ လူထု၊ ကျောင်းသားလူငယ်၊ သံဃာတော်များ၊ နိုင်ငံရေးပါတီများမှ သောင်းနှင့်ချီသော လူထုလိုက်ပါပို့ဆောင်။ နဝတ အာဏာသိမ်းပြီးနောက်ပိုင်း သောင်းနှင့်ချီသော လူထုစုရုံးမှု ဖြစ်သည်။

❖ ၇–၁–၈၉။ ။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (မြေအောက်) အား ပြန်လည်ဖွဲ့စည်း။ ဥက္ကဋ္ဌမင်းကိုနိုင်၊ ဒု–ဥက္ကဋ္ဌ ၁ ကိုကိုကြီး၊ ဒု–ဥက္ကဋ္ဌ ၂ အောင်ဒင်၊ အထွေထွေအတွင်းရေးမှူး ညိုထွန်း။

❖ ၁၄–၁–၈၉။ ။ ဒေါ်အောင်ဆန်းစုကြည် ပထမဆုံး နယ်လှည့်စည်းရုံးရေးခရီးစဉ်အဖြစ် ဧရာဝတီတိုင်းသို့ စည်းရုံးရေးခရီး စတင်ထွက်ခွာ။ နဝတ စစ်တပ်မှ နည်းလမ်းပေါင်းစုံသုံးပြီး နှောက်ယှက်ဟန့်တားခဲ့။ ၂၅–၁–၈၉ ရက် အထိကြာ)

❖ ၁၃–၁–၈၉။ ။ ဒေါ်အောင်ဆန်းစုကြည် ဧရာဝတီတိုင်းခရီးစဉ်အတွင်း ကူညီဆောင်ရွက်ပေးခဲ့ကြသော NLD ပါတီဝင် ၃၂ ဦးနှင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဝင် ၂ ဦးတို့အား စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးကာ ထောင်ချလိုက်။

❖ ၂၈–၁–၈၉။ ။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင် ကွယ်လွန်။ ဗိုလ်ရန်နိုင်သည် ၈၈ ခုနှစ် အရေးတော်ပုံကြီး အတွင်း တက်ကြွစွာဖြင့်ပါဝင်ခဲ့ပါသည်။

ဖေဖော်ဝါရီလ။

❖ ၁၀–၂–၈၉။ ။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ကိုမိုးသီးဇွန်မှ 'အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုနှင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် သုံးသပ်ချက်' စာတမ်း ထုတ်ဝေ။

❖ ၁၃–၂–၈၉။ ။ NLD ပါတီ ဥက္ကဋ္ဌကြီးဦးတင်ဦးမှ ထိုင်းနိုင်ငံနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးများထံ စာတစောင် ရေးသားပေးပို့။

❖ ၂၇–၂–၈၉ ။ ။ ထင်ရှားသည့် နိုင်ငံရေးပါတီပေါင်း ၁၁ ပါတီ ပေါင်းထားသော ဒီမိုကရေစီမဟာမိတ်အဖွဲ့ချုပ် (ဒမဖ) တပ်ပေါင်းစု မှတ်ပုံတင်ကျ။

မတ်လ။

❖ ၃–၃–၈၉။ ။ နဝတ မှ အစိုးရဝန်ထမ်းများ လုပ်ခလစာတိုးမြှင့် နှုန်းထားအားကြေငြာ။ လာမည့်ဧပြီလတွင် စတင်ခံစားနိုင်မည်ဖြစ်သည်။

❖ ၁၂–၃–၈၉။ ။ ဗမာပြည်ကွန်မြူနစ်ပါတီ အခြေခံဒေသတွင် အုံကြွမှုဖြစ်ပွား။ ကိုးကန့်တိုင်းရင်းသားများ CPB လက်အောက်မှ စတင်ခွဲထွက်။

❖ ၁၃–၃–၈၉။ ။ အာဇာနည်ကျောင်းသားကိုဘုန်းမော်ဈာပန နှစ်ပတ်လည်နေ့အခမ်းအနားကို RIT ကျောင်းဝင်းအတွင်းကျင်းပ။ မြေအောက်ကျောင်းသားသမဂ္ဂများ၊ နိုင်ငံရေးပါတီများက ဦးဆောင်ကျင်းပ။ 'မြန်မာနိုင်ငံလူ့အခွင့်အ ရေးနေ့' အဖြစ် အားလုံးက သဘောတူသတ်မှတ်။ ABSDF မှ သဝဏ်လွှာပေးပို့ခဲ့ပြီး ဦးခင်မောင်မြင့်၊ ဒေါ်အောင်ဆန်းစုကြည်၊ တော်ဘုရားလေး၊ ဦးတင်ဦး၊ မင်းကိုနိုင်၊ ကိုမိုးသီးဇွန်တို့ ဟောပြောကြ။

❖ ၁၈–၃–၈၉။ ။ နေ့တွင် CPB မြောက်ပိုင်း ဗဟို (မုံကိုး) အား ကိုးကန့်တိုင်းရင်းသားများက သိမ်းပိုက်လိုက်။

❖ ၂၃–၃–၈၉။ ။ ဗကသများ အဖွဲ့ချုပ် ဥက္ကဋ္ဌ မင်းကိုနိုင်အား နဝတ မှ ဖမ်းဆီးလိုက်။ နိုင်ငံရေးအင်အားစု များအား နဝတ မှ စတင်ဖမ်းဆီးခြင်းဖြစ်သည်။

❖ ၂၇–၃–၈၉။ ။ မန္တလေးမြို့တွင် တော်လှန်ရေးနေ့ လူထုချီတက်ဆန္ဒပြပွဲဖြစ်ပွား။ အောင်မြင်။

❖ ၃၁–၃–၈၉။ ။ ကိုးကန့်တိုင်းရင်းသားအဖွဲ့နှင့် နဝတတို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိ။ ကိုးကန့်တိုင်းရင်းသားများအနေနှင့် လက်နက်ကိုင်ဆောင်ထားပိုင်ခွင့်၊ ဒေသတည်ရှိခွင့်နှင့် စီးပွားရေးလုပ်ပိုင်ခွင့်များရရှိ။ နဝတနှင့်

တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများ ပထမဆုံး အပစ်အခတ်ရပ်စဲရေးစတင်။

ဧပြီလ။

❖ ၄–၄–၈၉။ ။ ဒေါ်အောင်ဆန်းစုကြည် ဓနုဖြူ–ဧည့်တုန်း စည်းရုံးရေးဆင်း။ စစ်တပ်နဲ့ထိပ်တိုက်တွေ့။ မဝတ ဥက္ကဋ္ဌ ဗိုလ်ကြီးမြင့်ဦး ဆိုသူက ဒေါ်အောင်ဆန်းစုကြည်အား သေနတ်နှင့်ချိန် ပစ်မိန့်ပေးသည်အထိ စစ်တပ်ဘက်မှ တင်းမာခဲ့။ ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံသူတချို့ အကြောင်းရှာပြီး အဖမ်းခံရ။

❖ ၈–၄–၈၉။ ။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဒု–ဥက္ကဋ္ဌ ကိုသက်ထွန်းအား စစ်ထောက်လှမ်းရေးမှ ဖမ်းဆီး။

❖ ၁၀–၄–၈၉။ ။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူး ကိုမိုးဟိန်းနှင့် တွဲဘက် အထွေထွေ အတွင်းရေးမှူး ကိုရဲနိုင်အောင်တို့မှ ‘မိုးသီးဇွန် (သို့မဟုတ်) ကြိုးမဲ့လေတံခွန်’ ဟူသော စာတမ်းထွက်လာ။ (ထိုစာတမ်းသည် ပါတီ၏ သဘောထားမဟုတ်ကြောင်း ရှင်းလင်းချက် ထပ်မံထွက်လာခဲ့။)

❖ ၁၇–၄–၈၉။ ။ ‘ဝ’ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ဗမာပြည်ကွန်မြူနစ်ပါတီ လက်အောက်မှ ခွဲထွက်။

❖ ၁၃–၄–၈၉။ ။ သင်္ကြန်ရက်များ။ ရိုးရာအစဉ်အလာတခုဖြစ်နေသော ‘သံချပ်ထိုးခြင်း’ ကို နဝတ မှ ပိတ်ပင်လိုက်။ NLD မှ သင်္ကြန်ပွဲတော်ကျင်းပ။ NLD သံချပ်အဖွဲ့များအား နဝတ မှ ဖမ်းဆီးထောင်ချ။

❖ ၂၂–၄–၈၉။ ။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ကိုမိုးသီးဇွန် ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်။

❖ ၂၄–၄–၈၉။ ။ဒေါ်အောင်ဆန်းစုကြည် ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းသို့ စည်းရုံးရေးခရီးထွက်။ ၂၆–၅–၈၉ ရက်နေ့အထိ။

မေလ။

❖ ၄–၅–၈၉။ ။ သခင်စိုး ကွယ်လွန်။ ကွယ်လွန်ချိန်တွင် ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ နာယက တာဝန် ထမ်းဆောင်။

❖ ၉–၅–၈၉။ ။ ‘ဝ’ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ နဝတ နှင့် အပစ်အခတ်ရပ်စဲရေးလုပ်။

❖ ၂၀–၅–၈၉။ ။ ဗကသများအဖွဲ့ချုပ် အထက်ဗမာပြည်နှင့်အောက်ဗမာပြည် ကျောင်းသားများညီလာခံအား မန္တလေးမြို့တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့။ နဝတ အာဏာသိမ်းပြီးနောက် ကျောင်းသားသမဂ္ဂများ၏ အင်အား အကြီးဆုံး စုစည်းမှုဖြစ်သည်။

❖ ၂၃–၅–၈၉။ ။နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုအဖွဲ့ကို ဒု–ဗခကသန်းရွှေ ဥက္ကဋ္ဌအဖြစ်နှင့် စတင်ဖွဲ့စည်း။

❖ ၂၅–၅–၈၉။ ။ KNU တပ်ဖွဲ့များအား တိုက်ခိုက်ရေးတွင် နဝတ စစ်တပ်အား ဆိုဗီယက်ယူနီယံမှ စစ်ရေး အကူအညီများ ပေးနေသည်ဆိုသော KNU ဥက္ကဋ္ဌ စောဘိုမြ၏ စွပ်စွဲချက်အား မော်စကိုမှ ငြင်းပယ်လိုက်သည်။

❖ ၂၆–၅–၈၉။ ။ တော်လှန်ရေးအင်အားစုများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်စေရန် ထိုင်းနိုင်ငံ အနေဖြင့် ကြားဝင်ဆောင်ရွက်ပေးမည့် ကမ်းလှမ်းလာချက်အား နဝတ အစိုးရ ပြောခွင့်ရပုဂ္ဂိုလ် ဗမကအောင်သိန်းမှ ပယ်ချလိုက်သည်။ ၎င်းက ‘သူပုန်များအနေနှင့် လက်နက်မချပါက အဆုံးတိုင်ချေမှုန်းသွားမည်’ ဟု ပြောဆိုလိုက်သည်။ (AFP)

❖ ၃၀–၅–၈၉။ ။ နဝတ မှ ဥပဒေအမှတ် ၁၄/၈၉ ထုတ်ပြန်။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ။

ဇွန်လ။

❖ ၁–၆–၈၉။ ။ အမေရိကန်နိုင်ငံထုတ် Soldier of Fortune မဂ္ဂဇင်းမှ သတင်းထောက် Lance Eugene Motley ၃၂ နှစ်သည် KNU စစ်မြေပြင် ဖလူးဂွင်အတွင်း နဝတထိုးစစ်တွင် ကျဆုံးသွား။

❖ ၄–၆–၈၉။ ။ တရုတ်ပြည်တွင် ဖြစ်ပွားနေသော ‘တိန်အန်မင် အရေးအခင်း’ အား အစိုးရမှ ဖြိုခွင်းလိုက်။

❖ ၆–၆–၈၉။ ။ နဝတ ပြည်ထဲရေးနှင့်သာသနာရေး ဝန်ကြီးဌာနမှ ပုံနှိပ်/ထုတ်ဝေ ညွှန်ကြားချက် ၃၈ အား

ထုတ်ပြန်။ နိုင်ငံရေးပါတီများ ပုံနှိပ်ထုတ်ဝေမှုကို ကန့်သတ်လိုခြင်းဖြစ်။

❖ ၈–၆–၈၉။ ။ တရုတ်ပြည် တိန်အန်မင်အရေးအခင်းနှင့်ပတ်သက်ပြီး ABSDFမှ ရှုံ့ချကြောင်းနှင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်အခမ်းအနားများ ကျင်းပ။

❖ ၈–၆–၈၉။ ။ မွန်ပြည်သစ်ပါတီနှင့် KNU တို့ ၂ ဖွဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူလိုက်။ ထို ၂ ဖွဲ့တို့သည် ၁၉၈၈၊ ဇန်ဝါရီလမှ စတင်ကာ နယ်မြေပြဿနာနှင့်ပတ်သက်ပြီး တိုက်ခိုက်မှုဖြစ်ပွားခဲ့။

❖ ၁၉–၆–၈၉။ ။ ရှစ်လေးလုံးအရေးအခင်းကာလမှ စတင်ပိတ်ထားခဲ့သော အခြေခံပညာ မူလတန်းကျောင်းများ ပြန်လည်ဖွင့်လှစ်။

❖ ၂၁–၆–၈၉။ ။ မြေနီကုန်းတွင် မြေနီကုန်းအရေးအခင်း နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ။ စည်းရုံးရေးခရီးတခုမှအပြန် ဒေါ်အောင်ဆန်းစုကြည် ထိုနေရာအနီးရောက်ရှိလာပြီး စစ်တပ်နှင့်ကျောင်းသားလူငယ်များအကြား တင်းမာနေသည့်ကြားမှ ဝင်ကာ သူမကိုယ်တိုင် ပန်းခွေချပေးခဲ့။ စစ်တပ်က ပစ်ခတ်သဖြင့် စမ်းချောင်းမြို့နယ် တစည ပါတီ စည်းရုံးရေးမှူး သေဆုံး။ သူ့အလောင်းအား ကျောင်းသားများမှ ဆေးရုံသို့ပို့ပေးခဲ့။ ဒေါ်အောင်ဆန်းစုကြည်အား စစ်တပ်က နာရီပိုင်းမျှဖမ်းဆီးခဲ့။

❖ ၂၂–၆–၈၉။ ။ နဝတ သတင်းစာရှင်းလင်းပွဲမှ ဒေါ်အောင်ဆန်းစုကြည်၏ လုပ်ဟန်သည် ကွန်မြူနစ်များ၏ လုပ်ဟန်နှင့် အတူတူပင်ဖြစ်သည်။ အရေးယူမည်ဟု ခြိမ်းခြောက်။

❖ ၂–၇–၈၉။ ။ နဝတ အဖွဲ့ အမိန့်အမှတ် ၃/၈၉ ထုတ်ပြန်။ အစိုးရအား ဆန့်ကျင်နေသော တရားမဝင်မြေအောက်အဖွဲ့ ၄၈ ဖွဲ့တို့၏ စာရင်းများအား ထုတ်ပြန်ကြေငြာပြီး ထိုအဖွဲ့များအား မာရှယ်လောဥပဒေအရ အာဏာစက်ဖြင့် အရေးယူဆောင်ရွက်သွားမည်ဟု ဖော်ပြထား။

❖ ၃၀–၆–၈၉။ ။ကျောင်းသားခေါင်းဆောင် မောင်မောင်ကျော်နှင့်အဖွဲ့ဝင် ၄ ဦးတို့ မြဝတီမြို့ရှိ နဝတ အာဏာပိုင်များထံ လက်နက်ချအလင်းဝင်ရောက်။

ဇူလိုင်လ။

❖ ၁–၇–၈၉။ ။ ထိုင်း–မြန်မာနယ်စပ်ရှိ ကျောင်းသားများအတွက် ကယ်ဆယ်ထောက်ပံ့ရေးရံပုံငွေ အမေရိကန်ဒေါ်လာ ၂ သန်းပေးအပ်ရန် အမေရိကန်အောက်လွှတ်တော်မှ အတည်ပြုလိုက်။

❖ ၄–၇–၈၉။ ။ NLD ပါတီ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းတင်အား ဥပဒေနှင့်မကင်းသော ဖြစ်ရပ်တခုတွင် သတင်း ထိန်ချန်သည်ဟုဆိုကာ စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးလိုက်။

❖ ၅–၇–၈၉။ ။ နဝတ အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင်မှ တိုင်းပြည်သို့မိန့်ခွန်းပြော။

❖ ၇–၇–၈၉။ ။ သံလျှင်ရေနံချက်စက်ရုံတွင် ပါဆယ်ဗုံးပေါက်ကွဲမှုဖြစ်ပွား။

❖ ၁၀–၇–၈၉။ ။ ရန်ကုန်မြို့တော်ခမ်းမတွင် ပါဆယ်ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့။

❖ ၁၁–၇–၈၉။ ။ ဗမာပြည်ကွန်မြူနစ်ပါတီ ၄၈၂၈ ဒေသပါတီကော်မတီမှ ကိုသက်ခိုင်၊ ဦးတင်အောင်တို့ခေါင်းဆောင်သော မြေအောက်ကွန်ယက်တခုလုံးအား ဖမ်းဆီးရမိပြီဟု စစ်ထောက်လှမ်းရေးမှ ပြောဆို။

❖ ၁၆–၇–၈၉။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ ကြေငြာချက်အမှတ် ၂/၈၉ ထုတ်ပြန်။ အာဇာနည်ဗိမာန်သို့ လူထုအနေနှင့် အများဆုံး ၅ ဦး စုပေါင်း၍ လာရောက်ဂါရဝပြုနိုင်ကြောင်း၊ ဤတားမြစ်ချက်ကို ကျူးလွန်ပါက တရားဥပဒေအရ အရေးယူမည်။

❖ ၁၇–၇–၈၉။ ။ နဝတ အဖွဲ့ မာရှယ်လော (Martial Law) အမိန့်အမှတ် ၁/၈၉ ထုတ်ပြန်။ ပြည်နယ်တိုင်းအလိုက် စစ်ခုံရုံးများ ဖွဲ့စည်းခြင်းအမိန့်။

❖ ၁၈–၇–၈၉။ ။ နဝတ အဖွဲ့ မာရှယ်လော အမိန့်အမှတ် ၂/၈၉ ထုတ်ပြန်။ အာဏာဖီဆန်သော အမှုများအား စစ်ခုံရုံးဖြင့်သာ ကြားနာစစ်ဆေးစီရင်မည်။

❖ ၁၉–၇–၈၉။ ။ ရန်ကုန် အာဇာနည်နေ့အခမ်းအနား လူထုချီတက်အလေးပြုပွဲအား စစ်တပ်မှဖြိုခွင်း။ အများအပြား ဒဏ်ရာရပြီး အဖမ်းခံရ။

❖ ၂၀–၇–၈၉။ ။ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် NLD အဖွဲ့ဝင် အများအပြားအား NLD ရုံးချုပ်

ဖြစ်သော ဒေါ်အောင်ဆန်းစုကြည်နေအိမ်တွင် စစ်တပ်မှဝင်ရောက်ဖမ်းဆီးလိုက်။ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်တွင် အကျယ်ချုပ်ချထားလိုက်ပြီး ကျန်အဖွဲ့ဝင်များအား စစ်ထောက်လှမ်းရေးစခန်းများနှင့် အင်းစိန်ထောင်သို့ပို့လိုက်။

❖ ၂၀–၇–၉၀။ ။ အတိုက်အခံခေါင်းဆောင် နှစ်ဦးအား ဖမ်းဆီးထားခြင်း မာရှယ်လော့ဥပဒေ ချိုးဖောက်သူများအား အပစ်ပေးစီရင်ရန် စစ်ခုံရုံးများဖွဲ့စည်းထားခြင်းများအား အမေရိကန်အစိုးရမှ ရှုံ့ချလိုက်ပြီး နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရန် တောင်းဆိုလိုက်သည်။ နဝတ တို့ အာဏာသိမ်းပြီးနောက် အမေရိကန်မှ ဒေါ်လာ ၁၂ သန်း ကူညီမည့် အစီအစဉ်ကို ရပ်ဆိုင်းလိုက်သည်။

❖ ၂၁–၇–၈၉။ ။ ရန်ကုန်မြို့တော်ခမ်းမနှင့် သံလျှင်ရေနံချက်စက်ရုံတို့တွင် ဗုံးခွဲခဲ့သော ကိုကိုနိုင်နှင့်အဖွဲ့အား ဖမ်းဆီးရမိ။ ကိုကိုနိုင်သည် KNU မှ စေလွှတ်ခဲ့သူဟု နဝတ မှ စွပ်စွဲလိုက်။

❖ ၃၁–၇–၈၉။ ။ ဦးရဲထွန်းနှင့် အဖွဲ့ဝင် ၅၂ ဦးတို့အား စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးလိုက်။

ဩဂုတ်လ။

❖ ၁–၈–၈၉။ ။ အမှတ်– ၁ စက်မှုဝန်ကြီးဌာနလက်အောက်မှ စက်ရုံအလုပ်ရုံအတော်များများအား ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်သို့ စတင်လွှဲပြောင်းခဲ့။ (နောက်ဆက်တွဲ)

❖ ၅–၈–၈၉။ ။ နဝတ အတွင်းရေးမှူး–၁ ဗိုလ်မှူးချုပ်ခင်ညွန့် သတင်းစာရှင်းလင်းပွဲကျင်းပ။ ဗမာပြည် ကွန်မြူနစ်ပါတီ၏ နိုင်ငံတော်အာဏာအား ဖြတ်လမ်းမှရယူရေး ကြိုးပမ်းချက်များဟုဆို။

❖ ၈–၈–၈၉။ ။ မွန်ပြည်သစ်ပါတီ ဒု–ဥက္ကဋ္ဌ နိုင်ဆိတ်နို့ ကျဆုံး။ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ အခမ်းအနား (ဘုရားသုံးဆူ) တွင် မိန့်ခွန်းပြောကြားနေစဉ် နှလုံးရောဂါကြောင့် ရုတ်တရက်လဲကျ ကျဆုံးသွား။

❖ ၁၄–၈–၈၉။ ။ ရှစ်လေးလုံးအရေးအခင်းကာလ ကတည်းက ပိတ်ထားခဲ့သော အခြေခံပညာ အလယ်တန်းကျောင်းများ စတင်ဖွင့်လှစ်ခဲ့။

စက်တင်ဘာလ။

❖ ၉–၇–၈၉။ ။ ဦးရဲထွန်းနှင့်အဖွဲ့တို့ကိစ္စနှင့်ပတ်သက်ပြီး နဝတ မှ သတင်းစာရှင်းလင်းပွဲကျင်းပ။ 'မြန်မာနိုင်ငံအတွင်းမှ သစ္စာဖောက်ပုဆိန်ရိုးများနှင့် ပြည်ပမှ ဓားရိုးကမ်းသူတို့၏ အရှုပ်တော်ပုံ' ဟု ခေါင်းစဉ်တပ်။

❖ ၁၇–၉–၈၉။ ။ မြန်မာနိုင်ငံအပေါ် အမေရိကန်ပေါ်လစီနှင့်ပတ်သက်သည့် ကြားနာပွဲတွင် အမေရိကန် ဆီနိတ်တာ Daniel P.Moyinhan က စစ်အာဏာရှင်ကြီးဦးနေဝင်းသည် အာရှ၏ နိုရေရီဂါ (Asian Noriega) ဟု ပြောဆိုခဲ့သည်။

❖ ၂၄–၉–၈၉။ ။ နဝတ နှင့် ရှမ်းပြည်တပ်မတော် SSA တို့ အပစ်အခတ်ရပ်စဲ။

❖ ၂၅–၉–၈၉။ ။ ရှစ်လေးလုံးအရေးအခင်းကာလ ကတည်းက ပိတ်ထားခဲ့သော အခြေခံပညာအထက်တန်းကျောင်းများ၊ စက်မှုအထက်တန်းကျောင်း၊ စိုက်ပျိုးရေးအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်။

အောက်တိုဘာလ။

❖ ၁၅–၁၀–၈၉။ ။ ၁၉၇၃ ခုနှစ်ကတည်းက လာဘ်စားမှုဖြင့် ထောင်ချခံထားရသော မဆလ ခေတ်တွင် ၁.၅ ဟု နာမည်ကြီးခဲ့သော ထောက်လှမ်းရေး မျက်မှန်တင်ဦးနှင့် ပြည်ထဲရေးဝန်ကြီးဦးဘိုနီတို့ ယနေ့အင်းစိန်ထောင်မှ လွတ်မြောက်လာသည်။

❖ ၂၀–၁၁–၈၉။ ။ အမေရိကန်အထက်လွှတ်တော်အမတ် Dana Rohrabacher ခေါင်းဆောင်သော အထက်လွှတ်တော်အမတ် ၅၂ ဦး လက်မှတ်ရေးထိုးထားသည့် စာတစောင်အား ထိုင်းအစိုးရထံပေးပို့။ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲအရ တက်လာသည့် ဒီမိုကရေစီအစိုးရတရပ် မပေါ်ပေါက်မီအထိ နဝတ စစ်အစိုးရအား ထိုင်းအစိုးရအနေဖြင့် ထောက်ပံ့ကူညီနေမှုများ ရပ်ဆိုင်းပေးထားရန် တိုက်တွန်းဖော်ပြထားသည်။

❖ ၁၆–၁၀–၈၉။ ။ နဝတ ပိုင် ၂၈ လေယာဉ် အပိုင်စီးခံရ။ မြိတ်မြို့လေယဉ်ကွင်းမှအတက် (ရန်ကုန်သို့အသွား)

နယ်စပ်ရောက်ကျောင်းသား ၂ ဦး (ရဲရင့်နှင့်ရဲသီဟ) တို့မှ ဖုံးသဏ္ဍာန်ဆပ်ပြာတုံးဖြင့် ထိုင်းနယ်စပ်သို့ လေယာဉ်အား မောင်းနှင်စေပြီး ထိုင်းနယ်စပ်တွင်ဆင်းသက်စေကာ ထိုင်းအာဏာပိုင်များထံ လက်နက်ချလိုက်။

နိုဝင်ဘာလ။

❖ ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ကာ နဝတ သည် ရန်ကုန်မြို့အတွင်း စစ်ရေးအမြင်ဖြင့် လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ မြို့သစ်များတိုးချဲ့ခြင်းကို စတင်လုပ်ဆောင်လာခဲ့သည်။

❖ ၃–၁၁–၈၉။ ။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၃/၈၉ ထုတ်ပြန်။ မတရားအသင်းကြေငြာခြင်း။ KIO, KNU, KNPP နှင့် MNSP (မွန်ပြည်သစ်ပါတီ) တို့အား မတရားအသင်းများ အဖြစ် ကြေငြာလိုက်သည်။

❖ ၈–၁၁–၈၉။ ။ အရှေ့နှင့်အနောက် ဂျာမဏီနှစ်နိုင်ငံတို့ တနိုင်ငံတည်းအဖြစ် ပေါင်းစည်း။ ဘာလင်တံတိုင်း ပြိုကျသွားခြင်း။

❖ ၂၀–၁၁–၈၉။ ။ ကုလသမဂ္ဂ အထွေထွေညီလာခံတွင် 'ကလေးသူငယ်များ သူငယ်များဆိုင်ရာ သဘောတူ စာချုပ်' ကို မြန်မာနိုင်ငံ (နဝတ) ပါဝင် လက်မှတ်ရေးထိုး။

ဒီဇင်ဘာ။

❖ ၀၄–၁၂–၈၉။ ။ မြန်မာနိုင်ငံ ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် DAB ရေဒီယို စတင်အသံလွှင့်။ ထိုင်း–မြန်မာ နယ်စပ် လွတ်မြောက်ဒေသတနေရာတွင် အခြေစိုက်ကာ မြန်မာနိုင်ငံပြည်တွင်းသို့ ပစ်မှတ်ထားကာ သတင်းများကို ထုတ်လွှင့်သည်။

❖ ၁၅–၁၂–၈၉။ ။ KIA တပ်မဟာ ၄ KDA၊ ယခင် ၁၀၁ စစ်ဒေသ၊ နဝတ နှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုး။

❖ ၁၆–၁၂–၈၉။ ။ ထိုင်းစီးပွားရေးလုပ်ငန်းရှင်တချို့သည် ရွှေတြိဂံဒေသတွင် ကက်စီနိုလောင်းကစားဝိုင်း ဖွင့်လှစ် ရန် ပြင်ဆင်နေသည်မှာ ဟုတ်မှန်ကြောင်း ထိုင်းနိုင်ငံပြည်ထဲရေးဝန်ကြီးဌာနမှ တရားဝင်အတည်ပြု ပြောကြားသည်။

❖ ၁၆–၁၂–၈၉။ ။ ရိုမေးနီးယားနိုင်ငံတွင် လူထုအုံကြွမှုဖြစ်ပွား။ ၂၅–၁၂–၈၉ လူထုခုံရုံးမှ သမ္မတချောင်ဆက် စကူးအား သေဒဏ်ပေးလိုက်။

❖ ၂၂–၁၂–၈၉။ ။ NLD ဥက္ကဌ ဦးတင်ဦးအား ထောင်ဒဏ် ၃ နှစ် ချမှတ်လိုက်။ ၁၄–၂–၉၂ နေ့ လွတ်ရက်စေ့ သော်လည်း လွှတ်မပေးဘဲ ထောင်ဖူးဝမှာပင် နောက်ထပ် ထောင် ၇ နှစ် ထပ်ချလိုက်သည်။

❖ ၂၂–၁၂–၈၉။ ။ ဒေါ်အောင်ဆန်းစုကြည်မှ နေအိမ်အကျယ်ချုပ်ချခံထားရသော်လည်း မိမိအနေနှင့် ရွေးကောက်ပွဲဝင်မည်ဟု ပြောကြားလိုက်။ NLD ပါတီအတွင်း အငြင်းပွားနေသော ရွေးကောက်ပွဲဝင်ရေး၊ မဝင်ရေး ပြဿနာပြီးဆုံးသွား။

❖ ၂၅–၁၂–၈၉။ ။ မြန်မာ့လေကြောင်းမှ လေယာဉ်ပျံများအား အမှတ်အသားတံဆိပ်အသစ် စာတန်းအသစ် ဖြင့် ဆေးရောင်ပြောင်းလဲကာ စတင်အသုံးပြုခဲ့သည်။

❖ ၂၉–၁၂–၈၉။ ။ ဝန်ကြီးချုပ်ဟောင်းဦးနုအား နေအိမ်တွင်း အကျယ်ချုပ် ချုပ်ထားလိုက်သည်။

❖ ၂၉–၁၂–၈၉။ ။ နေအိမ်အကျယ်ချုပ်ဘဝဖြင့် နေထိုင်နေရသော (ဒီ/ငြိမ်း) အဖွဲ့ နာယကကြီးဦးနုအား ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်းအား ခွင့်မပြုနိုင်ကြောင်း နဝတ ပြောခွင့်ရ ပုဂ္ဂိုလ်မှ ထုတ်ဖော်ပြောကြားသည်။

❑ ❑ ❑ ❑ ❑ ❑ ❑

## ၁၉၉၀ ခုနှစ်အတွင်း မြန်မာနိုင်ငံသတင်းများ

ဇန်နဝါရီလ။

❖ နဝတ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းမြင့်က တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေး ပါတီ (၅၀) ကျော်မှ တာဝန်ရှိသူများအားခေါ်ယူပြီး "တောခိုမယ်ဆိုရင် ကျုပ်ထံစာရင်းပေးနိုင်တယ်၊ ကျုပ်ကိုယ်တိုင် နိုင်ငံတော်စရိတ်နဲ့ လိုက်ပို့ပေးမယ်"ဟုပြောဆိုခဲ့သည်။

❖ ၈–၁–၉၀။ ။ ဦးအောင် အထွေထွေအတွင်းရေးမှူး (ဒညတ) သည် AIR အသံလွှင့်ဌာနနှင့် တွေ့ဆုံခန်း တွင် နဝတ မှ ဦးစီးကျင်းပပေးမည့် ရွေးကောက်ပွဲအား လူထုအနေနှင့် သပိတ်မှောက်ကြရန် တိုက်တွန်းလိုက်သည်။

❖ ၁၅–၁–၉၀။ ။ ဒေါ်အောင်ဆန်းစုကြည်အား ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဲဆန္ဒနယ်မြေအမှတ် ၁ မှ NLD ပါတီ၏ အမတ်လောင်းအဖြစ် တင်သွင်းထားမှုအား ဗဟန်းမဲဆန္ဒနယ်အမှတ် ၁ မှ တစည ပါတီအမတ်လောင်း ဦးလဘန် ဂရောင်မှ ကန့်ကွက်။ ထိုကန့်ကွက်ချက်အား ရန်ကုန်တိုင်း ရွေးကောက်ပွဲကော်မရှင်မှလက်ခံပြီး ဒေါ်အောင်ဆန်းစုကြည် အား အမတ်လောင်းအဖြစ်မှ ပယ်ဖျက်လိုက်။ ကျောင်းသားလူငယ်များ မကြေနပ်၍ မြို့တော်ခန်းမရှေ့တွင် ဆန္ဒပြပွဲဖြစ်။

❖ ၂၅–၁–၉၀။ ။ KNU အခိုင်အမာ စခန်းတခုဖြစ်သော 'သေဘောဘိုး' စခန်းအား နဝတ တပ်များ သိမ်း ပိုက်လိုက်။

❖ ၂၉–၁–၉၀။ ။ တိုကျိုမြို့ရှိ မြန်မာသံရုံးပိုင် မြေကွက်၏ ၆၀ ရာခိုင်နှုန်းအား အမေရိကန်ဒေါ်လာ ၂၃၆ သန်းနှင့် နဝတ မှ ထုတ်ရောင်းလိုက်။

ဖေဖော်ဝါရီလ။

❖ ၄–၂–၉၀။ ။ ဆိုဗီယက်ယူနီယံ၊ မော်စကိုမြို့တော်တွင် လူထုသိန်းနှင့်ချီလျက် ဆန္ဒပြ။ ကွန်မြူနစ်ပါတီမှ နိုင်ငံရေးအာဏာ ချုပ်ကိုင်ထားမှုကို ရုတ်သိမ်းပေးရေး တောင်းဆို။ (ဆိုဗီယက်ယူနီယံ စတင်ပြိုကွဲခြင်းနှင့် စစ်အေးခေတ် နိဂုံးဖြစ်လာ)

❖ ၈–၂–၉၀ မှ ၁၀–၂–၉၀ တရားဝင်မှတ်ပုံတင်ထားသော တိုင်းရင်းသားပါတီ ၁၉ ဖွဲ့ ပူးပေါင်းထားသည့် 'ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် UNLD ၏ ပထမအကြိမ်ညီလာခံကို ရန်ကုန်မြို့တွင် ကျင်းပ။ (၁) ဒီမိုကရေစီရေး၊ (၂)တိုင်းရင်းသား လူမျိုးများတန်းတူရေး (၃) စစ်မှန်သောပြည်ထောင်စု ဖွဲ့စည်းရေး (၄) ပြည်တွင်းငြိမ်းချမ်းရေးတို့ကို ညှိနှိုင်းသဘောတူခဲ့။

❖ ၁၀–၂–၉၀။ ။ နဝတ မှ ကျင်းပပေးမည့် ရွေးကောက်ပွဲအတွက် ဗမာပြည်ကွန်မြူနစ်ပါတီမှ သဘောထား ထုတ်ပြန်။ ရွေးကောက်ပွဲဝင်ရေး၊ ရွေးကောက်ပွဲအား အသံတိတ် လူထုဆန္ဒပြပွဲအဖြစ် ဖော်ဆောင်ရေး။

❖ ၁၇–၂–၉၀။ ။ NLD ပါတီမှ ဦးအောင်ရွှေ၊ ဦးချစ်ခိုင်တို့နှင့် နဝတ ဒု–ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေ၊အတွင်း ရေးမှူး–၁ ဗိုလ်ချုပ်ခင်ညွန့်တို့တွေ့ဆုံ။ ဤတွေ့ဆုံမှုသည် dialogue သဘောသက်ရောက်ခြင်းမရှိဟု နဝတ တွင်း–၁ မှ ပြောဆို။

❖ ၁၉–၂–၉၀။ ။ NLD ပါတီမှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးကြည်မောင်အား နဝတ ဒု–ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေ၊ တိုင်းမှူးဗိုလ်ချုပ်မျိုးညွန့်တို့မှ ခေါ်ယူတွေ့ဆုံ။ နဝတ မှ ဆောင်ရွက်နေသော ကိစ္စများအား အလေးထားရှင်းပြခဲ့။

❖ ၁၉–၂–၉၀။ ။ စစ်တပ်ပိုင် 'ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်' စတင် ဖွဲ့စည်းလိုက်။

မတ်လ။

❖ ၁၂–၃–၉၀။ ။ ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီများအား အစိုးရပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ မဲဆွယ်ပွဲ စတင်ခွင့်ပြု။ ဟောပြောမည့် အကြောင်းအရာများအား ပြည်ထဲရေးဝန်ကြီးဌာနထံ တင်ပြခွင့်ပြုချက်ယူရမည် ဖြစ်ပြီး ရေဒီယိုမှ ၁၅ မိနစ် (ရုပ်/သံ) မှ ၁၀ မိနစ် ခွင့်ပြုမည်ဖြစ်သည်။

မတ်လ၊ ဧပြီလများအတွင်း နဝတ စစ်တိုင်းတချို့အား ပြင်ဆင်ဖွဲ့စည်း။ အနောက်မြောက်တိုင်း စစ်ဌာနချုပ် (နမခ) သည် ချင်း၊ ခန္တီး၊ စစ်ကိုင်း၊ မကွေးတိုင်းများပါဝင်သော တိုင်းအသစ်ဖြစ်လာ။ မူလ နမခ သည် အလယ်ပိုင်းတိုင်း

စစ်ဌာနချုပ် (လပခ) ဖြစ်လာ။ မူလ (လပခ) သည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ဖြစ်လာ။ ၂၅–၄–၉၀ နေ့တွင် မုံရွာမြို့၌ နမခ ကို စတင်ဖွဲ့စည်း။ ပုဂ္ဂလိကနှင့် အစိုးရတို့ ကျောက်မျက်၊ ကျောက်စိမ်း ဖက်စပ်တူးဖော်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်။

ဧပြီလ။

❖ ၁၃–၄–၉၀။ ။ ရန်ကုန်မြို့သို့ တရက်ကြာ ချစ်ကြည်ရေးခရီး ရောက်ရှိလာသော ထိုင်းတပ်မတော် စစ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီး ချာဗလစ်ယောင်ချိုင်ယုမှ "မြန်မာအစိုးရ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုများအား ထောက်ခံ ကူညီသွားမည်။ မြန်မာအစိုးရဘက်မှ ထာဝရ ရပ်တည်သွားမည်" ဟု ပြောဆိုလိုက်သည်။ (The Nation 13.04.90)

❖ ၂၆–၄–၉၀။ ။ ရွေးကောက်ပွဲပြီးသွားပြီးနောက် ခိုင်မာသော ဖွဲ့စည်းပုံနှင့် ပါလီမန်ပေါ်လာမည့် နောင် ၂ နှစ်ခန့်အထိ တပ်မတော်မှ နိုင်ငံတော်အား တည်ငြိမ် ငြိမ်းချမ်းမှု ရရှိရေးအတွက် ဆက်လက်တာဝန်ယူသွားမည်ဟု ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် နဝတ အဖွဲ့ဝင် ဗိုလ်ချုပ်မျိုးညွန့်မှ ပြောဆို။ နဝတ တာဝန်ရှိသူတဦးမှ ရွေးကောက်ပွဲပြီးနောက် နဝတ သဘောထားကို ပထမဆုံးထုတ်ဖော်ပြောဆိုလိုက်ခြင်းဖြစ်သည်။ (Bangkok Post 26.04.90)

မေလ။

❖ ၁၃–၅–၉၀။ ။ နဝတ မှ ဦးစီးကျင်းပပေးမည့် ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတမှု မရှိနိုင်သောကြောင့် နီပေါကျောင်းသား ၅၀၀ ကျော်တို့၏ ကန့်ကွက်ဆန္ဒပြပွဲတခု ခတ္တမန္ဒူမြို့တော်တွင် ကျင်းပခဲ့သည်။

❖ ၁၇–၅–၉၀။ ။ အမေရိကန်၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုသည် ထိရောက်မှုမရှိနိုင်ဟု ထိုင်းနိုင်ငံဆိုင်ရာ နဝတ သံအမတ်ကြီး ဦးညွန့်ရွှေ မှပြောဆိုလိုက်သည်။

❖ ၂၃–၅–၉၀။ ။ အမေရိကန်ရှေ့နေများအဖွဲ့တဖွဲ့ (International Human Rights Law Group)မှ မြန်မာနိုင်ငံရွေးကောက်ပွဲသည် တရားမျှတ လွတ်လပ်လိမ့်မည် မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားသည်။ (BP)

❖ ၂၇–၅–၉၀။ ။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ။ မဲဆန္ဒနယ်ပေါင်း ၄၈၅ နေရာအတွက် ပါတီပေါင်း ၉၃ ပါတီမှ အမတ်လောင်းများအပါအဝင် အမတ်ပေါင်း ၂၃၈၀ ပါဝင်အရွေးချယ်ခံခဲ့။ မဲဆန္ဒရှင်ပေါင်း ၁၅.၁ သန်း ၇၂ ရာခိုင်နှုန်း) မဲလာရောက်ပေးခဲ့။ မဲဆန္ဒနယ်ပေါင်း ၄၉၂ နေရာရှိသော်လည်း လုံခြုံရေးအရ ၇ နေရာ ချန်လှပ်ထားခဲ့။ အမတ်လောင်း ၂၃၈၀ အနက် ၃ ပုံ ၁ ပုံမှာ အစိုးရဝန်ထမ်းဟောင်းများ ကျန် ၂၃ ရာခိုင်နှုန်းမှာ ဆရာဝန် (သို့မဟုတ်) ရှေ့နေများဖြစ်ပြီး ကျန် ၄၀ ရာခိုင်နှုန်းမှာ အရပ်သားများဖြစ်ကြသည်။

ဇွန်လ။

❖ ၂၃–၆–၉၀။ ။ မန္တလေးမြို့မှ ထင်ရှားသောဆရာတော် ဦးကဝိန္ဒနှင့် မန္တလေး ဗကသများအဖွဲ့ချုပ် ဥက္ကဋ္ဌ ကိုသန့်ဇင် (ဆေးတက္ကသိုလ်) တို့အား စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးလိုက်သည်။

❖ ၂၉–၆–၉၀။ ။ ဗမာပြည်ကွန်မြူနစ်ပါတီ CPB မှ ဗဟိုကော်မတီဝင် စိုင်းအောင်ဝင်း နဝတ ထံလက်နက်ချ။

ဇူလိုင်လ။

❖ ၁–၇–၉၀။ ။ ရွေးကောက်ပွဲကော်မရှင် ကြေငြာချက်အမှတ် ၈၉၆ ထုတ်ပြန်။ ၉၀ ခုနှစ် ရွေးကောက်ပွဲတွင် NLD ပါတီမှ အမတ်လောင်း (၄၇၇ ဦးအနက် ၃၉၂ ဦး၊ ၈၇.၇ ရာခိုင်နှုန်း) အရွေးချယ်ခံရကြောင်း ဖော်ပြထား။

❖ ၂–၇–၉၀။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဘဏ်ဥပဒေကိုထုတ်ပြန်။

❖ ၄–၇–၉၀။ ။ ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေကို ပြဌာန်း။

❖ ၅–၇–၉၀။ ။ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ Cheng Rui-Sheng သည် NLD ဌာနချုပ်သို့ လာရောက်လည်ပတ်ပြီး ရွေးကောက်ပွဲ အပြတ်အသတ်အနိုင်ရခဲ့မှုအတွက် NLD ပါတီအား ဂုဏ်ယူကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရန် တောင်းဆိုခဲ့သည်။ (BP)

❖ ၉–၇–၉၀။ ။ ရွေးချယ်ခံထားရသော NLD လွှတ်တော်အမတ်များမှ 'ပြည်သူ့လွှတ်တော် ခေါ်ယူရေး

အတွက်’ နဝတ ထံ အကြောင်းကြားစာပေးပို့။

❖ ၁၁–၇–၉၀။ ။ ဗမာပြည်ကွန်မြူနစ်ပါတီ CPB သည် နိုင်ငံတဝှမ်းလုံးတွင် မြေအောက် UG သဏ္ဍာန်ဖြင့် ရပ်တည်နေသော်လည်း လက်နက်ကိုင်တော်လှန်ရေး ပြန်လုပ်ရန် ကြိုးစားလျက်ရှိကြောင်း နဝတ ထံ လက်နက်ချလာသော CPB မှ ဗဟိုကော်မတီဝင်ဟောင်း စိုင်းအောင်ဝင်းမှပြောဆိုသည်။ (BP)

❖ ၁၂–၇–၉၀။ ။ (၁၉၈၅ ခုနှစ်မှာ အာဏာရရှိလာသူ) သမ္မတ ဂေါ်ဘာချော့သည် နိုင်ငံ၏ ပထမဆုံးသော သတင်းစာလွတ်လပ်ခွင့် ဥပဒေမူကြမ်းကို အတည်ပြုပေးရန် လွှတ်တော်သို့တင်ပြလိုက်။ နှစ်ပေါင်းတရာကျော် အစိုးရမှ တင်းကြပ်စွာချုပ်ကိုင်ထားသော ဥပဒေဖြစ်သည်။

❖ ၁၈–၇–၉၀။ ။ နဝတ မှ ပြဋ္ဌာန်းထားသော ၁၄/၈၉ အရ လွှတ်တော်အမြန် ခေါ်ယူပေးရေးအတွက် ရွေးကောက်ပွဲကော်မရှင်မှ နဝတ အား ကူညီတိုက်တွန်းပေးပါရန် NLD လွှတ်တော်အမတ်များမှ ရွေးကောက်ပွဲကော်မရှင်သို့ မေတ္တာရပ်ခံစာပေးပို့။

❖ ၁၉–၇–၉၀။ ။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အား ဖမ်းဆီးထားခြင် တနှစ်မြောက် အထိမ်းအမှတ် ဆန္ဒပြပွဲတခု ရန်ကုန်မြို့တွင် ဖြစ်ပွားရာ ကျောင်းသားလူငယ် ၁၅၀ ခန့်ပါဝင်ခဲ့သည်။

❖ ၂၇–၇–၉၀။ ။ နဝတ မှ ကြေငြာချက်အမှတ် ၁/၉၀ ထုတ်ပြန်။

❖ ၂၈–၇–၉၀။ ။ မှ၂၉–၇–၉၀ NLD မှ ရွေးချယ်ခံအမတ်အားလုံး ရန်ကုန်မြို့၊ ဂန္ဒီခန်းမတွင် ပထမအကြိမ်ညှိနှိုင်းဆွေးနွေး။

❖ ၂၉–၇–၉၀။ ။ တစည ပါတီ ဗဟိုကော်မတီမှ ရွေးကောက်ပွဲတွင် ၎င်းတို့ ရှုံးနိမ့်ရခြင်းနှင့်ပတ်သက်ပြီး သုံးသပ်ချက်ထုတ်ပြန်။ အဆိုပါသုံးသပ်ချက်ထဲတွင် “NLD အဖွဲ့၏ စည်းရုံးရေးလုပ်ငန်းများအပေါ် တဖက်သတ်ကန့်သတ်ချုပ်ချယ်ထားခြင်း၊ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားခြင်းတို့ကြောင့် မြန်မာပြည်သူပြည်သားများ၏ စာနာသနားမှုကို ပိုမိုရရှိကာ ထောက်ခံမဲများ ပုံအောရရှိသွားခြင်းဖြစ်သည်’ ဟု သုံးသပ်ထားသည်။

ဩဂုတ်လ။

❖ ၂–၈–၉၀။ ။ အီရတ်တပ်ဖွဲ့များမှ ကူဝိတ်နိုင်ငံအား (နေ့ချင်းပြီး) ဝင်ရောက်သိမ်းပိုက်။ ‘ကူဝိတ်နိုင်ငံသည် အီရတ်နိုင်ငံ၏ အစိတ်အပိုင်းတခု နယ်မြေတခုသာဖြစ်တယ်’ ဟု အီရတ်ကပြော။ (ထိုကိစ္စအတွက် ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလတွင် အမေရိကန်က အီရတ်အား ဝင်ရောက်တိုက်ခိုက် ‘ပင်လယ်ကွေ့စစ်ပွဲ’)

❖ ၂၇–၈–၉၀။ ။ နဝတမှ သံဃာတော်များနှင့် ဘာသာတရားအပေါ် အဓမ္မလုပ်ကိုင်ဆောင်ရွက်နေမှုအပေါ် ဆန္ဒပြသည့်အနေနှင့် နဝတ အား မဆက်ဆံရေး ပတ္တနိက္ကုဇ္ဇန ကံဆောင်သပိတ်မှောက်၊ မန္တလေးတွင် စစ်ထောက်လှမ်းရေးများသည် ဘုန်းတော်ကြီးကျောင်းတိုက်များအား ဝင်ရောက်စီးနင်းပြီး သံဃာတော် အများအပြားအား ဖမ်းဆီးခဲ့။

❖ ၂၉–၈–၉၀။ ။ နဝတမှ ‘အမျိုးသားရေးရာ ဖြစ်ပေါ်တိုးတက်မှု အစဉ်ထိန်းကျောင်းဖော်ဆောင်ရေးနှင့် ပတ်သက်သော နိုင်ငံတော်၏သဘောထားများ’ ဟူသည့် ထိပ်တန်းလျှို့ဝှက်အဆင့် စာတမ်းအား နဝတမှ NLD ပါတီသို့ ပေးအပ်ခဲ့။ ထိုစာတမ်းအား NLD ပါတီမှ ဦးကြည်မောင်က ရန်ကုန်မြို့ရှိ ဗြိတိသျှသံရုံးသို့ပို့ပေးခဲ့။ ၂၆–၁၂–၉၇ ကြေးမုံသတင်းစာဆောင်းပါး)

မန္တလေးမြို့ရှိ သံဃာ့သမဂ္ဂအဖွဲ့ချုပ်မှ ဦးဆောင်လျက် နဝတ အား သပိတ်မှောက်ပြီး နောက်ပိုင်း တရားဝင် သံဃာ့ဂိုဏ်းကြီး ၉ ဂိုဏ်းမှအပ တခြားသံဃာ့အဖွဲ့အစည်းများကို ဖျက်သိမ်းရန်အမိန့်၊ သံဃာတော်များ နိုင်ငံရေးနှင့် ကင်းရှင်းကြရန် ညွှန်ကြားလွှာအမှတ် ၈၃ နှင့် သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေတို့ကို နဝတ မှ ပြဋ္ဌာန်း။

စက်တင်ဘာလ။

❖ ၆–၉–၉၀။ ။ NLD ပါတီမှ ဦးကြည်မောင်နှင့် ဦးချစ်ခိုင်တို့အား စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးလိုက်။ NLD ပါတီ၏ သတင်းစာရှင်းလင်းပွဲ တခုတွင် ဦးကြည်မောင်မှ ‘လက်ရှိ နဝတ စစ်ခေါင်းဆောင်များအား နူရင်ဘတ်ကဲ့သို့သော စစ်ခုံရုံးသို့ တင်ရမည်ဟု ပြောဆိုခဲ့။

❖ ၆–၉–၉၀။ ။ ရန်ကုန်မြို့၊ ဗြိတိသျှသံရုံးမှ တိုင်းရင်းသားဝန်ထမ်း ဒေါ်နီတာရင်ရင်မေအား ‘နိုင်ငံတော်လုံခြုံရေးသတင်း ပေါက်ကြားစေမှု’ ဖြင့် ဦးကြည်မောင်၊ ဦးချစ်ခိုင်တို့နှင့်အတူ စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးလိုက်သည်။

❖ ၂၅–၉–၉၀။ ။ အင်းစိန်ထောင်အတွင်း နိုင်ငံရေးအကျဉ်းသားများ ထောင်တွင်းဆန္ဒပြမှုဖြစ်ပွား။ အကျဉ်းသား အခွင့်အရေး အပြည့်အဝရရှိရေးမှ လွှတ်တော်ခေါ်ယူရေးအထိ နစ်နာချက်များအား တောင်းဆိုခဲ့။ စစ်ထောက်လှမ်းရေးမှ အကြမ်းဖက်၍ ရက်ရက်စက်စက်ဖြိုခွဲလိုက်ခြင်းကြောင့် နိုင်ငံရေးအကျဉ်းသားအများအပြား ဒဏ်ရာ ပြင်းပြင်းထန်ထန် ရရှိ။

❖ ၂၈–၉–၉၀။ ။ မြန်မာစစ်အစိုးရ စစ်တပ်များသည် ရန်ကုန်မြို့ရှိ အနောက်ဂျာမဏီသံရုံးဝင်းအတွင်း ဝင်ရောက်တပ်စွဲခဲ့။ နဝတ တပ်များသည် ဗြိတိန်နှင့် အမေရိကန်သံရုံးဝင်းများအတွင်းသို့လည်း မကြာမီက ဝင်ရောက်တပ်စွဲမှုများ ရှိခဲ့သည်။ (BP)

❖ ၂၉–၉–၉၀။ ။ ထိုင်းနိုင်ငံဆိုင်ရာ နအဖ သံအမတ်ဦးညွန့်ရွှေမှ ဒေါ်အောင်ဆန်းစုကြည်အား မကြာမီ အနာဂတ်ကာလ တခုမှာ ပြန်လွှတ်ပေးမည်ဟု ပြောဆိုခဲ့။

အောက်တိုဘာ။

❖ ၁၇–၁၀–၉၀။ ။ ဘန်ကောက်မြို့ရှိ နဝတ သံရုံးအနီး ဗုံးတလုံးပေါက်ကွဲ။ ထိခိုက်မှုမရှိ။

နိုဝင်ဘာလ။

❖ ၆–၁၁–၉၀။ ။ နဝတ စစ်တပ်များ၏ နှိမ်နင်းမှုကြောင့် မန္တလေးမှ သံဃာတော်အပါး ၂၀၀ ခန့် အပါအဝင် သံဃာတော် အပါး ၃၅၀ ခန့် နယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်လာကြသည်။

❖ ၁၀–၁၁–၉၀။ ။ ထိုင်းနိုင်ငံလေကြောင်းပိုင် TG–၃၀၅ လေယာဉ်တစင်း ဘန်ကောက်မှရန်ကုန်သို့အလာ မြန်မာကျောင်းသား ၂ ဦးမှ လေယာဉ်အားအပိုင်စီး၍ အိန္ဒိယနိုင်ငံ၊ ကာလာကတ္တားလေဆိပ်တွင် ဆင်းသက်စေပြီး အိန္ဒိယအစိုးရထံ လက်နက်ချလိုက်။

❖ ၂၃–၁၁–၉၀။ ။ နဝတ စစ်တပ်များသည် မန္တလေးမြို့ရှိ ဘုန်းတော်ကြီးကျောင်း ၁၃၃ ကျောင်းအား ဝင်ရောက်စီးနင်းပြီး ရဟန်းသံဃာတော်အချို့အား ဖမ်းဆီး၍ ကျောင်းတိုက်တချို့အား ပိတ်ပစ်လိုက်ကြောင်း နဝတ ရေဒီယိုမှ ကြေငြာသည်။

❖ ၂၆–၁၁–၉၀။ ။ စင်္ကာပူနိုင်ငံတွင် ဝါရင့်ခေါင်းဆောင် လီကွမ်ယူမှ ဂိုချုပ်တောင်အား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်လွှဲပြောင်းပေးခဲ့။

❖ ၃၀–၁၁–၉၀။ ။ နဝတ လေတပ်အတွက် အမေရိကန်ဒေါ်လာ တသန်းဘိုး စစ်လက်နက်ပစ္စည်းဆိုင်ရာ စာချုပ်ချုပ်ဆိုထားခြင်းမှာ မမှန်ကြောင်း တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ငြင်းဆိုလိုက်သည်။

ဒီဇင်ဘာလ။

❖ ၉–၁၂–၉၀။ ။ နဝတမှ ထုတ်ပြန်ထားသော ၁/၉၀ အား လိုက်နာပါမည့်အကြောင်း နဝတမှ NLD ဥက္ကဋ္ဌ ဦးအောင်ရွှေအား ပစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၀ အရ ဆင့်ခေါ်ပြီး လက်မှတ်ထိုးခိုင်း။ ဦးအောင်ရွှေမှ ထိုးပေးလိုက်။ (ထိုလုပ်ရပ်သည် အာဏာကို အလွန်အကျွံ သုံးစွဲခြင်းသာဖြစ်သည်ဟု NLD မှ ၇–၈–၉၇ နေ့တွင် ကြေငြာချက် ထုတ်ပြန်။)

❖ ၁၂–၁၂–၉၀။ ။ စစ်အစိုးရအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်သည် ရေဒီယိုမှ စကားပြောစဉ် “နိုင်ငံခြားသားတယောက်နှင့် လက်ထပ်ထားသောသူ တဦးအား နိုင်ငံကိုဦးဆောင်ရန် ဘယ်တော့မှ ခွင့်မပြုနိုင်” ဟု ပြောဆိုခဲ့သည်။

❖ ၁၃–၁၂–၉၀။ ။ နဝတ ဒု–ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေနှင့် တွင်း–၁ ဒု–ဗိုလ်ချုပ်ကြီးခင်ညွန့်တို့ ဘန်ကောက်မြို့တွင် ပြသသော နိုင်ငံတကာ လက်နက်ပစ္စည်းပြပွဲနှင့် ရောင်းချပွဲသို့တက်ရောက်။

❖ ၁၈–၁၂–၉၀။ ။ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲမှ အရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်တချို့မှ လွတ်မြောက်ဒေသ တနေရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ NCGUB အားဖွဲ့စည်းလိုက်။

❖ ၂၁–၁၂–၉၀။ ။ မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးအုန်းဂျော်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စား လှယ်နှင့်တွေ့ဆုံစဉ် "ဒေါ်အောင်ဆန်းစုကြည် အနေနှင့် နိုင်ငံအတွင်းမှအပြီးအပိုင်ထွက်ခွာသွားပြီး ဗြိတိန်နိုင်ငံရှိ သူမ မိသားစုထံ သွားရောက်နေထိုင်မည် ဆိုပါက နေအိမ်အကျယ်ချုပ်မှ လွှတ်ပေးမည်" ဟု ပြောဆိုလိုက်။

❖ ၂၂–၁၂–၉၀။ ။လွတ်မြောက်ဒေသသို့ ရောက်ရှိလာသော NLD လွှတ်တော်ကိုယ်စားလှယ်များ အဖွဲ့ဝင်များ အား NLD ပါတီမှ ထုတ်ပယ်လိုက်ကြောင်း NLD ဌာနချုပ်မှ ကြေငြာချက်ထုတ်ပြန်။

❑ ❑ ❑ ❑ ❑ ❑ ❑

# ၁၉၉၁ ခုနှစ်အတွင်း မြန်မာနိုင်ငံသတင်းများ

ဇန်နဝါရီလ။

❖ ၁–၁–၉၁။ ။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် မစ္စတာ ဘူထရို့ (စ်) ဂါလီ စတင်တာဝန်ထမ်းဆောင်။ သူသည် အီဂျစ်နိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်ဟောင်းတယောက်ဖြစ်ပြီး နိုင်ငံတကာတရားဥပဒေကို ကျွမ်းကျင်သူတယောက် ဖြစ်ပြီး အသက် ၆၉ နှစ်ရှိပြီ ဖြစ်သည်။

❖ ၂၂–၁–၉၁။ ။ နယ်စပ်ဒေသသို့ ရောက်ရှိလာသော NLD အဖွဲ့ဝင်များစုပေါင်း၍ NLD (LA) ဗဟိုစည်းရုံးရေးကော်မတီကို စတင်ဖွဲ့စည်း။

❖ ၂၄–၁–၉၁။ ။ နဝတ မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအား စတင်ဖွဲ့စည်း။

ဖေဖော်ဝါရီလ။

❖ ၁၈–၂–၉၁။ ။ ပအိုးဝ်အမျိုးသားအဖွဲ့ချုပ် PNO နှင့် နဝတတို့အပစ်အခတ်ရပ်စဲရေးလုပ်။

မတ်လ။

❖ ၁–၃–၉၁။ ။ မန္တလေး ဈေးချိုတော်ကြီး အသစ်တည်ဆောက်ရန် စတင်ဖျက်။ ၃၁–၇–၉၄ နေ့ အသစ်စဖွင့်။

❖ ၂၆–၃–၉၁။ ။ NLD ပြန်လည်ဖွဲ့စည်း။ ဦးအောင်ရွှေ ဥက္ကဋ္ဌဖြစ်လာခဲ့။

ဧပြီလ။

❖ ၂၁–၄–၉၁။ ။ ပလောင်ပြည် လွတ်မြောက်ရေးအဖွဲ့ PSLO အဖွဲ့ နဝတနှင့် အပစ်အခတ်ရပ်စဲ။

❖ ၂၆–၄–၉၁။ ။ နိုင်ငံရေးပါတီအဖွဲ့အစည်းများ အဆင့်ဆင့်သော ဦးဆောင်အဖွဲ့များအား ၂၆–၄–၉၁ ရက်နေ့တွင် တည်ရှိသည့် အင်အားအတိုင်းထားရှိရန် တိုးချဲ့ဖွဲ့ စည်းခြင်း၊ စည်းရုံးခြင်းများမပြုရန် ၁၈–၈–၉၁ နေ့တွင် ကြေငြာ (နောက်ကြောင်းပြန် အမိန့်ထုတ်)။ (၎င်း ကြေငြာချက် အား ရွေးကောက်ပွဲကော်မရှင်အနေနှင့် လုပ်ပိုင်ခွင့်မရှိဟု NLD မှ ကန့်ကွက်။)

ဇွန်လ။

❖ ၁၂–၆–၉၁။ ။ NLD မှ ဗဟိုကော်မတီဝင်တဦးဖြစ်သော စာရေးဆရာမောင်သော်က အင်းစိန်ထောင်အတွင်း ကျဆုံး။

ဇူလိုင်လ။

❖ ၁၀–၇–၉၁။ ။ နဝတ မှ ဥပဒေအမှတ် ၁၀/၉၁ ကို ပြဌာန်း။ “ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ” ဖြစ်။ ယင်း ဥပဒေပုဒ်မ ၁ တွင် ဤဥပဒေသည် ၃၁–၅–၈၉၊ ၁၄/၈၉ မှ စ၍ အာဏာတည်သည်ဟု နောက်ကြောင်းပြန် အာဏာသက်ရောက်ထား။

ဩဂုတ်လ။

❖ ၁၄–၈–၉၁။ ။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ABSDF တတိယအကြိမ်မြောက် ညီလာခံကျင်းပ ၂၃–၁၀–၉၁ ထိ ၂ လ နှင့် ၉ ရက်ကြာ ဥက္ကဋ္ဌ မိုးသီးဇွန်ဦးဆောင်သော ဗဟိုကော်မတီနှင့် ဥက္ကဋ္ဌနိုင်အောင် ဦးဆောင်သော ဗဟိုကော်မတီ ဟူ၍ ၂ ဖွဲ့ကွဲသွား။

စက်တင်ဘာလ။

❖ ၂–၉–၉၁။ ။ နဝတ မှ အမျိုးသားပညာရေးကော်မတီအား စတင်ဖွဲ့စည်း။ (၈–၁–၉၇ နေ့ ပြန်လည်ဖွဲ့စည်း

သောအခါ နဝတ တွင်း – ၁ မှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ။)

အောက်တိုဘာလ။

❖ ၄–၁၀–၉၁။ ။ မှ ၁၈–၁၂–၉၁ အထိ ဘိုကလေးမြို့နယ်၊ ထော်ပိုင်ဒေသတွင် KNU ပျောက်ကျားအဖွဲ့နှင့် နဝတ တို့ တိုက်ပွဲဖြစ်ပွား။ 'မုန်တိုင်း စစ်ဆင်ရေး' ဟု နဝတ မှ မှည့်ခေါ်။ စစ်ဆင်ရေးကာလ ၂ လနှင့် ၁၄ ရက်အတွင်း တွေ့ဆုံတိုက်ပွဲ ၄၈ ကြိမ် ပစ်ခတ်မှု ၂ ကြိမ် ရှင်းလင်းဖော်ထုတ်ခြင်း ၂၉ ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူ ၂၁၉ ဦး အမာခံ ၈၁ ဦး စုစုပေါင်း အသေ ၃၀၀ ရှင်းလင်းနိုင်ခဲ့ပြီး လက်နက်ကြီးငယ် ၂၃၂ လက် နှင့်ခဲယမ်းမျိုးစုံ သိမ်းဆည်းရမိ။ စစ်ဆင်ရေးတွင် တပ်မတော်နှင့်အတူ ရေဝတီတိုင်းလူထု ၃၃၇၄၀ ယောက်ပါဝင်ခဲ့ဟု ၁၄–၁၀–၉၉ နေ့ထုတ် ကြေးမုံသတင်းစာတွင်ရေးသား။

နိုဝင်ဘာလ။

❖ ၃–၁၁–၉၁။ ။ အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီမှ မစ္စတာကလင်တန် အနိုင်ရရှိ။

❖ ၇–၁၁–၉၁။ ။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (လွတ်မြောက်ဒေသ) စတင်ဖွဲ့စည်း။

ဒီဇင်ဘာလ။

❖ ၁၀–၁၂–၉၁။ ။ ၁၉၉၁ ခုနှစ်အတွက် ငြိမ်းချမ်းရေး နိုဘယ်လ်ဆု ဒေါ်အောင်ဆန်းစုကြည် ရရှိ။

❖ ၁၀–၁၂–၉၁။ ။ ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေး နိုဘယ်ဆုရရှိခြင်း ကိုထောက်ခံခြင်း။ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ အားလုံးလွှတ်ပေးရေး၊ ၉၀–ခုနှစ်ရွေးကောက်ပွဲရလဒ် အကောင်အထည် ဖော်ပေးရေး စသည့်ကြွေးကြော်သံများဖြင့် ရန်ကုန်တက္ကသိုလ် (ပင်မ) ကျောင်းဝင်းအတွင်း ကျောင်းသားများဆန္ဒပြ။

❖ ၁၁–၁၂–၉၁။ ။ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ် သိပ္ပံကျောင်းများ အားလုံးကို ခေတ္တပိတ်လိုက်ကြောင်း ကြေငြာချက်ထုတ်ပြန်။

❖ ၁၁–၁၂–၉၁။ ။ NLD ပါတီဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား ပါတီမှ ထုတ်ပစ်လိုက်ကြောင်း ဥက္ကဋ္ဌသစ် ဦးအောင်ရွှေမှ လက်မှတ်ရေးထိုးထုတ်ပြန်။

❖ ၁၅–၁၂–၉၁။ ။ ရုရှားသမ္မတ မီခေးလ်ဂေါ်ဘာချော့ ရာထူးမှ နုတ်ထွက်ပေးရ။ ဆိုဗီယက်ပြည်ထောင်စု နိုင်ငံပေါင်း (၁၅) နိုင်ငံအဖြစ်ကွဲထွက်သွား။ ဆိုဗီယက်ပြည်ထောင်စုကို ဖျက်သိမ်းလိုက်။

❖ ၂၃–၁၂–၉၁။ ။ NLD ပါတီ ကချင်ပြည်နယ်ဥက္ကဋ္ဌ ဦးတင်အောင်ခေါင်းဆောင်သော (လွှတ်တော်အမတ် ၅ ဦးပါဝင်) သည့် အဖွဲ့ဝင် (၁၁) ဦးတို့ လွတ်မြောက်ဒေသသို့ ထွက်ခွာလာ။ ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ အား ပါတီမှ ထုတ်ပယ်ခြင်းကို ၎င်းတို့က ပြင်းထန်စွာရှုံ့ချ။

၁၉၉၁ ခုနှစ်၊ နှစ်ကုန်ပိုင်းမှစတင်၍ တိုင်းစစ်ဌာနချုပ်အဆင့်နီးပါးရှိသော ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (ဒကစ) များကို ထားဝယ်၊ လွိုင်ကော်၊ ကျိုင်းတုံနှင့် ကလေးမြို့များတွင် စတင်ဖွဲ့စည်း။

၁၉၉၁ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံမှ စတင်၍ မြန်မာ့ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲရေး ဆုံးဖြတ်ချက်များ စတင်ချမှတ်။

၁၉၉၁ စာသင်နှစ်မှ စတင်၍ အခြေခံပညာအထက်တန်းတွင် သင်္ချာနှင့်သိပ္ပံ ဘာသာရပ်များအား အင်္ဂလိပ်ဘာသာနှင့် စတင်သင်ကြား။

❑ ❑ ❑ ❑ ❑ ❑ ❑

# ၁၉၉၂ ခုနှစ်အတွင်း မြန်မာနိုင်ငံသတင်းများ

ဖေဖော်ဝါရီလ။

ဖေဖော်ဝါရီ လဆန်းပိုင်းမှ စတင်ပြီး ရွေးကောက်ပွဲဝင် အနိုင်ရပါတီ တချို့ပါအဝင် နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲ ကော်မရှင်မှ စတင်ဖျက်သိမ်း။ ပါတီပေါင်း ၁၀ ပါတီသာ တရားဝင်ကျန်။

❖ ၁၄–၂–၉၂။ ။ NLD ဥက္ကဋ္ဌ ဦးတင်ဦး ထောင်ဒဏ်နှစ်စေ့သော်လည်း ထောင်ဗူးဝ၌ပင် နောက်ထပ် ထောင်ဒဏ် ၇ နှစ် ဆက်လက်အပြစ်ပေး။

❖ ၂၄–၂–၉၂။ ။ ကချင်လွတ်မြောက်ရေးအဖွဲ့ KIO နဝတနှင့် အပစ်အခတ်ရပ်စဲ။

❖ ၂၇–၂–၉၂။ ။ ကယန်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ KNG နဝတ နှင့် အပစ်အခတ်ရပ်စဲ။

မတ်လ။

❖ ၁၄–၃–၉၁။ ။ စစ်ရေးအရ အရေးပါသော ထီးပါဝီကျိုး (ခွေးအိပ်တောင်) အား နဝတတပ်များမှ သိမ်း။

ဧပြီလ။

❖ ၂၃–၄–၉၂။ ။ နဝတ သတင်းထုတ်ပြန်ကြေငြာချက် အမှတ် ၈/၉၂ ။ နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်အား တာဝန်မှ အနားယူခွင့်ပြုလိုက်။ (၂၄–၇–၉၇ နေ့ သေ။)

❖ ၂၄–၄–၉၂။ ။ နဝတ ကြေငြာချက်အမှတ် ၁၁/၉၂ ထုတ်ပြန်။ ပစ်ဒဏ်ကျခံနေရသူများအနက်မှ နိုင်ငံတော် လုံခြုံရေးအား ထိခိုက်ဖွယ်ရာမရှိသူများကို ပြန်လွှတ်ပေးမည်ဟု ဖော်ပြထား။ ၎င်းကြေငြာချက်အရ အမျိုးသမီး ၅၉ ဦး အပါအဝင် ၁၂၂၇ ဦး ပြန်လွှတ်ပေးကြောင်း ၁၁–၅–၉၉ နေ့ထုတ် သတင်းစာများတွင် ရေးသား။ လွှတ်ပေးသူများ ထဲတွင် နိုင်ငံရေးအကျဉ်းသားအချို့ ပါဝင်သော်လည်း အများစုမှာ ကရင်ပြည်နယ်ထိုးစစ်ကြီးများတွင် ပေါ်တာအထမ်း သမားအဖြစ် ခိုင်းစေခံခဲ့ရသော ရာဇဝတ်မှုဆိုင်ရာ အကျဉ်းသားများ ဖြစ်ကြသည်။

❖ ၂၅–၄–၉၂။ ။ စင်ပြိုင်အစိုးရအဖွဲ့တွင် ပါဝင်သဖြင့် ဥပဒေအရ တားဆီးခံထားရသော ဦးနု၊ ဗိုလ်မှူးအောင် ဦးသန်းစိန်၊ ဦးဗဆွေ၊ သခင်ခင်အောင် တို့၏ တားဆီးမိန့်အား ရုတ်သိမ်းလိုက်။

❖ ၂၈–၄–၉၂။ ။ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို ရှေးရှုလျက် ကရင်ပြည်နယ်ထိုးစစ်များအားလုံးအား ရပ်ဆိုင်းလိုက်ကြောင်း နဝတ မှကြေငြာ။

မေလ။

❖ ၄–၅–၉၂။ ။ ‘အငြိမ်းစားသမ္မတ နေဝင်း၏ သက်ဆိုင်သူများအား မေတ္တာရပ်ခံချက်’။ (သူ့လက်ရေးမူရင်း နှင့် ထုတ်ပြန်ပြီး နဝတ သတင်းစာ မျက်နှာဖုံးတွင်ဖော်ပြ) “အစိုးရနယ်ဘက်၊ စစ်ဘက် ရုံးများ၊ ဌာနများတွင် ကျွန်တော်၏ ဓာတ်ပုံများ ချိတ်ဆွဲထားခြင်းကို ပယ်ဖျက်ကြပါရန်နှင့် နောင်တွင်လည်း မချိတ်ကြပါရန် မေတ္တာရပ်ခံ အပ်ပါသည်။”

ဇွန်လ။

❖ ၂၃–၆–၉၂။ ။ အမျိုးသားညီလာခံ ညှိနှိုင်းဆွေးနွေးပွဲစတင်။

ဇူလိုင်လ။

❖ ၁၀–၇–၉၂။ ။ အမျိုးသားညီလာခံ ညှိနှိုင်းဆွေးနွေးပွဲ ပြီးဆုံး။ ကိုယ်စားလှယ်များအား နဝတဥက္ကဋ္ဌ၊ တွင်း–၁၊ တွင်း– ၂ ကာကွယ်ရေးဦးစီးချုပ် (လေ)(ရေ) တို့မှတွေ့ဆုံ နှုတ်ဆက်။

❖ ၁၉–၇–၉၂။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ အဖွဲ့၏ ဒီမိုကရက်တစ် မြန်မာ့အသံ DVB စတင်အသံလွှင့်။

❖ ၃၁–၇–၉၂။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ NCUB စတင်ဖွဲ့စည်း။

❖ ၃၁–၇–၉၂။ ။ 'မာနယ်ပလောစာချုပ်' ချုပ်ဆို။ ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်ဆောက်ရေး သဘောတူညီချက်။ NCGUB, NLD(LA), DAB, NDF တပ်ပေါင်းစုများ ပါဝင်လက်မှတ်ရေးထိုး။

အောက်တိုဘာလ။

❖ ၂–၁၀–၉၂။ ။ နဝတ ကြေငြာချက်အမှတ် ၁၃/၉၂။ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဖွဲ့စည်း။

နိုဝင်ဘာလ။

❖ ၅–၁၁–၉၂။ ။ နဝတကြေငြာချက်အမှတ် ၁၄/၉၂ အမျိုးသားညီလာခံအား ၉–၁–၉၃ နေ့တွင် စတင်ကျင်းပမည်။

ဒီဇင်ဘာလ။

❖ ၂၉–၁၂–၉၂။ ။ နဝတ အဖွဲ့ ကြေငြာချက်အမှတ် ၁/၉၂ ။ နဝတ အဖွဲ့အား ပြန်လည်ဖွဲ့စည်း။ အဖွဲ့ဝင် ၁၇ ဦးပါ။

❖ ၂၉–၁၂–၉၂။ ။ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ 'မြဝတီဘဏ်လီမိတက်' စတင်တည်ထောင်။

၁၉၉၂ ခုနှစ် ပထမအကြိမ် အမျိုးသားအားကစားပွဲတော် စတင်ကျင်းပ။ ကာယအလှမယ် ပြိုင်ပွဲများ မြန်မာနိုင်ငံတွင် စတင်။

တပ်မတော်ဆေးတက္ကသိုလ်အား (ယခင် မင်္ဂလာဒုံ၊ ဆေးတက္ကသိုလ်–၂ နေရာတွင်) စတင်ဖွင့်လှစ်။

တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ စတင်။

၃၁–၁၂–၉၂ ရွှေတကျပ်သား ကျပ်ငွေ ၂၀၉၅၀။

❑ ❑ ❑ ❑ ❑ ❑ ❑

## ၁၉၉၃ ခုနှစ်အတွင်း မြန်မာနိုင်ငံသတင်းများ

ဇန်နဝါရီလ။

❖ ၁–၁–၉၃။ ။ သက်တမ်း ၇၄ နှစ်ရှိ 'ချက်ကိုဆလိုဗက်ကီးယား' နိုင်ငံအား 'ချက်' နှင့် 'ဆလိုဗက်' နိုင်ငံများအဖြစ် ငြိမ်းချမ်းစွာ ခွဲထူထောင်လိုက်။ ('ကတ္တီပါတော်လှန်ရေး' ဟု မီဒီယာများက တင်စားသုံးစွဲ)

❖ ၅–၁–၉၃။ ။ လွတ်မြောက်ဒေသတွင် 'ခေတ်ပြိုင်ဂျာနယ်' စတင်ထုတ်ဝေ။

❖ ၇–၁–၉၃။ ။ အောင်ပန်း–လွိုင်ကော် ရထားလမ်း ၁၀၁.၆၂ မိုင် စဖွင့်။

❖ ၉–၁–၉၃။ ။ အမျိုးသားညီလာခံ စတင်ကျင်းပ။

ဖေဖော်ဝါရီလ။

❖ ၁၂–၂–၉၃။ ။ (၁၊ ၅၊ ၁၀) တန် မြန်မာ့ဒေါ်လာငွေစက္ကူ FEC စတင်ထုတ်ဝေ။

❖ ၁၆–၂–၉၃။ ။ စစ်အုပ်စုဆန့်ကျင်ရေး သမိုင်းအစဉ်အလာရှိသော ဦးခင်မောင်မြင့် (ပြည်သူ့တိုးတက်ရေးပါတီ ဥက္ကဋ္ဌ) ထောင်အတွင်း၌ ကျဆုံးသွား။

❖ ၂၈–၂–၉၃။ ။ ဦးဝင်းကို တရုတ်နိုင်ငံ၊ ကူမင်းမြို့တွင် လုပ်ကြံခံရ၍ ကျဆုံးသွား။ ဦးဝင်းကိုသည် NLD ရေဦးမြို့နယ် အမှတ် ၂ မှ ရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ် တဦးဖြစ်ပြီး NCGUB တွင် ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် လုပ်ကြံခံလိုက်ရခြင်းဖြစ်သည်။

❖ ၂၇–၃–၉၃။ ။ တရုတ်နိုင်ငံတွင် သမ္မတအသစ်တင်မြှောက်လိုက်။ တရုတ်ပြည်သူ့ အမျိုးသား ကွန်ဂယက်လွှတ်တော်သည် လက်ရှိသမ္မတ ယန့်ရှန်ကွန့် ၈၅ နှစ် နေရာတွင် သမ္မတသစ် ကျန်ဇီမင်းအား တင်မြှောက်။ သမ္မတကျန်ဇီမင်းသည် ပါတီဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ခေါင်းဆောင်နှင့် တပ်မတော်အကြီးအကဲ သုံးနေရာစလုံး လက်ခံရရှိသူဖြစ်ရာ ၁၉၅၉ ခုနှစ် ဥက္ကဋ္ဌကြီးမော် နောက်ပိုင်း ရာထူးသုံးခုစလုံး ပထမဆုံးတာဝန်ယူရသူဖြစ်လာသည်။

❖ ၂၈–၃–၉၃။ ။ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီမှ တိုင်းပြည်သို့ တင်ပြချက်။ အဘက်ဘက်မှ ဆုတ်ယုတ်ပျက်ပြားနေသော ဗမာပြည်တိုးတက်ရန်အတွက် (က) ပြည်တွင်းစစ်ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ရေး (ခ) စစ်မှန်ပြည့်ဝသော ဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည် (ဂ) အမျိုးသားအားလုံး တန်းတူညီညွတ် ရမည်ဟု ယူဆ။ ဤပြဿနာများကို ဖြေရှင်းရန် (လတ်တလော) အဆင့် ၂ ဆင့်လုပ်ရမည်။ (ပ) အဆင့်နိုင်ငံတော်အာဏာကို လက်ရှိဆုပ်ကိုင်ထားသူများနှင့် လူထုကရွေးချယ်လိုက်သော ကိုယ်စားလှယ်များ မျက်နှာချင်းဆိုင်ဆွေးနွေး ရန် (ရည်ရွယ်ချက်က) လူထုမှ ရွေးကောက်ထားသူများထံ အာဏာလွှဲပေးရေး (ဒု၊ ပ)–အဆင့်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်လျှင် ယနေ့ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲနေသော အင်အားစု (အားလုံး) နှင့် အစိုးရတို့ နိုင်ငံရေးအရ ဆွေးနွေးစေ့စပ်ရန်။

မေလ။

❖ ၁–၅–၉၃။ ။ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့တော် မေဒေးနေ့အခမ်းအနားတွင် (အသေခံဗုံးခွဲမှုကြောင့်) သမ္မတရာနာဆင်ဂီ ပရီမာဒါဆာ ၆၈ နှစ် အပါအဝင် လူ ၁၄ ဦးသေဆုံးသွားသည်။ တရားခံမပေါ်။

❖ ၈–၅–၉၃။ ။ မန္တလေးမြို့တွင် မီးကြီးလောင်။ နံနက် ၉း၃၀ နာရီ။ ပေါ့ဆမီး။ ဟေမာဇလ လျှပ်စစ်ရုံး၊ ဆေးရုံကြီး၊ ဘူတာကြီး၊ တရုတ်တန်း၊ ဈေးချိုတို့အနီးထိလောင်။ အိမ်ခြေ ၂၅၀ မီးဘေးသင့်။ သိန်းပေါင်း ရာနှင့်ချီဆုံးရှုံး။

❖ ၂၃–၅–၉၃။ ။ ကုလသမဂ္ဂမှကြီးမှူးပြီး ကမ္ဘောဒီးယားတွင် ရွေးကောက်ပွဲကျင်းပ။ အမတ်အများဆုံးအနိုင်ရသော မင်းသားရာနာရစ်က ဝန်ကြီးချုပ်–၁၊ ဟွန်ဆန်က ဝန်ကြီးချုပ်–၂ ဖြစ်လာ။ (၅–၇–၉၇ နေ့တွင် ဟွန်ဆန်မှ အာဏာသိမ်းလိုက်။)

ဇွန်လ။

❖ ၅–၆–၉၃။ ။ မှ ၇–၆–၉၃ အထိ 'မြန်မာပြည်ဒီမိုကရေစီ သေနင်္ဂဗျူဟာ ရေးဆွဲရေး အစည်းအဝေး' ကို အမေရိကန်နှင့် ကနေဒါရောက် မြန်မာများဦးစီး၍ ဝါရှင်တန်မြို့တော်တွင် ကျင်းပ။ NCUB ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောဘိုမြမှ အမှာစကားပြောရာတွင် "မြန်မာပြည် ဒီမိုကရေစီတော်လှန်ရေး အရေးတော်ပုံသည် အောင်မြင်နေပြီ ဖြစ်ပါသည်။ မုချအောင်ပွဲခံကြရတော့မည် ဖြစ်ပါသည်" ဟုပြောဆိုခဲ့။ (ကြေးမုံဦးသောင်း ၁၆–၆–၉၃ ခေတ်ပြိုင်)

ဇူလိုင်လ။

❖ ၂၅–၇–၉၃။ ။ အေးအေးငြိမ်း၊ အိအိငြိမ်း ရင်ချင်းဆက် အမွှာညီအမ အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့။

❖ ၂၈–၇–၉၃။ ။ (ဆက်/စာ/ကြေးနန်း) ဝန်ကြီးဌာန ကြေငြာချက် ၁/၉၃ ထုတ်ပြန်။ မြန်မာနိုင်ငံအတွင်း တရားဝင် ခွင့်ပြုချက်မရှိဘဲ ဆက်သွယ်ရေးပစ္စည်းများ (တင်သွင်း/လက်ဝယ်ထား/လွှဲပြောင်း/ရောင်းချ) ခြင်းများမပြုရ။

ဩဂုတ်လ။

❖ ၉–၈–၉၃။ ။ မြန်မာ့မီးရထား ပုဂ္ဂလိကနှင့် ပထမဆုံးဖက်စပ်အဖြစ် မလိခ–မန္တလာ ရထား စတင်ပြေးဆွဲ။ (၁၅–၅–၉၄ နေ့ ဒဂုံ–မန်း ပြေးဆွဲ)။

စက်တင်ဘာလ။

❖ ၁၅–၉–၉၃။ ။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စတင်ဖွဲ့စည်း။

အောက်တိုဘာလ။

❖ ၂– ၁၀– ၉၃။ ။ (ဒီဇင်ဘာလတွင် ပါလီမန်ဖျက်သိမ်းပြီး ရွေးကောက်ပွဲအသစ်လုပ်မည်ဟု သမ္မတယဲလ်ဆင်မှ ကြေငြာလိုက်ရာ) သမ္မတနှင့် ပါလီမန်တို့ တိုက်ပွဲစတင်။ Black October ။ ၇–၁၀–၉၃ နေ့ ပါလီမန်အား စစ်တပ်မှ သိမ်းပိုက်လိုက်။

❖ ၁–၁၀–၉၃။ ။ မြန်မာပြည်တွင် ပထမဆုံးသော လေဆာဗွီဒီယိုအငှားဆိုင် (ပုဂ္ဂလိက) ကို ရန်ကုန်မြို့တွင် စတင်ဖွင့်။

FEC စထုတ်ချိန် အမေရိကန် တဒေါ်လာ= ၁၂၀ကျပ်။

(၁–မေ) လစာတိုးအပြီး အမေရိကန် တဒေါ်လာ= ၁၅၀ ကျပ်။

❑ ❑ ❑ ❑ ❑ ❑ ❑

## ၁၉၉၄ ခုနှစ်အတွင်း မြန်မာနိုင်ငံသတင်းများ

ဇန်နဝါရီလ။

❖ ၂၈–၁–၉၄။ ။ 'မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ' စတင်ဖွဲ့စည်း။ ဥက္ကဋ္ဌဖြစ်သော နဝတ အတွင်းရေးမှူး–၁ မှ "ရဲတပ်ဖွဲ့သည် နိုင်ငံတော်၏ အရံအင်အားဖြစ်သည်။ နိုင်ငံကာကွယ်ရေး အတွက် တပ်မတော်နှင့် လက်တွဲဆောင်ရွက်ရန် တာဝန်ရှိသည်" ဟု ပြောဆိုခဲ့။

ဖေဖော်ဝါရီလ။

❖ ၁၄–၂–၉၄။ ။ အမေရိကန် အောက်လွှတ်တော်အမတ် မစ္စတာဘီလ်ရစ်ချဒ်ဆင် ရန်ကုန်မြို့သို့တညအိပ် ရောက်ရှိလာ။ ဒေါ်အောင်ဆန်းစုကြည် နဝတ တွင်း–၁ ဗိုလ်ချုပ်ခင်ညွန့် အင်းစိန်ထောင်တွင်းရှိ ဆရာဦးဝင်းတင်၊ မင်းကိုနိုင်တို့နှင့် တွေ့ဆုံ။

❖ ၁၅–၂–၉၄။ ။ အမေရိကန်သမ္မတ မစ္စတာကလင်တန်မှ ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံကြောင်း စာကို မစ္စတာရစ်ချဒ်ဆင်မှ ဒေါ်အောင်ဆန်းစုကြည်အား ပေးအပ်ခဲ့။

ကွတ်ကီးအမျိုးသား ဒီမိုကရက်တစ်အဖွဲ့/တပ်မတော် အား အိန္ဒိယ–မြန်မာ နယ်စပ်တွင် စတင်ဖွဲ့စည်း။

မတ်လ။

❖ ၂၇–၃–၉၄။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ကျပ် ၁၀၀၀၊ ကျပ် ၅၀၀၊ ကျပ် ၁၀၀၊ ကျပ် ၅၀ နှင့် ကျပ် ၂၀ တန် ငွေစက္ကူများ၊ ပြား ၅၀ တန် ငွေစက္ကူများ စတင်ထုတ်ဝေ။

ဧပြီလ။

❖ ၂၇–၄–၉၄။ ။ တောင်အာဖရိကနိုင်ငံတွင် ပထမဆုံးအကြိမ် အသားအရောင် မခွဲခြားသော ရွေးကောက်ပွဲ ကျင်းပ။ အာဖရိက အမျိုးသားကွန်ဂရက် ANC မှ အနိုင်ရ။ ANC ခေါင်းဆောင် မစ္စတာမင်ဒဲလားက သမ္မတဟောင်း ဒီကလပ်နှင့် ပူးတွဲအုပ်ချုပ်မည်ဟု ကြေငြာ။

မေလ။

❖ ၉–၅–၉၄။ ။ ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ) မှ နဝတ နှင့် အပစ်အခတ်ရပ်စဲ။

❖ ၂၇–၅–၉၄။ ။ ကမ္ဘောဒီးယားအစိုးရနှင့် ခမာနီအဖွဲ့တို့ ငြိမ်းချမ်းရေးဆွေးနွေး။ မအောင်မြင်။

ဇူလိုင်လ။

❖ ၃–၇–၉၄။ ။ မဆလ အစိုးရ သမ္မတဟောင်း ဒေါက်တာမောင်မောင် ကွယ်လွန်။

❖ ၄–၇–၉၄။ ။ 'တပ်မတော် အင်ဂျင်နီယာတက္ကသိုလ် DSIT ဗိုလ်သင်တန်းအပါတ်စဉ် ၁ အား ပြင်ဦးလွင်မြို့တွင် စတင်ဖွင့်လှစ်။

❖ ၈–၇–၉၄။ ။ မြောက်ကိုရီးယားသမ္မတ ကင်အီဆွန်း ၈၂ နှစ် နှလုံးရောဂါဖြင့် ပြုံယမ်းမြို့တွင် ကွယ်လွန်။

❖ ၂၆–၇–၉၄။ ။ ကယန်းပြည်သစ်ပါတီ နဝတ နှင့် အပစ်အခတ်ရပ်စဲရေးလုပ်။

စက်တင်ဘာလ။

❖ ၂၀–၉–၉၄။ ။ အကျယ်ချုပ်နှင့် ထိန်းသိမ်းခံနေရသော ဒေါ်အောင်ဆန်းစုကြည်နှင့် နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အတွင်းရေးမှူး–၁ ဒုဗိုလ်ချုပ်ကြီးခင်ညွန့်တို့ တွေ့ဆုံ။

❖ ၁၈–၉–၉၄။ ။ နေအိမ်အကျယ်ချုပ်နှင့် ထိန်းသိမ်းခံနေရသော ဒေါ်အောင်ဆန်းစုကြည်နှင့် နဝတ အတွင်းရေးမှူး–၁ ဒု–ဗိုလ်ချုပ်ကြီးခင်ညွန့် စစ်ဥပဒေချုပ်ဗိုလ်ချုပ်သန်းဦး တပ်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်တင်အေးတို့ တွေ့ဆုံ။

အောက်တိုဘာလ။

❖ ၉–၁၀–၉၄။ ။ ရှမ်းပြည် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) နှင့် နဝတ တို့ အပစ်အခတ်ရပ်စဲ။

❖ ၁၀–၁၀–၉၄။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ NCUB မှ ဦးစီးသည့် 'ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးရာ နှီးနှောဖလှယ်ပွဲ' ကျင်းပ။ အဖွဲ့ပေါင်း ၄၁ ဖွဲ့မှ ကိုယ်စားလှယ် ၁၆၀ လေ့လာသူ ၆၆ ဦး တက်ရောက်။

❖ ၂၈–၁၀–၉၄။ ။ နဝတ နှင့် အပစ်အခတ်ရပ်စဲရေးလုပ်ထားသော အဖွဲ့များ၏ ဆွေးနွေးပွဲအား ၄–၁၁–၉၄ အထိ ကျင်းပခဲ့ပြီး PDF တပ်ပေါင်းစုအား ဖွဲ့စည်းလိုက်သည်။

ဒီဇင်ဘာလ။

❖ ၂၄–၁၂–၉၄။ ။ ဗုဒ္ဓဘာသာ ကရင်အမျိုးသားအဖွဲ့ DKBO ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် DKBA ပေါ်လာ။

ရွှေဈေး (၁–၁–၉၄) တကျပ်သား= ၂၁၀၀၀ ကျပ်။

၃၁–၁၂–၉၄ တကျပ်သား=၂၃၉၀၀၀ ကျပ်။

ဆန်တပြည် (ဧဓိန်)= ၅၀ ကျပ်။ ဆီတပိသာ= ၁၇၀ ကျပ်။ ကြက်သားတပိသာ= ၂၀၀ ကျပ်။ အမဲ၊ ဝက် တပိသာ= ၁၈၀ ကျပ်။ ပုဇွန်တပိသာ= ၆၀၀ ကျပ်။ လက်ဘက်ရည်တခွက်= ၁၂ ကျပ်။ မုန့်ဟင်းခါးတပွဲ= ၁၅ ကျပ်။

❑ ❑ ❑ ❑ ❑ ❑ ❑

# ၁၉၉၅ ခုနှစ်အတွင်း မြန်မာနိုင်ငံသတင်းများ

ဇန်နဝါရီလ။

❖ ၁–၁–၉၅။ ။ မြိတ်–ထားဝယ် ညီညွတ်ရေးပါတီဖွဲ့။ (ယခင် ဗမာပြည်ကွန်မြူနစ်ပါတီ တနင်္သာရီစစ်ဒေသ)

❖ ၁–၁–၉၅။ ။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ WTO ဖွဲ့စည်း။ (၁၉၄၇ တွင် ဖွဲ့စည်းခဲ့သော 'ဂတ်' အဖွဲ့အား အမည်ပြောင်းလိုက်ခြင်းဖြစ်သည်။) မြန်မာ့အမျိုးသမီးသမဂ္ဂ (လွတ်မြောက်ဒေသ) BWU စတင်ဖွဲ့စည်း။

❖ ၉–၁–၉၅။ ။ မြန်မာနိုင်ငံ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် စတင်ဖွဲ့စည်း။

❖ ၂၈–၁–၉၅။ ။ 'မာနယ်ပလော' ကျသွား။

ဖေဖော်ဝါရီ။

❖ ၇–၀၂–၉၅။ ။ ABSDF ဗဟို (ဒေါင်းဂွင်) အား ရန်သူမှ အကြီးအကျယ် ထိုးစစ်ဆင်လာမှုကြောင့် စခန်းအား မီးရှို့ပြီး ဆုတ်ခွာပေးလိုက်။ (၁၅–၂–၉၅ နေ့ နဝတမှ စခန်းအား သိမ်းပိုက်လိုက်။)

❖ ၁၄–၂–၉၅။ ။ ဒီဗြိမ်းအဖွဲ့နာယက ဝန်ကြီးချုပ်ဟောင်း ဦးနု (၈၈နှစ်) ကွယ်လွန်။ ဦးနုစျာပနတွင် ကျောင်းသားတချို့ ဆန္ဒပြမှုဖြစ်ပွား။

မတ်လ။

❖ ၁၅–၃–၉၅။ ။ NLD ဥက္ကဋ္ဌဟောင်း ဦးတင်ဦး ဆိုင်းငံ့ပစ်ဒဏ်ဖြင့် ထောင်မှလွတ်မြောက်လာ။ (သူသည် (၉–၃–၉၅) နေ့တွင် နိုင်ငံတော်အကြီးအကဲထံ ပစ်ဒဏ်မှလွတ်ပေးရေး တပ်မတော်သားတဦးအနေနှင့် ရွှေရတု တပ်မတော်နေ့အား လွတ်လပ်သောဘဝနှင့် ကြိုဆိုလိုကြောင်း စာတင်သဖြင့် လွှတ်ပေးလိုက်ခြင်းဖြစ်သည်ဟု ၂၉–၅–၉၉ နေ့ ကြေးမုံသတင်းစာတွင် ရေးသားထား။)

❖ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ KNPP နှင့် နဝတ တို့ အပစ်အခတ်ရပ်စဲ။ ၁၄–၆–၉၅ နေ့တွင် အပစ်အခတ်ရပ်စဲရေး ပျက်ပြား။)

❖ ၂၇–၃–၉၅။ ။ ဖက်ဆစ်တော်လှန်ရေး ရွှေရတုအထိမ်းအမှတ်နေ့ BBC နှင့် တွေ့ဆုံမေးမြန်းခန်းတွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောမှ လက်ရှိတိုင်းပြည်ရင်ဆိုင်နေရသော အကြပ်အတည်းများအတွက် ဦးနေဝင်း အနေနှင့် ကြားဝင်ဆောင်ရွက်ပေးဖို့ ပန်ကြားသွား။

မေလ။

❖ ၂၇–၅–၉၅။ ။ ချင်းပြည်နယ်၏ ပထမဆုံးသော ရုပ်ရှင်ရုံဖြစ်သော 'ရွှေပြည်သစ်' ကိုဟားခါးမြို့တွင် စတင်ဖွင့်လှစ်။ အဆိုပါရုံအား ၁၉၈၅ ခုနှစ်မှ စတင်ကာ ၁၀ နှစ်ကျော် ဆောက်လုပ်ခဲ့ရပြီး ပရိသတ် ၅၀၀ ကျော် တပြိုင်နက် တည်း ကြည့်နိုင်သည်ဟုဆို။

ဇွန်လ။

❖ ၆–၆–၉၅။ ။ နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားနှင့် စင်္ကာပူနိုင်ငံများသို့ ချစ်ကြည်ရေးခရီးစဉ် ထွက်ခွာ။ အာဆီယံအဖွဲ့တွင်း နဝတ ဝင်ခွင့်ရရေး ကြိုးပမ်းမှုခရီးဖြစ်။

❖ ၂၂–၆–၉၅။ ။ မန္တလေးဘူတာကြီးအသစ် စတင်တည်ဆောက်ရန် အုတ်မြစ်စီ။

❖ ၂၉–၆–၉၅။ ။ မွန်ပြည်သစ်ပါတီနှင့် နဝတတို့ အပစ်အခတ်ရပ်စဲ။

ဇူလိုင်လ။

❖ ၅–၇–၉၅။ ။ တရုတ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး မြန်မာနိုင်ငံသို့ အလည်လာရောက်။

❖ ၁၀–၇–၉၅။ ။ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်။ ဒေါ်အောင်ဆန်းစုကြည်

လွတ်မြောက်လာခြင်းအား နဝတ သတင်းမီဒီယာများမှ ဖော်ပြခြင်းလုံးဝ မရှိခဲ့။

❖ ၁၂–၇–၉၅။ ။ နဝတ မှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ စတင်ကြွေးကြော်။

❖ ၃၀–၇–၉၅။ ။ ခွန်ဆာ၏ MTA အဖွဲ့မှ စိုင်းကမ်းရွက်ခွဲထွက်ပြီး SSNA အဖွဲ့စတင်တည်ထောင်။

❖ ၈–၉–၉၅။ ။ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်းကိုယ်စားလှယ် မစ္စမက်ဒလင်းအောဘရိုက် မြန်မာနိုင်ငံသို့ ရောက်ရှိလာ။ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့။ နဝတ တွင်း–၁ နှင့်တွေ့ (ထိုသို့တွေ့ဆုံ စဉ် ၎င်းတို့အား ကြိမ်းမောင်း သွားခဲ့ကြောင်း နောက်ပိုင်းတွင် နဝတ တို့ပါးစပ်မှ ထုတ်ပြော။)

နိုဝင်ဘာလ။

❖ ၂၄–၁၁–၉၅။ ။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင် ခေါင်းဆောင်သော နိုင်ငံရေးလုပ်ဖော်ကိုင်ဘက် ၂၃ ဦးတို့မှ နဝတ ထံ 'အမျိုးသားပြန်လည်သင့်မြတ်ရေး ပန်ကြားလွှာ' ပထမဆုံး ရေးသားပေးပို့။

❖ ၂၆–၁၁–၉၅။ ။ နဝတ ပြည်ထဲရေးဝန်ကြီး၊ စစ်ထောက်လှမ်းရေးအဖွဲ့ ဒုအကြီးအကဲ၊ ရဲချုပ်၊ ရဲသတင်း တပ်ဖွဲ့မှူးတို့ ပါဝင်သောအဖွဲ့မှ ဗိုလ်မှူးအောင်နှင့်အဖွဲ့အား ခေါ်ယူတွေ့ဆုံ။ ဗိုလ်မှူးအောင် စာပါသဘောထားမှာ အမေရိကန်အစိုးရ၏ နဝတ အပေါ် သဘောထားနှင့် အတူတူပင်ဖြစ်ကြောင်း။ အသက်ကြီးလာပြီဖြစ်၍ အေးအေး ဆေးဆေးနေကြရန်ပြော။

❖ ၂၈–၁၁–၉၅။ ။ အမျိုးသားညီလာခံနှင့်ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ သဘောထား ထုတ်ပြန်။ (နောက်ဆက်တွဲ)

❖ ၂၉–၁၁–၉၅။ ။ အမျိုးသားညီလာခံမှ NLD အား နုတ်ထုတ်လိုက်။ (နောက်ဆက်တွဲ)

ဒီဇင်ဘာလ။

❖ ၁၈–၁၂–၉၅။ ။ နဝတ နှင့် ကရင်အမျိုးသားအစည်းအရုံး KNU တို့ အပစ်အခတ်ရပ်စဲရေး စတင် ဆွေးနွေး။ (၄ ကြိမ်တိုင် ဆွေးနွေးသော်လည်း သဘောတူညီချက်မရခဲ့။)

ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံ၊ ဇင်းမယ်တွင်ကျင်းပသော ၁၈ ကြိမ်မြောက် အရှေ့တောင်အာရှ ဘောလုံးပွဲ အား ၅၅၅ စီးကရက်၏ ကျေးဇူးကြောင့် မြန်မာပရိသတ်ကြည့်ရှုခွင့်ရလိုက်။ လတ်လတ်ဆတ်ဆတ် သတင်းဆက်သွယ် ရေး၏ အရသာအား မြန်မာလူထု စတင်ခံစားရခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ ပညာရေးကောင်စီမှ အခြေခံပညာကျောင်းများတွင် ကွန်ပျူတာပညာရေး အားစတင်အကောင် အထည်ဖော်ရန် မူဝါဒချမှတ်ခဲ့။

❑ ❑ ❑ ❑ ❑ ❑ ❑

# ၁၉၉၆ ခုနှစ်အတွင်း မြန်မာနိုင်ငံသတင်းများ

ဇန်နဝါရီလ။

❖ ၄–၁–၉၆။ ။ NLD ဌာနချုပ်တွင် ၄၈ နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပ။ (ထိုအခမ်းအနားတွင် ပျက်လုံးထုတ်ခဲ့သော လူရွှင်တော် ဦးပါပါလေးနှင့် ဦးလူဘိုတို့အား စစ်ထောက်လှမ်းရေးမှ ဖမ်းဆီး)

❖ ၅–၁–၉၆။ ။ အမေရိကန်ပြည်ထောင်စုမှ မြန်မာပြည်တွင်းရှိ ဘိန်းဘုရင်ခွန်ဆာအား ဖမ်းဆီးပေးနိုင်ရေးအတွက် သတင်းပေးနိုင်လျှင် ဆုငွေဒေါ်လာ ၂ သန်းပေးမည်ဟု ကြေငြာခဲ့သည်။

❖ ၇–၁–၉၆။ ။ နဝတ ဥက္ကဋ္ဌ ဗခမကသန်းရွှေနှင့် ဇနီးတို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့မှ တရုတ်နိုင်ငံ၊ ပီကင်းမြို့သို့ ယနေ့ထွက်ခွာ။

❖ ၇–၁–၉၆။ ။ ဘိန်းဘုရင်ခွန်ဆာအား အမေရိကန်ပြည်ထောင်စုမှ ဆုငွေဒေါ်လာ ၂ သန်း ထုတ်ပြီးနောက်ပိုင်း ခွန်ဆာ၏ဌာနချုပ်ဖြစ်သော ဟိုမုန်းသို့ စစ်အုပ်စုမှ နောက်ထပ် တပ်ရင်း ၂ ရင်းကို အားဖြည့်စေလွှတ်ခဲ့သည်။ နဝတ စစ်အုပ်စုထံ ခွန်ဆာလက်နက်ချရန် ဆုံးဖြတ်သည်ကို မကြေနပ်သည့် MTA တပ်ဖွဲ့ဝင်များက ခွန်ဆာအား ပြန်ပေးဆွဲမည်ကို စိုးရိမ်ရသောကြောင့်ဟု သိရသည်။ စစ်ထောက်လှမ်းရေး ဒုတိယခေါင်းဆောင် ဗိုလ်ချုပ်ကြီးကျော်ဝင်းလည်း ဟိုမုန်းသို့လာရောက်၍ ခွန်ဆာနှင့် ဆွေးနွေးမည်ဟု သိရသည်။

❖ ၇–၁–၉၆။ ။ MTA မှ ခွဲထွက်ခဲ့သည့် ဗိုလ်မှူးကြီးစပ်ကဏ်းယွက်၏ SSNA အဖွဲ့နှင့် ၁၉၈၉ ခုနှစ်တွင် နဝတ နှင့် အပစ်အခတ်ရပ်စဲရေး လုပ်ခဲ့သည့် SSA တို့ ဇန်နဝါရီ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ တွေ့ဆုံကြပြီး ၂ ဖွဲ့ပေါင်းရန် သဘောတူညီချက်ရရှိခဲ့သည်။

❖ ၈–၁–၉၆။ ။ နယ်စပ်ဒေသရောက် ကျောင်းသားလူငယ်အင်အားစုများ စုစည်း၍ 'ကျောင်းသားလူငယ်များ ကွန်ဂရက် (မြန်မာနိုင်ငံ)' SYCB ဖွဲ့စည်း။

❖ ၈–၁–၉၆။ ။ အမျိုးသားညီလာခံ စုံညီအစည်းအဝေးအား ယနေ့ပြန်လည်ကျင်းပရာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ပေါင်း ၅၉၀ ဦးအနက် ၄၈၉ ဦး တက်ရောက်သည်။ အစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့်စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အကြံပြုချက်များ တင်ပြကြသည်။

❖ ၁၈–၁–၉၆။ ။ MTA ခွန်ဆာ တဖွဲ့လုံး လက်နက်ချ။ လူအင်အား ၂ သောင်း၊ လက်နက် ၁ သောင်း။ (ခွန်ဆာဟာ ကျနော်တို့အောင်ပွဲအတွက် ရထားတဲ့ 'ဆုဖလား' ပဲဟု နဝတ တာဝန်ရှိသူများကပြောဆို။ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပြည်သူ့အာဏာဆောင်းပါး တစောင်တွင်မူ "ဘိန်းဘုရင်ခွန်ဆာဟာ ဘယ်တုန်းကမှ နိုင်ငံရေးအင်အားစု မဟုတ်ခဲ့။ ခွန်ဆာလက်နက်ချတယ်ဆိုတာဟာ တောထဲက ကိုယ့်ကာကွယ်ရေးတပ်ကို ကိုယ်ပြန်ခေါ်သွားတာသာ ဖြစ်တယ်" ဟု ရေးသားထားသည်။

❖ ၂၇–၁–၉၆။ ။ စစ်အုပ်စုခေါင်းဆောင် ဗိုလ်သန်းရွှေ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီယားနိုင်ငံ ပထမ ဝန်ကြီးချုပ် မင်းသားကြီးဆက်ဒက်ချ်၊ ခရွှန်ပရီနီဒွန်ရာ၊ ရာနာရစ်ဒ်နှင့် ကြင်ယာတော်မင်းသမီးတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်သို့ရောက်ရှိ။

ဖေဖော်ဝါရီလ

❖ ၉–၂–၉၆။ ။ ထိုင်းတပ်မတော်မှ ဗိုလ်ချုပ်ကြီးချာလာသွန်ဆာလာသည် သာဆောင်ယန်းခရိုင်၊ မဲဆောက်ခရိုင်နှင့် မော်ကီးယားခရိုင်များရှိ ကရင်ဒုက္ခသည်စခန်းများသို့ ကရင်၊ မြန်မာ ၂ ဘာသာဖြင့် ရေးထားသည့် မေးခွန်းစာရွက်ပေါင်း ၄၀၀၀ ဖြန့်ပြီး စစ်တမ်းများကောက်ခဲ့သည်။ ဖြေဆိုသူ ၇၂.၅ ရာခိုင်နှုန်းမှ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော NLD၊ တိုင်းရင်းသားလူမျိုးစုများနှင့် နဝတ သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို သဘောတူ လက်မှတ်ရေးထိုးကြလျက် မြန်မာပြည်သို့ ပြန်လိုကြောင်း ဆိုကြသည်။

❖ ၁၅–၂–၉၆။ ။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရွှေရတုသဘင် အခမ်းအနားသို့ ဗိုလ်ခင်ညွန့်တက်ရောက်ပြီး အမှန်တရား ဖော်ထုတ်ကြေငြာရာတွင် ရဲရဲဝံ့ဝံ့ဖြောင့်မှန်စွာ ဆောင်ရွက်ရန်၊ အမျိုးသားရေး ဦးတည်သည့် ထုတ်လွှင့်မှုဖြစ်အောင် အမြဲကြိုးပမ်းရန်၊ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲစေမည့် ထုတ်လွှင့်မှုများဖြင့် နိုင်ငံအကျိုး သယ်ပိုးရန် ပြောကြားခဲ့သည်။

❖ ၂၁–၂–၉၆။ ။ မြန်မာနိုင်ငံတွင် ဟိုတယ်များ၊ တည်းခိုခန်းများ မှိုလိုပေါက်လာသော်လည်း ပညာရေး၊ ကျန်းမာရေး ကဏ္ဍများတွင် တိုးတက်မှုတစုံတရာမရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်က နဝတ၏ ခရီးသွားနှစ်နှင့် ပတ်သက်ပြီး ဝေဖန်လိုက်သည်။

မတ်လ။

❖ ၁–၃–၉၆။ ။ ဗြိတိန်နိုင်ငံသည် မြန်မာနိုင်ငံအား ဒီမိုကရေစီရေးကူညီဖို့ထက် စီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင်သာ ပိုမိုစိတ်အားထက်သန်နေသည်ဟု ဒေါ်အောင်ဆန်းစုကြည်မှ ဝေဖန်ပြောဆိုသည်။ (BBC 01.03.96)

❖ ၉–၃–၉၆။ ။ KNPP နှင့် ABSDF တပ်များ အခြေစိုက်ထားသည့် နော်ကော်ကီခံစစ်ကုန်းတွင် တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွားနေသည်။ နဝတ မှ PC အမျိုးအစား တိုက်လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်၊ နဝတမှ အကျအဆုံး များပြာလျက်ရှိပြီး အင်အားချင်းမမျှသော်လည်း တိုက်ပွဲဝင်စိတ်ဓာတ်ကို ပြသခဲ့ကြသည်။ (ဧပြီလ ၁ ရက်နေ့) တွင် ထိုစခန်းအား စွန့်ခွာပေးလိုက်သည်။

❖ ၉–၂–၉၆။ ။ အရှေ့တောင်အာရှတွင် အကြီးဆုံးဖြစ်မည့် မူးမြစ်ပေါ်တွင် တည်ဆောက်မည့် ‘သဖန်းဆိပ်’ ဆည်အတွက် ကျွန်းလှတမြို့နယ်လုံး ရွှေ့ပေးလိုက်ရ။

❖ ၁၃–၃–၉၆။ ။ လူရွှင်တော်ဦးပါပါလေးတို့၏ အမှုရုံးချိန်း (မန္တလေး) သွားရန်အတွက် ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့ လိုက်ပါစီးနင်းမည့် ရထားတွဲ (ထိုတွဲကိုသာ) စက်ချို့ယွင်းသည်ဟုဆိုကာ အာဏာပိုင်များသည် တွဲကို ဖြုတ်ထားလိုက်သည်။

❖ ၁၃–၃–၉၆။ ။ ဦးနုကွယ်လွန်ပြီး တနှစ်ပြည့် နှစ်ပတ်လည်ဆွမ်းကျွေး၊ တရားနာ၊ ရေစက်ချပွဲအား နိုင်ငံရေးနှင့် ပတ်သက်သူ မည်သူ့ကိုမျှ မဖိတ်ရဟု စစ်အုပ်စုမှ တားမြစ်ခဲ့သည်။

❖ ၁၄–၃–၉၆။ ။ ဦးနုကွယ်လွန်ပြီး တနှစ်ပြည့် နှစ်ပတ်လည်ဆွမ်းကျွေး၊ တရားနာ၊ ရေစက်ချပွဲအား တက်ရောက်မည့်သူများကို ခရမ်းချဉ်သီးနှင့် ပစ်ပေါက်ရန် (ကြံ့/ဖွံ့) အသင်းမှ စီစဉ်ခဲ့သော်လည်း မည်သူမျှ လိုက်နာ ဆောင်ရွက်ခြင်း မရှိခဲ့ချေ။

❖ ၁၇–၃–၉၆။ ။ နဝတစစ်ခေါင်းဆောင် ဗိုလ်သန်းရွှေ၏ ဖိတ်ကြားချက်အရ ထိုင်းဝန်ကြီးချုပ် မစ္စတာဘန် ဟန်းဆီးလ်ပါအာချာနှင့် ဇနီးတို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်သို့ရောက်ရှိ။ ဗိုလ်သန်းရွှေ၊ ဗိုလ်ခင်ညွန့်တို့နှင့် သီးခြားတွေ့ဆုံခဲ့သည်။

❖ ၁၉–၃–၉၆။ ။ ထိုင်းဝန်ကြီးချုပ်နှင့်အဖွဲ့ကို ရန်ကုန်တွင် လှိုက်လှဲစွာကြိုဆိုခဲ့သော်လည်း အနှစ်သာရ ကင်းမဲ့ကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ ရှေ့မှောက်တွင် ရေးထိုးခဲ့သည့် နယ်စပ်ကုန်သွယ်ရေး သဘောတူညီချက်သည်လည်း မည်မျှတရားဝင်၍ မည်မျှအသုံးကျမည်ကို စောင့်ကြည့်ရမည်ဟု The Nation သတင်းစာခေါင်းကြီးပိုင်းတွင် ရေးသားဖော် ပြခဲ့သည်။

❖ ၂၅–၃–၉၆။ ။ NLD မှ ဥက္ကဋ္ဌ လက်မှတ်ရေးထိုးထားသော စာတစောင် နဝတ ဥက္ကဋ္ဌထံ ပေးပို့။ နဝတတို့ ချမှတ်ထားသော ဥပဒေအရလည်းကောင်း၊ လက်ရှိတပ်မတော်အကြီးအကဲ အသီးသီးတို့၏ ကတိစကားများ အရလည်းကောင်း နဝတ အစိုးရအနေဖြင့် ပြည်သူ့လွှတ်တော် ခေါ်ယူပေးရန် တောင်းဆိုထား။

❖ ၂၇–၃–၉၆။ ။ တပ်မတော်ပိုင် (ရုပ်/သံ) ဖြစ်သော ‘မြဝတီ ရုပ်မြင်သံကြား’ စတင်ထုတ်လွှင့်။ (စတင်လွှင့်စဉ် နံနက်ပိုင်း အစီအစဉ်များသာဖြစ်ပြီး ၂၃–၇–၉၇ တွင် ညပိုင်းအစီအစဉ်များ တိုးချဲ့ထုတ်လွှင့်)

❖ ၂၉–၃–၉၆။ ။ NLD မှ ဥက္ကဋ္ဌလက်မှတ် ရေးထိုးထားသောစာတစောင် နဝတ ဥက္ကဋ္ဌထံပေးပို့။ NLD ပါတီဝင်များအား ဥပဒေမဲ့ အာဏာတသက်သက်ဖြင့် ဖမ်းဆီးနေခြင်း၊ ချုပ်နှောင်ထားခြင်း၊ ထောင်ချခြင်းများအား

အထောက်အထား ခိုင်လုံစွာဖြင့် တင်ပြပြီးကန့်ကွက်ထား။

ဧပြီလ။

❖ ၁–၄–၉၆။ ။ နိုင်ငံ့ဝန်ထမ်းများ (လခစားများ၊ နေ့စားနှင့် ပုတ်ပြတ်များမပါ) အားလုံးနှင့် အငြိမ်းစား ဝန်ထမ်းများ အားလုံးတို့အား အစိုးရမှ ၎င်းတို့လစာ၏ ၁၀ ဆကို ထုတ်ချေး။ ၂၄ လ အရစ်ကျ ပြန်ဆပ်ရမည်။ အတိုး ၅ ရာခိုင်နှုန်း ပေးဆောင်ရမည်။ ကုန်ဈေးနှုန်းများ အဆမတန် မြင့်တက်သွားခဲ့သည်။

❖ ၁–၄–၉၆။ ။ စစ်အုပ်စု၏ဗဟိုဘဏ်မှ ကျပ်တသန်းတန် အစိုးရငွေတိုက် စာချုပ်များ စတင်ရောင်းချ။ (ဘိန်း ဘုရင်ခွန်ဆာ နောက်လိုက်များ၏ ငွေများအား ခဝါချပေးရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်ဟု စီးပွားရေးပညာရှင် များမှ သုံးသပ်။)

❖ ၈–၄–၉၆။ ။ အမေရိကန်နိုင်ငံ ယူနိုကယ်ကုမ္ပဏီ ဥက္ကဋ္ဌ မစ္စတာအင်မလီကိုယ်တိုင် ရန်ကုန်မြို့သို့ ရောက်ရှိ လာပြီး သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးနှင့် စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို နအဖ အာဏာပိုင်များနှင့် လာရောက်ဆွေးနွေးခဲ့သည်။ (ကြေးမုံ)

❖ ၁၃–၄–၉၆။ ။ အကျဉ်းသားများအား ရှေ့တန်းစစ်မြေပြင်များတွင် ပေါ်တာအဖြစ် အသုံးချရန်အတွက် ဝန်ဆောင်မှုတပ်ရင်းဟု ခေါ်သည့် တပ်ရင်း ၆ ရင်းအား မြစ်ကြီးနား၊ လွိုင်ကော်၊ သထုံ၊ မြိတ်နှင့် ဖားအံ့တွင် ၂ ရင်း ဖွင့်လှစ်ထားသည်။ (AB-NA 13.04.96)

❖ ၁၆–၄–၉၆။ ။ မြန်မာနှစ်ဆန်းတရက်နေ့။ ရန်ကုန်ရှိ တယ်လီဖုန်းများ ဂဏန်း ၆ လုံး စတင်သုံးစွဲ။

❖ ၁၆–၄–၉၆။ ။ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ရှေ့တွင် သင်္ကြန်ပွဲတော် မကျင်းပနိုင်ရေးအတွက် ဧပြီလ နှစ်ဆန်းမှ စတင်၍ နေအိမ်ရှေ့ကားလမ်းအား ပိတ်ဆို့ထားပြီး မြန်မာနှစ်ဆန်းတရက်နေ့ ဒေါ်အောင်ဆန်းစုကြည် ရွှေတိဂုံစေတီတော်သို့ သွားရောက်မည့် ခရီးစဉ်အားလည်း အာဏာပိုင်များမှ တားမြစ်လိုက်သည်။

❖ ၁၉–၄–၉၆။ ။ ရန်ကုန်မြို့နေ နော်ဝေ၊ ဒိန်းမတ်၊ ဆွီဒင်နိုင်ငံများ၏ ဂုဏ်ထူးဆောင်သံမှူး မစ္စတာနီကိုးလ် အား တရားမဝင် FAX စက်များ လက်ဝယ်ထားရှိမှုနှင့် စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးထောင်ချလိုက်။ (မစ္စတာ နီကိုးလ် သည် ထောင်အတွင်း၌ပင် ၂၂–၆–၉၆ နေ့တွင် ကွယ်လွန်သွားခဲ့။)

❖ ၂၂–၄–၉၆။ ။ နဝတနှင့် ပဝတ၊ တဝတများ ညှိနှိုင်းပွဲအား ယနေ့ရန်ကုန်တွင်ကျင်းပသည်။ ပထမ ၄ နှစ် စီမံကိန်း အောင်မြင်စွာပြီးဆုံးသွားပြီဖြစ်ပြီး ၉၆–၉၇ ခုနှစ်တွင် စတင်မည့် ငါးနှစ်စီမံကိန်းအား အောင်မြင်စွာ အကောင် အထည်ဖော်ကြရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ မှာကြားသည်။

❖ ၂၅–၄–၉၆။ ။ မြန်မာနိုင်ငံ၏ ပထမဆုံးသော ပုဂ္ဂလိက ဆိပ်ခံဘောတံတား (အလုံကွင်းချောင်းတံတား) အား နဝတ မှ (ဘိန်းဘုရင် လော်စစ်ဟန်၏သား) စတီဗင်လော (ထွန်းမြင့်နိုင်) ၏ Asia World ကုမ္ပဏီအားခွင့်ပြုလိုက်။

မေလ။

❖ ၁–၅–၉၆။ ။ ၂၀ တန် FEC များ ဗဟိုဘဏ်မှ စတင်ထုတ်ဝေ။

❖ ၂–၅–၉၆။ ။ စစ်ရေးချုပ်ဗိုလ်ချုပ်ဝင်းမြင့်အား (ကြံ့/ဖွံ့) အသင်း ဒု–ဥက္ကဋ္ဌ အဖြစ်ခန့်အပ်လိုက်သည်။

❖ ၂–၅–၉၆။ ။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရင် ဒု–ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ကျန်ဝမ့်ညန် ရန်ကုန်မြို့သို့ အလည်အပတ်ရောက်ရှိလာသည်။ (ကြေးမုံ)

❖ ၆–၅–၉၆။ ။ နဝတ သည် ဘိန်းဘုရင်ခွန်ဆာအား အရေးမယူဘဲထားခြင်းသည် လူမှုရေးဆိုင်ရာ ကျင့်ဝတ် နှင့် ဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ဒေါ်အောင်ဆန်းစုကြည်မှ ပြောဆိုသည်။ (BBC 06.05.96)

❖ ၁၃–၅–၉၆။ ။ KNU နှင့် နအဖ တို့ နှစ်ဖက်အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ ကျင်းပနေဆဲကာလ၌ ပြည်တွင်းငြိမ်းချမ်းရေးကို ရှေးရှုပြီး ဒေသတွင်းအပစ်အခတ်ရပ်စဲရေးကို အားတက်သရော ဆောင်ရွက်ခဲ့သည့် ကော့ ကရိတ်အခြေစိုက် ခလရ ၂၃၀ တပ်ရင်းမှူး ဒု–ဗမက ကျော်မြင့်ထွန်းအား နဝတ က တခြားအကြောင်းပြ၍ ဖမ်းဆီး လိုက်သည်။ (AB-NA)

❖ ၂၂–၅–၉၆။ ။ မန္တလေးမှရန်ကုန်သို့ ထွက်ခွာလာသော အမှတ် ၂ အစုန် စာပို့ရထားသည် ကညွတ်ကွင်း

ဘူတာမှ အထွက်တွင် မိုင်းထိ၍ တိမ်းမှောက်သွားရာ ခရီးသည် ၁၄ ဦး သေဆုံးသွား၍ ၇ ဦး ဒဏ်ရာရရှိသွားသည်။ (ကြေမုံ)

❖ ၂၇–၅–၉၆။ ။ လူထုဆန္ဒဖော်ထုတ်ပွဲ ဆိုသည်များကို ကျင်းပ။ ခရိုင်မြို့ကြီးအားလုံးတွင် ကျင်းပပြီး ဒေါ်အောင်ဆန်းစုကြည်အား ပုဂ္ဂိုလ်ရေးအရ ဆဲဆိုပွဲသာဖြစ်သည်။

❖ ၃၀–၅–၉၆။ ။ 'မြန်မာ့ဂရုဏာဖောင်ဒေးရှင်း' ကို စတင်ဖွဲ့စည်း။ ရာသက်ပန် နာယကအဖြစ် ဒု–ဗခက ထွန်းကြည်မှ တာဝန်ယူ။ (၁၅–၁၁–၉၆ နေ့ ဗိုလ်ထွန်းကြည်အပြုတ်တွင် ဖောင်ဒေးရှင်းလည်း ပျက်သွားသဖြင့် ရာသက်ပန်မှာ ၁၈ လသာ သက်တမ်းရှည်ခဲ့။)

ဇွန်လ။

❖ ၄–၆–၉၆။ ။ စစ်ထောက်လှမ်းရေး ဒုတိယအကြီးအကဲ ဗမကကျော်ဝင်းသည် NLD ပါတီမှ CEC များ ဖြစ်ကြသော ဦးသန်းထွန်းနှင့် ဦးလှဖေတို့အား ခေါ်ယူပြီး 'အခြေခံဥပဒေရေးဆွဲချင်လျှင် တောထဲမှာ သွားဆွဲ' ဟုပြော။

❖ ၄–၆–၉၆။ ။ ကယားပြည်နယ် လောပိတ ရေအားလျှပ်စစ်စက်ရုံသို့ ပေးပို့နေသော ရေပိုက်လိုင်းကြီး ၂ လုံးအနက်၊ ၁ လုံးမှာ ယနေ့နံနက်ပိုင်းတွင် မိုင်းခွဲခံလိုက်ရ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု တဝက်ကျဆင်းသွားသည်။ (AB-NA 23.06.96)

❖ ၇–၆–၉၆။ ။ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ရှေ့တွင် စနေ၊ တနင်္ဂနွေနေ့များ၌ ပုံမှန်ကျင်းပနေသော လူထုနှင့် တွေ့ဆုံပွဲများအား နဝတ မှ ပိတ်ပစ်လိုက်။

❖ ၇–၆–၉၆။ ။ နဝတ ဥပဒေအမှတ် ၅/၉၆ အား ထုတ်ပြန်။ 'နိုင်ငံတော်တာဝန်အား တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရန်နှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောက်ယှက်ဆန့် ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ' ဟုခေါ်။ ဖောက်ဖျက်ပါက ထောင်ဒဏ်အနှစ် ၂၀ ပါတီ ဖျက်သိမ်းခြင်းတို့ ပြဋ္ဌာန်းထား။

❖ ၁၃–၆–၉၆။ ။ စင်္ကာပူနိုင်ငံဝန်ကြီးချုပ် လီကွမ်ယူသည် နိုင်ငံခြားသတင်းထောက်များနှင့် တွေ့ဆုံစဉ် "ဒေါ်အောင်ဆန်းစုကြည် အနေဖြင့် မြန်မာနိုင်ငံအား နိုင်နင်းစွာအုပ်ချုပ်နိုင်မည်မဟုတ်၊ အုပ်ချုပ်ပါက မြန်မာပြည်သည် ဘော့စနီးယား ဟာဇီဂိုးဘီးနားကဲ့သို့ တစစီပြိုကွဲသွားလိမ့်မည်။ ထို့ကြောင့် သူမအနေနှင့် နိုင်ငံရေးသင်္ကေတ တခုအနေဖြင့်သာ နေသင့်သည်။ မြန်မာပြည်အား နိုင်နင်းစွာ အုပ်ချုပ်နိုင်မည့်သူမှာ စစ်တပ်တခုတည်းသာ ဖြစ်သည်" ဟု ပြောဆိုလိုက်သည်။ (Forum Weekly Publication No 14 June 96)

❖ ၁၅–၆–၉၆။ ။ ရန်ကုန်မြို့တွင် စီးပွားရေးလုပ်ငန်းရှင်များ ဆန္ဒဖော်ထုတ်ပွဲကျင်းပ။ (မန္တလေးတွင်လည်း ကျင်းပ)

ဇွန်လ အတွင်း စီးပွားရေး ဦးပိုင်လီမိတက်ပိုင် 'မြဝတီလေကြောင်း' မှ ရဟတ်ယာဉ်များဖြင့် ခရီးသည် စတင်ပြေးဆွဲ။

(ရန်ကုန်–မန္တလေး–မူဆယ်–လားရှိုး ခရီးစဉ်။ စင်းလုံးလည်းငှား။ FEC နှင့်ယူ။)

ဇွန်လ တပ်မတော်တွင် တာဝန်ထမ်းဆောင်ဆဲ ကိုယ်အင်္ဂါအစိတ်အပိုင်း စွန့်လှူထားသူများအား ထောက်ပံ့ပေးမှု အစီအစဉ်စတင်။

❖ ၂၇–၆–၉၆။ ။ မြန်မာနိုင်ငံ၏ အဓိက ရေအားလျှပ်စစ်စက်ရုံကြီးဖြစ်သည့် ကယားပြည်နယ် ရေအားလျှပ်စစ်စက်ရုံသို့ ပို့လွှတ်နေသည့် ရေပိုက်လိုင်းကြီးတလုံး ဇွန်လ ၄ ရက်နေ့ နံနက် ၅ နာရီခန့်တွင် ဖုံးခွဲဖျက်ဆီးခံရသည်။ လောပိတ ရေအားလျှပ်စစ်စက်ရုံကြီးသည် ရေပိုက်လိုင်းကြီး ၂ လုံးမှ ပို့လွှတ်သည့် ရေအားဖြင့် တာဘိုင်စက်ကြီး ၆ လုံး လည်ပတ်နေခြင်းဖြစ်သည်။ ယခုကဲ့သို့ ရေပိုက်လိုင်းတလိုင်း ဖောက်ခွဲဖျက်ဆီးခံရသဖြင့် တာဘိုင်စက်ကြီး ၃ လုံး လုံးဝရပ်ဆိုင်းသွားခဲ့၍ ရန်ကုန်သို့ပို့လွှတ်နေသည့် လျှပ်စစ်ဓာတ်အား ထက်ဝက်နီးပါး ပြတ်တောက်သွားခဲ့ရသည်။ (AB-NA .27.06.96)

❖ ၃၀–၆–၉၆။ ။ ဇွန်လ ၁၃–၆–၉၆ ရက်နေ့က စင်ကာပူဝန်ကြီးချုပ် ဟောင်းလီကွမ်ယူသည် နိုင်ငံခြားသတင်းထောက်များနှင့်တွေ့ဆုံရာတွင် ၎င်းက ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မြန်မာနိုင်ငံကိုနိုင်နင်းစွာ အုပ်ချုပ်နိုင်

မည် မဟုတ်ကြောင်း၊ အုပ်ချုပ်ပါက မြန်မာပြည်သည်ဘောစနီးယား ဟာဇီဂိုးဘီးနားကဲ့သို့ တစစီလိမ့်မည်။ ထို့ကြောင့် နိုင်ငံရေးသက်တ တခုအဖြစ်သာ နေသင့်ကြောင်း၊ မြန်မာပြည်အား နိုင်နင်းစွာအုပ်ချုပ်နိုင်မည့် အစိုးရတခုသာရှိကြောင်း ၎င်းမှာ စစ်တပ်ပင်ဖြစ်ကြောင်းပြောဆိုခဲ့မှုနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံအခြေစိုက် မြန်မာနိုင်လုံးဆိုင်ရာကျောင်းသားများ အဖွဲ့ချုပ် ABSL က ၁၃–၆–၉၆ နေ့တွင် လီကွမ်ယူအား ကန့်ကွက်ရှုတ်ချပွဲကို နယူးဒေလီ၊ တီးမူရ်သီးတွင် မျိုးချစ် မြန်မာတိုင်းရင်းသား အင်အား ၇၀ ကျော်ခန့်ဖြင့် ပူးပေါင်းကျင်းပသည်။ လီကွမ်ယူ၏ ပုံတူရုပ်ပြောင်အား ကြိမ်ဒါဏ် အချက် ၁၀၀ တိတိရိုက်၍ မီးရှို့သည်။ စင်ကာပူသံရုံးသို့လည်း ယင်းကိစ္စ ထုတ်ပြန်ကြေညာချက်များ ပေးပို့ခဲ့သည်။ ယင်းသတင်းအား ၁၄–၆–၉၆ ရက်နေ့ထုတ် အဓိကထင်ရှားသော သတင်းစာပေါင်း ၁၅ စောင်က တခမ်းတနား ဖော်ပြခဲ့သည်။ (Forum Weekly Publication No 14/June 96)

ဇူလိုင်လ။

❖ ၁၀–၇–၉၆။ ။ ဒိန်းမတ်ဘီယာကုမ္ပဏီဖြစ်သည့် Carlsberg သည် မြန်မာနိုင်ငံတွင် ဘီယာချက်စက်ရုံ တည်ထောင်မည့် အစီအစဉ်အား လက်လွှတ်လိုက်ရကြောင်း အင်္ဂါနေ့က ထုတ်ပြန်ကြေငြာလိုက်သည်။ ဒိန်းမတ်နိုင်ငံမှ ဒီမိုကရေစီရေးလှုပ်ရှားနေသော အဖွဲ့တဖွဲ့မှ စားသုံးသူသပိတ်ဆင်နွှဲရန် တောင်းဆိုလိုက်ပြီးနောက် ယခုကဲ့သို့ ကြေငြာလိုက်ခြင်းဖြစ်သည်။ (VOB 14.07.96)

❖ ၁၆–၇–၉၆။ ။ မြန်မာနိုင်ငံဗဟိုဘဏ်မှ တထောင်ငွေစက္ကူများ၏ လုံခြုံရေးအဆင့်အတန်း ပိုမိုမြင့်မားနိုင်မာစေရန် (Window Type Security Thread) လုံခြုံရေးကြိုးပုံစံသစ်ပါရှိသော ကျပ်တထောင် တန်ငွေစက္ကူများအား ၁၉၉၆၊ ဇူလိုင် ၁၇ ရက်မှ စတင်ထုတ်ဝေမည်ဟု နဝတ ထုတ် သတင်းစာများမှ ကြေငြာခဲ့သည်။

❖ ၂၀–၇–၉၆။ ။ ၂၉ ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် ဆွေးနွေးပွဲတွင် နဝတ အား လေ့လာသူအဆင့် သတ်မှတ်ပြီး တက်ရောက်ခွင့်ပေးလိုက်။

❖ ၂၄–၇–၉၆။ ။ နံနက်ပိုင်း ထားဝယ်မှမြိတ်သို့ ခရီးသည် ၄၄ ဦး တင်ဆောင်လာသော မြန်မာလေကြောင်းပိုင် ဖော်ကာ ၂၇ လေယာဉ်အမှတ် XYAETသည် မြိတ်လေယဉ်ကွင်းသို့ဆင်းသက်စဉ် မတော်တဆဖြစ်၍ ခရီးသည် ၈ ဦး သေဆုံးရပြီး၊ ၁၁ ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း စစ်အုပ်စုပိုင် ကြေးမုံသတင်းစာမှ ကြေငြာခဲ့သည်။

စက်တင်ဘာလ။

❖ ၅–၉–၉၆။ ။ ၅–၉–၉၆ မှ ၁၆–၉–၉၆ ထိ ABSDF ပေါင်းစည်းရေး ညီလာခံကျင်းပပြီး ၂ ဖွဲ့ ပြန်ပေါင်းခဲ့။ ဥက္ကဌအဖြစ် ဒေါက်တာနိုင်အောင်၊ ဒု–ဥက္ကဌအဖြစ် ကိုမိုးသီးဇွန်တို့ တာဝန်ယူသော ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့သည်။

❖ ၁၆–၉–၉၆။ ။ ABSDF ပေါင်းစည်းရေးညီလာခံမှ ကြေငြာချက်ထုတ်ပြန်။ တခုတည်းသော နိုင်ငံရေး လမ်းစဉ်၊ စစ်ရေးလမ်းစဉ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများ၊ ရှေ့လုပ်ငန်းစဉ်များကို ကိုယ်စားလှယ်များ အားလုံး၏ သဘောတူညီချက်ဖြင့် ချမှတ်ပြဌာန်းနိုင်ခဲ့ကြောင်း၊ ဦးတည်ချက် ၄ ရပ် အောင်မြင်သည်အထိ စစ်အာဏာရှင်စနစ်နှင့် စစ်အုပ်စုကို စစ်ရေးတိုက်ပွဲကိုအဓိကထား၍ နိုင်ငံရေးတိုက်ပွဲများဖြင့် ဟန်ချက်ညီ ပေါင်းစပ်တိုက်ပွဲဝင် သွားရန် ချမှတ်ခဲ့ကြကြောင်း၊ ABSDF သည် ၁၉၉၁ တတိယအကြိမ်ညီလာခံတွင် ညီညွတ်ရေးပြိုကွဲခဲ့ရပြီး သမိုင်းပေးတာဝန်ကို ထမ်းဆောင်နိုင်ရေးအားနည်းခဲ့ရကြောင်း၊ ယခုကဲ့သို့ ညီညွတ်ရေးကြိုးပမ်းမှု အောင်မြင်ခဲ့ခြင်းမှာ ABSDF သာမက ဒီမိုကရေစီတော်လှန်ရေးကြီးတခုလုံးအတွက် စံနမူနာအဖြစ် စိုက်ထူပေးလိုက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

❖ ၂၇–၉–၉၆။ ။ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်တွင် ပါတီဖွဲ့စည်းထူထောင်မှု ရှစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ယနေ့ကျင်းပမည့် သုံးရက်ကြာ ပါတီညီလာခံအား တက်ရောက်ရန်လာသည့် ပါတီဝင်များအား ရဲများက စတင်ဖမ်းဆီးခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ သွားရာလမ်းကိုလည်း ပိတ်ဆို့ထားလိုက်သည်။

❖ ၂၈–၉–၉၆။ ။ NLD အစည်းအဝေးသို့ တက်ရောက်သတင်းယူမည့် နိုင်ငံခြားသားသတင်းထောက် အချို့ အား ၎င်းတို့တည်းခိုသည့် ဟိုတယ်များတွင် စစ်ထောက်လှမ်းရေးများမှ စစ်ဆေးမှုများပြုလုပ်ခဲ့သည်။
(BBC 28.09.96)

အောက်တိုဘာ။

❖ ၂–၁၀–၉၆။ ။ နဝတ အမိန့်ကြေငြာစာအမှတ် ၃၀/၉၆ ထုတ်ပြန်။ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနဖွဲ့ စည်း။ နဝတ ၏ ၂၈ ခုမြောက် ဝန်ကြီးဌာနဖြစ်။

❖ ၂–၁၀–၉၆။ ။ နဝတ ညွှန်ကြားချက်အမှတ် ၅/၉၆ အား ထုတ်ပြန်။ ဝန်ထမ်းများ သက်သာချောင်ချိရေး ကော်မတီအဆင့်ဆင့် ဖွဲ့စည်းရေးညွှန်ကြားချက်ဖြစ်။

❖ ၃–၁၀–၉၆။ ။ အမေရိကန်သမ္မတ လက်မှတ်ရေးထိုးလိုက်သည့် မြန်မာပြည်ဆိုင်ရာ ကြေငြာချက်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဆောင်ရွက်ချက်များအား နှောက်ယှက်တားဆီးသည့် ပေါ်လစီမူကြမ်း ရေးဆွဲသူ၊ ဖော်ဆောင်သူ သို့မဟုတ် ယင်းပေါ်လစီ၏ အကျိုးခံစားရရှိသူအား အမေရိကန်ပြည်ထောင်စု အတွင်းသို့ ဝင်ခွင့်တားမြစ်သည့် ထုတ်ပြန်ကြေငြာချက် ဖြစ်သည်။ (BBC04.10.96)

❖ ၄–၁၀–၉၆။ ။ နဝတ နိုင်ငံခြားရေးဝန်ကြီးဌာန ကြေငြာချက်အမှတ် ၁/၉၆ အား ထုတ်ပြန်။ “ မြန်မာနိုင်ငံရှိ အမေရိကန်သံရုံးနှင့် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများမှအပ မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေး လုပ်ငန်းများအား အဟန့်အတား ပြုလုပ်သည့်မူဝါဒများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပါဝင်ပတ်သက်သူများနှင့် ၎င်းတို့မိသားစုများ ၊ နိုင်ငံတော်အကျိုးစီးပွား ထိခိုက်ပျက်စီးအောင် ဆောင်ရွက်ခဲ့သူများနှင့် ဆောင်ရွက်နေသူများ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်သူများ၊ နိုင်ငံရေးလှုံ့ဆော်သူများ၊ မတည်မငြိမ်ဖြစ်အောင် ဖန်တီးသူများနှင့် ၎င်းတို့၏ မိသားစုများ အမေရိကန် နိုင်ငံသားများအား ပြည်ဝင်ခွင့်ဗီဇာအမျိုးမျိုး ထုတ်ပေးခြင်းမှ ရပ်ဆိုင်းလိုက်ကြောင်း” ။

❖ ၇–၁၀–၉၆။ ။ SSA/ SSNA နှင့် SURA တို့ တဖွဲ့တည်းအဖြစ် ပေါင်းစည်း။ တခုတည်းသောပါတီနှင့် တပ်မတော်အဖြစ် ‘ရှမ်းအမျိုးသားအစည်းအရုံး SSNO’‘ရှမ်းပြည်တပ်မတော် SSA’ ကို ဖွဲ့စည်း။ နဝတမှ အသိအမှတ်မပြု။

❖ ၉–၁၀–၉၆။ ။ စစ်မဟာဗျူဟာ လေ့လာရေးဌာနကြီးမှ ကြီးမှူးသော ‘အမျိုးသားစည်းလုံးညီညွတ်ရေးကို အထောက်အကူပြုမည့် လူမှုစီးပွားရေး စာတမ်းဖတ်ပွဲ’ အား ရန်ကုန်မြို့တွင် ကျင်းပ။

❖ ၁၅–၁၀–၉၆။ ။ ပထမဆုံးသော ပုဂ္ဂလိကပိုင် လေကြောင်းအဖြစ် မြန်မာမေဖလားဝါးပိုင် ‘ရန်ကုန်လေကြောင်း’ စတင်ပြေးဆွဲ။

❖ ၂၁–၁၀–၉၆။ ။ စော်ဘွားကြီးကုန်း ဝေးပြေးကားဂိတ် စားသောက်ဆိုင်တွင် RIT ကျောင်းသား ၃ ဦး နှင့် အရပ်သားလူငယ်တချို့ စားသောက်ရင်း စကားများမှုဖြစ်ပွားခဲ့။ ရဲများက RIT ကျောင်းသား ၃ ဦးအား ဝင်ရောက်ရိုက်နှက်ခဲ့။ ယင်းကိစ္စနှင့်ပတ်သက်၍ မကျေနပ်သော RIT ကျောင်းသားများမှ အင်းစိန်ရဲစခန်းသို့ သွားရောက်ဆန္ဒပြ။ ရဲတပ်ဖွဲ့၏ ကျောင်းသားများအပေါ် ပြုမူပုံအား အစိုးရသတင်းဌာနမှ ဖော်ပြပေးရမည်ဟု ကျောင်းသားများမှ တောင်းဆိုခဲ့သည်။ (၉၆ ဒီဇင်ဘာ ကျောင်းသားအရေးအခင်း မီးပွားစတင်)

❖ ၂၁–၁၀–၉၆။ ။ တရုပ်ပြည် လေးဦးဂိုဏ်းဝင်တဦး လွတ်မြောက်။ ၁၉၇၆ ယဉ်ကျေးမှုတော်လှန်ရေးအပြီး (ဥက္ကဋ္ဌမော် ကွယ်လွန်အပြီး) အဖမ်းခံရသော လေးဦးဂိုဏ်းဝင်များအနက် (ဝါဒဖြန့်ချိရေးတာဝန်ယူခဲ့သော) မစ္စတာယိုဝင်ယွမ် ၆၄နှစ် ယနေ့ ထောင်မှလွတ်မြောက်လာ။ (Time 21.10.96)

❖ ၂၂–၁၀–၉၆။ ။ ရန်ကုန်တွင် ကျောင်းသားများဆန္ဒပြပွဲအပြီးတွင် NLD ပါတီမှ ဦးကြည်မောင်အား ယနေ့နံနက်တွင် စစ်ထောက်လှမ်းရေးမှ ခေါ်ဆောင်သွားသည်။ ဦးကြည်မောင်သည် ဆန္ဒပြကျောင်းသား ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်ဟု နအဖ မှ ဆိုသည်။ ၆ ရက်ကြာ ထိန်းသိမ်းပြီးနောက် ပြန်လွှတ်ပေးခဲ့သည်။ (BBC 23.10.96)

❖ ၂၂–၁၀–၉၆။ ။ အောက်တိုဘာ ၂၀ ရက်နေ့တွင် ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသား ၁၀၀ ခန့် ဆန္ဒပြခဲ့ပြီး ရဲတပ်ဖွဲ့၏ ကျောင်းသားများအပေါ် ပြုမူပုံအား အစိုးရသတင်းဌာနများမှ ဖေါ်ပြပေးရမည်ဟု တောင်းဆိုခဲ့သည်။ ကျောင်းသားများ၏ လှုပ်ရှားဆောင်ရွက်ချက်အား စစ်အုပ်စုက အရေးတကြီးသဘောထားသည့် လက္ခဏာတရပ်အဖြစ် ၂၂ ရက်နေ့ည အစိုးရသတင်းကြေငြာချက်များတွင် ၂၀ ရက်နေ့ည ဖြစ်ရပ်အကြောင်း သတင်းဖေါ်ပြပေးခဲ့သည်။ ၂၂ ရက်နေ့ညပိုင်းတွင် ကျောင်းသားများ ပိုမိုစုစည်းလာပြီး အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ သတင်းအမှန် ထုတ်ပေးရန်နှင့် ရဲတပ်ဖွဲ့မှ တရားဝင်တောင်းဆိုပေးရန် တောင်းဆိုလာသည်။ ထို့အနည်းဆုံးကျောင်းသား ၄၀၀ ခန့် ရန်ကုန်တက္ကသိုလ်

အနီး ၆ နာရီကြာ ထိုင်ပြီးဆန္ဒပြခဲ့သည်။ (BBC 23.10.96)

❖ ၂၉–၁၀–၉၆။ ။ ဒေါ်အောင်ဆန်းစုကြည်မှ နိုင်ငံခြားသတင်းထောက်များနှင့် သတင်းစာရှင်းလင်းပွဲ ကျင်းပ။ နဝတသည် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ရှေ့ စနေ၊ တနင်္ဂနွေနေ့ တရားပွဲများနှင့်ပတ်သက်၍ လူ ၁၀ ယောက်ထက် ပိုစုလျှင် ဖြိုခွဲမည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း ဒေါ်စုမှ ပြောဆိုသည်။ (BBC 30.10.96)

နိုဝင်ဘာလ။

❖ ၁–၁၁–၉၆။ ။ (ကြံ့/ဖွံ့) အသင်းအတွင်းရေးမှူး မီးရထားဝန်ကြီး ဦးဝင်းစိန်သည် စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် လယ်ပြင်ရွာ (ကြံ့/ဖွံ့) အဆိုပြုလွှာပေးအပ်ပွဲတွင် "ဒေါ်အောင်ဆန်းစုကြည်ကို သတ်ပစ်ရမယ်။ သတ်ပစ်ရဲလား" ဟု လှုံ့ဆော်ခဲ့။ (ထိုကိစ္စအတွက် NLD ဥက္ကဋ္ဌ မှ နဝတ ဥက္ကဋ္ဌ ထံ ၂၀–၁၂–၉၆ နေ့တွင် ကန့်ကွက်စာပေးပို့ခဲ့။)

❖ ၄–၁၁–၉၆။ ။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့တွင် တက္ကသိုလ်ကျောင်းသားများ ဆန္ဒပြပွဲဖြစ်ပွားသည်။ ခရီးသွားလာရာတွင် လေယာဉ်ကိုသာ အားထားနေရသော ကျောက်ဖြူမြို့တွင် လေယာဉ်လက်မှတ်များအား စစ်ဘက် တဝတ နှင့် ကုန်သည်ကြီးများကိုသာ ဦးစားပေးနေသဖြင့် တက္ကသိုလ်၊ ကောလိပ်များသို့သွားရန် ကျောင်းသားများအတွက် လေယာဉ်လက်မှတ်ခက်ခဲ၍ ကျောင်းသားများ မကြေနပ်ရာမှ ဆန္ဒပြပွဲ စတင်သည်။ (DVB 04.11.96)

❖ ၆–၁၁–၉၆။ ။ လွန်ခဲ့သည့် ဇွန်လက နဝတ နှင့် အပစ်အခတ်ရပ်စဲထားသော မွန်ပြည်သစ်ပါတီ၏ တနင်္သာရီ စစ်ဒေသမှ တပ်များသည် အပစ်အခတ်ရပ်စဲရေးအပေါ် သဘောမတူသဖြင့် မွန်ပြည်သစ်ပါတီမှ ခွဲထွက်၍ 'မွန်တပ်မတော် (မြိတ်ဒေသ)'အား တည်ထောင်လိုက်ကြသည်။ (AB-NA 06.11.96)

❖ ၉–၁၁–၉၆။ ။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်များ ရန်ကုန်မြို့အတွင်း သွားလာနေစဉ် (ကြံ့/ဖွံ့) အဖွဲ့မှ ခဲများ၊ တုတ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် လူနှင့်ယာဉ်များ ထိခိုက်မှု ရှိခဲ့။ ဒေါ်စုတို့အတွက် လုံခြုံရေးလိုက်ပါလာသော နဝတ ယာဉ်များသည် ထိုတိုက်ခိုက်မည့်နေရာအရောက်တွင် ခပ်ဝေးဝေး၌ ခွာပြီး ကျန်ရစ်။ ထိုအမှုအတွက် ဆိုင်ရာသို့ တိုင်ကြားသော်လည်း အမှုမပေါ်ခဲ့။

❖ ၁၈–၁၁–၉၆။ ။ မြန်မာ့ခရီးသွားနှစ် ၉၆ ဖွင့်ပွဲ အခမ်းအနား ရန်ကုန်မြို့တွင် ကျင်းပ။

❖ ၂၂–၁၁–၉၆။ ။မန္တလေးတိုင်း တိုင်းစည်းဥက္ကဋ္ဌလည်းဖြစ်သူ ပုသိမ်ကြီး ၂ အမတ် ဦးစံလှဘော် (ဒု–ဗမက ဟောင်း) သည် မန္တလေးမှရန်ကုန်သို့ ရထားဖြင့်အလာ သာစည်ဘူတာတွင် လုယက်ပြီးရိုက်နှက်ခံခဲ့ရ။ ထိုကိစ္စအတွက် ဆိုင်ရာသို့ တိုင်ကြားခဲ့သော်လည်း အရေးမယူခဲ့။

❖ ၂၁–၁၁–၉၆။ ။ နဝတ တွင်း–၁၊ ဒု–ဗခက ခင်ညွန့်သည် International Herald Tribune သတင်းထောက်နှင့် ရန်ကုန်မြို့တွင် တွေ့ဆုံစဉ် "မိမိတို့အစိုးရသည် စစ်အစိုးရအသွင်ရှိသော်လည်း ပြည်သူများအား ဖိနှိပ်မှု မရှိကြောင်း၊ ကြားဖြတ်အစိုးရအနေနှင့် နိုင်ငံရေးတည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးမှု၊ လူမှုရေးတိုးတက်မှုတို့ကို ကြိုးစားနေကြောင်း၊ ဒေါ်စုကြည်သည် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို နှောက်ယှက်နေကြောင်း " ပြောဆိုသည်။ (IHT 21.11.96)

ဒီဇင်ဘာလ။

❖ ၂–၁၂–၉၆။ ။ အောက်တိုဘာ ကျောင်းသားလှုပ်ရှားမှု ၉၆ အပြီးတွင် 'ကျောင်းသားအုပ်စုတစု'မှ ဟုဆိုကာ ကျောင်းသားများသည် စာသင်ကြားရေးအား ထိခိုက်ပျက်ပြားရေးလှုပ်ရှားမှုများတွင် မပါဝင်ရေး နှိုးဆော်စာဟူသော စာတမ်းများ ပျံ့နှံ့နေသည်။ ထိုကိစ္စအတွက် ကျောင်းသားများ မကြေမနပ်ဖြစ်ကာ ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းအတွင်း ယနေ့ ကျောင်းသားများ စုရုံးဆန္ဒပြခဲ့ကြသည်။ (BBC 02.12.96)

❖ ၃–၁၂–၉၆။ ။ နဝတ သတင်းစာရှင်းလင်းပွဲတွင် စစ်ထောက်လှမ်းရေး ဗိုလ်ချုပ်ကျော်ဝင်းမှ ကျောင်းသားများ ဆန္ဒပြမှုနှင့် ပတ်သက်၍ 'အောက်တိုဘာ ကျောင်းသားလှုပ်ရှားမှုအတွင်း ကျောင်းသားများတောင်းဆိုထားသော စော်ဘွားကြီးကုန်းရန်ပွဲနှင့် ပတ်သက်၍ သတင်းစာများတွင် အဖြစ်မှန်ဖော်ပြပေးရန်ကိစ္စနှင့် ပတ်သက်၍ မိမိတို့ လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ခဲ့ပြီးဖြစ်၍ သတင်းစာများတွင် ဖော်ပြပေးရန် မလိုကြောင်း'ပြောဆိုလိုက်သည်။ (ကြေးမုံ)

❖ ၃–၁၂–၉၆။ ။ ယမန်နေ့က ရန်ကုန်တွင်ဖြစ်ပွားသည့် ကျောင်းသားဆန္ဒပြပွဲအား ထောက်ခံသည့် ထုတ်ပြန်ချက်တစောင် 'မကဒတ'မှ ယနေ့ထုတ်ပြန်သည်။ ယင်းထုတ်ပြန်ချက်တွင် ဖမ်းဆီးခံကျောင်းသားများအား ချက်ခြင်း

လွှတ်ပေးရေးနှင့် ကျောင်းထုတ်ခံရသော ကျောင်းသားများအား ကျောင်းပြန်တက်ခွင့်ပြုရန်၊ စစ်မှန်သည့် ကျောင်းသားအခွင့်အရေးများပေးရန်နှင့် ဆန္ဒပြပွဲများအား အကြမ်းဖက်ဖြေရှင်းသည့်နည်းအား အသုံးပြု၍ မဖြေရှင်းရန်၊ ဒီမိုကရေစီရေး ရှေးရှုပြောင်းလဲစေရန်အတွက် တည်ရှိနေသော လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးပြဿနာများအား ဖြေရှင်းရန်၊ အထက်ပါပြဿနာများ ဖြေရှင်းရန်အတွက် ပထမခြေလှမ်းအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် ဒီမိုကရေစီအင်အားစုများနှင့် သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးကြရန် စသည်ဖြင့် ပါရှိသည်။ (ABSDF 961203)

❖ ၃–၁၂–၉၆။ ။ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်ပြင်ပသို့မထွက်ရန် အာဏာပိုင်များမှ တားဆီးထားသည်။ (BBC03.12.96)

❖ ၃–၁၂–၉၆။ ။ ရန်ကုန်တွင် ကျောင်းသားဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ကျောင်းသားများသည် မိုးချုပ်သည်အထိ လှည်းတန်းလမ်းမကြီးပေါ်တွင် မိုးချုပ်သည်အထိ ငြိမ်းချမ်းစွာ ထိုင်ဆန္ဒပြနေပြီး ညပိုင်းတွင် မြို့တော်ခန်းမရှေ့သို့ ချီတက်သွားပြီး နံနက်ပိုင်းတွင် ရွှေတိဂုံဘုရားပေါ်တွင် စုရုံးခဲ့ကြသည်။ လုံထိန်းများက ကျောင်းသားများကို လူစုခွဲလိုက်ပြီး တချို့အား ဖမ်းဆီးခဲ့သည်။ (BBC VOA 031296)

❖ ၃–၁၂–၉၆။ ။ နဝတ ထီလက်မှတ်များအား ၁၀ ကျပ်မှ ၅၀ ကျပ်သို့ တိုးမြှင့်လိုက်။

❖ ၄–၁၂–၉၆။ ။ ရန်ကုန်တွင် ကျောင်းသားဆန္ဒပြပွဲများ ဆက်လက်ဖြစ်ပွားနေသည်။ ကျောင်းသား ဆန္ဒပြပွဲအား သတင်းလိုက်ယူနေသော ဂျပန်နိုင်ငံမှ ယူမီအူရီသတင်းထောက် ဦးမျိုးသန့်အား ရဲတပ်ဖွဲ့ဝင်များမှ ရိုက်နှက်ခဲ့ကြသည်။ (BBC 04.12.96)

❖ ၆–၁၂–၉၆။ ။ စက်မှုတက္ကသိုလ်နှင့် အခြားတက္ကသိုလ်ကျောင်းသားများ၏ ဆန္ဒပြပွဲ ဆက်လက်ဖြစ်ပွားနေသည်။ ရန်ကုန်တက္ကသိုလ်၏ လှည်းတန်းလမ်းဆုံတွင် ရာနှင့်ချီသည့် ကျောင်းသားများထိုင်၍ ဆန္ဒပြနေကြသည်။ RIT ကျောင်းသားများ ရန်ကုန်တက္ကသိုလ်သို့ ချီတက်ရာတွင် ရဲတို့က လမ်းပိတ်ဆို့ခဲ့ကြသည်။ ကျောင်းသားများမှ ကျောင်းသားသမဂ္ဂဖွဲ့စည်းရေး၊ ဖမ်းဆီးကျောင်းသားပြန်လွှတ်ပေးရေးတို့ကို တောင်းဆိုခဲ့ကြသည်။

❖ ၇–၁၂–၉၆။ ။ မနက်လင်းအားကြီး ၃ နာရီတွင် ထိုင်ဆန္ဒပြနေကြသော ကျောင်းသားများအား လုံထိန်းများက မီးသတ်ကားများ နံပါတ်တုတ်များဖြင့် အကြမ်းဖက်နှိမ်နင်း ဖြိုခွင်းလိုက်သည်။ ဆန္ဒပြကျောင်းသား ၁၀၀ ကျော်အဖမ်းခံခဲ့ကြရသည်။ (BBC)

❖ ၇–၁၂–၉၆။ ။ ကျောင်းသားဆန္ဒပြပွဲအား သတင်းယူနေသည့် ယူမီရှိအီရှင်ဘွန်း သတင်းထောက် Shige fumi Takasuka အား စစ်သားများက (မိမိသည် သတင်းထောက်ဖြစ်ကြောင်း ရှင်းပြသော်လည်း) ရိုက်နှက်ခဲ့ကြသည်။ ထို့နောက် ၂ နာရီခန့် ၎င်းအား ထိန်းသိမ်းစစ်မေးပြီးမှ ပြန်လွှတ်ပေးခဲ့သည်။ (BBC 07.12.96)

❖ ၈–၁၂–၉၆။ ။ ရန်ကုန်တွင် ကျောင်းသားဆန္ဒပြမှုအား အဓိကရုဏ်းရဲအဖွဲ့က အကြမ်းဖက်နှိမ်နင်းခဲ့ပြီးနောက် အခြေအနေတင်းမာနေသည်။ ယနေ့တွင်လည်း ရန်ကုန်တက္ကသိုလ်ရှေ့တွင် ကျောင်းသား ၂၀၀ ခန့် ခေတ္တဆန္ဒပြနေပြီး အေးချမ်းစွာရုတ်သိမ်းသွားသည်ဟု သတင်းများကဆိုသည်။ (BBC 08.12.96)

❖ ၈–၁၂–၉၆။ ။ ဒီဇင်ဘာ ၆ ရက်မှစ၍ ကျောင်းသားများအပါအဝင် နဝတ ၏ ဖမ်းဆီးခြင်းခံထားရသော လူဦးရေမှာ ၂၀၀ ကျော် ဖြစ်ကြောင်း၊ ယနေ့ နေ့လယ် ၁ နာရီခန့်တွင် နဝတ အဓိကရုဏ်းနှိမ်နင်းရေးတပ်များမှာ မျက်ရည်ယိုဗုံးများ စတင်အသုံးပြုကြောင်း၊ လေထဲတွင် သေနတ်တချက် စတင်ပစ်ဖောက်ကြောင်း၊ ရန်ကုန်ရှိ မျက်မြင်သက်သေများအဆိုအရ စစ်သားအပြည့်နှင့် စစ်ကားအစီး ၃၀၊ မီးသတ်ကား ၂၀၊ လုံထိန်းကား ၁၂ စီး၊ ရန်ကုန်တက္ကသိုလ် (ပင်မ) ဘက်သို့ ချီတက်သွားကြောင်းဖြင့် ABSDF မှ သတင်းထုတ်ပြန်သည်။ (ABSDF 08.12.96)

❖ ၁၀–၁၂–၉၆။ ။ ကျောင်းသားများ ဆန္ဒပြပွဲအား ရဲများမှ အင်အားသုံးဖြိုခွဲလိုက်သော်လည်း မငြိမ်မသက်မှုများ ဆက်လက်ကြီးထွားနေသည်။ အထက်တန်းကျောင်းများကိုလည်း ပိတ်ပစ်လိုက်သည်။ ဒဂုံတက္ကသိုလ်၊ ကြည့်မြင်တိုင်တက္ကသိုလ်၊ ဆေးတက္ကသိုလ်များတွင် ကျောင်းသားများ ဆက်လက်ဆန္ဒပြနေကြသည်။ (BBC 10.12.96)

❖ ၁၂–၁၂–၉၆။ ။ ရန်ကုန်မြို့တော်တွင် တက္ကသိုလ်ကျောင်းသားများ ဆန္ဒပြပွဲဖြစ်ပွား။ ဒီဇင်ဘာလဆန်းတွင် RIT ကျောင်းသားတချို့အား စစ်ထောက်လှမ်းရေးမှ ထိုးကြိတ်ခဲ့ခြင်းအား ကျောင်းသားများ မကျေမနပ်ဖြစ်ပြီး ဆန္ဒပြနေခဲ့။

❖ ၁၄–၁၂–၉၆။ ။ နေ့နောက်ဆုံးထားပြီး ကြံ့တောသုသာန်အတွင်းရှိ ဂူများအားလုံးအား မင်္ဂလာဒုံ ရေဝေး

သုသဿန်သို့ ပြောင်းရွှေ့ရန် နဝတ မှအမိန့်ထုတ်။

❖ ၂၅–၁၂–၉၆။ ။ တရုတ်နိုင်ငံမှ ပင့်ဆောင်လာပြီး ကမ္ဘာအေးစေတီတွင် စံပယ်တော်မူနေသော ဗုဒ္ဓမြတ်စွယ်တော် ဗုံးပေါက်ကွဲ။ မြတ်စွယ်တော်အား ထိခိုက်မှုမရှိသော်လည်း ၄ ယောက် သေဆုံး။

❖ ၃၁–၁၂–၉၆။ ။ နဝတ အတွင်းရေးမှူး – ၁ သတင်းစာရှင်းလင်းပွဲလုပ်။ ဒီဇင်ဘာလ ကျောင်းသားလှုပ်ရှားမှုနှင့် ပတ်သက်၍ ဗမာပြည်ကွန်မြူနစ်ပါတီ မြေအောက်အဖွဲ့ (ကိုငြိမ်းမြင့် အဖွဲ့ဝင် ၄၄ ဦး) နှင့် NLD ပါတီဝင် ၁၃ ဦး) တို့ကို ဖော်ထုတ် ဖမ်းဆီးမိခဲ့ဟုဆို။

၉၆ နှစ်ဆန်း ကန်တဒေါ်လာ= ၁၁၀ ကျပ်။

၉၆ နှစ်ကုန် ကန်တဒေါ်လာ= ၁၇၀ ကျပ်။

❑ ❑ ❑ ❑ ❑ ❑ ❑

## ၁၉၉၇ ခုနှစ်အတွင်း မြန်မာနိုင်ငံသတင်းများ

ဇန်နဝါရီလ။

❖ ၂–၁–၉၇။ ။ ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်လုံခြုံရေးအရ နိုင်ငံခြားသတင်းထောက်များနှင့် တွေ့ဆုံခွင့်အား ခွင့်မပြုနိုင်တော့ကြောင်း နဝတ မှ ကြေငြာ။

❖ ၅–၁–၉၇။ ။ နဝတ ဥက္ကဌ တရုတ်နိုင်ငံသို့ ပထမဆုံး ချစ်ကြည်ရေးခရီးစဉ် သွားရောက်။

❖ ၇–၁–၉၇။ ။ မှ ၁၄–၁–၉၇ ထိ 'တိုင်းရင်းသားလူမျိုးများ နီးနှော‌ဖလှယ်ပွဲ (မယ်သရောထာ)' ကျင်းပ။ တိုင်းရင်းသားလူမျိုးစု ၁၅ ဖွဲ့ တက်ရောက်ပြီး နဝတနှင့် အပစ်အခတ်ရပ်စဲထားသော မွန်ပြည်သစ်ပါတီ ကယန်းပြည်သစ်ပါတီနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့တို့လည်း တက်ရောက်ခဲ့ပြီး သဘောတူညီချက် ၁၀ ချက် ချမှတ်နိုင်ခဲ့။

ဖေဖော်ဝါရီလ။

❖ ၁–၂–၉၇။ ။ 'ခွန်ဆာ'အား အမေရိကန်မှ လွှဲပြောင်းပေးရန် တောင်းထားခြင်းအား နဝတမှ ငြင်းဆန်လိုက်သည်။ အမေရိကန်နှင့် မိမိတို့သည် တရားခံလွှဲပြောင်းပေးရေးစာချုပ် ချုပ်ဆိုထားခြင်းမရှိကြောင်း နဝတ နိုင်ငံခြားရေးဝန်ကြီး ဦးအုံးဂျော်မှ သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုလိုက်သည်။

❖ ၁၂–၂–၉၇။ ။ NLD အဖွဲ့ချုပ်တွင် ရွှေရတုမြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ။ အခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည်မှ "ပြည်သူလူထုကို အမှန်တကယ် ကိုယ်စားပြုမယ့် ညီလာခံကြီးရဲ့ အကြိုနီးနှောဖလှယ်ပွဲတခု အနေနဲ့ NLD နဲ့အတူ ဆောင်ရွက်ဖို့ တိုင်းရင်းသားလူမျိုးခေါင်းဆောင်များ မြေပေါ်နိုင်ငံရေး အခြေခံရှိသူများ တရားဝင်ရပ်တည်ခွင့်ရှိတဲ့ ပါတီအဖွဲ့အစည်းများနဲ့ နဝတနှင့် ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းများအား ဖိတ်ခေါ်ပါတယ်။" ဟုပြော။

❖ တရုတ်နိုင်ငံခေါင်းဆောင်ကြီး 'တိန့်ရှောင်ဖိန်' ၉၃ နှစ် ပီကင်းမြို့တွင် ကွယ်လွန်သွား။ (၂၂–၈–၁၉၀၄ နေ့ မွေးဖွား)

❖ ၂၀–၂–၉၇။ ။ အင်ဒိုနီးရှားနိုင်ငံသမ္မတ 'ဆူဟာတို' မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်။ (၂၃–၂–၉၇ နေ့ပြန်။) (၎င်း၏သမ္မတဘဝ နှုတ်ဆက်ခရီးစဉ် ဖြစ်ခဲ့။)

❖ ၂၄–၂–၉၇။ ။ KNU တပ်မဟာ ၆ တပ်ရင်း ၁၆ ရင်းမှူး စောသမူဟဲနှင့်အဖွဲ့ဝင် ၄၉၆ ဦးတို့ နဝတထံ လက်နက်ချ အလင်းဝင်ရောက်ခဲ့။ လက်နက်ချပွဲအခမ်းအနားတွင် နဝတ ဒု–ဥက္ကဌဗိုလ်ချုပ်ကြီးမောင်အေးသည် ကရင်အမျိုးသားတို့၏ အလံတော်အား စစ်ဖိနပ်ဖြင့် နင်းခဲ့သည်။

မတ်လ။

❖ ၁၆–၃–၉၇။ ။ မန္တလေးမြို့တွင် မွတ်ဆလင်ဘာသာနှင့် ဗုဒ္ဓဘာသာဝင်များအကြား ဘာသာရေး အဓိကရုဏ်း ဖြစ်ပွား။ မြင်းခြံ၊ ရန်ကုန်တို့အထိ ဆက်လက်ကူးစက်သွား။ (မဟာမြတ်မုနိကိုယ်တော် ဝမ်းဗိုက်တော်ကိုဖောက်၍ မန္တလေးတိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်ဦးစီးသောအဖွဲ့က ခိုးဝှက်ယူဆောင်သွားခြင်း၊ အင်္ဂလိပ်လက်ထက်မှ စတင်ပြီး တနိုင်ငံလုံးအတိုင်းအတာ (နိုင်ငံတော်အဆင့်) ဖြင့် ကျင်းပပေးခဲ့သော ပရိယတ္တိစာမေးပွဲအား ယခုနှစ်မှစတင်ကာ (အဆင့်လျှော့ချပြီး) ဒေသအလိုက်သာ ကျင်းပရန် နဝတ မှ အမိန့်ချမှတ်လိုင်ခြင်း (ဒါဟာ သာသနာကွယ်ကြောင်းပဲဟု ဆရာတော် ကြီးများမှ ပြောဆိုခြင်း၊ အကျဉ်းထောင်များထဲတွင် သံဃာတော်များအား စစ်ထောက်လှမ်းရေးမှ စော်ကားမော်ကား ပြုနေခြင်း၊ နိုင်ငံရေးအကြပ်အတည်းအား စစ်အုပ်စုမှလှစ်လျူရှု၍ ဖိနှိပ်ခြင်းများသာ တစိုက်မတ်တတ်လုပ်ဆောင်နေခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် သံဃာတော်များ ဆွမ်းကွမ်းစသည် ခက်ခဲနေခြင်း၊ သံဃာထုအတွင်း စစ်အစိုးရမှ သွေးခွဲလုပ်ဆောင်နေခြင်း စသည့်သံဃာထု၏ အထွေထွေမကျေနပ်မှုများအား စစ်ထောက်လှမ်းရေးမှ လမ်းလွှဲပေးသည့်အနေဖြင့် ဘာသာရေးအဓိကရုဏ်း ဖန်တီးလိုက်ခြင်းဖြစ်သည်။

ဧပြီလ။

❖ ၄–၄–၉၇။ ။ စစ်ထောက်လှမ်းရေးမှ ကြိုးကိုင်သော (ကြံ့/ဖွံ့) အသင်း၏ လူထုဆန္ဒဖော်ထုတ်ပွဲ ဆိုသည်ကို ရန်ကုန်မြို့တွင် စတင်ကျင်းပ။ တနိုင်ငံလုံး ခရိုင်အဆင့်ရှိ မြို့ကြီးများတွင်ကျင်းပခဲ့။ (ကြံ့/ဖွံ့) ရှေ့လုပ်ငန်းစဉ်ချမှတ်ရေး။

❖ ၆–၄–၉၇။ ။ နဝတ တွင်း–၂ နေအိမ်တွင် ပါဆယ်ဗုံးပေါက်ကွဲ။ တွင်း–၂ သမီးသေ။ ဂျပန်နိုင်ငံရောက် စစ်အစိုးရဆန့်ကျင်ရေး မြန်မာ့ဒီမိုကရေစီရေး အင်အားစုများ၏ လက်ချက်ဟု စစ်ထောက်လှမ်းရေးက သုံးသပ်။

❖ ၇–၄–၉၇။ ။ ရခိုင်ကွန်မြူနစ်ပါတီမှ ဦးစောထွန်းဦးနှင့် အဖွဲ့ဝင် ၂၈၉ ဦးတို့ နဝတ ထံလက်နက်ချ။

မေလ။

❖ ၈–၅–၉၇။ ။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာဒီဆိုတို ရန်ကုန်မြို့သို့ရောက်ရှိလာ။ ဒေါ်အောင်ဆန်းစုကြည် နဝတ တွင်း–၁၊ နဝတ နိုင်ငံခြားရေးဝန်ကြီးတို့နှင့် တွေ့ဆုံ။

❖ ၁၆–၅–၉၇။ ။ အမေရိကန်နိုင်ငံ ယူနိုကယ်ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာဂျွန်အစ္စမေးလ် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး နဝတ တွင်း–၁၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့် တွေ့ဆုံ။

❖ ၂၇–၅–၉၆။ ။ NLD ဗဟိုဌာနချုပ်တွင် ကျင်းပမည့် ရွေးကောက်ပွဲ ၇ နှစ်မြောက် အခမ်းအနား မကျင်းပနိုင် စေရန်အတွက် နဝတ စစ်တပ်က ပိတ်ဆို့တားဆီး။

စစ်တပ်ပိုင် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း MEC အားဖွဲ့စည်း။

ဇွန်လ။

❖ ၃–၆–၉၇။ ။ မွန်ပြည်သစ်ပါတီ (မြိတ်ဒေသ) တပ်ဖွဲ့ဝင်များ နဝတထံ လက်နက်ချအလင်းဝင်ရောက်။ (ဤအဖွဲ့သည် မူလက မွန်ပြည်သစ်ပါတီဝင် တပ်ဖွဲ့များသာဖြစ်ပြီး မွန်ပြည်သစ်ပါတီသည် နဝတနှင့် အပစ်အခတ်ရပ်စဲခြင်းအား ကန့်ကွက်၍ ခွဲထွက်သွားသော အဖွဲ့ဖြစ်သည်။)

❖ ၇–၆–၉၇။ ။ (အပစ်အခတ်ရပ်စဲရေး ဆွေးနွေးရာတွင် အဟန့်အတားမဖြစ်စေရန် နဝတမှ ငြိမ်းချမ်းရေး တမန်တော်များမှတဆင့် တောင်းဆိုလာသဖြင့်) 'မယ်သရောထာ သဘောတူညီချက်'မှ အချက်အမှတ် (၂,၃,၅,၇,၈,၁၀) တို့အား KNU ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးစောဘိုမြ မှ KNU အနေနှင့် လက်ခံထားခြင်းအား ပယ်ဖျက်ပေးလိုက်။ (နဝတမှ ထိုနှစ်ဦးသဘောတူညီချက်အား လူသိရှင်ကြားဖွင့်ချလိုက်သဖြင့် ၈–၇–၉၇ နေ့တွင် အဆိုပါ 'မယ်သရောထာ သဘောတူညီချက်' အားလုံးကို KNU မှ လက်ခံလိုက်နာမည်ဖြစ်ကြောင်း ကြေငြာချက် တဖန်ပြန်ထုတ်။)

❖ ၁၅–၆–၉၇။ ။ ယနေ့ထုတ် နဝတသတင်းစာများတွင် NLD မှ အမျိုးသားညီလာခံတွင် ပြန်လည် ဝင်ရောက်လိုကြောင်း လုပ်ကြံရေးသားထားသော သတင်းတပုဒ်ပါလာခဲ့။ (အဆိုပါသတင်းအား အတည်ပြုချက်ရယူနိုင်ရေး BBC သတင်းဌာနမှ ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ထံ ဖုန်းဖြင့်ဆက်သွယ်ရာ ဖုန်းလိုင်းဖြတ်တောက်ခံထားရ။ ထို့နောက် NLD ဆိပ်ကမ်းမြို့နယ်အမတ် ဒေါ်စမ်းစမ်းနှင့် အဆက်အသွယ်ရရှိခဲ့။ ဒေါ်စမ်းစမ်းမှ ထိုသတင်း မဟုတ်မှန်ကြောင်း အတည်ပြုပေး။ ဒေါ်စမ်းစမ်းအား တရားမဝင် ဆက်သွယ်သည်ဟုဆိုကာ စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးပြီး ထောင်ဒဏ် ၂၅ နှစ် အပစ်ပေးလိုက်။)

ဇူလိုင်လ။

❖ ၁–၇–၉၇။ ။ အင်္ဂလိပ်တို့ နှစ်ပေါင်း ၁၅၀ ကျော် အုပ်ချုပ်ခဲ့သော ဟောင်ကောင်ကျွန်း၊ တရုတ်ပြည်မကြီးနှင့် ပြန်လည်ပေါင်းစည်း။

❖ ၂–၇–၉၇။ ။ ထိုင်းဘတ်ငွေအား အမေရိကန်ဒေါ်လာနှင့် လဲလှယ်ရာတွင် ရှုန်းရှင်သတ်မှတ်ရာမှ ထိုင်းစီးပွားရေး အကြပ်အတည်း စတင်ခဲ့။ အာရှစီးပွားရေး ဂယက်စတင်။

❖ ၅–၇–၉၇။ ။ ကမ္ဘောဒီးယားတွင် ဝန်ကြီးချုပ်–၂ ဟွန်ဆန်ဦးဆောင်သော စစ်တပ်မှ အာဏာသိမ်းမှုဖြစ်ပွား။ ဝန်ကြီးချုပ်–၁ ရာနာရစ် ပြင်သစ်သို့ ရောက်ရှိနေချိန်ဖြစ်သည်။

❖ ၇–၇–၉၇။ ။ နဝတ တွင်း–၁ ဒုဗခကခင်ညွန့် သတင်းစာရှင်းလင်းပွဲလုပ်။ ဒေါ်အောင်ဆန်းစုကြည်သည် မောင်ဝမ်းကွဲတော်သူ ဦးချိုအောင်သန်းမှတဆင့် အနောက်နိုင်ငံများမှ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ရှစ်သောင်း အကူအညီရယူခဲ့ဟု စွပ်စွဲ။

❖ ၁၅–၇–၉၇။ ။ မြန်မာနှင့်လောတို့အား အာဆီယံအဖွဲ့ဝင်များအဖြစ် လက်ခံလိုက်။ မူလက ကမ္ဘောဒီးယား နိုင်ငံကိုပါ အဖွဲ့ဝင်အဖြစ် လက်ခံရန်ရှိသော်လည်း အာဏာသိမ်းမှု ဖြစ်ပွားခဲ့သဖြင့် ယာယီရွှေ့ဆိုင်းထားလိုက်။

❖ ၁၅–၇–၉၇။ ။ ကျပ်ငွေ ၅၀၀ တန် ငွေစက္ကူများ တရားဝင်အဖြစ်မှ ရပ်ဆိုင်းမည်ဟူသော ကောလာဟလများ နိုင်ငံတဝှမ်း ပျံ့နှံ့။ ကုန်ဈေးနှုန်းများ အဆမတန်မြင့်တက်သွား။ ၁–၆–၉၇ နေ့တွင် ရွှေဈေး ၃၄၂၀၀ ကျပ်ရှိရာမှ ၁၄–၇–၉၇ နေ့တွင် တလခွဲအတွင်း ၄၇၅၀၀ ကျပ်သို့ မြင့်တက်သွား။

❖ ၁၇–၇–၉၇။ ။ NLD ဥက္ကဋ္ဌနှင့် နဝတတွင်း–၁ တို့တွေ့ဆုံ။ ဒေါ်လာရှစ်သောင်းကိစ္စ မဟုတ်ကြောင်း ဦးအောင်ရွှေမှ ရှင်းပြ။ တခြားဘာမှမပါ။

❖ ၂၂–၇–၉၇။ ။ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီမှ တိုင်းပြည်သို့တင်ပြချက်တစောင် ထွက်လာ။ ၂၁ ရာစုသို့ ဘယ်လိုဖြတ်သန်းကြမလဲ။ (ပြည်တွင်းမှ ဖိအားပေးခြင်း၊ တိုက်တွန်းခြင်း၊ နားချခြင်းများဖြင့် နဝတအား စေ့စပ်ရေးစားပွဲဝိုင်းသို့ ခေါ်ယူရေး တင်ပြထား။)

❖ ၂၂–၇–၉၇။ ။ ‘အမျိုးသမီးများအား ခွဲခြားထားမှု မှန်သမျှ ပပျောက်ရေး ကွန်ဗင်းရှင်းအဖွဲ့ဝင်’ နိုင်ငံတနိုင်ငံ အဖြစ် မြန်မာနိုင်ငံ (နဝတ)မှ ပါဝင်လက်မှတ်ရေးထိုး။

❖ ၂၄–၇–၉၇။ ။ နဝတ ဥက္ကဋ္ဌဟောင်း ဗိုလ်ချုပ်ကြီးစောမောင် ၆၇ နှစ် ကွယ်လွန်။

ဩဂုတ်လ။

❖ ၁၂–၈–၉၇။ ။ မြန်မာတနိုင်ငံလုံးရှိ အခြေခံပညာ (ထက်/လယ်/မူ) ကျောင်းများ စတင်ဖွင့်လှစ်။ (ပုံမှန် ကျောင်းဖွင့်ရက်သည် ဇွန်လ ၁ ရက်နေ့ ဖြစ်သော်လည်း ရှစ်လေးလုံးရက်ကို ရှောင်ချင်သဖြင့် ယခုမှ ဖွင့်လှစ်ပေးခြင်း ဖြစ်သည်။)

❖ ၁၅–၈–၉၇။ ။ (ထိုင်းနိုင်ငံဘက်မှ တာဝန်ယူအကုန်အကျခံကား တည်ဆောက်ထားသော) ထိုင်း–မြန်မာ ချစ်ကြည်ရေးတံတား (မြဝတီ) စတင်ဖွင့်လှစ်။

❖ ၃၁–၈–၉၇။ ။ ဒိုင်ယာနာကွယ်လွန်။ ညဥ့်သန်းခေါင်အချိန် ပဲရစ်မြို့ ‘အဲလ်မား’တံတားကြီးအောက် လှိုဏ်ခေါင်းအတွင်း ယာဥ်တိုက်မှုကြောင့် (ဆေးရုံအရောက်)တွင် ကွယ်လွန်သွား။

စက်တင်ဘာလ။

❖ ၁၇–၉–၉၇။ ။ နဝတမှ NLD အဖွဲ့ (မည်သူနှင့်သာ ဆွေးနွေးလိုကြောင်း) ကမ်းလှမ်းချက်အား NLD မှ ပယ်ချလိုက်။ NLD မှ ကြေငြာချက်ထုတ်ပြန်။ တွေ့ဆုံဆွေးနွေးရာတွင် မိမိတို့ဘက်မှ ကိုယ်စားလှယ်အား မိမိတို့မှသာ လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိကြောင်း ဖော်ပြထား။

❖ ၂၃–၉–၉၇။ ။ အင်ဒိုနီးရှားသမ္မတဆူဟာတို၏ ဖိတ်ကြားချက်အရ ဦးနေဝင်း အင်ဒိုနီးရှားသို့ သွားရောက် လည်ပတ်။ (ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား တသက်လုံး အလေးမပြုခဲ့သော ဦးနေဝင်း) သည် ဂျာကာတာမြို့တွင် ဆူဟာတို၏မိန်းမ အုတ်ဂူအား သွားရောက်အလေးပြုခဲ့သည်။ (ထိုသတင်းများ အားလုံးအား နဝတသတင်းမီဒီယာများတွင် ဖော်ပြခဲ့ခြင်း မရှိပါ။)

❖ ၂၇–၉–၉၇။ ။ NLD ပါတီ၏ ၉ နှစ်မြောက် ပါတီမွေးနေ့နှင့် ညီလာခံအား ကျင်းပနိုင်ခဲ့။

အောက်တိုဘာလ။

❖ ၂၁–၁၀–၉၇။ ။ ဒေါ်အောင်ဆန်းစုကြည်သည် သာကေတမြို့နယ် NLD လူငယ်များ တာဝန်ပြန်လည် ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်။ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီးနောက် ပထမဆုံးသော နေအိမ်ပြင်ပ စည်းရုံးရေးခရီးစဉ်ဖြစ်သည်။ ယခုခရီးစဉ်အား အာဏာပိုင်များအနေနှင့် တားဆီးခဲ့ခြင်းမရှိသော်လည်း နောင် ခရီးစဉ်

များအား တားဆီးခဲ့။ (၂၈–၁၀–၉၇ မရမ်းကုန်း၊ ၅–၁၁–၉၇ တာမွေ၊ ၁၃–၁၁–၉၇ လှိုင်)

နိုဝင်ဘာလ။

❖ ၆–၁၁–၉၇။ ။ ထိုင်းတပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးချက်သာ ရန်ကုန်သို့ချစ်ကြည်ရေးခရီး လာရောက်။ ရန်ကုန်တွင် နဝတ တွင်း–၁ နှင့် တွေ့ဆုံစဉ် ဗခကချက်သာမှ 'နဝတအား ဆန့်ကျင်နေသော အင်အားစုများ ထိုင်းနယ်မြေကို အသုံးမချနိုင်ရေးအတွက် ပိတ်ပင်ဟန့်တားပေးပါမည်'ဟု ကတိပေး။

❖ ၁၁–၁၁–၉၇။ ။ မြန်မာအကျဉ်းထောင်တွင်းရှိ ထိုင်းအကျဉ်းသား ၉၈ ဦး (အများစုမှာ ငါးခိုးသမားများ ဖြစ်သည်) အား နဝတ မှ နှစ်နိုင်ငံချစ်ကြည်ရေးအတွက်ဟုဆိုကာ ပြန်လွှတ်ပေးခဲ့။

❖ ၁၅–၁၁–၉၇။ ။ 'နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ နဝတ' အား ဖျက်သိမ်းပြီး 'နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (နအဖ/နယက) အား ဖွဲ့စည်း။

❖ ၁၅–၁၁–၉၇။ ။ နဝတ အဖွဲ့မှ ထုတ်ပယ်ပစ်လိုက်သည့် ဗိုလ်ချုပ်များပါဝင်သော နအဖအကြံပေးအဖွဲ့အား ဖွဲ့စည်း။ (၁၀–၁၂–၉၇ နေ့တွင် သက်တမ်း ၂၅ ရက်အကြာတွင် အဆိုပါအဖွဲ့အား ဖျက်သိမ်းလိုက်။)

❖ ၁၅–၁၁–၉၇။ ။ နဝတအား ဖျက်သိမ်းပြီး၊ နအဖဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏ အာဘော် 'ပြည်သူ့အာဇာဂျာနယ်တွင် အောက်ပါအတိုင်း သုံးသပ်ထားသည်။ (၁) ပြည်သူတို့၏ စားဝတ်နေရေး တနေ့တခြား ခက်ခဲကြပ်တည်းလာပြီး ယင်းစီးပွားရေးအကြပ်အတည်းမှ နိုင်ငံရေးပေါက်ကွဲမှုဆီသို့ ဦးတည်သွားမည်ကို စိုးရိမ်လာခြင်း၊ (၂) ပြည်သူလူထုနှင့် စစ်အုပ်စုကြားတွင် စီးပွားရေးအရ နိုင်ငံရေးအရ၊ လူမှုရေးအရ ထိပ်တိုက်တိုးမှုများသည် ထက်များလာခြင်း၊ (၃) အရှေ့တောင်အာရှနိုင်ငံများ အပါအဝင် အရှေ့အာရှနိုင်ငံများအတွင်း ဖြစ်ပွားနေသော စီးပွားရေးဂယက်သည် စစ်အုပ်စုအား ခြိမ်းခြောက်လာခြင်း၊ (၄) လက်ရှိ လိပ်ခဲတည်းလည်း သောင်မတင်ရေမကျ အခြေအနေသည် ပြည်သူများအတွက်သာမက သူတို့အတွက်ပါ အကျိုးမရှိဘဲ အကျိုးယုတ်စေသည်ဟု မြင်လာခြင်း၊ (၅) တချိန်တည်းမှာပင် စစ်အုပ်စုအနေဖြင့် အပြောင်းအလဲလည်းလုပ်ခြင် ၎င်းတို့အောက်ခြေလွတ်မည်ကိုလည်း စိုးရိမ်နေသည့် အနေအထားအောက်တွင် သဏ္ဍာန်အရ အပြောင်းအလဲလည်း လုပ်ခြင်းဖြစ်သည်။ (၆) ပြည်ပဖိအား တစုံတရာ ပိုပြင်းထန်လာခြင်းတို့ကြောင့် ဖြစ်သည်။

❖ ၃၀–၁၁–၉၇။ ။ မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီမှ 'မန္တလေး နေ့စဉ်သတင်းစာ' စတင်ထုတ်ဝေ။

ဒီဇင်ဘာလ။

❖ ၁၁–၁၂–၉၇။ ။ နအဖအမိန့်အမှတ် ၁/၉၇ ထုတ်ပြန်။ ပစ်ဒဏ်ကျခံနေရသော နိုင်ငံသား အကျဉ်းသားများအား ပစ်ဒဏ်လျှော့ပေါ့ သတ်မှတ်ခြင်း။ သေဒဏ် တသက်တကျွန်း။ အနှစ် ၂၀ နှင့် နှစ်အကန့်အသတ်မရှိ စသည်တို့အား ၁၅နှစ်၊ တသက်တကျွန်း–၁၀ နှစ် အဖြစ် လျှော့ချ။

❖ ၆–၁၂–၉၇။ ။ နအဖ အမိန့်အမှတ် ၂/၉၇ ထုတ်ပြန်။ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နှင့် ဒု–ဥက္ကဋ္ဌ တို့အား ပြောင်းလဲတာဝန်ပေးအပ်ခြင်း။

❖ ၁၂–၁၂–၉၇။ ။NLD ဒု–ဥက္ကဋ္ဌ ဦးကြည်မောင် နုတ်ထွက်သွားပြီဟု နအဖမှ ကြေငြာ။ နုတ်ထွက်ခြင်းမဟုတ် အသက်အရွယ်အရ နားနေခြင်းသာဖြစ်ပြီး ပါတီတာဝန်များ လျှော့ယူပြီး ဆက်လက်တာဝန်ထမ်းနေဆဲဟု NLD မှ ကြေငြာ။

❖ ၁၆–၁၂–၉၇။ ။ ကွာလာလမ်ပူမြို့တွင် အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်နေသော နအဖ ဥက္ကဋ္ဌ ဗခမကသန်းရွှေ၊ တွင်း–၁ ဒုဗခက ခင်ညွန့်တို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံ။

❖ ၁၈–၁၂–၉၇။ ။ နအဖ ပြည်ထဲရေးဝန်ကြီး ဗမကတင်လှိုင်သည် NLD ပါတီမှ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ၅ ဦးတို့အား ခေါ်ယူတွေ့ဆုံ။ လူထုအား ဆူပူအောင်ဖန်တီးနေမှုများနှင့် အဓိပ္ပါယ်မရှိသော တွေ့ဆုံဆွေးနွေး အဖြေရှာရေးများအား လက်လျှော့လိုက်ရန် ခေါ်ပြော။ ဒီဇင်ဘာလ မြန်မာနိုင်ငံ 'ဘင်းစတက် (BIMST) အဖွဲ့ဝင်ဖြစ်။ ထိုအဖွဲ့အား ၁၉၉၅ ခုနှစ်တွင် စတင် ဖွဲ့စည်းခဲ့ပြီး စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်။

❏ ❏ ❏ ❏ ❏ ❏ ❏

# ၁၉၉၈ ခုနှစ်အတွင်း မြန်မာနိုင်ငံသတင်းများ

ဇန်နဝါရီလ

❖ ၂–၁–၉၈။ ။ ဗိုလ်ချုပ်ထွန်းကြည်၊ ကျော်ဘအုပ်စုနှင့် ပတ်သက်နေသော ပြည်နယ်/တိုင်း ရဲမှူးကြီး ၅ ယောက်တို့အား နအဖမှ ပင်စင်ပေးလိုက်။

❖ ၇–၁–၉၈။ ။ 'ဝ' ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP ၏ မဟာမိတ်ဆက်ဆံရေးတာဝန်ခံ ဗိုလ်မှူး စိုင်းပေါက်သည် မယ်သရောထာ ဆွေးနွေးပွဲမှအပြန် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရသည်။ (၎င်းသည် မယ်သရောထာရလဒ် ထိန်းသိမ်းဖော်ဆောင်ရေး ကော်မတီဝင် ၆ ဦးအနက် ပါဝင်တာဝန်ယူရသူ ဖြစ်သည်။

❖ ၉–၁–၉၈။ ။ နအဖမှ နားခိုင်းလိုက်သော ဒု–ဗခက စိန်အောင် သေ။

❖ ၁၆–၁–၉၈။ ။ (ကြံ့/ဖွံ့) အသင်း အထူးမွမ်းမံသင်တန်း အမှတ်စဉ် ၁၊ သင်တန်းဖွင့်ပွဲတွင် နအဖဥက္ကဋ္ဌ ဗခမကသန်းရွှေတက်ရောက်ပြီး နိုင်ငံတော်အခွန့်ရှည်ပြီး အေးချမ်းသာယာဖွံ့ဖြိုးစေရန် အမျိုးသားကာကွယ်ရေး စွမ်းရည်ကို မြှင့်တင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးစွမ်းအင်၊ စီးပွားရေးစွမ်းအင်၊ ကာကွယ်ရေးစွမ်းအင် သုံးပါးစလုံး ဟန်ချက်ညီညီ တိုးတက်အောင် လုပ်ဆောင်နေကြောင်း၊ ပြည်တွင်း/ပြည်ပ အဖျက်သမားများ၏ လက်ဦးမှု လုံးဝမရှိစေရန် မပြတ်မလပ်သည့် သတိတရား လက်ကိုင်ထားရမည်ဖြစ်ကြောင်း၊ အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများ ပျက်ပြားစေရန် အဖျက်သမားတို့က လုပ်ကြံဖျက်ဆီးနေကြောင်း စသဖြင့် ပြောကြားသွားခဲ့သည်။ (NLM 15.01.98)

❖ ၁၆–၁–၉၈။ ။ စစ်ထောက်လှမ်းရေးနှင့် ထွန်းဖောင်ဒေးရှင်းတို့ ဦးစီးကျင်းပသည့် 'လက်ရှိ မြန်မာ့စီးပွားရေး အခြေအနေအပေါ် သုံးသပ်ချက်' ဆွေးနွေးပွဲအား ရန်ကုန်မြို့ တပ်မတော်ထောက်လှမ်းရေးဂေဟာတွင် ကျင်းပ။ ပညာရှင်များနှင့် စစ်ထောက်လှမ်းရေးတို့ ဦးဆောင်ဆွေးနွေး။

❖ ၂၀–၁–၉၈။ ။ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူး မစ္စတာအယ်လ်ဗာရိုဒီဆိုတို ရန်ကုန်မြို့သို့ ရောက်ရှိ။

❖ ၂၁–၁–၉၈။ ။ ရှမ်းပြည်နယ်၊ နောင်ချိုမြို့ ကတီပီကျောင်း ဆရာတော်မှ ပြင်ပဖြေ ၁၀ တန်း ကျောင်းသားများ အတွက် ရည်ရွယ်ဖွင့်လှစ်ထားသော 'အာဇာနည်ပျိုးခင်း' ကျောင်းလေးအား အာဏာပိုင်များမှ မည်သည့် အကြောင်း ပြချက်မှ မပေးဘဲ ကျောင်းကိုပိတ်ခိုင်းလိုက်သည်။ (AB-NA 05.02.98)

❖ ၂၃–၁–၉၈။ ။ နအဖဥက္ကဋ္ဌ ဗခမကသန်းရွှေနှင့် ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူး မစ္စတာ အယ်လ်ဗာရိုဒီဆိုတိုတို့ ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ တွေ့ဆုံသည်။ (NLM 24.01.98)

❖ ၂၃–၁–၉၈။ ။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အထက–၁ မှ ကျောင်းသူ၊ ကျောင်းသား ၁၅၀ ကျော်ခန့်သည် ကျောက်ဖြူမြို့အတွင်း စီတန်းလှည့်လည် ဆန္ဒပြကြသည်။ (ထိုသို့ဆန္ဒမပြမီတရက် ည ၁၀ နာရီခန့်တွင် ကျောက်ဖြူ အထက–၁ မှ ၁၀ တန်းကျောင်းသား မောင်မျိုးဝင်းကျော်နှင့်မိခင်တို့ စီးနင်းလာသည့် စက်ဘီးနှင့် ကျောက်ဖြူရဲစခန်းမှ ရဲသားတဦးအား မတော်တဆတိုက်မိသည်။ ထို့နောက် ရဲသား ၃ ဦးက ၎င်းကျောင်းသားအား ဝိုင်းဝန်းထိုးကြိတ်ပြီး ရဲစခန်းသို့ခေါ်သွားသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ မကျေနပ်ရာမှ ဆန္ဒပြကြခြင်း ဖြစ်သည်။)

❖ ၂၆–၁–၉၈။ ။ မြန်မာ့အမျိုးသမီးသမဂ္ဂ BWU ပထမအကြိမ် ညီလာခံ၏ ကြေညာချက်ထုတ်ပြန်။ အဆိုပါ ညီလာခံမှ ဥက္ကဋ္ဌမိဆူးပွင့်၊ အထွေထွေအတွင်းရေးမှူး မနန်းယဉ်၊ အတွင်းရေးမှူးမစန်းစန်းချိုနှင့် မအေးအေးခိုင်၊ နော်လေးဒီ၊ မအေးအေးမာ၊ မလွင်လွင်ဦးတို့ ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်ခဲ့ကြသည်။

❖ ၂၇–၁–၉၈။ ။ နအဖလေကြောင်းပိုင် လေယာဉ်တစီး သံတွဲလေဆိပ်မှအတက် အရှိန်ယူစဉ် တောင်ပံနှင့် တောင်နံရံ တိုက်မိ။ လူ ၇ ဦးထက်မနည်း သေဆုံးသွားပြီး လူအတော်များများလည်း ဒဏ်ရာရရှိသွားသည်။ ခရီးသည် ၄၀ နှင့် လေယာဉ်အမှုထမ်းများ လိုက်ပါလာခြင်းဖြစ်သည်။

❖ ၃၀–၁–၉၈။ ။ မြန်မာနိုင်ငံတွင် ရင်းနှီးမြုပ်နှံလုပ်ကိုင်နေသော ယူနိုကယ်မွဏီအား မြန်မာနိုင်ငံတွင် လုပ်ကိုင်နေသည့် လုပ်ငန်းများရပ်ဆိုင်းရန် လူ့အခွင့်အရေးအဖွဲ့များ၏ တရားစွဲတောင်းဆိုချက်ကို အမေရိကန် ပြည်ထောင်စု တရားသူကြီးဌာနမှ ပယ်ချလိုက်သည်။

ဖေဖော်ဝါရီလ။

❖ ၁–၂–၉၈။ ။ ထိုင်း–မြန်မာနယ်စပ်တွင် ထိုင်းမြို့ပြလေယာဥ်တစီးအား မြန်မာတပ်များက သေနတ်ဖြင့် ပစ်ခတ်လိုက်သည်။ (မဲဆောက်မြို့အနီး သောင်ရင်းမြစ်တွင် ပေါ်ထွန်းလာသည့် ကျွန်းတကျွန်းကို ထိုင်းတပ်များ ဝင်လာပြီးနောက် မြဝတီရှိ မြန်မာစစ်တပ်များက လက်တုံ့ပြန်တိုက်ခိုက်မည်ဟု ခြိမ်းခြောက်မှုများ ရှိခဲ့သည်။)

❖ ၂–၂–၉၈။ ။ သတ္တုတွင်းဝန်ကြီးဌာန လက်အောက်ခံ ရှမ်းပြည်မြောက်ပိုင်း၊ နမ္မတူဘော်တွင်းမှ အလုပ်သမားများနှင့် မိသားစုများ အပါအဝင် လူဦးရေရှစ်ထောင်ကျော်သည် ယနေ့နံနက် အလုပ်ဆင်းချိန်မှစပြီး အခြေခံစားဝတ်နေရေး ကြပ်တည်းရခြင်း၊ အလုပ်သမားများ၏ ရပိုင်ခွင့်များ ဆုံးရှုံးရခြင်းတို့ကြောင့် ဆန္ဒပြတောင်းဆိုမှုတခု ပြုလုပ်ကြသည်။ တောင်းဆိုချက် ၁၁ ချက်ကို တောင်းဆိုခဲ့သည်ဟု သိရသည်။ (AB,NA 05.02.98)

❖ ၁၀–၂–၉၈။ ။ နမ္မတူဘော်တွင်း အလုပ်သမားဆန္ဒပြမှုနှင့် ပတ်သက်၍ သတ္တုတွင်း ဒု–ဝန်ကြီး ဦးမြင့်သိန်းသည် ယနေ့ရောက်ရှိလာပြီး အလုပ်သမားများနှင့် တွေ့ဆုံဆွေးနွေးသော်လည်း အလုပ်သမားများ၏ အဓိကတောင်းဆိုချက်များကို မလိုက်လျောခဲ့သဖြင့် မကျေနပ်မှုများ ပိုမိုတိုးပွားခဲ့ရသည်။ (AB ,NA 05.02.98)

❖ ၁၀–၂–၉၈။ ။ ၁၉၈၉ ဖေဖေါ်ဝါရီလတွင် စတင်တည်ထောင်ခဲ့ပြီး တိုင်းရင်းသားပါတီပေါင်း ၂၃ ပါတီ စုစည်းထားသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးစုများ ဒီမိုကရေစီအဖွဲ့ချုပ် UNLD သည် ၁၉၉၂ မတ်လ ၁၁ ရက်နေ့တွင် အစမ္မဖျက်သိမ်းခံခဲ့ရပြီး လွတ်မြောက်နယ်မြေရောက် တိုင်းရင်းသား ၁၀ ပါတီ၏ ခေါင်းဆောင်များက UNLD - LA) ကို ယနေ့ဖွဲ့စည်းလိုက်သည်။

❖ ၁၈–၂–၉၈။ ။ စာရေးဆရာ 'ဆရာမြသန်းတင့် ၆၈ နှစ်' ကွယ်လွန်။

❖ ၁၈–၂–၉၈။ ။ NLD ရန်ကုန်တိုင်း စည်းရုံးရေးကော်မတီဝင် ဦးသိန်းတင် 'စာရေးဆရာ တင်သိန်းမောင် (ခ) ပထဝီ မောင်တင်' အင်းစိန်ထောင်အတွင်း ကျဆုံးသွား။

❖ ၁၉–၂–၉၈။ ။ မွန်ပြည်သစ်ပါတီသည် ပြီးခဲ့သည့်နှစ်ဆန်းပိုင်းက အတိုက်အခံအင်အားစုများ၏ မယ်သရောထာ သဘောတူညီချက်တွင် လက်မှတ်ရေးထိုးပြီးနောက်တွင် နအဖ အာဏာပိုင်များက မွန်ပြည်သစ်ပါတီ၏ နိုင်ငံခြားသို့ တင်ပို့ရန် အသင့်ဖြစ်နေသော ကျပ်သိန်း ၂၀၀၀ ကျော်ဖိုးရှိ သစ်တန်ပေါင်းများစွာ ရပ်ဆိုင်းခံခဲ့ရသည်။

ဖေဖော်ဝါရီလအတွင်း စင်္ကာပူနိုင်ငံသည် နအဖ ကာကွယ်ရေးဝန်ကြီးဌာနသို့ လက်နက်အသင့် ထုတ်လုပ်နိုင်သည့် စက်ရုံတရုံအား ပို့ပေးခဲ့သည်။ ထိုစက်ရုံမှ EMERK–၁ ရိုင်ဖယ်များအပြင် အပေ့ါစား စက်သေနတ်များ Light Machine Gun အထိ ထုတ်လုပ်ဖွယ်ရှိကြောင်း Jame's Defence Weekly စာစောင်တွင် ရေးသားထားသည်။ (JDF 22.2..98)

မတ်လ။

❖ ၀၂–၀၃–၉၈။ ။ နအဖမှ သတင်းစာရှင်းလင်းပွဲကျင်းပ။ ရန်ကုန်မြို့အပါအဝင် လူစည်ကားရာ မြို့ကြီးများ၊ နိုင်ငံတော်အကြီးအကဲများ၊ အာဆီယံနိုင်ငံ သံရုံးများအား ဖောက်ခွဲဖျက်ဆီး၍ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် အတွက် ABSDF အဖွဲ့မှ စေလွှတ်လိုက်သော ကိုသိန်း (ခ) သိန်းထွန်းနှင့် အပေါင်းပါများအား ဖမ်းဆီးရမိကြောင်း၊ ထိုအဖွဲ့တွင် NLD ပါတီဝင်များ ပါဝင်ပတ်သက်နေကြောင်း စစ်ထောက်လှမ်းရေး ဗမကကျော်သိန်းမှ ပြောဆိုသည်။ (ကိုသိန်းသည် ကုလသမဂ္ဂအထူးကိုယ်စားလှယ်အယ်လ်ဗာရိုဒီဆိုတိုထံ လူ့အခွင့်အရေးနှင့်ပတ်သက်သည့် အစီရင်ခံစာ ပေးပို့ရန် ကြိုးစားခဲ့မှုဖြင့် အပြစ်ဒဏ်ချမှတ်ခံရခြင်း ဖြစ်ကြောင်း ABSDF မှ ဧပြီလ ၂၉ ရက်နေ့တွင် ကြေငြာချက်တစောင် ထုတ်ပြန်ခဲ့သည်။)

❖ ၉–၀၃–၉၈။ ။ အင်းစိန်ထောင်အတွင်း ၁၂–၂–၉၈ နေ့တွင် ကွယ်လွန်သွားသော NLD ပါတီမှ ဦးသိန်းတင် "စာရေးဆရာ ပထဝီမောင်တင် (ခ) တင်သိန်းမောင်" မှာ အာဏာပိုင်များ ပြောသကဲ့သို့ သွေးကင်ဆာရောဂါဖြင့် ကွယ်လွန်ခြင်းမဟုတ်ဘဲ ထောင်အတွင်း ညှဥ်းပန်းနှိပ်စက်ခံရ၍ သေဆုံးရခြင်းသာဖြစ်ကြောင်း ABSDF မှ ကြေငြာချက် တစောင် ထုတ်ပြန်သည်။

❖ ၁၀–၃–၉၈။ ။ မလေးရှားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဘာဒါဝီ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ၂ နာရီကြာမျှ တွေ့ဆုံခဲ့။

❖ ၁၁–၃–၉၈။ ။DKBA အဖွဲ့သည် ထိုင်းနယ်မြေအတွင်းရှိ 'ဟွေးကလုတ်' ဒုက္ခသည်စခန်းအား ဝင်ရောက်တိုက်ခိုက်။ ဒုက္ခသည် ၂ ဦး သေဆုံးပြီး ၅၀ ကျော် ဒဏ်ရာရခဲ့သည်။

❖ ၁၂–၀၃–၉၈။ ။ "မြန်မာနိုင်ငံတွင် ငွေဖောင်းပွမှုတိုးများလာပြီး လူမှုရေး မတည်မငြိမ်ဖြစ်လာရသည်မှာ စစ်အစိုးရ၏ စီမံခန့်ခွဲမှု ညံ့ဖျင်း၍ ဖြစ်ရကြောင်း၊ ထို့ကြောင့် စစ်အစိုးရ ချုပ်ကိုင်ထားသော မြန်မာနိုင်ငံတွင် စီးပွားရေးရင်းနှီးမြှုပ်နှံလျှင် အကျိုးရှိမည်မဟုတ်ကြောင်း" ဒေါ်အောင်ဆန်းစုကြည်မှ ပြောဆိုသည်။ (TN 12.03.98)

❖ ၁၄–၃–၉၈။ ။DKBA အဖွဲ့သည် ထိုင်းနယ်မြေအတွင်းရှိ 'မယ်လ (ဘဲကလော်)' ဒုက္ခသည်စခန်းအား ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

❖ ၁၈–၃–၉၈။ ။ တရုတ်နိုင်ငံတွင် ဝန်ကြီးချုပ်အသစ်ခန့်အပ်။ လက်ရှိဝန်ကြီးချုပ် လီပင်း၏နေရာတွင် ဝန်ကြီးချုပ်အသစ်အဖြစ် ဂျူရောင်းဂျီ (Zhu Rong Ji) အား ခန့်အပ်လိုက်။ ဂျူ ၆၉ နှစ်သည် ၁၉၂၈ ခုနှစ်တွင် ဆင်းရဲသော မိသားစုမှ မွေးဖွား။ လျှပ်စစ်အင်ဂျင်နီယာဘွဲ့ရရှိ။ တရုတ်ပြည် လွတ်မြောက်ရေးလှုပ်ရှားမှုတွင် ကျောင်းသားခေါင်းဆောင်တဦးအနေနှင့် ပါဝင်ခဲ့။ ၁၉၄၉ ခုနှစ်တွင် ကွန်မြူနစ်ပါတီ (တရုတ်ပြည်) အဖွဲ့ဝင်ဖြစ်လာ။ ၁၉၅၇ ခုနှစ်တွင် အစိုးရ၏ ပေါ်လစီများအား ဝေဖန်ခဲ့မှုအတွက် လက်ျာဝါဒီတဦးအဖြစ် ဝေဖန်ခံရ။ ယဉ်ကျေးမှုတော်လှန် ရေးကာလတွင် တရုတ်ပြည်မြောက်ပိုင်းသို့ အပို့ခံရ။ ၁၉၇၉ ခုနှစ်တွင် မူလတာဝန်များ ပြန်ထမ်းဆောင်ခွင့် ရရှိ။ ၁၉၈၇ ခုနှစ်တွင် ရှန်ဟိုင်းမြို့တော်ဝန်။ ၁၉၉၁ ခုနှစ်တွင် ဒုတိယဝန်ကြီးချုပ် တာဝန်များ ထမ်းဆောင်ခဲ့။

❖ ၂၀–၀၃–၉၈။ ။ မကြာမီက ထိုင်းနိုင်ငံအတွင်းရှိ ကရင်ဒုက္ခသည် စခန်းများအား DKBA အဖွဲ့မှ ဝင်ရောက်တိုက်ခိုက်နိုင်ခြင်းမှာ ထိုင်းအစိုးရ၏ လုံခြုံရေးစီမံချက် ညံ့ဖျင်း၍ဖြစ်ရကြောင်း ထိုဒေသသို့ သွားရောက်စစ်ဆေးခဲ့သူ ထိုင်းအမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးမှ ဝန်ခံပြောဆိုသည်။ (BBC 20.03.98)

❖ ၂၁–၀၃–၉၈။ ။ International Herald Tribure စာစောင်တွင် ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်ရေးအတွင်းရေးမှူးဟောင်း မသီဂီမှ ဆောင်းပါးတပုဒ်ရေးသားရာ 'စစ်အစိုးရအား ဝေဘန်ပြစ်တင်ရုံနှင့် မပြီးကြောင်း လူထုကို ဆင်းရဲတွင်းနစ်စေမည့် အသိကင်းသည့် စိတ်ကူးယဉ်မှုများနောက် မလိုက်ကြရန်လိုကြောင်း ဒီမိုကရေစီရေး လှုပ်ရှားနေသော အဖွဲ့များအနေနှင့် မဟာဗျူဟာများကို ပြန်လည်ဆန်းစစ်ပြီး အလုပ်ဖြစ်သည့် ဗျူဟာများကို ပြောင်းသင့်လျှင် ပြောင်းဖို့လိုကြောင်း' ရေးသားထားသည်။ (IHT 20.03.98)

❖ ၂၄–၃–၉၈။ ။ စင်္ကာပူနိုင်ငံဝန်ကြီးချုပ် ဂိုချုပ်တောင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်။

❖ ၂၇–၃–၉၈။ ။ ၅၃–နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားတွင် ဗခမကသန်းရွှေမှ မိန့်ခွန်းပြောရာတွင် "မြေပေါ်မှာရှိတဲ့ ဘယ်နိုင်ငံရေးပါတီပဲဖြစ်ဖြစ် တို့နိုင်ငံသား၊ တိုတိုင်းရင်းသားတွေပဲ ဖြစ်ကြတယ်။ တို့ဟာ ယုံကြည်ချက်ချင်း၊ ခံယူချက်ချင်း တူညီချင်မှတူညီမှာ ဖြစ်သော်လည်းပဲ သူတို့အပေါ်မှာ အာဃာတစိတ်ထားမျိုး ထားစရာအကြောင်းမရှိဘူး။ ယနေ့ အခြေအနေမပေးသေးပေမယ့် တချိန်မှာ အမျိုးသားစည်းလုံးညီညွတ်မှုအတွက် နိုင်ငံရဲ့ နိုင်ငံရေးအင်အားစုများကို စည်းလုံးညီညွတ်မှုရအောင် ကြိုးစားသွားကြရမှာ ဖြစ်တယ်။" ဟု ပြောဆိုခဲ့။

❖ – နအဖသည် KNU တပ်မဟာ ၆ မှ လက်နက်ချများအား စုစည်း၍ ကရင်အမျိုးသား ငြိမ်းချမ်းရေးတပ်မတော် NKPA ဟူ၍ ဖွဲ့စည်းပေးလိုက်ပြီး ဘုရားသုံးဆူဒေသတွင် လှုပ်ရှားခွင့်ပေးထားသည်။ ၎င်းအဖွဲ့မှာ လက်နက်အပြည့်အစုံနှင့် အင်အား ၇၀ ခန့်ရှိသည်။ (AB,NA 22.05.98)

ဧပြီလ။

❖ ၆–၄–၉၈။ ။ ပါကစ္စတန်နိုင်ငံမှ 'ဂေါ်ရီဒုံးပျံ' ကို အောင်မြင်စွာလွှတ်တင်ခဲ့။ (အိန္ဒိယမှ ၃၅ ရက်အကြာတွင် တန်ပြန်ဒုံးပျံ လွှတ်တင်လိုက်ခြင်းဖြင့် တောင်အာရှဒေသအတွင်း တင်းမာမှု စတင်ဖြစ်ပွားခဲ့။)

❖ ၈–၄–၉၈။ ။ KNU ဗဟို ဦးဆောင်ကော်မတီဝင် ပဒိုအောင်ဆန်း လက်နက်ချသွားခြင်းနှင့် ပတ်သက်၍ KNU မှ ကြေငြာချက်တစောင် ထုတ်ပြန်သည်။ 'ပဒိုအောင်ဆန်း လက်နက်ချအညံ့ခံသွားခြင်းသည် ကရင့်တော်လှန်ရေးအား ခုတုံးလုပ်ပြီး ကိုယ်ကျိုးရှာသည့် အချောင်သမားဇာတိရုပ်ကို ဖုံးကွယ်မထားနိုင်၍ ဖြစ်ကြောင်း အချောင်သမားများက လက်နက်ချသွားသော်လည်း ကရင့်တော်လှန်ရေးမှာ ပိုမိုအားကောင်းလျက်ပင်ရှိကြောင်း' ကြေငြာချက်တွင် ဖော်ပြထားသည်။

❖ ၁၅–၄–၉၈။ ။ ခမာနီခေါင်းဆောင် 'ပိုပေါ့' ၆၃နှစ် တောတွင်းစခန်းတခုတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွား။

❖ ၁၇–၄–၉၈။ ။ KNU ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် တဦးဖြစ်သော 'ပဒိုအောင်ဆန်း' နှင့်အဖွဲ့ နအဖထံ လက်နက်ချသော အခမ်းအနားအား ဘားအံမြို့တွင် ကျင်းပသည်။ လူအင်အား ၂၁၃ ဦးနှင့် လက်နက်မျိုးစုံ ၅၁ လက်ကို နအဖထံ အပ်နှံကြောင်း နအဖ သတင်းစာများတွင် ဖော်ပြထားသည်။

❖ ၂၀–၄–၉၈။ ။ မှ ၂၄–၄–၉၈ အထိ အာရှဒေသ စားနပ်ရိက္ခာညီလာခံ ရန်ကုန်တွင် ကျင်းပ။ နဝတ/နအဖ လက်ထက်တွင် နိုင်ငံတကာအဆင့်ညီလာခံ တခုမြန်မာပြည်တွင် ပထမဆုံးကျင်းပခြင်းဖြစ်ပြီး ဤညီလာခံကျင်းပနိုင်ခြင်း အတွက် မြန်မာနိုင်ငံအနေဖြင့် ဂုဏ်သိက္ခာတက်လာခဲ့ရသည်ဟု ဒု–ဗခကခင်ညွန့်မှ ထူးဆန်းစွာပြောဆို။

❖ ၃၀–၄–၉၈။ ။ ဗြိတိန်နှင့် ဩစတေးလျ နိုင်ငံသား 'ဂျိမ်းမော်စလေ' အား မော်လမြိုင်မြို့တွင် နအဖ စစ်အစိုးရဆန့်ကျင်ရေး စာရွက်စာတမ်းများ ဖြန့်ဝေနေစဉ် စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးလိုက်။ "၎င်းအား ၁၅–၅–၉၈ နေ့တွင် ထောင်ဒဏ် ၅ နှစ် ချမှတ်လိုက်။ ၆–၈–၉၈ နေ့တွင် ၎င်း၏ဖခင်က မေတ္တာရပ်ခံချက်အရ နအဖမှ ပြန်လွှတ်ပေးလိုက်။"

မေလ။

❖ ၁၁–၅–၉၈။ ။ အိန္ဒိယသည် (၁၈–၅–၇၄ ကတည်းက ရပ်ထားခဲ့သော) နျူးကလီးယား စမ်းသပ်မှုအား (ပါကစ္စတန်ကို တုံ့ပြန်သောအားဖြင့်) ယနေ့တနေ့ထဲမှာပင် ၃ ကြိမ် ၁၃–၅–၉၈ နေ့တွင် နှစ်ကြိမ် စမ်းသပ်ဖောက်ခွဲခဲ့။ ဖောက်ခွဲအပြီး အိန္ဒိယဝန်ကြီးချုပ် ဗာ့ဂျ်ပါရီက အမေရိကန်သမ္မတထံ (လျှို့ဝှက်အဆင့်) စာတစောင်ရေး။ စာထဲတွင် နျူကလီးယား စမ်းသပ်ဖောက်ခွဲဖို့ ဆုံးဖြတ်ရတာဟာ တရုတ်နိုင်ငံနဲ့ ဆက်ဆံရေးမှာ မယုံကြည်မှုအခြေအနေများ ရှိနေတဲ့အတွက်ကြောင့်လို့ ရေးသားထား။ လျှို့ဝှက်အဆင့်မြင့်စာ ဖြစ်သော်လည်း အမေရိကန်သမ္မတ ကလင်တန်မှ ထိုစာကို သတင်းဌာနများထံ အစီအစဉ်ရှိရှိ ပေါက်ကြားပေးလိုက်။

❖ ၁၁–၅–၉၈။ ။ နအဖ သည် တနင်္သာရီတိုင်း၊ ဘုတ်ပြင်းမြို့နယ်အတွင်း စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်အမှတ် (စကခ – ၁၃) အား မေလ ပထမပတ်အတွင်း ဖွင့်လှစ်လိုက်သည်။ (စကခ) လက်အောက်ခံ တပ်များအား ထုတ်နုတ် အင်အားများဖြင့် ဖွဲ့စည်းခြင်းဖြစ်ပြီး အင်အားအပြည့် ဖြစ်စေရန် အဓမ္မစစ်သားစုဆောင်းသည့် နည်းများအား ကျင့်သုံး မည်ဖြစ်၍ ဒေသခံလူထုမှာ ယခု (စကခ) အသစ်အတွက် အသက်မရှူနိုင် ဖြစ်နေကြရသည်။ (AB,NA 11.05.98)

❖ ၁၃–၅–၉၈။ ။ အင်ဒိုနီးရှားနိုင်ငံတွင် ရဲတို့၏လက်ချက်ဖြင့် ဆန္ဒပြကျောင်းသား ၆ ဦး သေဆုံးခဲ့ရခြင်း အတွက် ကန့်ကွက်ကြောင်း အစိုးရအနေနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများအား အေးချမ်းစွာဖြေရှင်းရန် ကျန်အာဆီယံ နိုင်ငံများ အနေဖြင့်လည်း ဤကိစ္စအပေါ် ဖိအားပေးရန်တောင်းဆိုကြောင်း ABSDF မှ ကြေငြာချက်တစောင် ထုတ်ပြန်သည်။

❖ ၂၁–၅–၉၈။ ။ အင်ဒိုနီးရှားနိုင်ငံတွင် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ကျောင်းသားလူငယ်များ အသေခံတိုက်ပွဲဝင်မှု တို့ကြောင့် စစ်အာဏာရှင်ကြီး ဆူဟာတို ရာထူးမှ နုတ်ထွက်ပေးလိုက်ရသည်။ ဆူဟာတိုသည် ၁၉၆၇ ခုနှစ်မှ စတင်၍ တိုင်းပြည်အား အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်ခဲ့သူဖြစ်သည်။ ၎င်း၏နေရာတွင် ဒု–သမ္မတဟာဘီဘီ အစားထိုးဝင်ရောက် လာသည်။

❖ ၂၁–၅–၉၈။ ။ ယနေ့ညနေ ၄ နာရီတွင် မန္တလေးမြို့၊ မြို့မရုပ်ရှင်ရုံတွင် ရုပ်ရှင်ပြသနေစဉ် ဗုံးတလုံး ပေါက်ကွဲခဲ့ရာ အမျိုးသမီးတဦး သေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိသွားသည်။

❖ ၂၇–၅–၉၈။ ။ သာယာဝတီထောင်တွင် နိုင်ငံရေးအကျဉ်းသားတဦးဖြစ်သူ ကိုအောင်ကျော်မိုးသည် ထောင်တွင်း အကျဉ်းသားများအခွင့်အရေးအတွက် အစာတော်ခံ ဆန္ဒပြတိုက်ပွဲဝင်ရင်း ကျဆုံးသွားခဲ့သည်။ ကိုကိုးကျွန်း ကျွန်းစနစ် ဖျက်သိမ်းရေးပွဲ ၁၉၇၁ နောက်ပိုင်း အစာတော်ခံဆန္ဒပြတိုက်ပွဲတွင် ပထမဦးဆုံးကျဆုံးသော အကျဉ်းသား တယောက်ဖြစ်သည်။ ကိုအောင်ကျော်မိုးသည် GTI ကျောင်းဆင်း လူငယ်တယောက်ဖြစ်ပြီး ၁၉၈၉၊ ဇူလိုင်လတွင် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်သည်ဟုဆိုကာ ထောင်ဒဏ် ၁၀ နှစ် အပြစ်ပေးခံခဲ့ရသူတဦး ဖြစ်သည်။ ၎င်း ကျဆုံးချိန်တွင် ထောင်လွတ်ရက်ကျော်လွန်သွားပြီ ဖြစ်သော်လည်း အာဏာပိုင်များက လွှတ်မပေးဘဲ ဆက်လက် ချုပ်နှောင်ထားဆဲဖြစ်သည်။

❖ ၂၇–၅–၉၈။ ။ NLD ပါတီ ဗဟိုဌာနချုပ်တွင် ရွေးကောက်ပွဲ ၈ နှစ်မြောက် အခမ်းအနားအား အာဏာပိုင်များ၏

တားဆီးနှောင့်ယှက်မှု အမျိုးမျိုးကြားမှ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ (ဤအစည်းအဝေးမှ လွှတ်တော်ခေါ်ယူ ဖွဲ့စည်းပေးရေး တောင်းဆိုချက်မှ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဖွဲ့စည်းနိုင်သည်အထိ ညှိနှိုင်းနိုင်ခဲ့သော အစည်းအဝေးဖြစ်သည်။)

❖ ၂၉–၅–၉၈။ ။ ဘရူနိုင်းနိုင်ငံဘုရင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်။

ဇွန်လ။

❖ ၈–၆–၉၈။ ။ ရန်ကုန်မြို့ရှိ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၏ ဇနီးသည်များ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်တွင် ပထမဆုံးအကြိမ် လာရောက်လည်ပတ် ဆွေးနွေးခဲ့။

❖ ၁၀–၆–၉၈။ ။ ALD ဥက္ကဋ္ဌ၊ MNLD ဥက္ကဋ္ဌ၊ ZNC ဥက္ကဋ္ဌ၊ SNLD ဥက္ကဋ္ဌတို့မှ ၉၀ ခုနှစ် ရွေးကောက်ပွဲ ရလဒ်အပေါ် အခြေခံပြီး ပြည်သူ့လွှတ်တော် ခေါ်ယူဖွဲ့စည်းပေးရန် တောင်းဆိုသော စာတစောင်အား နအဖဥက္ကဋ္ဌထံ ပေးပို့သည်။ (DVB10.06.98)

❖ ၁၁–၆–၉၈။ ။ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာ ကျောင်းသားလှုပ်ရှားမှု ပြီးကတည်းက တနှစ်ခွဲကြာ ပိတ်ထားခဲ့သော ကျောင်းများအနက် ရန်ကုန်စက်မှုတက္ကသိုလ်အား ယနေ့ပြန်လည်ဖွင့်လှစ်လိုက်သည်။ ကျောင်းပြန်ဖွင့်ခြင်းကို နအဖမှ သတင်းစာများတွင် ဖော်ပြခြင်းမရှိဘဲ စာတိုက်မှသာ တဦးချင်းထံသို့ အကြောင်းကြားစာ ပေးပို့ဖွင့်လှစ်ခြင်းဖြစ်သည်။

❖ ၂၃–၆–၉၈။ ။ NLD မှ နအဖ အား (၎င်းတို့ပြဋ္ဌာန်းထားသော ဥပဒေများအရ) ၂၁–၈–၉၈ နေ့ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်တရပ် ခေါ်ယူဖွဲ့စည်းပေးရန် တောင်းဆိုလိုက်သည်။

❖ ၂၃–၆–၉၈။ ။ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဒုတိယအကြိမ်မြောက်ညီလာခံ ယနေ့ပြီးဆုံးသွားသည်။ ဥက္ကဋ္ဌကျော်အောင် ပါဝင်သော အလုပ်အမှုဆောင်ကော်မတီဝင် ၃၀ အား ရွေးချယ်ခဲ့ကြသည်။

❖ ၃၀–၅–၉၈။ ။ NLD ဗဟို အလုပ်အမှုဆောင်အဖွဲ့မှ နအဖဥက္ကဋ္ဌနှင့် တရားသူကြီးချုပ်တို့ထံ ကန့်ကွက်စာ တစောင် ပေးပို့။ ပြည်သူလူထုမှ ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များအား ရာဇဝင်လူဆိုးလူရမ်းကားများအတွက် သုံးရန် ပြဋ္ဌာန်းထားသည့် ခြေချုပ်နှင့် ခံဝန်လက်မှတ်ရေးထိုးခိုင်းနေခြင်းသည် တည်ဆဲဥပဒေကို ချိုးဖောက်နေခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ဇူလိုင်လ။

❖ ၄–၇–၉၈။ ။ ၉၆ ခုနှစ်၊ ဒီဇင်ဘာ ကျောင်းသားလှုပ်ရှားမှု ပြီးကတည်းက ပိတ်ထားခဲ့သော တက္ကသိုလ် ကောလိပ်များ၏ အတန်းတင်စာမေးပွဲများအား မြို့နယ်များတွင် စစ်ဆေးရန် နအဖ မှ ပြင်ဆင်နေသည်။ ဆေးတက္ကသိုလ် နောက်ဆုံးနှစ်အတန်းကို မေလထဲတွင် ဖွင့်လှစ်ခဲ့ပြီး ဇွန်လ ၁၈ ရက်နေ့တွင် ဝိဇ္ဇာသိပ္ပံ မဟာတန်းများ၊ စက်မှုတက္ကသိုလ် နောက်ဆုံးနှစ် အတန်းများ၊ ကွန်ပြူတာတက္ကသိုလ် စတုတ္ထနှစ်နှင့် ပဥ္စမနှစ်အတန်းများအား စတင်ဖွင့်လှစ်ခဲ့သည်။ ဖွင့်လှစ်ခဲ့သည့်အတန်းများအနက် တချို့အတန်းများအား ဇွန်လ နောက်ဆုံးပတ်မှစ၍ စာမေးပွဲစစ်ဆေးနေပြီး အတန်းများအားလုံးကို ရှစ်လေးလုံးရက်မရောက်မီ အပြီးစစ်ဆေးသွားမည် ဖြစ်သည်။ (AB,NA )

❖ ၇–၇–၉၈။ ။ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ပဲခူးတိုင်း၊ မင်းလှမြို့နယ် အမှတ် ၂ မဲဆန္ဒနယ်မြေ NLD အမတ် ဒေါ်လှလှမိုးထံသို့အသွား မှော်ဘီတွင် အာဏာပိုင်များ၏ တားဆီးခြင်းခံရသည်။ တညလုံးကားပေါ်တွင် နေခဲ့ရပြီး ၈ ရက်နေ့ နံနက်တွင် ဒေါ်လှလှမိုးအား ဒေါ်စုထံခေါ်လာပြီး တွေ့ဆုံပေးခဲ့၊ ဒေါ်စုတို့အား ရန်ကုန်သို့ပြန်လှည့်စေခဲ့။ ဒေါ်စုနှင့်အတူ ပါလာသော ကျန်အဖွဲ့ဝင်များရဲမျာမှ ဖမ်းဆီးထားခြင်းကို ခံရသည်။

❖ ၁၁–၇–၉၈။ ။ ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးသည် စိုးရိမ်ရသည့် အခြေအနေတွင်ရှိကြောင်း ဒေါ်စုအား ကိုယ်ထိလက်ရောက် တိုက်ခိုက်လိုသူများ အဖွဲ့အစည်းများရှိနေကြောင်း ထိုအတွက် ဒေါ်စု၏ ခရီးသွားလာမှုအား ကန့်သတ်ရခြင်း ဖြစ်ကြောင်း ကနေဒါနိုင်ငံ မြန်မာသံရုံးမှ သတင်းထုတ်ပြန်ကြေငြာသည်။
(DVB11.07.98)

❖ ၂၄–၇–၉၈။ ။ ဒေါ်အောင်ဆန်းစုကြည် ပုသိမ်မြို့သို့ NLD အဖွဲ့ဝင်များနှင့် တွေ့ဆုံရန်အသွား ထန်းတပင်နယ်တွင် (ဒေါ်စုလုံခြုံရေးအတွက်ဟု ဆိုကာ) တားဆီးထားပြီး ၂၉–၇–၉၈ နေ့တွင် နေအိမ်သို့အဓမ္မပြန်ပို့လိုက်။

❖ ၃၁–၇–၉၈။ ။ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်စတွင် နအဖ မှ ဒေါ်စု၏သဘော ထားကို ရယူ၍ ဒေါ်စုအတွက် လုံခြုံရေးအဖွဲ့တဖွဲ့ ထားရှိခဲ့သည်။ ထိုလုံခြုံရေးအဖွဲ့သည် ထောက်လှမ်းရေးလုပ်ငန်းကိုသာ ဆောင်ရွက်နေသဖြင့် ထိုအဖွဲ့အား ဖယ်ရှားပေးရန် ဒေါ်စုမှ နအဖထံ စာရေးအကြောင်းကြားခဲ့သည်။ NLD ကြေငြာ ချက်အမှတ် ၂၁ (၈/၉၈)။

ဩဂုတ်လ။

❖ ၃–၈–၉၈။ ။ နအဖ အာဏာပိုင်များသည် ပြီးခဲ့သည့် ရက်သတ္တပတ်အထိ တနိုင်ငံလုံးတွင် NLD လွှတ်တော်အမတ် ၇၉ ဦးကို ဖမ်းဆီးခဲ့သည်။ တချို့အား ဖိအားပေး၍ နုတ်ထွက်စေခဲ့သည်။

❖ ၄–၈–၉၈။ ။ မြိတ်မြို့တွင် ရှစ်လေးလုံးအထိမ်းအမှတ် ဆန္ဒပြပွဲကို အထက်တန်းကျောင်းသားလေးများ ဦးဆောင်၍ ကျင်းပခဲ့ကြသည်။ စစ်ထောက်လှမ်းရေးမှ မထင်ထားသောရက် (ကြိုတင်ပြုလုပ်ခဲ့ခြင်း) ငယ်ရွယ်သော ကျောင်းသားလေးများဖြစ်ခြင်း လူထုမှ အားပေးကူညီခြင်းတို့ကြောင့် ဆန္ဒပြပွဲအောင်မြင်ခဲ့သည်။ (AB-NA)

❖ ၆–၈–၉၈။ ။ နအဖ သည် ရှစ်လေးလုံး ၁၀ နှစ်မြောက် အထိမ်းအမှတ်နေ့မတိုင်မီ ဆန္ဒပြပွဲများ ဖြစ်ပေါ်လာပါက အလွယ်တကူဖြိုခွဲနိုင်ရန်အတွက် စစ်တပ်၊ ရဲ၊ မီးသတ်၊ (ကြံ့/ဖွံ့)၊ စစ်မှုထမ်းဟောင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း အပါအဝင် ၎င်းတို့အင်အားစု အားလုံးတို့အား (လက်နက်ဖြင့်ဖြိုခွဲရန် နည်းများအပါအဝင်) ဘက်ပေါင်းစုံမှ ပြင်ဆင်ထားကြောင်း ABSDF သတင်းတရပ်တွင် ဖော်ပြထားသည်။ (ဩဂုတ်လ ၂၁ ရက်နေ့ နောက်ဆုံးထား၍ လွှတ်တော်ခေါ်ယူ ဖွဲ့စည်းပေးရေး NLD ၏ တောင်းဆိုချက်အားလည်း နအဖ မှ စိုးရွံ့ခြောက်ခြားနေသည်။)

❖ ၆–၈–၉၈။ ။ ဒေါ်အောင်ဆန်းစုကြည်၏ တောင်းဆိုချက်အရ သူမနေအိမ်ခြံဝင်းတွင်းရှိ လုံခြုံရေးဆိုသော နအဖ ထောက်လှမ်းရေးအဖွဲ့အား ခြံဝင်းအတွင်းမှ ဖယ်ရှားပေးခဲ့သည်။ (သို့သော် ခြံအပြင်တွင် ဆက်လက် နေရာယူ ထားသည်။)

❖ ၆–၈–၉၈။ ။ တွေ့ဆုံဆွေးနွေး အဖြေရှာရေး ဖြစ်မြောက်စေရန်အတွက် ခေါင်းမာနေသော နအဖ အား ဖိအားပေးပေးပါရန် ABSDF ဒု–ဥက္ကဋ္ဌ ကိုမိုးသီးဇွန်မှ သာမညဆရာတော်နှင့် ဆရာဒဂုန်တာရာတို့အား မေတ္တာရပ်ခံ။

❖ ၈–၈–၉၈။ ။ NLD ဥက္ကဋ္ဌအား နအဖ ပြည်ထဲရေးဝန်ကြီးမှ တွေ့ဆုံလိုကြောင်း စာပေးပို့ခဲ့သည်။ စာလာ ပေးပို့သူ ဗိုလ်မှူးသူရမှ ဥက္ကဋ္ဌလာလျှင် ဦးတင်ဦး၊ ဒေါ်အောင်ဆန်စုကြည်နှင့် ဦးကြည်မောင်တို့မှအပ ကျန်ဗဟိုကော်မတီ များအား ခေါ်လာနိုင်ကြောင်း ပြောဆိုခဲ့သည်။ ထိုပြောဆိုချက်အား NLD ပါတီမှ လက်မခံနိုင်ကြောင်း ကြေညာချက် အမှတ် ၂၂ (၈/၉၈) တွင် ဖော်ပြထားသည်။

❖ ၉–၈–၉၈။ ။ ရန်ကုန်မြို့တွင် နေရာအနှံ့ ရှစ်လေးလုံးအထိမ်းအမှတ် စာရွက်စာတမ်းများ ဖြန့်ဝေနေသော နိုင်ငံပေါင်းစုံမှ နိုင်ငံခြားသား ၁၈ ဦးအား စစ်ထောက်လှမ်းရေး (ကြံ့/ဖွံ့) နှင့် နအဖ အမာခံများမှ ဝိုင်းဝန်းဖမ်းဆီးလိုက်။ (၎င်းတို့အား ၁၅–၈–၉၈ နေ့တွင် ထောင်ဒဏ် ၅ နှစ်စီ အသီးသီးချမှတ်လိုက်ပြီး ဆိုင်ငံ့ပစ်ဒဏ်နှင့် သက်ဆိုင်ရာသံရုံးများမှ တဆင့် ပြန်ပို့လိုက်။)

❖ ၁၄–၈–၉၈။ ။ နအဖနှင့် အပစ်အခတ်ရပ်စဲထားသော (ကလလတ) (ရလလဖ) နှင့် ကယန်းပြည်သစ် ပါတီ ၃ ဖွဲ့မှ ဥက္ကဋ္ဌများ လက်မှတ်ရေးထိုး၍ နအဖဥက္ကဋ္ဌထံသို့ ‘အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် တင်ပြချက်’ ထုတ်ပြန်။ NLD ပါတီမှ တင်ပြသော လွှတ်တော်ခေါ်ယူရေး တောင်းဆိုချက်သည် ဥပဒေကြောင်းအရ တရားမျှတသည်။ နအဖမှ ဦးစီးကျင်းပနေသော အမျိုးသားညီလာခံသည် ကျိုးကြောင်းဆီလျော်ခြင်းမရှိ။ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေး အဖြေရှာရေးသည်သာ လျော်ကန်ကြောင်း တင်ပြထားသည်။

❖ ၁၅–၈–၉၈။ ။ နိုင်ငံခြားသား ၁၈ ဦးတို့သည် ဒီမိုကရေစီအား အကြောင်းပြပြီး ပြည်တွင်းရေးအား ဝင်ရောက် စွက်ဖက် နှောင့်ယှက်နေကြောင်း ၎င်းတို့အား ကူညီပေးခဲ့သည့် အမေရိကန်၊ ထိုင်းနှင့် ဖိလစ်ပိုင်ရှိ NGOs အဖွဲ့များအား ရှုံ့ချကြောင်း နအဖမှ ကြေငြာချက်ထုတ်။

❖ ၁၈–၈–၉၈။ ။ နအဖ အတွင်းရေးမှူး–၁ မှ NLD ဥက္ကဋ္ဌတို့ တွေ့ဆုံ။ (ဒေါ်အောင်ဆန်းစုကြည် ခရီးစဉ်ကိစ္စပြောဆို)

❖ ၁၈–၈–၉၈။ ။ နအဖ အား ဆန့်ကျင်နေသော မြန်မာနိုင်ငံသားများအသင်း (ဂျပန်) မှ ဥက္ကဋ္ဌဟောင်း ဒေါ် မြမြဝင်း၊ ဒု–ဥက္ကဋ္ဌမောင်ပန်မွှေး၊ ဒေါက်တာဝင်းနိုင် (သွား) တို့ ဦးဆောင်သောအဖွဲ့ နအဖ နှင့် ပူးပေါင်းရန် ရန်ကုန်မြို့

သို့ ပြန်လည်ရောက်ရှိလာ။ နောက်တနေ့ သတင်းစာရှင်းလင်းပွဲတွင် ဒေါ်မြမြဝင်းမှ နအဖ အား ဝန်ချတောင်းပန်ကြောင်း ပြောဆို။

❖ ၂၁–၈–၉၈။ ။ ဩဂုတ်လ ၂၁ ရက်နေ့ မတိုင်မီ လွှတ်တော်ခေါ်ယူပေးရေး NLD ပါတီ၏ တောင်းဆိုချက်အား ပျက်ကွက်ခြင်းသည် လူထုဆန္ဒကို မျက်ကွယ်ပြုခြင်းဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့အား ပေးအပ်ထားသောကတိအား ပျက်ကွက်ခြင်းဖြစ်သည်။ ထို့ကြောင့် NLD ပါတီသည် တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော ပြည်သူ့လွှတ်တော်တရပ်ကို မကြာမီ ခေါ်ယူဖွဲ့စည်းမည် ဖြစ်ကြောင်း NLD ပါတီ ကြေငြာချက်အမှတ် ၃၅ (၈/၉၈) တွင်ဖော်ပြထားသည်။

❖ ၂၃–၈–၉၈။ ။ ဗန်းမော်–လွယ်ဂျယ် (တရုတ်) နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းဖွင့်။

❖ ၂၄–၈–၉၈။ ။ NLD ပါတီမှ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များဖြစ်ကြသော ဦးသန်းထွန်းနှင့် ဦးစိုးမြင့်တို့အား နအဖ ပြည်ထဲရေးဝန်ကြီး၊ စစ်ထောက်လှမ်းရေး ဒုတိယအကြီးအကဲ၊ ရဲချုပ်၊ ရဲသတင်းတပ်ဖွဲ့မှူးတို့မှ ခေါ်ယူတွေ့ဆုံ။ (NLD မှ လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးရေး နောက်ဆုံးတောင်းဆိုချက် ၃ ရက်အလွန်) တိုင်းပြည်တည်ငြိမ်ရေး တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေမည့်လုပ်ရပ်များ မလုပ်ဖို့ ခေါ်သတိပေး။

❖ ၂၄–၈–၉၈။ ။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသည် ပညာရေးနစ်နာချက်များကြောင့် လှည်းတန်းလမ်းဆုံနှင့် ဟံသာဝတီ အဝိုင်းများတွင် ဆန္ဒပြခဲ့ကြသည်။ (NLD ကြေငြာချက် ၄၄–၉/၉၈ )

❖ ၂၄–၈–၉၈။ ။ မြန်မာ့လေကြောင်းပိုင် ဖော်ကာလေယာဉ်အမှတ် XY-AEN ခရီးသည်တင် လေယာဉ်သည် ရန်ကုန်မှ တာချီလိတ်သို့အသွား တာချီလိတ်အနီးတွင် ပျက်ကျသွားသည်။ လေယာဉ်ပေါ်တွင် ခရီးသည် ၂၀ ဦး ပါဝင်ပြီး စစ်တပ်အရာရှိများနှင့် ကုန်သည်အများစု စီးနင်းလိုက်ပါသွားသည်။ (ကြေးမုံ)

❖ ၂၉–၈–၉၈။ ။ အင်းစိန်မြို့ရှိ နိုင်ငံတော်ပိုင် သံမဏိစက်ရုံအား ပုဂ္ဂလိကသို့ ငှားရမ်း။ (ဦးဌေးမြင့်)

❖ ၂၈–၈–၉၈။ ။ ဒေါ်အောင်ဆန်းစုကြည်၏ ရွှေတိဂုံဘုရားအနောက်ဘက်မုခ် တရားပွဲ ၁၆–၈–၈၈၊ ၁၀ နှစ်ပြည့် အခမ်းအနား ကျင်းပမည်ကို ကြောက်ပြီး ၂၅–၈–၉၈ နေ့ ကတည်းက သန့်ရှင်းရေးကို အကြောင်းပြ၍ ပိတ်ထားခဲ့သော ရွှေတိဂုံစေတီတော်အား ယနေ့မှ ပြန်လည်ဖွင့်လှစ်ပေးခဲ့။

❖ ၃၀–၈–၉၈။ ။ လာမည့် စက်တင်ဘာလတွင် လွှတ်တော်ခေါ်ယူ ဖွဲ့စည်းမည်ဟု ဒေါ်အောင်ဆန်းစုကြည်မှ NLD အဖွဲ့ဝင် ၅၀၀ ကျော်နှင့် တွေ့ဆုံရာတွင် ပြောကြားလိုက်။

စက်တင်ဘာလ။

❖ ၂–၉–၉၈။ ။ RIT ကျောင်းသားများ ဆန္ဒပြ။ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာ ကျောင်းသားလှုပ်ရှားမှုကို ဖြိုခွင်းလိုက်ပြီး ကတည်းက ပိတ်လိုက်သော ကျောင်းများအား မကြာမီက ပြန်ဖွင့်ပေးခဲ့သော်လည်း လုံလောက်သော စာသင်ချိန်၊ စာကျက်ချိန် မပေးဘဲ စာမေးပွဲစစ်ခြင်း၊ RIT အား အဆင့်နှိမ့်ပြီး မြို့ပြင်သို့ပြောင်းရွှေ့ပစ်ရန် နအဖ မှ စီစဉ်နေခြင်းကို ကျောင်းသားများမှ မကြေနပ်၍ ဆန္ဒပြခြင်းဖြစ်သည်။ "စစ်ထောက်လှမ်းရေးမှ စာမေးပွဲဖြေသူ အကုန်အောင်ပေးမယ် ဆန္ဒပြရင်ဖမ်းမယ်ဟု ရာဇသံပေးပြီး ၇–၉–၉၈ နေ့တွင် စာမေးပွဲစစ်ဆေးခဲ့။"

❖ ၄–၉–၉၈။ ။ NLD ပါတီ ကြေငြာချက် ၄–၉/၉၈။ ဩဂုတ်လ ၂၄ ရက်နေ့ ရန်ကုန်တက္ကသိုလ် ကျောင်းသားများ ဆန္ဒပြမှုနှင့် စက်တင်ဘာလ ၂ ရက် ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားများ ဆန္ဒပြမှုတို့သည် ၎င်းတို့၏ ပညာရေးနစ်နာချက်များအား တရားသဖြင့် ငြိမ်းချမ်းစွာ တောင်းဆိုဆန္ဒပြခဲ့ကြခြင်းများသာ ဖြစ်သဖြင့် အာဏာပိုင်များ အနေနှင့် အကြမ်းဖက်ဖြေရှင်းခြင်း မပြုရန် တိုက်တွန်းကြောင်း ဖော်ပြထားသည်။

❖ ၅–၉–၉၈။ ။ NLD ၏ လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးရေး တောင်းဆိုချက်အား နအဖ နှင့် အပစ်အခတ်ရပ်စဲထားသော ငြိမ်းအဖွဲ့များမှ မထောက်ခံကြောင်း ကြေငြာချက်များအား ယနေ့ထုတ် နအဖ သတင်းစာများတွင် စတင်ဖော်ပြထားသည်။ (တချို့အဖွဲ့များမှာ ဝတ်ကျေတန်းကျေ ကြေငြာချက်မျိုးသာ ရေးသားထားပြီး တချို့အဖွဲ့များမှာ စစ်ထောက်လှမ်းရေးထံမှ တစုံတရာမျှော်ကိုး၍ ရေးသားထားသည်ကို တွေ့ရသည်။)

❖ ၅–၉–၉၈။ ။ ကမ္ဘောဘဏ်သို့ နအဖမှ ပေးဆပ်ရန်ရှိသည့်ငွေ အမေရိကန်ဒေါ်လာ ၁၄ သန်း ပျက်ကွက်မှုအတွက် ကမ္ဘာ့ဘဏ်မှ နအဖအား ဆက်ဆံမှုရပ်ဆိုင်းလိုက်။

❖ ၆–၉–၉၈။ ။ (နအဖ မှ နောက်ပိုင်းတွင် ဝန်ခံသောရက်စွဲ) မှ စတင်၍ NLD အဖွဲ့ဝင် အမတ်များအား စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးပွဲကြီး စတင်ခဲ့။ ဒါဟာ ဖမ်းဆီးတာမဟုတ်ပါ။ ဧည့်ဂေဟာများတွင် အမြင်ချင်းဖလှယ်ရန် ခေတ္တခေါ်ယူထားခြင်းသာဖြစ်သည်ဟု နအဖမှ ပြောဆို။

❖ ၇–၉–၉၈။ ။ အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာတက္ကသိုလ် ကျောင်းသားများ ဆန္ဒပြ။ ကျောင်းသားများမှ (၁) ကုန်ဈေးနှုန်းကျဆင်းရေး၊ (၂) ဒီမိုကရေစီ ပြုပြင်ပြောင်းလဲပေးရေး၊ (၃) လက်ရှိသမ္မတဟာဘီဘီ နုတ်ထွက်ပေးရေး တို့ကို တောင်းဆို။ ကျောင်းသားများ လွှတ်တော်အတွင်း ဝင်ရောက်ခဲ့။ ရဲများနှင့် အဓိကရုဏ်းဖြစ်။ စစ်ထောက်လှမ်းရေးမှ တရုတ်အမျိုးသားပိုင် စီးပွားရေးလုပ်ငန်းများအား ဖျက်ဆီးပြီး အာရုံလွှဲခဲ့။

❖ ၈–၉–၉၈။ ။ နအဖ ထုတ်သတင်းစာများတွင် ဆောင်းပါးရှင် တရားရုံးချုပ်ရှေ့နေတဦး ဆိုသူက ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံသား စစ်စစ်မဟုတ် အင်္ဂလန်နိုင်ငံသားဖြစ်၍ ပြည်နှင်ဒဏ်ပေးသင့်သည်ဟု ရေးသား။ ထိုဆောင်းပါးအား စစ်တပ်၊ ရဲ၊ (ကြံ့/ဖွံ့) နှင့် ဝန်ထမ်းများအတွင်း မဖတ်မနေရ ဖတ်ခိုင်း။

❖ ၁၁–၉–၉၈။ ။ ရန်ကုန်မြို့ရှိ ဗြိတိသျှသံရုံးမှ ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံသားအဖြစ် ဘယ်တုန်းကမှ ခံယူခဲ့ခြင်းမရှိကြောင်း ကြေငြာချက်ထုတ်ပြန်။

❖ ၁၆–၉–၉၈။ ။ NLD မှ ပြည်သူ့လွှတ်တော်တရပ် မပေါ်ပေါက်မီ လွှတ်တော်ကိုယ်စား ဆောင်ရွက်ရန် ‘ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ CRPP အား အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်း။ ဤကော်မတီသည် ၉၀ ခုနှစ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသည့် လွှတ်တော်ကိုယ်စားလှယ် ၄၅၉ ဦးအနက် ၂၅၁ ဦး၏ Mandate အရ ဖွဲ့စည်းထားခြင်း ဖြစ်သည်ဟု NLD ကြေငြာချက်တွင် ဖော်ပြထားသည်။

❖ ၁၈–၉–၉၈။ ။ နအဖ အတွင်းရေးမှူး–၁ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော နအဖ၏ ‘နိုင်ငံရေးရာကော်မတီ’ အား ဖွဲ့စည်း။

❖ ၁၈–၉–၉၈။ ။ ‘လူထုကြီးက စစ်တပ်ကို စိတ်ကောင်း စေတနာကောင်းရှိတဲ့တပ်လို့ မြင်တယ်။ လမ်းမပေါ်မှာ စစ်တပ်လုံခြုံရေးတွေ ချထားတာကို လမ်းမပေါ်ကလူတယောက်အဖို့ ကောင်းတယ်လို့ မြင်ကြောင်း’ နအဖ ပြောခွင့်ရ ဆိုသူ ဒု–ဗမကလှမင်း (စစ်ထောက်လှမ်ရေး) မှ ပြောဆိုသည်။ (BBC နံနက်)

❖ ၁၉–၉–၉၈။ ။ NLD ၏ လွှတ်တော်ခေါ်ယူရေးအား မိမိတို့အနေဖြင့် မထောက်ခံကြောင်း နအဖ နှင့် အပစ်အခတ် ရပ်စဲထားသည့် အဖွဲ့အစည်းများ၏ ထုတ်ပြန်ကြေငြာချက်များ နအဖ၏ သတင်းစာများတွင် ဖော်ပြထား။

❖ ၂၂–၉–၉၈။ ။ NLD ၏ လွှတ်တော်ခေါ်ယူရေးအား မထောက်ခံကြောင်း နအဖသတင်းစာများတွင် ထုတ်ပြန်ကြေငြာကြသည့် အပစ်အခတ်ရပ်စဲရေး အဖွဲ့များနှင့် ပတ်သက်၍ KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောဘိုမြမှ “ဒီအဖွဲ့တွေဟာ တော်လှန်ရေးအဖွဲ့တွေမဟုတ်။ အရင်က ကာကွယ်ရေးအဖွဲ့တွေသာဖြစ်တယ်။ တောက်လျှောက် ဘိန်းအဖွဲ့တွေသာ ဖြစ်တယ်။ ထောက်လှမ်းရေးနဲ့ စီးပွားရေးတွဲလုပ်နေသူတွေသာ ဖြစ်တယ်” ဟု ပြော။ (DVB)

❖ ၂၄–၉–၉၈။ ။ မှ ၄–၁၁–၉၈ အထိ စစ်ထောက်လှမ်းရေးမှ ကြိုးကိုင်၍ (ကြံ့/ဖွံ့) အဖွဲ့မှ တာဝန်ယူလုပ်ကိုင်သော ‘လူထုဆန္ဒဖော်ထုတ်ပွဲ’ဆိုသည်များကို ပြည်နယ်/တိုင်း၊ မြို့ကြီးပေါင်း ၁၉ မြို့တွင် ကျင်းပ။ (ထိုပွဲများမှ အဆိုတင်/ထောက်ခံ သတင်းအပြည့်အစုံအား နအဖမြန်မာ့အသံမှ နံနက် ၈ နာရီ မှ ၁၁ နာရီ၊ နေ့လည် ၁ နာရီ နှင့် ည ၈ နာရီ သတင်းများအပြီး ထပ်ပြန်တလဲလဲ လွှင့်ထုတ်ခဲ့ရာ မိမိတို့ အသေအချာ မှတ်တမ်းတင်ထားချက်အရ စုစုပေါင်း ၁၀၆ ကြိမ် တိုင်တိုင်ရှိခဲ့။)

❖ ၂၅–၉–၉၈။ ။ မှ စတင်ကာ နအဖ ထုတ် သတင်းစာများတွင် ဒေါ်အောင်ဆန်းစုကြည်အား အဓိကထားပြီး (တခါတရံ NLD ပါတီ) အား ပုဂ္ဂိုလ်ရေးအရ သရော်မော်ကား လုပ်ထားသည့် ကာတွန်းများ စတင်ဖော်ပြ။ (ကာတွန်း ဖိုက်တာ၊ အင်တင်နာ)

❖ ၂၇–၉–၉၈။ ။ စစ်အာဏာရှင်ကြီး ဦးနေဝင်း စင်္ကာပူသို့ ဆေးကုသခံရန်ထွက်ခွာ။ (‘၉’ ဂဏန်းနေ့)

❖ ၂၇–၉–၉၈။ ။ NLD ၁၀ နှစ်ပြည့်မြောက် အခမ်းအနားအား အာဏာပိုင်များ၏ နှောင့်ယှက်မှုများကြားမှ ကျင်းပနိုင်ခဲ့။

❖ ၂၉–၉–၉၈။ ။ ပြည်တွင်းမှ ထုတ်သမျှဂျာနယ်၊ မဂ္ဂဇင်းတိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီအား အပုပ်ချထားသည့် ဆောင်းပါး၊ ကာတွန်းများ ထည့်သွင်းပေးရန် နအဖမှ အယ်ဒီတာများအား ခေါ်ယူအမိန့်ပေး။ ဆောင်းပါး

များအား စစ်ထောက်လှမ်းရေးမှ ရွေးချယ်ပေးသည်။

အောက်တိုဘာလ။

❖ ၁–၁၀–၉၈။ ။ ဗမာပြည်ကွန်မြူနစ်ပါတီမှ 'ဉပဒေတွင်း၊ ဉပဒေပရှိ နိုင်ငံရေးအင်အားစုများသို့ တင်ပြသည့် အိတ်ဖွင့်ပေးစာ' ထွက်လာ။ လက်ရှိအခြေအနေ အလားအလာများကို ရှင်းပြထားပြီး လက်ရှိ နအဖစစ်တပ်အား ပြုပြင်ပြောင်းလဲပစ်ရေးကို တင်ပြထားသည်။

❖ ၂–၁၀–၉၈။ ။ နအဖ အမိန့်အမှတ် ၂/၉၈ ကို ထုတ်ပြန်။ စာရင်းစစ်ချုပ် ဦးအောင်ခင်တင့်အား ကျန်းမာရေးအရ အနားပေးလိုက်ပြီး ဗမခတင်အေးအား စာရင်းစစ်ချုပ်ခန့်အပ်။

❖ ၇–၁၀–၉၈။ ။ နအဖ သတင်းစာရှင်းလင်းပွဲ။ မငြိမ်မသက်ဖြစ်စေရန် ဖန်တီးနေသူ NLD အဖွဲ့ဝင် ၂၃ ဦး အပါအဝင် ၅၄ ဦးတို့အား ဖမ်းဆီးလိုက်။ သတင်းစာ ရှင်းလင်းပွဲ နိဂုံးချုပ်တွင် "ဒါတွေဟာ ပြည်တွင်းက အဖျက်သမားဒေါ်စုကြည်က နယ်ချဲ့တွေနဲ့ပေါင်းပြီး လုပ်ကိုင်နေခြင်းဖြစ်၍ ဆန္ဒဖော်ထုတ်ပွဲလောက်နှင့် မလုံလောက် ကာကွယ်တားဆီးသွားရန် တိုက်ဖျက်သွားရန် အရေးကြီးသည့် အချိန်ရောက်နေပြီ" ဟု ပြောဆိုခဲ့။

❖ ၈–၁၀–၉၈။ ။ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ဖက်ဆစ်ဝါဒီများ၏ တောင်ကိုရီးယား ပြည်သူများအပေါ် နှိပ်စက်ညှဉ်းပန်းမှုများအတွက် (အနှစ် ၅၀ ကျော်ကြာမှ) ဂျပန်အစိုးရမှ တောင်ကိုရီးယား ပြည်သူများအပေါ် တရားဝင် ဝန်ချတောင်းပန်လိုက်သည်။ (BBC)

❖ ၁၃–၁၀–၉၈။ ။ NLD ပါတီ ကြေငြာချက် ၈၆ (၁၀/၉၈) ထုတ်ပြန်။ NLD အဖွဲ့သည် လူထုရွေးကောက်မှု အများဆုံးရရှိထားသော ပါတီဖြစ်သဖြင့် တိုင်းပြည်တွင် လက်ငင်းတည်ရှိ ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို လူထုအစည်းအဝေး ခေါ်ယူကျင်းပ၍ ရှင်းလင်းတင်ပြ ဆောင်ရွက်ပိုင်ခွင့်ရှိကြောင်း နအဖဥက္ကဋ္ဌထံ အကြောင်းကြားအပ်ပါသည်ဟု ဖော်ပြထားပါသည်။

❖ ၁၄–၁၀–၉၈။ ။ ထိုင်းနိုင်ငံတွင် Black October ၂၅ နှစ်ပြည့် အထိမ်းအမှတ်ကို ဘန်ကောက်မြို့တွင်ကျင်းပ။ Black October တွင် ဒဏ်ရာရခဲ့သူတဦးက "စစ်တပ်အာဏာသိမ်းမှုအတွက် အခုလို အနစ်နာမခံ အသက်မစွန့်ခဲ့ကြဘူးဆိုရင် ထိုင်းနိုင်ငံရဲ့ ဒီနေ့အခြေအနေဟာ ဗမာပြည်လို ဖြစ်နေမှာပဲ" ဟု ပြောဆို။

❖ ၂၄–၁၀–၉၈။ ။ နအဖ အာဏာပိုင်များသည် လာမည့် ၁၉၉၅ ခုနှစ် ၁၀ တန်းစာမေးပွဲမှ စတင်၍ စနစ်ပြောင်းတော့မည် ဖြစ်ကြောင်း ကြေငြာသည်။ ၁၀ တန်းစာမေးပွဲအား ယခင်ကကဲ့သို့ ဗဟိုမှ မေးခွန်းတခုတည်းဖြေဆိုပုံစံအစား ပြည်နယ်၊ တိုင်းအလိုက် မေးခွန်းပုံစံဖြင့်သာ ဖြေဆိုရတော့မည်ဖြစ်သည်။ မေးခွန်းများအား သက်ဆိုင်ရာဒေသရှိ တက္ကသိုလ်များမှ မေးခွန်းထုတ်မည်။ သက်မွေးပညာ အောင်မှတ်မီသော ကျောင်းသားများအနေဖြင့် ဝင်ခွင့်စာမေးပွဲကို တကြိမ်ထပ်မံဖြေဆိုရမည်ဖြစ်သည်။ စာမေးပွဲအမည်ကိုလည်း 'တက္ကသိုလ်ဝင်စာမေးပွဲ' ဟု အမည်ပြောင်းလိုက်သည်။ (မေးခွန်းထုတ်မည့် တက္ကသိုလ်ဆရာကြီးများသည် ဆိုင်ရာစစ်တိုင်းမှူး၏ ဝင်ရောက်လွှမ်းမိုးမှုအား ကျော်လွှားနိုင်ပါမည်လော ဟူသောမေးခွန်းများလည်း ပညာရေးလောကတွင် ပေါ်ပေါက်နေသည်။)

❖ ၂၇–၁၀–၉၈။ ။ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာဒီဆိုတိုနှင့် ကမ္ဘာ့ဘဏ်မှ အဆင့်မြင့်ကိုယ်စားလှယ်တချို့ပါဝင်သော အဖွဲ့တဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိလာ။ ဒေါ်အောင်ဆန်းစုကြည် နအဖ တွင်း–၁ တို့နှင့် တွေ့ဆုံ။ (နောက်ပိုင်းတွင် အဆိုပါကိုယ်စားလှယ်အဖွဲ့သည် နအဖ နှင့် NLD တို့ တွေ့ဆုံဆွေးနွေးပါက အမေရိကန်ဒေါ်လာ သန်းတထောင် ကူညီမည်ဟု သတင်းထွက်လာပါသည်။)

❖ ၃၀–၁၀–၉၈။ ။ NLD ပါတီ ကြေငြာချက် ၉၄ (၁၀/၉၈) ထုတ်ပြန်။ နအဖ စစ်ထောက်လှမ်းရေးများ၏ လုပ်ရပ်များသည် (ဖက်ဆစ်နှင့် ကွန်မြူနစ်နိုင်ငံများ နည်းတူ) သေးသိမ်၍ ကောက်ကျစ်စဉ်းလဲသည်ဟု ဖော်ပြထားသည်။

နိုဝင်ဘာလ။

❖ ၄–၁၁–၉၈။ ။ NLD ပါတီ၏ လွှတ်တော်ခေါ်ယူရေးနှင့်ပတ်သက်၍ တစည်ပါတီ၏ သဘောထားထုတ်ပြန်ချက်အား ယနေ့ထုတ် နအဖ သတင်းစာများတွင် ဖော်ပြထားသည်။ တိုင်းရင်းသား ပြဿနာများကို ဖြေရှင်းရန် အသင့်တော်ဆုံးနေရာမှာ အမျိုးသားညီလာခံသာဖြစ်ကြောင်း NLD ၏ လွှတ်တော်ခေါ်ယူရေးအား လုံးဝဆန့်ကျင်ပါကြောင်း ဖော်ပြ

ထားသည်။

❖ ၆–၁၁–၉၈။ ။ NLD ပါတီဝင်များ မိမိတို့ဆန္ဒအလျောက် ပါတီမှနုတ်ထွက်ကြောင်း သတင်းများ နအဖ သတင်းစာများတွင် စတင်ဖော်ပြခဲ့ကြသည်။

❖ ၁၁–၁၁–၉၈။ ။ ယနေ့ကျင်းပသော ဂျပန်–မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲဆွေးနွေးပွဲတွင် နအဖ တွင်း–၁၊ ဒု–ဗခကခင်ညွန့်မှ "မြန်မာ့လွတ်လပ်ရေးအတွက် အင်္ဂလိပ်ကိုမောင်းထုတ်ဖို့ ဂျပန်က အကူအညီ ပေးခဲ့တာကို ဘယ်တော့မှမမေ့ပါဘူး" ဟု ပြောဆို။ (DVB)

(ဤပြောစကားနှင့် ပတ်သက်၍ CPB ပြည်သူ့အာဏာ ဂျာနယ်ဆောင်းပါးတွင် 'ဒီအမြှော်အမြင်မျိုးနဲ့သာ ဦးဆောင်လို့ကတော့ တိုင်းပြည်ဟာ ရေစုန်မျောရုံပဲ ရှိတော့မယ်' ဟု ဝေဘန်ခဲ့။)

❖ ၁၁–၁၁–၉၈။ ။ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ် NLD ပါတီဝင်များ ပါတီဝင်အဖြစ်မှ နုတ်ထွက်ကြောင်း သတင်း၊ နအဖသတင်းစာများတွင် ဖော်ပြထားသည်။ (NLD ပါတီဝင်များ နုတ်ထွက်သည်ဆိုသော သတင်းများ နအဖ သတင်းစာများတွင် ပထမဆုံး စတင်ဖော်ပြခြင်းဖြစ်သည်။)

❖ ၁၄–၁၁–၉၈။ ။ နအဖ မှ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ချက်များ ထုတ်ပြန်။ နိုင်ငံခြားရေးဝန်ကြီး ဦးအုန်းဂျော်အား အနားပေး။ ထောက်လှမ်းရေးမှလာသူ ဦးဝင်းအောင် (သံအမတ် ဒု–ညွှန်မှူးအား) ရာထူး ၅ ဆင့် ကျော်၍ နိုင်ငံခြားရေးဝန်ကြီး ခန့်အပ်လိုက်။

❖ ၁၅–၁၁–၉၈။ ။ နဝတ (လယ်/စိုက်) ဝန်ကြီးဟောင်း ဒု–ဗခက မြင့်အောင် သေပြီ။ ဗိုလ်မြင့်အောင်သည် လာဘ်စားမှု၊ မောက်မာမှုနှင့် ရက်စက်မှုတို့တွင် နာမည်ကြီးပြီး 'ဧရာဝတီတိုင်းတွင် ဘယ်တော့မှ ဒီမိုကရေစီ မရစေရဘူး၊ ဒေါ်စုကို ပြုံးပြုံးရင်တောင် ထောင်ချပစ်မယ်'ဟု ဆိုခဲ့သူဖြစ်သည်။

❖ ၂၁–၁၁–၉၈။ ။ ကရင်နီသမ္မတကြီးဗျားရယ် ရောဂါဖြင့် ကွယ်လွန်။

❖ ၂၂–၁၁–၉၈။ ။ နအဖ မှ သတင်းစာရှင်းလင်းပွဲလုပ်။ CRPP ဖျက်ပေးလျှင် ဧည့်ဂေဟာများတွင် ခေါ်ယူထားသူများအား ပြန်လွှတ်ပေးမည်၊ မိမိတို့နိုင်ငံတွင် လတ်တလော ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိသည့်အတွက် လွှတ်တော်ခေါ်ပေးရန် မဖြစ်နိုင်။ လွှတ်တော်ခေါ်ယူမည်ဟု ကြေငြာခြင်းသည် ဥပဒေအား ဖောက်ဖျက်ခြင်းသာဖြစ်သည်ဟု နအဖမှ ပြောဆို။

❖ ၂၃–၁၁–၉၈။ ။ ဒေါ်အောင်ဆန်းစုကြည် သတင်းစာရှင်းလင်းပွဲ ကျင်းပ။ တရားမျှတသည့် ရွေးကောက်ပွဲ လုပ်ပေးခဲ့သော်လည်း ထွက်ပေါ်လာသည့် ရလဒ်အား သဘောမကျသဖြင့် ရွေးကောက်ပွဲအား အသိအမှတ်မပြုတော့ ခြင်းအား လက်မခံနိုင်။ မဖြစ်သင့်။ လွှတ်တော်ခေါ်ယူရေးအား ဆက်လက်ကြိုးပမ်းသွားမည်။ CRPP အား လွှတ်တော် ပေါ်လာမှသာ ဖျက်သိမ်းပေးမည်။ တွေ့ဆုံဆွေးနွေးရေးသည် NLD ၏ မူဖြစ်သည်။

❖ ၂၅–၁၁–၉၈။ ။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ကျပ်ငွေ ၁၀၀၀ တန် ငွေစက္ကူများ စတင်ထုတ်ဝေ။ (ကျပ် တထောင်တန် မထုတ်မီ ဆန်တပြည် ၁၀၀ ကျပ်မှ ထုတ်ပြီးနောက် ကျပ် ၁၅၀ ဖြစ်သွား။)

❖ ၂၆–၁၁–၉၈။ ။ NLD နှင့် တွေ့ဆုံဆွေးနွေးပါက နအဖအား အကူအညီ အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ပေးမည်ဟု ကုလသမဂ္ဂအနေနှင့် ကမ်းလှမ်းကြောင်း ယနေ့ထုတ် International Hearld Tribure ဖော်ပြထားသည်။

❖ ၂၆–၁၁–၉၈။ ။ ပီနိုချေးအား ၁၈–၁၀–၉၈ ဖမ်းဆီးထားသောကိစ္စအား ရှုံ့ချကြောင်း သူတပါးကို နယ်ချဲ့ ကျွန်ပြုသူတွေ ဟီရိုရှီးမားနှင့် နဂါစကီမြို့များအပေါ် အနုမြူဗုံးကြဲချခဲ့သူတွေကိုလည်း ရှာဖွေအရေးယူသင့်ကြောင်း နအဖ ကိုယ်စား ပြောခွင့်ရ ဒု–ဗမကလှမင်းမှ ပြောဆိုသည်။ (RFA)

❖ ၃၀–၁၁–၉၈။ ။ နအဖ သည် NLD ၏ အသံကို ကမ္ဘာမှ မကြားစေရန် လုပ်ဆောင်နေပြီး ၉၈ ခုနှစ်၊ နှစ်ဆန်းပိုင်း NLD နှင့် နအဖ တို့ သဘောတူထားသည့် ယုံကြည်မှု တည်ဆောက်ရေး 'လျှို့ဝှက်သဘောတူညီချက်' အား နအဖမှ စတင်ချိုးဖောက်ခဲ့သည်ဟု ဒေါ်အောင်ဆန်းစုကြည်မှ ပြောဆိုလိုက်သည်။ (BBC DVB )

ဒီဇင်ဘာလ။

❖ ၁–၁၂–၉၈။ ။ မလေးရှားတွင် ဝန်ကြီးချုပ် မဟာသီ၏ အာဏာရပါတီ UMNO မှ အားစမ်းပွဲတခု ကျင်းပ။ UMNO ပါတီအား ထောက်ခံကြောင်း အစိုးရမှ လက်မှတ်ရေးထိုးခိုင်းနေသည့်အတွက် သူ့အမာခံများ၊ ဒလံများထံမှ

လက်မှတ်ပေါင်း တသိန်းခွဲကျော် ရရှိနေ။ မလေးရှားသတင်းစာများတွင်လည်း အစိုးရအား ထောက်ခံကြောင်း တဦးချင်းရော၊ ကုမ္ပဏီများမှပါ လက်မှတ်များဖြင့်ပြည့်နေ။ ကားများတွင်လည်း UMNO အလံများ တလွင့်လွင့်ဖြစ်နေ။ လူထုဆန္ဒဖော်ထုတ်ပွဲ ကျင်းပရန်လည်း အစိုးရမှ ပြင်ဆင်နေ။ ပြုပြင်ပြောင်းလဲရေး တောင်းဆိုနေသူများအား 'ပုဆိန်ရိုး' များဟု UMNO မှ စွပ်စွဲနေ။

❖ ၁–၁၂–၉၈။ ။ ဒိန်းမတ်နှင့် ဗြိတိန်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများအား မြန်မာနိုင်ငံအတွင်းသို့ ပြည်ဝင်ခွင့်ဗီဇာ ပိတ်လိုက်ကြောင်း နအဖမှ ကြေငြာ။ (မြန်မာ့အသံ)

❖ ၂–၁၂–၉၈။ ။ ဘန်ကောက်တွင် ကျင်းပမည့် ၁၃ ကြိမ်မြောက် အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံအနေနှင့် သေချာပေါက်နိုင်မည့် အားကစားနည်းနှင့် အောင်နိုင်မည့်သူများကိုသာ နအဖ မှ ရွေးချယ်စေလွှတ်။ ဒါဟာ 'ယှဉ်ပြိုင်ချင်းသာ အဓိက' ဟူသည့် အခြေခံအားကစားစိတ်ဓာတ်အား စော်ကားတာဟု ဝေဘန်ကြ။ ယှဉ်ပြိုင်မည့် အားကစားသမားများအား နအဖတွင်း–၁ ဗိုလ်ခင်ညွန့်တို့ လင်မယားမှ အမှာစကားပြော။ အားကစားအဖွဲ့အား ခေါင်းဆောင်မည့်သူမှာ စစ်လက်နက်ပစ္စည်း ဝယ်ယူရေးညွှန်ကြားရေးမှူး ဗမခချစ်သန်းဖြစ်သည်။

❖ ၁၀–၁၂–၉၈။ ။ အနှစ် ၅၀ ပြည့် လူ့အခွင့်အရေးနေ့အခမ်းအနားအား ရန်ကုန်မြို့တွင် ကုလသမဂ္ဂမှ ကြီးမှူး ကျင်းပ။ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်။ နအဖ ဘက်မှ သာမန်အရာရှိတယောက်သာ တက်ရောက်။ "နအဖသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာချက် အပုဒ် ၃၀ အနက် ၂၉ ချက်အား ကျူးလွန်နေကြောင်း ကျန်တချက်ဖြစ်သည့် ကျေးကျွန်ရောင်းဝယ်ခြင်းမပြုရ ဆိုသည်ကိုပင် ပြောရန်ခက်ကြောင်း" ဒေါ်အောင်ဆန်းစုကြည်မှ ပြောဆိုလိုက်သည်။

❖ ၁၀–၁၂–၉၈။ ။ ပြင်သစ်အခြေစိုက် Reporter de'sanfrantia အဖွဲ့ကြီးမှ စာရေးဆရာမစမ်းစမ်းနွဲ့ (သာယာဝတီ) အား စာနယ်ဇင်းဆု ချီးမြှင့်လိုက်။

❖ ၁၄–၁၂–၉၈။ ။ နအဖ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်အေဘယ်လ်က BBC သတင်းထောက်နှင့် တွေ့ဆုံစဉ် 'မြန်မာနိုင်ငံမှာ ထမင်းငတ်သေသူမရှိကြောင်း လဘက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ ဟော်တယ်များတွင် စားနိုင်သောက်နိုင်သူတွေဖြင့် ပြည့်နေကြောင်း' ပြောဆိုသည်။

❖ ၁၄–၁၂–၉၈။ ။ 'သူးမွဲကလိုး' အမျိုးသားသွေးစည်းညီညွတ်ရေး ညီလာခံအား ထိုင်း–မြန်မာနယ်စပ် တနေရာတွင် ကျင်းပ။ အဖွဲ့ပေါင်း ၂၃ ဖွဲ့ တက်ရောက်ပြီး ဆုံးဖြတ်ချက် ၁၃ ချက် ချမှတ်။

❖ ၁၆–၁၂–၉၈။ ။ အာဆီယံဆွေးနွေးပွဲ (ဟန္နွိုင်း) သို့ တက်ရောက်လာသော နအဖတွင်း–၁ ဒု–ဗခက ခင်ညွန့်အား သတင်းထောက်များမှ တွေ့ဆုံးဆွေးနွေး အဖြေရှာရေးကိစ္စ မေးမြန်းသောအခါ တွင်း–၁က သူ့လက်တွင် စွပ်ထားသော ပတ္တမြားလက်စွပ်အား ပြလျက် 'ဒီလက်စွပ်ဟာ မြန်မာပြည်ကလာတာလေ။ ဒီလက်စွပ်ကို စွပ်ထားရင် ကျွန်တော်ဟာ ခွန်အားတိုးမယ် ကံကောင်းမယ်' ဟု ပြန်ပြောကြားခဲ့။

❖ ၁၇–၁၂–၉၈။ ။ အမေရိကန်နှင့် ဗြိတိန်တို့ ဦးဆောင်သည့် လေကြောင်းချီတပ်ဖွဲ့သည် ၁၆–၁၂–၉၈ နေ့ ညသန်းခေါင်ယံအချိန်တွင် အီရတ်နိုင်ငံအား ဗုံးကြဲတိုက်ခိုက်။ 'သဲန္တာရမြေခွေးစစ်ဆင်ရေး'။ အမေရိကန်ရဲ့ ဒီလုပ်ရပ်ဟာ ကုလသမဂ္ဂကိုကျော်လွန်ပြီး လုပ်ဆောင်တာဖြစ်တယ်။ သမ္မတကလင်တန်ဟာ အာဏာအလွဲသုံးစားလုပ်မှု လိမ်လည်မှု၊ လိင်ကိစ္စများဖြင့် ရာထူးမှဖြုတ်ချရေး အောက်လွှတ်တော်တွင် မဲခွဲဆုံးဖြတ်မည့်ရက်တွင်မှ အခုလိုရုတ်တရက် အီရတ်အား ရုတ်တရက် ဗုံးကြဲတိုက်ခိုက်ခြင်းဖြစ်သည်ဟု ဝေဖန်ကြ။

❖ ၁၇–၁၂–၉၈။ ။ မွန်ပြည်နယ်အတွင်း စာသင်ကျောင်းများတွင် မွန်စာပေသင်ကြားပါက ရွာလူကြီးနှင့် ဆရာ၊ ဆရာမများအား ထောင်ဒဏ် ၂ နှစ် ချမှတ်မည်ဟု စစ်ထောက်လှမ်းရေးမှ ခြိမ်းခြောက်။ မွန်ပြည်သစ်ပါတီနှင့် နအဖတို့ အပစ်အခတ်ရပ်စဲစဉ် မွန်စာပေသင်ကြားရေး သဘောတူညီချက်ပါဝင်။

❖ ၁၉–၁၂–၉၈။ ။ ထိုင်း–မြန်မာ ရေပိုင်နက်အတွင်း ထိုင်း–မြန်မာ စစ်သင်္ဘောချင်း ပစ်ခတ်မှုဖြစ်ပွား။ နှစ်ဘက်စလုံးမှ သူလွန်ကိုယ်လွန် အပြန်အလှန်စွပ်စွဲ။

❖ ၂၅–၁၂–၉၈။ ။ ကမ္ဘာ့ဘဏ်၏ ဒေါ်လာသန်းတထောင်ကိစ္စနှင့် ပတ်သက်ပြီး နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်မှ 'ငှက်ပျောသီးကျွေးပြီး ကခိုင်းရအောင် ကျွန်တော်တို့တွေက မျောက်တွေမဟုတ်ဘူး' ဟု ပြော။

❖ ၂၅–၁၂–၉၈။ ။ ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်ဗသိန်းတင်သည် ၁၉၉၇ ခုနှစ် ဒီဇင်ဘာလကတည်းက

ကွယ်လွန်ခဲ့သည်ဟု RFA အသံလွှင့်ဌာနမှ ပြောကြားသွားသည်။

❖ ၂၆–၁၂–၉၈။ ။ ခမာနီခေါင်းဆောင် ခယူဆန်ဖန်နှင့် နွံရှီးယားတို့ ကမ္ဘောဒီးယား အစိုးရထံတွင် လက်နက်ချ။ ခမာနီအဖွဲ့ တဖြည်းဖြည်း အင်အားကျဆင်းသွားခြင်း စတင်။

❖ ၃၀–၁၂–၉၈။ ။ စစ်ထောက်လှမ်းရေး ဗိုလ်မှူးချုပ်ဟောင်း မျက်မှန်တင်ဦး (ကြည်း–၅၀၀၇) သေ။

❖ ၃၁–၁၂–၉၈။ ။ NLD ပါတီမှ ဒု–ဗခကခင်ညွန့်အား တရာရုံးတွင် တရားစွဲဆို။ 'ထောက်လှမ်းရေးတွေက မတရားလုပ်နေတဲ့အတွက် တရားစွဲတာ။ ဥပဒေအရ တရားစွဲပိုင်ခွင့်ရှိလို့ တရားစွဲတာ။ အာဏာရှင်စနစ်နဲ့ ဆန့်ကျင်သူတွေကြား ပြဿနာဆိုတာ ရှိစမြဲပဲ' လို့ ဒေါ်အောင်ဆန်းစုကြည်မှ ပြောဆိုလိုက်သည်။

၁၉၉၈ ခုနှစ်ဟာ အာရှတိုက်အတွက် 'ဝမ်းနည်းကြောင်း တောင်းပန်တဲ့နှစ်' ဖြစ်သည်ဟု Reuters သတင်းမှ ရေးသား။ ဒီလိုတောင်းပန်ရာတွင် အစိုးရတွေ၊ စစ်တပ်တွေ၊ သူပုန်တွေလည်းပါဝင် (ဂျပန်၊ ခမာနီ၊ အင်ဒိုနီးရှား၊ ထိုင်ဝမ်၊ တောင်ကိုရီးယား) စီးပွားရေးကျဆင်းမှုအတွက် တောင်းပန်တာလဲရှိ။

❏ ❏ ❏ ❏ ❏ ❏ ❏

## ၁၉၉၉ ခုနှစ်အတွင်း မြန်မာနိုင်ငံသတင်းများ

ဇန်နဝါရီလ။

❖ ၁–၁–၉၉။ ။ EU အဖွဲ့ဝင် နိုင်ငံများ၏ တခုတည်းသောငွေကြေးအဖြစ် ယူရိုငွေကြေး စတင်သုံးစွဲ။

❖ ၅–၁–၉၉။ ။ နအဖ မှ ဆေးတက္ကသိုလ်များအား ပြန်ဖွင့်။ ကျောင်းပြန်ဖွင့်ခြင်းအား သတင်းမီဒီယာများတွင် ဖော်ပြခြင်းမရှိဘဲ တဦးချင်းထံသို့သာ အကြောင်းကြားစာပေးပို့ပြီး တိုးတိုးတိတ်တိတ် ပြန်ဖွင့်ခြင်းဖြစ်သည်။

❖ ၉–၁–၉၉။ ။ မြို့နယ် သံဃာမဟာနာယက (မဟန) ဆရာတော်တချို့သည် စစ်ထောက်လှမ်းရေးများနှင့် ပူးပေါင်းပြီး NLD အဖွဲ့ဝင်များ နုတ်ထွက်ရေးအတွက် ဖိအားပေးနေခြင်းများသည် ဝိနည်းတော်နှင့် မကိုက်ညီ၍ တားမြစ်ပေးပါရန် NLD ဥက္ကဋ္ဌမှ မဟန (ဗဟို) ဆရာတော်များအား လျှောက်ထား။

❖ ၂၀–၁–၉၉။ ။ ဗိုလ်အောင်ကြီးမှ ဗိုလ်နေဝင်းထံ ပေးစာတစောင်ထွက်လာ။ ဗိုလ်အောင်ကြီးက မိမိသည် အလွန်ရိုးသားကြောင်း။ စစ်ထောက်လှမ်းရေးနှင့် ဘိန်းဘုရင်တို့ ပူးပေါင်း၍ မြန်မာ့စီးပွားရေးကို ချယ်လှယ်နေကြောင်း၊ နအဖလက်ထက်တွင် မြန်မာပြည်အလွန်တည်ငြိမ်ကြောင်း အခြေခံဥပဒေကို အသစ်မရေးဆွဲဘဲ ၁၉၇၄ အခြေခံဥပဒေကိုပင် အနည်းငယ်ပြင်ဆင်ပြီး ရွေးကောက်ပွဲကျင်းပလျှင် အားလုံးဇာတ်သိမ်းကောင်းမည်ဟု ရေးသားထား။

❖ ၂၂–၁–၉၉။ ။ CRPP ကို ထောက်ခံပြီး တွေ့ဆုံဆွေးနွေးရေးကို တောင်းဆိုခဲ့သည့်အတွက် ကျောင်းသားများအား နှစ်ရှည်ထောင်ဒဏ်များ ချမှတ်လိုက်။ သက်ဝင်းအောင် ထောင်ဒဏ် ၅၂ နှစ်၊ မျိုးမင်းဇော် ၃၈ နှစ်၊ ချစ်မင်းဦး ၃၂ နှစ်၊ (ဗကသများအဖွဲ့ချုပ် နိုင်ငံခြားရေးရာကော်မတီ ကြေငြာချက်) (DVB)

(ထိုကိစ္စအတွက် BBC မှ ဒေါ်အောင်ဆန်းစုကြည်ထံ ၂၅–၁–၉၉ နေ့တွင် မေးမြန်းနေစဉ် နအဖမှ ဖုန်းလိုင်းဖြတ်တောက်ပစ်လိုက်။)

ဖေဖော်ဝါရီလ။

❖ ၁၁–၂–၉၉။ ။ ၁၅–၃–၉၉ နေ့တွင် ကျရောက်မည့် ချင်းပြည်နယ် ခရစ်ယာန်ဘာသာ နှစ်တရာပြည့် အခမ်းအနားအား လုံခြုံရေးကိုအကြောင်းပြု၍ နအဖမှ ပိတ်ပင်လိုက်သည်။

❖ ၁၅–၂–၉၉။ ။ NLD ပါတီဝင်တွေ ပါတီမှနုတ်မထွက်ဘူးဆိုရင် 'မိသားစုနဲ့ ဆွေမျိုးတွေထဲမှာ ဝန်ထမ်းရှိရင် အလုပ်ကထုတ်ပစ်မယ်။ ကျောင်းသားရှိရင် ကျောင်းကထုတ်ပစ်မယ်။ စီးပွားပျက်အောင် လုပ်ပစ်မယ်၊ ဒါ အထူးစီမံချက်ပဲ'ဟု ကျောက်ပန်းတောင်းမြို့နယ် မယကဥက္ကဋ္ဌ ဦးဇော်လွင်ဆိုသူပြောဆို။ (ထိုကိစ္စအတွက် NLD ပါတီမှ ကန့်ကွက်ကြောင်း စာထုတ်ပြန်။)

❖ ၁၈–၂–၉၉။ ။ ဝါရှင်တန်အခြေစိုက် OSI အဖွဲ့ မှ ၈–၃–၉၉ နေ့သည် နိုင်ငံတကာအမျိုးသမီးများနေ့ဖြစ်သည့်အတွက် နအဖ အကျဉ်းထောင်တွင်းရှိ CPB ဥက္ကဋ္ဌ (ကျဆုံး) ၏ဇနီး ဒေါ်ကြည်ကြည် ၇၉ နှစ်အား ထောင်မှလွှတ်ပေးရန် တောင်းဆိုလိုက်သည်။ (နအဖ က ဒေါ်ကြည်ကြည်အား အသက်အရွယ်ကြီး၍ဟုဆိုကာ ၁၁–၇–၉၉ နေ့တွင် ပြန်လွှတ်ပေးခဲ့သော်လည်း ဒေါ်ကြည်ကြည်မှာ လွှတ်ရက်ကျော်လွန်နေပြီဖြစ်သည်။)

❖ ၂၂–၂–၉၉။ ။ 'လော်စစ်ဟန်သည် အစိုးရထံမှငွေချေးပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်နေတာဖြစ်တယ်'ဟု ရဲမှူးကြီးငွေစိုးထွန်းမှ BBC သို့ပြောဆိုသည်။

❖ ၂၃–၂–၉၉။ ။ နိုင်ငံတကာပုလိပ်အဖွဲ့ (အင်တာပိုလ်) ၏ ဘိန်းညီလာခံအား ရန်ကုန်မြို့တွင်ကျင်းပ။ အဖွဲ့ဝင် ၁၇၇ နိုင်ငံစလုံးသို့ ဖိတ်ကြားခဲ့သော်လည်း နအဖ လက်ထက်ရန်ကုန်တွင် ကျင်းပခြင်းအား သပိတ်မှောက်သဖြင့် ၂၅ နိုင်ငံသာ တက်ရောက်။ အရေးကြီးသောနိုင်ငံကြီးများ သပိတ်မှောက်ခြင်းကြောင့် ညီလာခံ၏ အရေးပါမှုနှင့် လေးနက်မှု ကျဆင်း။ ဒီအတွက် ဝမ်းနည်းကြောင်း စစ်ထောက်လှမ်းရေး ဗမကကျော်သိန်းမှ ပြောဆို။

❖ ၂၃–၂–၉၉။ ။ နအဖ လူဝင်မှုကြီးကြပ်ရေး (လဝက –၁၃) ဦး တိုက်ပွဲအတွင်းကျဆုံး။ ၂၃–၂–၉၉ နေ့တွင် ရေး–သံဖြူဇရပ်ဂွင်အတွင်း (မြဝတီနယ်စပ်ဂိတ်မှ တာဝန်ထမ်းဆောင်ပြီး ပြန်လာသော) လဝက အဖွဲ့ဝင် ၁၃ ဦးတို့အား KNU ပျောက်ကျားတပ်ဖွဲ့မှ ဖမ်းဆီးမိခဲ့။ ၎င်းတို့အား လွှတ်ပေးပါ၊ ကျပ်ငွေ ၄ သန်းပေးမည်ဟု နအဖ မှ ကမ်းလှမ်း။ KNU အဖွဲ့မှ မိမိတို့ပြန်ပေးဆွဲခြင်းမဟုတ်၊ မူအရ ၎င်းတို့အား ဗဟိုသို့ပို့မည် ဗဟိုနှင့်သာ ညှိရန်အကြောင်း ပြန်။

နအဖ မှ စစ်ကြောင်း ၄ ကြောင်းဖြင့် ထိုးစစ်ဆင်လာသည့်အတွက် တိုက်ပွဲဖြစ်။ တိုက်ပွဲအတွင်း လ၀က ၁၄ ဦးစလုံး သေဆုံးသွား။ (KNU မှ ဖဒိုမန်းရှာ BBC သို့ ရှင်းပြချက်။)

မတ်လ။

❖ ၁–၃–၉၉။ ။ "နောင် ၂ နှစ်၊ ၃ နှစ်အတွင်း ရွေးကောက်ပွဲအသစ်တခု ထပ်မံကျင်းပပေးမည်။ ဒေါ်စုကြည် အနေနှင့် လွှတ်တော်ခေါ်ယူပေးရေးနှင့် တွေ့ဆုံဆွေးနွေးရေး တောင်းဆိုချက်တို့အား လက်လျှော့လိုက်ပါ။ ဘာဖြစ်လို့လည်း ဆိုတော့ လွှတ်တော်ခေါ်ပေးရေး တောင်းဆိုချက်သည် နိုင်ငံတော်လုံခြုံရေးအား ထိပါးစေသောကိစ္စဖြစ်ပြီး တွေ့ဆုံ ဆွေးနွေးရေး တောင်းဆိုချက်သည် မလိုလားအပ်သော မဖြစ်နိုင်သောကိစ္စ" ဟု နအဖပြောခွင့်ရ ဒု–ဗမကလှမင်းမှ ၂၆–၂–၉၉ နေ့ Reuters သတင်းနှင့် တွေ့ဆုံစဉ် ပြောဆိုခဲ့။ (VOA, DVB )

❖ ၂–၃–၉၉။ ။ တစည ပါတီမှ ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်အတွင်း 'ရန်ကုန်တိုင်း စည်းရုံးရေးကော်မတီမှ တောင်သူလယ်သမားများနှင့် စကားပြောဆွေးနွေးပွဲ' ကျင်းပ။

❖ ၅–၃–၉၉။ ။ NLD ပါတီ ကြေငြာချက်အမှတ် ၄၁ (၃/၉၅) ထုတ်ပြန်။ နအဖ ဥက္ကဋ္ဌထံသို့ NLD ပါတီမှ တောင်းဆို။ တစည ကဲ့သို့ NLD ပါတီအနေဖြင့်လည်း လူထုနှင့်တွေ့ဆုံရန် အခွင့်အလမ်းရှိသည်ဟု ဖော်ပြထားသည်။

❖ ၃–၃–၉၉။ ။ နအဖ တပ်များ KNU တပ်မဟာ ၇ ဌာနချုပ်အား ၁၅၀ မီလီမီတာ အမြောက်ကြီးများဖြင့် အကြိမ် ၃၀ ကျော်ပစ်ခတ် ၂၆–၂–၉၉ နေ့ ခံရပြီးနောက် KNU ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးစောဘိုမြမှ KNU နှင့် နအဖတို့ အကြား အပစ်အခတ်ရပ်စဲရေးအား ထိုင်းအစိုးရအနေဖြင့် ကြားဝင်စေ့စပ်ပေးလျှင် KNU မှ လက်ခံမည်ဟု ပြောဆို။ ( AP, DVB , BBC, RFA )

မေလ။

❖ ၁၆–၅–၉၉။ ။ တစည ပါတီမှ ရွေးကောက်ပွဲကော်မရှင်နှင့် စစ်မဟာဗျူဟာလေ့လာရေးရုံးသို့ စာတစောင် ပေးပို့။ " NLD ပါတီအား ဖျက်သိမ်းပြီးနောက်ပိုင်းတွင် ပြုလုပ်ရန်ရှိသည့် ရွေးကောက်ပွဲတိုင်းတွင် တစည ပါတီမှ အနိုင်ယူရမည့် လုပ်ငန်းစဉ်တိုင်းအတွက် မိမိတို့ပါတီအနေဖြင့် လိပ်ပြာမသန့်သကဲ့သို့ နောင်အနာဂတ်အတွက် သမိုင်း တရားခံလည်း အဖြစ်မခံနိုင်ကြောင်းပါရှိ။"

ဇူလိုင်လ။

❖ ၂–၇–၉၉။ ။ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ခင်ညွန့်အမိန့်ဖြင့် အထက်တန်းနှင့် အလယ်တန်း များတွင် 'ပြည်ထောင်စုစိတ်ဓာတ်' ဟူသည့် ဘာသာရပ်အသစ်တခုအား ယခုစာသင်နှစ်မှစတင်၍ သင်ကြားနေရ သည်။ အဆိုပါဘာသာရပ်တွင် နအဖ (တပ်မတော်) တော်ကြောင်း၊ ကောင်းကြောင်းများသာ ပါဝင်သည်။ ထို့အပြင် အလယ်တန်းနှင့် မူလတန်းများတွင်လည်း နအဖ၏ ဝါဒဖြန့်ကဗျာ၊ သီချင်းများ သင်နေကြရသည်။ (RFA)

❖ ၃–၇–၉၉။ ။ ဆောက်လုပ်ရေးပစ္စည်းများ တင်ဆောင်သွားသည့် မြန်မာ့လေကြောင်းပိုင် စင်းလုံးငှားဖော်ကာ (တွင်အော်တာ) လေယာဉ်တစီးသည် ရာသီဥတုဆိုးရွားမှုကြောင့်၊ စစ်တွေမြို့အနီး၊ ပင်လယ်တွင်းသို့ ထိုးကျသွားခဲ့ရာ လေယာဉ်ပေါ်ပါလာသူ(၈ ဦးစလုံး သေဆုံးသွားခဲ့သည်။ (သေဆုံးစာရင်းအား မြန်မာ့အသံမှဖော်ပြခြင်း မရှိပါ။) အဆိုပါ လေယာဉ်ပျက်ကျမှုသည် ၁၈ လအတွင်း တတိယအကြိမ်မြောက် ပျက်ကျမှုဖြစ်သည်။

❖ ၃–၇–၉၉။ ။ နအဖ ၏ ဟံသာဝတီမြို့ဟောင်း တူးဖော်ရေးတွင် ထိုင်းအစိုးရမှ ကူညီမည်ဖြစ်သည်။ ၁၅၆၉ ခုနှစ်တွင် ထိုင်းမင်းသမီး 'စုဖန်ကလျာ' သည် ဟံသာဝတီသို့ ဖမ်းဆီးသွားခြင်း ခံခဲ့ရသည်။ မင်းသမီးသည် လူထုအတွက် အနစ်နာခံခဲ့ခြင်း သင်္ကေတဖြစ်နေသည်။ ယခု ထိုင်းနိုင်ငံစီးပွားရေးကျဆင်းနေချိန်တွင် မင်းသမီးပုံအား ထိုင်းလူထု အနေဖြင့် ပိုမိုကိုးကွယ်လာနေကြသည်။ ထို့ကြောင့် မင်းသမီးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိရေး အတွက် ဟံသာဝတီမြို့ဟောင်း တူးဖော်ရေးတွင် ထိုင်းအစိုးရမှ ကူညီခြင်းဖြစ်သည်။ (DVB,RFA)

❖ ၉–၇–၉၉။ ။ နအဖ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်မှ "နအဖသည် IMF နှင့် ကမ္ဘာ့ဘဏ်တို့ထံမှ ချေးငွေ တင်ထားသော်လည်း ၎င်းတို့က မချေး။ နိုင်ငံအတွင်း ငွေဖောင်းပွမှုနှုန်းက အဆ ၄၀ ဖြစ်နေတယ်။ အစိုးရမှာ

အရန်သုံးငွေက ၂ လစာသာ ကျန်တော့တယ်။ စီးပွားရေးအခြေအနေကျဆင်း နေပေမဲ့ အခြေအနေဆိုးမသွားသေးတာက (၁) စားနပ်ရိက္ခာ ပြည်တွင်းမှသာ ထွက်ရှိနေခြင်း (၂) အစိုးရမှ လူထုလုပ်ငန်းများအတွက် ကုန်ကျစားရိတ်များ လျှော့ချထားခြင်း (၃) နယ်စပ်ကုန်သွယ်ရေးကြောင့် တစုံတရာ အသက်ရှူပေါက် ရနေခြင်းတို့ကြောင့် ဖြစ်ကြောင်း။” ပြောကြားသွားသည်။ ယခုကဲ့သို့ တိုင်းပြည်စီးပွားရေး ချွတ်ခြုံကျနေခြင်းအား နအဖတာဝန်ရှိသူတဦးအနေဖြင့် ပထမဆုံးအကြိမ် ဝန်ခံခြင်းဖြစ်သည်။ (Reuter သတင်းဌာနနှင့် ဦးကျော်ကျော်မောင် အင်တာဗျူး) (DVB)

❖ ၁၀–၇–၉၉။ ။ NLD ဒု–ဉက္ကဋ္ဌ ဦးတင်ဦးနှင့် Reuter သတင်းထောက်တို့ တွေ့ဆုံမေးမြန်းစဉ် “နအဖနှင့် NLD တို့၏ အဆင့်မြင့်ဆွေးနွေးပွဲများတွင်မူ ဒေါ်အောင်ဆန်းစုကြည် ပါရမည်။ EU အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ခြင်းသည် ကောင်းသောလက္ခဏာဖြစ်သည်။ မြန်မာပြည်၏ အခြေအနေအား လာရောက်လေ့လာခြင်းသာဖြစ်ပြီး ကြားဝင်စေ့စပ်ပေးရေးအတွက် လာရောက်ခြင်းမျိုးမဟုတ်ကြောင်း။ (KNU နှင့် NLD တို့ပူးတွဲလုပ်ဆောင်မှုများ ရှိပါသလား) ဟူသည့် မေးခွန်းအား ဦးတင်ဦးမှ ပြန်လည်ဖြေကြားရာတွင် KNU အား စိတ်ဓာတ်ရေးရာအရ ထောက်ခံသည်။ သို့သော် လက်တွေ့လက်တွဲလုပ်ဆောင်ခြင်းမျိုးတော့ မရှိကြောင်း၊ KNU ၏ ရည်ရွယ်ချက်သည်လည်း တွေ့ဆုံဆွေးနွေးရေးပါပဲ” ဟု ဦးတင်ဦးမှ ဖြေကြားသွားသည်။ (DVB)

❖ ၁၂–၇–၉၉။ ။ ယနေ့ထုတ်ပြန်သည့် ကုလသမဂ္ဂ လူသားဖွံ့ဖြိုးမှုအစီရင်ခံစာတွင် ကမ္ဘာပေါ်၌ ဆင်းရဲချမ်းသာကွာဟမှု ကြီးမားလာကြောင်း။ ကမ္ဘာ့အချမ်းသာဆုံး လူ ၃ ဦး (ဘီးလ်ဂိတ်၊ စူပါမတ်ပိုင်ရှင်နှင့် ဆော်ဒီဘုရင်) တို့၏ စုစုပေါင်းပိုင်ဆိုင်မှုသည် အဆင်းရဲဆုံးနိုင်ငံများမှ လူဦးရေ သန်း ၆၀၀ ၏ စုစုပေါင်းဝင်ငွေထက်ပင် ပိုများနေကြောင်း၊ ဆင်းရဲချမ်းသာကွာဟမှု ကြီးမားလာရခြင်းအကြောင်းရင်းမှာ –

(၁) ကမ္ဘာလုံးဆိုင်ရာ အရင်းအနှီး ဖြန့်ကျက်လာမှု (၂) နည်းပညာအသုံးချနိုင်မှု အခွင့်အရေး ကွာဟမှုများကြောင့် ဖြစ်ရကြောင်း အစီရင်ခံစာတွင် သုံးသပ်ဖော်ပြထားပါသည်။ ကမ္ဘာပေါ်တွင် နေပျော်စရာအကောင်းဆုံး ဒေသအဖြစ် ကနေဒါသည် ၆ နှစ်ဆက်တိုက် ရရှိထားပြီး နော်ဝေက ဒုတိယ၊ အမေရိကန်က တတိယဖြစ်သည်။ နေပျော်စရာမကောင်းဆုံးနိုင်ငံ ၂၀ စလုံးသည် အာဖရိကတိုက်မှ ဖြစ်ပြီး ပြည်တွင်းစစ်ဖြစ်နေသည့် တိုင်ပြည်များဖြစ်ကြသည်။ (VOA, DVB, BBC, RFA)

❖ ၁၇–၇–၉၉။ ။ ‘လူနည်းစု၊ လူမျိုးစုများ သြဇာလွှမ်းသည့် နယ်စပ်ဒေသများမှ မူးယစ်ဆေးဝါးလုပ်ငန်းများကို မိမိတို့ ထိန်းချုပ်၍မရကြောင်း’ ဗမကာသန်းရွှေမှ ထိုင်းဝန်ကြီးချုပ်အား ပြောကြားကြောင်း ယနေ့ထုတ် (BP) သတင်းစာတွင် ရေးသားထားသည်။ (RFA)

❖ ၂၄–၇–၉၉။ ။ ပဲခူးမြို့တွင် အာဇာနည်နေ့အခမ်းအနား ကျင်းပရေးအတွက် လှုံ့ဆော်သူ ၈ ဦးအား စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးလိုက်သည်။ ၎င်းတို့သည် အာဇာနည်နေ့ အခမ်းအနားအား ပြည်သူလူထုကြီးတရပ်လုံး တက်ရောက်ကြပါရန် လှုံ့ဆော်မှုနှင့်အတူ ‘၃ ပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေး’ ‘ကုန်ဈေးနှုန်းကျဆင်းရေး’ စသည့်တို့ကို တောင်းဆိုထားသည့် ပိုစတာများလည်း မြို့အနှံ့ကပ်ထားကြသည်။ (DVB)

❖ ၂၆–၇–၉၉။ ။ Y2k ပြဿနာသည် ကမ္ဘာတဝှမ်း၌သာ ပြဿနာအကြီးအကျယ် ရှိနိုင်သော်လည်း မြန်မာပြည်တွင်မူ ပြဿနာသိပ်မရှိနိုင်ကြောင်း။ အကြောင်းမှာ မြန်မာပြည်တွင် (၁) ကွန်ပျူတာအသုံးပြုခွင့်အား အစိုးရမှ ကန့်သတ်ထားခြင်း (၂) ကွန်ပျူတာဈေးကြီးသဖြင့် လူအနည်းစုသာသုံးနိုင်ခြင်း (၃) လျှပ်စစ်မီး မမှန်ခြင်းတို့ကြောင့် ဖြစ်သည်ဟု AP သတင်းတွင် ရေးသားထားသည်။ (RFA)

❖ ၂၆–၇–၉၉။ ။ ယခုနှစ်တွင် ကျောင်းသားပေါင်း ၁ သိန်း၊ ၁သောင်းကျော် ၁၀ တန်းအောင်ခဲ့ကြောင်း။ တက္ကသိုလ်ဆက်တက်ရန် စောင့်နေသူ ၁၀ တန်းအောင်ပြီးသား ကျောင်းသားပေါင်း ၃ သိန်းခန့်ရှိနေပြီး၊ တက္ကသိုလ်များ မည်သည့်အချိန် ပြန်ဖွင့်မည်ဆိုသည်ကိုတော့ မသိကြောင်း ယနေ့ Reuter သတင်းတွင် ရေးသားထားသည်။ (DVB)

❖ ၂၆–၇–၉၉။ ။ ၁၂–၇–၉၉ နေ့တွင် နအဖသည် သံဃာတော်များနှင့်ပတ်သက်သည့် ညွှန်ကြားချက်တရပ် ထုတ်ပြန်ခဲ့သည်။ အဆိုပါညွှန်ကြားချက်တွင် သံဃာတော်များ ခရီးသွားလာသည့်အခါ သံဃာ့ မှတ်ပုံတင်သာမက နအဖ၏ ထောက်ခံစာပါလိုအပ်သည်ဟု ပါရှိရာ ထိုကိစ္စအတွက် မန္တလေးရှိဆရာတော်ကြီးများသည် အာဏာပိုင်များနှင့် သွားရောက်ဆွေးနွေးသော်လည်း ကြေနပ်လောက်သော အဖြေမရရှိသောကြောင့် သံဃာထုအတွင်းနှင့် လူထုအတွင်း မကြေနပ်မှုများ ဖြစ်ပေါ်နေသည်။ (DVB)

❖ ၂၈–၇–၉၉။ ။ ARF ဆွေးနွေးပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် 'NLD နဲ့တွေ့ဆုံရေးမှာ NLD ဘက်မှ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသည့်အတွက် လောလောဆယ်တွေ့ဆုံရန် အစီအစဉ်မရှိကြောင်း၊ အဓိပ္ပါယ်မဲ့သည့် မျှော်လင့်ချက်၊ တောင်းဆိုချက်များသည် အနုတ်လက္ခဏာဆောင်သောဆီသို့ ဦးတည်သွားနိုင်သည်' ဟု နအဖ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်မှ ပြောဆိုခဲ့သည်။ (DVB)

❖ ၂၈–၇–၉၉။ ။ '၉၉၉၉' တံဆိပ်ရိုက်နှိပ်ထားသည့် ငွေစက္ကူများ စတင်ပျံ့နှံ့နေသောကြောင့် စစ်ထောက်လှမ်းရေးသည် ကုန်သည်များအား စစ်ဆေးမေးမြန်းခဲ့သော်လည်း တဖြည်းဖြည်း ပိုမိုများပြားလာသည့်အတွက် စုံစမ်းရခက်နေသည်။ ငွေစက္ကူကိုင်ထားသူများအား အရေးယူရန်ခက်နေသကဲ့သို့ သိမ်းလိုက်လျှင်လည်း လူထုရှုံးမှု ဖြစ်လာမည်ကိုလည်း စိုးရိမ်နေသည်။ (DVB)

❖ ၂၈–၇–၉၉။ ။ ကိုးလေးလုံးလှုပ်ရှားမှုနှင့် ပတ်သက်နေသည်ဟုဆိုပြီး စစ်ထောက်လှမ်းရေးမှ မိခင်နှင့်အတူ ဖမ်းဆီးထားသော ပဲခူးမြို့မှ ၃ နှစ်သမီးလေး 'မသိမ့်ဝဏ္ဏခင်' တွင် စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများရှိနိုင်ကြောင်း။ ဤလုပ်ရပ်သည် နအဖ စစ်အစိုးရ၏ ရိုင်းစိုင်းယုတ်မာမှုအား ပြသနေခြင်းဖြစ်သည်ဟု နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ AI ၏ ယနေ့ထုတ်ပြန်သော အရေးပေါ်ကြေညာချက်တွင် ဖော်ပြထားသည်။ (DVB)

❖ ၃၀–၇–၉၉။ ။ "မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနှင့် ပတ်သက်သည့်ရှုံးတရုံး ဖွင့်လှစ်နိုင်ရေးအတွက် အလားအလာများကို လေ့လာရန် ဩစတြေးလျနိုင်ငံ လူ့အခွင့်ရေးဆိုင်ရာမင်းကြီး ခရစ္စဆာတိုးတီး မကြာမီ မြန်မာနိုင်ငံသို့ သွားရောက်ရေးအား နအဖမှ သဘောတူလိုက်ပြီဖြစ်ကြောင်း၊ ထိုကိစ္စအတွက် နအဖနှင့် လွန်ခဲ့သည့်နှစ်ကတည်းက ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့သော်လည်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ညှိနှိုင်းရာတွင်မူ သူမက လွတ်လပ်မှုသိပ်ရှိမယ်မထင်ဘူးဟု ပြောကြားခဲ့ကြောင်း" ဩစတေးလျ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒေါင်းနာမှ သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုလိုက်သည်။ (BBC)

❖ ၁–၈–၉၉။ ။ ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေး နဝမအကြိမ်ဆွေးနွေးပွဲတွင် နအဖ တွင်း–၁ မှ "ကိုးလေးလုံးလှုပ်ရှားမှုများနှင့် ပတ်သက်၍ သတိကြီးစွာထားကြရန်၊ လုံခြုံရေးသတိ မလျှော့ပါးရန်" ပြောကြားခဲ့ရာ နအဖ အနေနှင့် ကိုးလေးလုံးလှုပ်ရှားမှုနှင့် ပတ်သက်၍ ပထမဆုံး တရားဝင်ပြောခြင်းဖြစ်သည်။

❖ ၁–၈–၉၉။ ။ ယနေ့မှစတင်၍ မြန်မာနိုင်ငံတွင်းမှ နိုင်ငံခြားသို့ တယ်လီဖုံးဆက်ခများအား ဒေါ်လာဖြင့်သာ ကောက်ခံတော့မည်ဖြစ်ကြောင်း နအဖမှ ကြေငြာလိုက်သည်။ မြန်မာနိုင်ငံတွင်း ပြင်ပဒေါ်လာပေါက်ဈေးမှာ တဒေါ်လာလျှင် ၃၅၀–၃၉၀ ကျပ် ဖြစ်သဖြင့် ရန်ကုန်မှ (ဘန်ကောက်) သို့ ၃ မိနစ် ဖုန်းဆက်လျှင် ကျပ် ၁၀၀၀ ကျော် ကုန်ကျမည်ဖြစ်သည်။

❖ ၃–၈–၉၉။ ။ မြန်မာနိုင်ငံအတွင်း လျှပ်စစ်မီတာခများအား နအဖ မှ တယူနစ်လျှင် ၂၅ ကျပ်သို့ တိုးမြှင့်ကောက်ခံလိုက်သည့်အတွက် ဝန်ထမ်းတဦး၏ 'တလ' တာ မီတာခသည် ၎င်း၏ 'တနှစ်' စာ လစာလောက် ကုန်ကျ တော့မည်ဖြစ်သည်။ မီတာခ တိုးယူလိုက်သည့်အတွက် ထင်း၊ မီးသွေးဈေးနှုန်းများလည်း မြင့်တက်သွားခဲ့သည်။ (RFA DVB)

❖ ၄–၈–၉၉။ ။ "အတိုက်အခံများသာ အာဏာရသွားခဲ့လျှင် ဗမာပြည်သည် စစ်တလင်းဖြစ်သွားလိမ့်မည်။ တိုင်းပြည်လည်း စီးပွားပျက်ကပ်ဆိုက်ရောက်ပြီး၊ အာရှဒေသ၏ တည်ငြိမ်ရေးကိုပါ ထိခိုက်လာလိမ့်မည်" ဟု နအဖ စစ်မဟာဗျူဟာ လေ့လာရေးဌာနမှ ယနေ့ကြေညာချက် ထုတ်ပြန်လိုက်သည်။ ဤကြေညာချက်သည် ARF အစည်းအဝေး၌ 'မြန်မာပြည်တွင် နအဖ စစ်အုပ်စု အုပ်စိုးနေသည့်အတွက် ဒေသတွင်း တည်ငြိမ်ရေးအား ထိခိုက်နေရသည်' ဟူသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စမက်ဒလင်းအောဘရိုက်၏ ပြောဆိုမှုအား နအဖမှ တုန့်ပြန်ခဲ့ခြင်း ဖြစ်သည်။ (DVB, RFA)

❖ ၁၂–၈–၉၉။ ။ မြန်မာနိုင်ငံအနှံ့အပြားတွင် '၉၉၉၉' လှုံ့ဆော်မှု Poster Campaign များ နေရာအနှံ့တွင် ဖြစ်ပွားနေသည်။ ကျောက်တော်၊ မြောက်ဦး၊ စစ်တွေ၊ မင်းပြား၊ ကျောက်ပန်းတောင်း၊ ပဲခူး၊ တောင်ကြီး၊ မုံရွာမြို့များတွင် စာရွက်စာတမ်း ဖြန့်ဝေမှုများရှိခဲ့ပြီး။ မန္တလေး မစိုးရိမ်ကျောင်းတိုက် နံရံများတွင် 'နိုးကြွ၊ ထကြွ၊ ချကြ' ဟူသော ပိုစတာ ရေးသားထားသည်။ (DVB)

❖ ၁၃–၈–၉၉။ ။ ကိုးလေးလုံးလှုပ်ရှားမှုနှင့် ပတ်သက်ပြီး နအဖ မှ သတင်းစာရှင်းလင်းပွဲတရပ် ယနေ့ပြုလုပ်ခဲ့ရာ ပြည်တွင်းမငြိမ်မသက်မှုဖြစ်စေရန် ရည်ရွယ်၍ NCGUB၊ ABSDF နှင့် KNU တို့သည် ပြည်တွင်း NLD နှင့်

ချိတ်ဆက်ပြီး ဟန်ချက်ညီညီ လှုပ်ရှားနေကြောင်း နအဖ မှ စွပ်စွဲပြောဆိုလိုက်သည်။

❖ ၁၃–၈–၉၉။ ။ ယခုရက်ပိုင်းအတွင်း မြန်မာပြည်တွင် ဆန်ဈေးနှုန်းများ အဆမတန် ထိုးတက်လာခဲ့သည်။ ပြင်ပပေါက်ဈေးမှာ အနိမ့်ဆုံးဆန် တပြည်လျှင် ၁၈၀ ကျပ် ရှိနေပြီး၊ ဆန်ကုန်သည်များအား နအဖ မှ တပြည် ၁၂၀ နှင့် ရောင်းချရန် ဖိအားပေးလျက်ရှိသည်။ ကိုးလေးလုံးလှုပ်ရှားမှုဖြစ်မည်ကို စိုးသည့်အတွက် (တတ်နိုင်သူများမှ) ဆန်များ ကြိုတင် စုဆောင်းနေကြသည်။ ဆန်သစ်က မပေါ်သေး။ ဆန်အတု (ပလပ်စတစ်ဆန်) ပေါ်နေကြောင်း စစ်ထောက်လှမ်း ရေးမှ ကောလဟာလ ဖြန့်နေသည့်အတွက် လူထုကြားတွင် မတည်ငြိမ်မှုများ တိုးပွားလျက်ရှိသည်။ (DVB)

❖ ၁၆–၈–၉၉။ ။ ၁၂–၈–၉၉ နေ့တွင် မြိတ်မြို့ အထက – ၁ နှင့် ၄ တို့တွင် ဖြစ်ပွားခဲ့သည့် ဆန္ဒပြပွဲတွင် ဖမ်းဆီးခံရသော ကျောင်းသားများ ပြန်လွှတ်ပေးရန် အဆိုပါကျောင်းများတွင် ယနေ့ကျောင်းသားများ ထပ်မံဆန္ဒပြကြ သည်။ စစ်ထောက်လှမ်းရေးနှင့် လုံခြုံရေးတပ်ဖွဲ့များ ချက်ခြင်းရောက်ရှိလာပြီး ကျောင်းသား ၆ ဦးအား ထပ်မံဖမ်းဆီး လိုက်သည်။ ၁၂–၈–၉၉ နေ့ ကျောင်းသားများ ဖမ်းဆီးမှုအား နအဖ မှ ဝန်ခံခဲ့ပြီး၊ ဆူပူလိုသူလူတစုဟု နအဖ သုံးနှုန်း ထားသည်။(DVB)

❖ ၂၀–၈–၉၉။ ။ 'ကိုးလေးလုံးလှုပ်ရှားမှု ဖြစ်လာမည်မဟုတ်၊ လုံခြုံရေး တိုးချထားခြင်းမရှိကြောင်း၊ ကိုးလေး လုံး ဆိုသည်ကို လူထုမှ စိတ်ဝင်စားမှုမရှိကြောင်း' နအဖ ပြောခွင့်ရပုဂ္ဂိုလ် ဗမကလှမင်းမှ ပြောဆိုသည်။ နအဖ သည် ကိုးလေးလုံးကိစ္စအတွက် လူ ၃၇ ယောက်သာ ဖမ်းဆီးထားကြောင်း ပြောဆိုသော်လည်း ABSDF ကြေညာချက် တွင် လူပေါင်း ၁၅၀ ကျော် ဖမ်းဆီးထားသည်ဟု ဖော်ပြထားသည်။ AFP သတင်း။ (DVB)

❖ ၁–၉–၉၉။ ။ ရေဝတီတိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်များတွင် ရေကြီးမှုများ အကြီး အကျယ် ဖြစ်ပွားနေပြီး လယ်ယာများ၊ လူနေအိမ်များ ရေနစ်မြုပ်ခြင်း၊ လူအသေအပျောက် ပစ္စည်းဆုံးရှုံးမှုများ ဖြစ်ပွား နေသော်လည်း နအဖ မှ သတင်းအမှောင်ချထားသည်။ (DVB)

❖ ၅–၉–၉၉။ ။ နအဖ မှ ယနေ့ သတင်းကြေညာချက်တရပ် ထုတ်ပြန်။ 'နယ်စပ်အင်အားစုများ အနေဖြင့် ကိုးလေးလုံးအုံကြွမှု လှုံ့ဆော်နေခြင်းများအား ရပ်ဆိုင်း၍ မိမိတို့နှင့် အပြုသဘော လက်တွဲလုပ်ဆောင်ကြရန်၊ တကယ် တော့ မြန်မာနိုင်ငံသည် မကြုံစဘူး ဖွံ့ဖြိုးတိုးတက်နေပြီး လူ့အခွင့်ရေးများကိုလည်း အပြည့်အဝခံစားနေရပြီ ဖြစ်ကြောင်း။ ငြိမ်းချမ်းစွာ ပြောင်းလဲရမည့်အစား တော်လှန်ရေးတရပ်ဆင်နွှဲရန် ကြံစည်နေခြင်းသည် တိုင်းပြည်၏ တိုးတက်မှုများကို နှောင့်နှေးစေကြောင်း' ကြေညာချက်တွင် ဖော်ပြထားသည်။ (DVB, RFA)

❖ ၆–၉–၉၉။ ။ လွန်ခဲ့သော အပတ်မှစတင်၍ ၉–၉–၉၉ မတိုင်မီအထိ မြန်မာပြည်အတွင်း ပြည်ဝင်ခွင့်ဗီဇာ များကို နအဖ မှ ပိတ်ထားလိုက်သည်။ ထိုသို့ ပိတ်ထားခြင်းသည် တဦးချင်း သာမန်ခရီးသွားများကိုသာ ပိတ်ခြင်းဖြစ်ပြီး သံတမန်များ၊ စီးပွားရေးသမားများနှင့် အုပ်စုလိုက်ခရီးသွားများ (Package Tour) ကိုတော့ ဖွင့်ထားပေးကြောင်း ဘန်ကောက်ရှိ နအဖ သံအရာရှိတဦး AP သတင်းဌာနအား ပြောကြားသည်။ (BBC)

❖ ၇–၉–၉၉။ ။ ကိုးလေးလုံးလှုပ်ရှားမှုကြီး ဖြစ်ပေါ်လာစေရေးအတွက် လူထုနှင့်တပ်မတော်သားများထံ NCUB မှ ပန်ကြားချက် တစောင်ထုတ်ပြန်လိုက်သည်။ RFA နှင့် အင်တာဗျူးတွင် NCUB အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်အေးမှ 'လူထုတွေ ဒီလောက်ဒုက္ခရောက်နေရချိန်မှာ တပ်မတော်သားများနှင့် ငြိမ်းချမ်းရေးအဖွဲ့များ အနေဖြင့် လူထုနှင့် ပူးပေါင်းတိုက်ပွဲဝင်သင့်ပါပြီ' ဟု ပြောဆိုခဲ့သည်။(RFA)

❖ ၇–၉–၉၉။ ။ ရန်ကုန်မြို့လည်း လူစည်ကားရာ တနေရာတွင် ယနေ့ညနေ ၄ နာရီ၌ အင်္ဂလန်နိုင်ငံသူ 'ရစ်ချဒ်ဂိုဝင်'သည် 'အရေးကြီးပြီသီချင်း' အား အော်ဟစ်သီဆိုလိုက်ပြီး ကြွေးကြော်သံတချို့ကို အော်ဟစ်ရာ လူ အများ သူမအနီးသို့ ဝိုင်းလာခဲ့သည်။ ၅ မိနစ်ခန့်အကြာတွင် စစ်ထောက်လှမ်းရေးများ ရောက်ရှိလာပြီး သူမအပါ အဝင် အနီးအနားရှိ လူတချို့ကို ဖမ်းဆီးသွားသည်။(DVB, RFA)

❖ ၉–၉–၉၉။ ။ ရန်ကုန်မြို့ အခြေအနေသည် မကြုံစဘူး တိတ်ဆိတ်ခြောက်သွေ့နေသည်။ ဈေးဆိုင် တချို့လည်း ပိတ်ထားပြီး။ ယာဉ်နှင့် လူအသွားအလာများလည်း ရှင်းလင်းနေသည်။ ယနေ့သည် ဥပုသ်နေ့လည်း ဖြစ်သည့်အတွက် အထက်တန်းကျောင်းများလည်း ပိတ်ထားသည်။ ဒိုင်းနှင့် နံပါတ်တုတ်များ ကိုင်ဆောင်ထားသည့် လုံထိန်းများသာ အချက်အခြာကျသော နေရာများတွင်နေရာယူထား၊ စစ်ကားများက မြို့အတွင်း လှည့်လည်နေပြီး။ ဒေါ်အောင်ဆန်းစု ကြည်၏နေအိမ်နှင့် NLD ဌာနချုပ်ရုံးအား အာဏာပိုင်များမှ ပိတ်ဆို့ထားသည်။ ရန်ကုန်မြို့တွင်

မိုးကလည်း သည်းထန်စွာရွာနေသည်။ ထိုကြားထဲမှာပင် ဒဂုံမြို့သစ်၊ တောင်ဥက္ကလာ၊ လှိုင်၊ ပုဇွန်တောင်၊ အင်းစိန် စသည့်နေရာများတွင် လျှပ်တပြက်ဆန္ဒပြမှုများ ရှိခဲ့ကြောင်း။ ဆန္ဒပြသမားများ ဖြန့်ဝေခဲ့သည့်စာ ကပ်ထားသော ပိုစတာများကို လုံထိန်းများမှ ချက်ခြင်းဆုတ်ဖြဲသိမ်ဆည်းသွားကြောင်း။ အတည်မပြုရသေးသော သတင်းများအရ မိတ္ထီလာမြို့တွင် ကြီးမားသည့် ဆန္ဒပြပွဲတရပ် ဖြစ်ပွားခဲ့ကြောင်း။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင်မူ စစ်ချီသီချင်းများ ကိုသာ ဆက်တိုက်ထုတ်လွှင့်နေသည့်အတွက် ၁၈–၉–၈၈ နဝတတို့ အာဏာသိမ်းသည့်နေ့ကိုပင် သတိရစရာ ဖြစ်နေကြောင်း ရန်ကုန်မြို့လူထုမှ ပြောကြားသည်။ ထို့အပြင် နအဖ၏ ယနေ့သတင်းထုတ်ပြန်ချက်တွင်မူ မြန်မာနိုင်ငံ တဝှမ်းတွင် ယနေ့ အေးချမ်းတည်ငြိမ်နေပြီး စီးပွားရေးလုပ်ငန်းများလည်း ပုံမှန်လည်ပတ်လျက်ရှိကြောင်း၊ ရန်ကုန်မြို့တွင် နိုင်ငံခြားစစ်သံမှူးများ၏ ဂေါက်ရိုက်ပြိုင်ပွဲတခုကိုပင် ကျင်းပနေခဲ့ကြကြောင်း ဖော်ပြထားသည်။
(BBC ,VOA, RFA, DVB)

❖ ၉–၉–၉၉။ ။ ပြင်ပသို့ လျှို့ဝှက်ထုတ်ယူခဲ့သည့် ဗွီဒီယိုခွေတွင် ဒေါ်အောင်ဆန်းစုကြည်မှ စက်တင်ဘာလ ၉ ရက်နေ့သာ ဒီမိုကရေစီအတွက် အရေးကြီးတာမဟုတ်ပါဘူး။ နေ့တိုင်းနေ့တိုင်းသည် ဒီမိုကရေစီရေးအတွက် အရေးကြီးပါသည်ဟု ပြောဆိုထားသည်။

❖ ၉–၉–၉၉။ ။ နအဖ အစိုးရမှ ၉–၉–၉၉ နေ့ နံနက် ၉ နာရီတွင် TV Radio မှ နေ၍ ၉ ပါးသီလ တရားကို သံဃနာယက ဆရာတော်တပါးမှ ဟောကြားတော်မူနေပုံအား ထုတ်လွှင့်ပေးနေသည်။ ထို့အပြင် ရန်ကုန်မြို့ပေါ်ရှိ အထက်တန်းကျောင်းသား ၉၀၀ တို့ကို ဆင့်ခေါ်၍ ရွှေတိဂုံစေတီတော်တွင် ဆီမီ ၉၀၀၀၊ ပန်း ၉၀၀၀ ကပ်လှူပူဇော် ခိုင်းခဲ့သည်။ (DVB)

❖ ၁၃–၉–၉၉။ ။ စစ်ထောက်လှမ်းရေးမှ တာဝန်ရှိသူတဦးသည် SNLD မှ ဦးခွန်ထွန်းဦးအား ချဉ်းကပ်၍ CRPP ဖျက်သိမ်းရေးအတွက် ဒေါ်အောင်ဆန်းစုကြည်အား နားချပေးရန် ပြောဆိုခဲ့သည်။ ဦးခွန်ထွန်းဦးမှ 'ဒေါ်အောင် ဆန်းစုကြည်က ခေါင်းမာတယ်။ CRPP ဖျက်သိမ်းပေးရေး မိမိပြောလို့ လွယ်မှာမဟုတ်ကြောင်း၊ လှုပ်ရှားမှု ခေတ္တရပ်တန့် ထားရေးကိုတော့ မေတ္တာရပ်ခံပေးပါမယ်' ဟု ပြောပြီး၊ စစ်ထောက်လှမ်းရေးအား ဦးခွန်ထွန်းဦးမှ တွေ့ဆုံဆွေးနွေးရေးကိစ္စ ပြန်လည်မေးမြန်းသည့်အခါ 'အထက်ကိုတင်ပြပေးပါ့မယ်' ဟုသာ ပြောပြီး ဘာမှ အကြောင်းပြန်ခြင်း မရှိတော့။ (ရှမ်း သံတော်ဆင့်သတင်း)

❖ ၁၆–၉–၉၉။ ။ CRPP နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ။ NLD ဗဟိုဌာနချုပ်ကို နအဖ က ပိတ်ဆို့ထား။

❖ ၁၇–၉–၉၉။ ။ '၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေးအား မည်သည့်အခါမျှ လက်လျှော့မည်မဟုတ်ကြောင်း' NLD ၏ ထုတ်ပြန်ကြေငြာချက်တွင် ဖော်ပြထားသည်။ (DVB)

❖ ၂၉–၉–၉၉။ ။ CRPP တည်ထောင်ခြင်း တနှစ်မြောက်နေ့ အခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည်မှ "ကျမတို့ဟာ လွှတ်တော်ခေါ်ယူရေး ဆုံးဖြတ်ချက်နှင့် CRPP ကို လွှတ်တော် ပေါ်မလာမချင်း လုံးဝစွန့်လွှတ်မှာ မဟုတ်ကြောင်း' ပြောကြားလိုက်သည်။

အောက်တိုဘာ။

❖ ၁–၁၀–၉၉။ ။ ဘန်ကောက်မြို့ရှိ နအဖ သံရုံးအား ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် စွမ်းအားမြင့် မြန်မာကျောင်းသား စစ်သည်တော်များအဖွဲ့ (Vigorous Burmese students Warriers) မှ ဝင်ရောက်စီးနင်းလိုက်သည်။ ၎င်းတို့သည် ဓားစာခံတချို့ကို ဖမ်းဆီထားပြီး။ သံအမတ်ကြီး ဦးလှမောင်မှာ သံရုံးအတွင်း၌မရှိဘဲ ပြင်ပသို့ ရောက်ရှိနေသည်။ သံရုံးစီးနင်းသူများမှ နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးရေး၊ တွေ့ဆုံဆွေးနွေး အဖြေရှာရေး၊ လွှတ်တော် ခေါ်ယူ ပေးရေးတို့ကို တောင်းဆိုထားသည်။ ဤကိစ္စအတွက် ထိုင်းအစိုးရမှ အေးအေးချမ်းချမ်းဖြင့် ဖြေရှင်းရန် ကြိုးစားနေသော်လည်း။ နအဖထိုင်းသံအမတ်ကြီးဦးလှမောင်မှ သံရုံးအား အကြမ်းဖက်၍ ဝင်ရောက်စီးနင်းရန် ထိုင်းအစိုးရအား တောင်းဆိုထားသည်။ (သတင်းဌာနများအားလုံးမှ ဖော်ပြချက်)

❖ ၂–၁၀–၉၉။ ။ ဘန်ကောက် နအဖ သံရုံးစီးနင်းမှု ၂၅ နာရီအကြာတွင် အေးချမ်းစွာ ပြီးဆုံးသွားပြီ ဖြစ်သည်။ ကျောင်းသားများတောင်းဆိုသည့် ရဟတ်ယာဉ်ဖြင့် ၎င်းတို့အား နယ်စပ်သို့ပို့ပေးရေးကို ထိုင်းအစိုးရမှ လိုက်လျောခဲ့ပြီး ထိုင်း ဒု–နိုင်ငံခြားရေးဝန်ကြီး ဆူကွန်ဖန်ပါရီဘာထရာ ကိုယ်တိုင် ဓားစာခံများကိုယ်စား လိုက်ပါ သွားခဲ့ပြီး နယ်စပ်သို့

ပို့ပေးခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် ထိုင်း ဒု–နိုင်ငံခြားရေးဝန်ကြီးမှ 'သံရုံးစီးနင်းသူများသည် အကြမ်းဖက်သမားများ မဟုတ်၊ မြန်မာပြည်ဒီမိုကရေစီရေး ကြိုးပမ်းနေသော ကျောင်းသားများသာ ဖြစ်ကြသည်' ဟု ပြောကြားလိုက်သည်။

❖ ၂–၁၀–၉၉။ ။ သံရုံးစီးနင်းခံရမှုအပေါ် ထိုင်းအစိုးရ၏ ဖြေရှင်းမှုနှင့် ထိုင်း ဒု–နိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်များအား နအဖ စစ်အစိုးရမှ ကြေနပ်မှုမရှိသောကြောင့် နှစ်နိုင်ငံနယ်စပ်ဂိတ်များကို တဖက်သတ် ပိတ်ပစ်လိုက်ပြီး၊ ငါးဖမ်းခွင့်လိုင်စင်များကို ပိတ်ခြင်းဖြင့် တုံ့ပြန်လိုက်သည်။

❖ ၃–၁၀–၉၉။ ။ 'သံရုံးအပိုင်းစီးမှုကို ကျမတို့လက်မခံပါ။ ဒါပေမယ့် သူတို့လုပ်ရပ်ကို ကျမတို့ နားလည်ပါတယ်' ဟု ဒေါ်အောင်ဆန်းစုကြည်မှ ပြောဆိုလိုက်သည်။

❖ ၆–၁၀–၉၉။ ။ ထိုင်း အမျိုးသားလုံခြုံရေးကောင်စီ NSC အစည်းအဝေးတွင် 'မြန်မာကျောင်းသား ၂၀၀၀ အား တတိယနိုင်ငံတခုခုသို့ ပို့ဆောင်မည်' ဟု ဆုံးဖြတ်ကြောင်း NSC အတွင်းရေးမှူးမှ ပြောဆိုလိုက်သည်။ ဘယ်အချိန် ပို့မည် ဆိုသည်ကိုတော့ ပြောဆိုခြင်းမရှိ။ (RFA)

❖ ၁၂–၁၀–၉၉။ ။ ကမ္ဘာ့ဦးရေ သန်း ၆၀၀၀ မြောက် လူသားတဦးအား ဘော့စနီးယားနိုင်ငံတွင် ယနေ့ မွေးဖွားခဲ့သည်။ လွန်ခဲ့တဲ့အနှစ် ၄၀ က ကမ္ဘာ့လူဦးရေသည် သန်း ၅၀၀၀ သာ ရှိခဲ့သည်။ (BBC)

❖ ၁၅–၁၀–၉၉။ ။ အကြမ်းဖက်ဝါဒနှင့် အဖျက်သမားရှုံ့ချပွဲ အခမ်းအနားများကို မြန်မာနိုင်ငံတွင် ယနေ့မှစတင် ကျင်းပသည်။ အဆိုပါ အခမ်းအနားများမှ (၁) အကြမ်းဖက်ဝါဒနှင့် အဖျက်သမားကို ရှုံ့ချကြောင်း (၂) နိုင်ငံတော် အစိုးရ၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များအား ထောက်ခံကြောင်း အဆိုနှစ်ရပ် တင်သွင်းဆုံးဖြတ်ကြသည်ဟု နအဖ သတင်းမီဒီယာများတွင် ဖော်ပြရေးသားထားသည်။

❖ ၁၈–၁၀–၉၉။ ။ ရွေးကောက်ပွဲကော်မရှင်မှ ကြေငြာချက်တရပ် ယနေ့ထုတ်ပြန်ရာ၌ လက်ရှိအခြေအနေတွင် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် ၁၈၃ ဦး (NLD အဖွဲ့ဝင် ၁၂၃ ဦး) သာ ကျန်ရှိတော့ကြောင်း၊ ကွယ်လွန်သူ ၁၃၁ ဦး၊ အရည်အချင်းမပြည့်မှီ၍ အထုတ်ခံရသူ ၇၂ ဦး၊ ဥပဒေနှင့်မညီ၍ အထုက်ခံရသူ ၁၀၈ ဦး၊ ကိုယ်တိုင် နုတ်ထွက်သူ ၉၁ ဦးရှိကြောင်း ကြေငြာချက်တွင် ဖော်ပြထားသည်။

❖ ၁၉–၁၀–၉၉။ ။ ထိုင်းနိုင်ငံ 'မနီလွိုင်'စခန်းမှ မြန်မာကျောင်းသားတချို့သည် UNHCR ဝန်ထမ်း ၅ ဦး (ထိုင်း–၄၊ ပြင်သစ် – ၁) တို့အား အခန်းထဲသော့ခတ်ပြီး တံခါးပိတ်၍ ဖမ်းဆီးထားသည်။ အဖမ်းခံထားရသူများသည် ကျောင်းသားတချို့အတွက် ထောက်ပံ့ကြေးငွေ အမေရိကန်ဒေါ်လာ ၂၀ (ဘတ် ၈၀၀) အား မပေးသည့်အတွက် ယခုကဲ့သို့ လုပ်ရခြင်းဖြစ်ကြောင်း ကျောင်းသားများမှ ရှင်းပြ၍ ညှိနှိုင်းပြီးနောက် ၎င်းတို့အား ပြန်လွှတ်ပေးလိုက်သည်။ ထိုင်းသတင်းစာတချို့မှ ဤကိစ္စအား ပြန်ပေးဆွဲသည်ဟု ရေးသားကြသည်။ (VOA, BBC, DVB, RFA)

❖ ၂၀–၁၀–၉၉။ ။ နိုင်ငံပေါင်း ၁၃ နိုင်ငံမှ မြန်မာကျောင်းသားများအား လက်ခံဖို့ဆန္ဒရှိကြောင်း။ အမေရိကန်နှင့် ကနေဒါတို့မှ အယောက် ၂၀၀ လက်ခံမည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီးမှ ပြောဆိုသည်။ (BP)

❖ ၂၄–၁၀–၉၉။ ။ 'မြန်မာနိုင်ငံအတွင်း လူတွေဟာ စားဝတ်နေရေး ခက်ခဲကြပ်တည်းလွန်းသည့်အတွက် (သူတောင်းစားများ မဟုတ်သော်လည်း) ဘုန်းကြီးကျောင်းများတွင် ပြန်၍ ထမင်းတောင်းစားနေရကြောင်း။ လာရောက် တောင်းရမ်းသူများသည် နေ့စဉ် ၃၀–၄၀ နီးပါး ရှိကြောင်း' ဆရာတော်တပါးမှ ပြောဆိုသည်။ (DVB)

❖ ၂၈–၁၀–၉၉။ ။ NLD ပါတီမှ ဓနုဖြူ ၂ အမတ် ဦးသောင်းရီသည် 'မြန်မာနိုင်ငံရေးသမိုင်းမှာ မိမိအနေဖြင့် သမိုင်းတရားခံ မဖြစ်လိုကြောင်း' မဲဆန္ဒရှင်များအား ဝန်ချတောင်းပန်ပွဲကို ဓနုဖြူမြို့တွင် ယနေ့ကျင်းပသည်။ (မြန်မာသံ) ဦးသောင်းရီသည် ၁၉၈၈ အရေးတော်ပုံ မတိုင်ခင်က မဆလ တဦးဖြစ်ပြီး၊ ၉၀ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရသော လွှတ်တော်ကိုယ်စားလှယ်များအနက် ယခုကဲ့သို့ ဝန်ချတောင်းပန်သူမှာ ဦးသောင်းရီတယောက်သာ ရှိသေးသည်။ (ABSDF)

❖ အောက်တိုဘာလအတွင်း။ ။ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်ဆရာတော်ကြီး နိုင်ငံတော်သြဝါဒစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဇအဂ္ဂမဟာ သတ္တဓမ္မဇောတိက ဆရာတော်ဦးဇောတိပါလမှ နအဖနှင့် NLD အဖွဲ့တို့ထံ တိုက်တွန်းပန်ကြားလွှာတစောင် ထုတ်ပြန်သည်။ "တိုင်းပြည်ကောင်းကျိုး ရှေးရှုပြီး ဆွေးနွေးညှိနှိုင်းကြပါရန်၊ ငြိမ်းချမ်းရေးအတွက် ကမ်းလှမ်းခဲ့ရင် ဆရာတော်အနေနှင့် ဘယ်ကိုပဲ ကြွရကြွရ ကြွပါ့မယ်" ဟု တိုက်တွန်းထားသည်။

နိုဝင်ဘာလ။

❖ ၂–၁၁–၉၉။ ။ ထိုင်းနိုင်ငံရှိ တရားမဝင်အလုပ်သမားများအား ယနေ့မှ စတင်ဖမ်းဆီးပြီး မြန်မာနိုင်ငံအတွင်းသို့ ပြန်ပို့နေသည်။ ပြန်ပို့သောသူများအား မြန်မာဘက်ကမ်းမှ နအဖ မှ သေနတ်နှင့်ချိန်ထားပြီး လက်မခံသဖြင့် နှစ်နိုင်ငံနယ်ခြား သောင်ရင်းမြစ်ကျွန်းပေါ်တွင် အမိုးမရှိ၊ အကာမရှိ၊ စားစရာမရှိဘဲ ဒုက္ခရောက်နေကြရသည်။ ထိုင်းလုပ်ငန်းရှင်များမှလည်း ဒုက္ခကိုအခွင့်ကောင်းယူ၍ မြန်မာအလုပ်သမားများ၏ လစာငွေကို မပေးဘဲထားသောကြောင့် ဆန္ဒပြမှုများ ရုန်းရင်းဆန်ခတ်ဖြစ်မှုများလည်း ဖြစ်ပွားနေသည်။ (BBC, RFA, DVB )

❖ ၃–၁၁–၉၉။ ။ ဒီဇင်ဘာလ ၁ ရက်မှ ၆ ရက်နေ့အထိ ဘန်ကောက်တွင် ကျင်းပမည့် ၁၀ ကြိမ်မြောက် အာဆီယံနိုင်ငံများ တက္ကသိုလ်အားကစားပြိုင်ပွဲသို့ နအဖ ကိုဖိတ်ကြားသော်လည်း တက်ရောက်နိုင်ခြင်းမရှိပါဟု နအဖမှ အကြောင်းပြန်ခဲ့။ 'ဒီသတင်းကို မြန်မာတက္ကသိုလ်ကျောင်းသား အားကစားသမားတွေ ကြားမိရင် ဘယ်လောက်များ ရင်ထုမနာ ဖြစ်ကြလေမလဲ'ဟု ရူပဗေဒနည်းပြဆရာဟောင်း ဆရာဦးတင့်ဇော်မှ ပြောကြားသည်။ (RFA)

❖ ၈–၁၁–၉၉။ ။ ၇–၉–၉၉ နေ့တွင် ရန်ကုန်မြို့လည် လူစည်ကားရာ တနေရာတွင် နအဖဆန့်ကျင်ရေး ဆန္ဒပြမှုဖြင့် အဖမ်းခံရသော ဗြိတိန်နိုင်ငံသူ မစ္စရေချယ်ဂိုဝင်သည် ဝန်ခံကတိဖြင့် ၈–၁၁–၉၉ နေ့တွင် ပြန်လည် လွတ်မြောက်လာခဲ့သည်။ ယနေ့ လန်ဒန်သို့အရောက်တွင် သတင်းထောက်များနှင့်တွေ့ဆုံစဉ် 'နအဖအပေါ် သူမ အနေဖြင့် ဝေဘန်ခြင်းမပြုနိုင်။ မြန်မာ့ဒီမိုကရေစီရေးတွင် မိမိအနေနှင့် ထိပ်တိုက်ရင်ဆိုင်သောနည်းဖြင့် မဟုတ်ဘဲ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သော နည်းဖြင့်သာ ဆက်လက်ဆောင်ရွက်သွားမည်'ဟု ပြောဆိုသည်။
(BBC,VOA ,RFA,DVB )

❖ ၈–၁၁–၉၉။ ။ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၄၀ ကျော် တက်ရောက်သည့် ၃၁ ကြိမ်မြောက် နိုင်ငံတကာ ဆိုရှယ်လစ်အဖွဲ့ချုပ် SI ညီလာခံ ယနေ့ပြီးဆုံးသွားပြီဖြစ်သည်။ အဖွဲ့၏ ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ CRPP ကို ထောက်ခံကြရန် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းထားပြီး၊ NLD ပါတီအား အာဏာလွှဲပေးရန်၊ ၃ ပွင့်ဆိုင် တွေ့ဆုံ ဆွေးနွေးရန်၊ ဖမ်းဆီးထားသော နိုင်ငံရေးအကျဉ်းသားများ အားလုံးပြန်လွှတ်ပေးရန်၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ ရပ်စဲရန်၊ လူ့အခွင့်အရေး ဖောက်ဖျက်မှုများကို ရပ်တန့်ရန်' နအဖအား တိုက်တွန်းတောင်းဆိုထားသည်။ (RFA)

❖ ၁၁–၁၁–၉၉။ ။ တရားမဝင် မြန်မာအလုပ်သမားများ နယ်စပ်တွင် ဒုက္ခရောက်နေသည်ကို မကြည့်ရက်၍ သာမညဆရာတော်ကြီးကိုယ်တိုင် ကြီးကြပ်ပြီး ကားများဖြင့် ဖားအံဘက်သို့ ပြန်ပို့ပေးနေသဖြင့် အလုပ်သမားများ အတွက် လမ်းပွင့်သွားပြီ ဖြစ်သည်။ ယနေ့အလုပ်သမား ငါးထောင်ခန့်ပြန်သွားပြီး ၁၈–၁၁–၉၉ နေ့အထိ ပို့ဆောင်ပေး မည်ဖြစ်သည်။ (BBC)

❖ ၁၄–၁၁–၉၉။ ။ ရန်ကုန်မြို့တွင်ကျင်းပသော နအဖ၏ (ဆို၊ က၊ ရေး၊ တီး) ပြိုင်ပွဲ ဆုပေးပွဲတွင် ဒု–ဗခက ခင်ညွန့်မှ 'မိမိတို့လက်ထက် ကြိုးစားရှာဖွေမှုကြောင့် မြန်မာအစ မြန်မာကဟု ပြောနိုင်ပြီးဖြစ်ကြောင်း' ပြောဆိုသွားသည်။ (မြန်မာ့အလင်း)

❖ ၁၅–၁၁–၉၉။ ။ ကမ္ဘာ့ဘဏ်မှ 'မြန်မာ့စီးပွားရေး သုံးသပ်ချက်စာတမ်း'အား နအဖ နှင့် NLD ပါတီတို့ အတွက်သာ ထိပ်တန်းလျှို့ဝှက်အဖြစ် ပေးပို့ထားသော်လည်း ထိုစာတမ်းမှာ ပေါက်ကြားသွားသည်ဟု ကမ္ဘာ့ဘဏ်မှ ပြောဆိုသည်။ ထိုစာတမ်းတွင် 'မြန်မာပြည် စီးပွားရေးကျဆင်းရခြင်းသည် အာရှစီးပွားပျက်ကပ်ကြောင့် ဖြစ်ရခြင်း မဟုတ်ဘဲ နအဖ၏ စီမံခန့်ခွဲမှုညံ့ဖျင်း၍သာ ဖြစ်ရခြင်းဖြစ်ကြောင်း၊ ယခုအတိုင်းသာ ဆက်သွားနေပါက Human Develop ရပ်တန့်သွားနိုင်ကြောင်း' ဖော်ပြထားသည်။ (DVB, BBC)

❖ ၁၆–၁၁–၉၉။ ။ ဘန်ကောက်မြို့၊ မနီလို့ုင်မြန်မာကျောင်းသား ဒုက္ခသည်စခန်းမှ ကျောင်းသားများနှင့် ထိုင်းရဲများ ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့သည်။ ၁၂–၁၁–၉၉ နေ့တွင် မနီလို့ုင်ရွာသားတဦးမှ ကျောင်းသားတဦးအား သေနတ်နှင့်ပစ်ခတ်ခဲ့မှုအား ကျောင်းသားများမှ မကျေနပ်၍ ဆန္ဒပြစဉ် ထိုင်းရဲများရောက်ရှိလာပြီး သေနတ်ဒင်နှင့် ဝင်ထုရာမှ ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ (RFA)

❖ ၁၈–၁၁–၉၉။ ။ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၅၂ နှစ်တာ ကာလအတွင်း ပထမဆုံးအကြိမ် ဖွင့်လှစ်သော သံတမန်ရေးရာသင်တန်းတွင် ဒု–ဗခကခင်ညွန့်မှ 'ယခုရေးဆွဲနေသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြီးမှ ဖွဲ့စည်းပုံအရ ပေါ်လာသည့်အစိုးရကို အာဏာလွှဲပေးမည်'ဟု ပြောဆိုလိုက်သည်။ (မြန်မာ့အသံ)

❖ ၁၈–၁၁–၉၉။ ။ ဘန်ကောက်ရှိ နအဖ သံရုံးဝင်းသို့ဝင်ရောက်စီးနင်းသော ကျောင်းသားများသည် သံရုံး အတွင်းမှ အရေးကြီးသော စာရွက်စာတမ်းများ ရရှိသွားသည်။ ထိုစာရွက်စာတမ်းများတွင် ထိုင်းနိုင်ငံအတွင်းရှိ နအဖ စစ်ထောက်လှမ်းရေး၊ တန်ပြန်ထောက်လှမ်းရေးတို့၏ စာရင်းများ၊ ရွှေတြိဂံဒေသမှ ဘိန်းလုပ်ငန်းနှင့် ဆက်စပ်နေသူများ စာရင်းများကို ရရှိသွားခြင်းကြောင့် ထိုင်းအစိုးရနှင့်ကျောင်းသားများ စေ့စပ်၍ရသွားခြင်းဖြစ်ကြောင်း ယခုအပတ်ထုတ် အရှေ့ဖျားစီးပွားရေးစာစောင် FEER တွင် ဖော်ပြထားသည်။

❖ ၂၁–၁၁–၉၉။ ။ နအဖ (လဝက) ဌာန၏ လျှို့ဝှက်ထုတ်ပြန်ချက်အရ မြန်မာလူငယ်များ တနေ့လျှင် အယောက် ၅၀ ခန့် မင်္ဂလာဒုံလေဆိပ်မှ နိုင်ငံခြားသို့ ထွက်ခွာသွားနေပြီး ပြည်တွင်းပြန်ဝင်လာသူမှာ ၂ ရက်မှ ၃ ယောက်နှုန်းသာရှိကြောင်း အများစုမှာ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားနေခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ (DVB)

❖ ၂၄–၁၁–၉၉။ ။ သံရုံးကိစ္စ စတင်ကတည်းက ပိတ်ထားသော ထိုင်း–မြန်မာနယ်စပ်ဂိတ်များ ယနေ့ ပြန်လည်ဖွင့်လှစ်ပေးလိုက်သည်။

ဒီဇင်ဘာလ။

❖ ၁–၁၂–၉၉။ ။ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာဟာရှီမိုတို ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ (BBC)

❖ ၁–၁၂–၉၉။ ။ CRDB ဥက္ကဌနှင့် DAB ဒု–ဥက္ကဌ ဦးတင်မောင်ဝင်း ၆၂ နှစ်သည် ဘန်ကောက်မြို့တွင် နှလုံးရောဂါဖြင့် ရုတ်တရက်ကွယ်လွန်သွားသည်။

❖ ၂–၁၂–၉၉။ ။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ AAPP အား လွတ်မြောက်ဒေသ တနေရာတွင် ဖွဲ့စည်းလိုက်သည်။

❖ ၆–၁၂–၉၉။ ။ သံရုံးအား ဝင်ရောက်စီးနင်းခဲ့သည့် 'စွမ်းအားမြင့် မြန်မာကျောင်းသား စစ်သည်တော်များအဖွဲ့' ခေါင်းဆောင်း ရဲသီဟ (ခ) ကိုစန်းနိုင်နှင့် DVB အသံလွှင့်ဌာနမှ ကိုအောင်မျိုးမင်းတို့ တောတွင်းတနေရာတွင် လျှို့ဝှက်တွေ့ဆုံဆွေးနွေးခဲ့စဉ် ရဲသီဟမှ 'သံရုံးဝင်စီးတဲ့ ကိစ္စမှာ ဘယ်သူ့ပယောဂ အကူအညီမှမပါဘူး။ ၁၁ နှစ် နီးပါး တိုင်အောင် မရေမရာအခြေအနေကို မကျေနပ်လို့ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားမှုကို ကမ္ဘာက အာရုံစိုက်လာအောင် လုပ်ဆောင်တာသာဖြစ်တယ်။ မိမိတို့ဟာ အကြမ်းဖက်သမားတွေ မဟုတ်ဘူး' ဟု ရှင်းလင်းသွားသည်။

❖ ၉–၁၂–၉၉။ ။ မနီလာ အာဆီယံဆွေးနွေးပွဲ တက်ရောက်စဉ် ဒု–ဗခက ခင်ညွန့်နှင့် Asia Week မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခန်းတခု ပြုလုပ်ခဲ့သည်။ "မြန်မာပြည်တွင် နိုင်ငံရေးအကျဉ်းသားများ မရှိ။ ဒေါ်အောင်ဆန်းစုကြည်အား ညီမလေးလို သဘောထားသည်။ သူမအနေနှင့် အစိုးရအား ထိပ်တိုက်တွေ့ရေး လုပ်ဆောင်နေသည်များ ရပ်တန့်စေချင်။ သူမအား သူ့လူ၊ သူ့အမာခံများကပင် မကြိုက်ကြတော့။ သူမအား မြို့ပြင်သို့ မသွားရေး တားဆီးရခြင်းမှာ သူမအား မကျေနပ်သူများ များနေသဖြင့် ရန်ပြုမည်စိုး၍ တားဆီးရခြင်းသာဖြစ်သည်။ ယခင် (မဆလ) အစိုးရ လုပ်ရပ်များအား ဝေဘန်စရာမရှိ။ မိမိမှာ အပိုဝင်ငွေမရှိပါ နိုင်ငံတော်မှ ထောက်ပံ့ထားသော ဒု–ဗခက လစာနှင့်သာ စားနေရသည်"ဟု ဖြေကြားထားသည်။

❖ ၁၀–၁၂–၉၉။ ။ စွမ်းအားမြင့် အဖွဲ့မှ ဂျော်နီ (ခ) ကျော်ဦးနှင့် AP သတင်းဌာနတို့ တွေ့ဆုံမေးမြန်းခန်း တွင် ဂျော်နီမှ 'သံအမတ် ဦးလှမောင်ကို သတ်ဖို့အထိ အစီအစဉ်ရှိကြောင်း သို့သော် ဒီလူလွတ်ထွက်သွားကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကို မထောက်ခံဘူး၊ သူမ အာဏာရလျှင်လည်း ဆက်ဆန့်ကျင်မယ်' ဟု ပြောဆိုခဲ့ကြောင်း ထိုင်းနိုင်ငံ သတင်းမီဒီယာများတွင် ဖော်ပြထားသည်။ ထိုကိစ္စအတွက် စွမ်းအားမြင့်အဖွဲ့မှ ကြေငြာချက်ထုတ်ပြန်ရာတွင် 'ဒါဟာ အဖွဲ့ရဲ့ သဘောထား မဟုတ်ဘူး' ဟု ရှင်းလင်းခဲ့သည်။ (DVB)

❑ ❑ ❑ ❑ ❑ ❑ ❑

## ၂၀၀၀ ခုနှစ်အတွင်း မြန်မာနိုင်ငံသတင်းများ

ဇန်နဝါရီလ။

❖ ၁–၁–၀၀။ ။ နအဖ မှ ဦးစီးကျင်းပသည့် ၂၁ ရာစုအကြို လူထုစည်းဝေးပွဲကြီးတရပ်အား ပုဂံမြို့တွင် ကျင်းပ။ သန္နိဋ္ဌာန် ၆ ရပ်ကို ချမှတ်ခဲ့ဟုဆို။

❖ ၄–၁–၀၀။ ။ ၅၂ ကြိမ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည်မှ 'နိုင်ငံသား အားလုံး စည်းလုံးညီညွတ်စွာဖြင့် ဒီမိုကရေစီရရှိရေးနှင့် စစ်အာဏာရှင်စနစ်ပြုတ်ကျရေးကို ကြိုးပမ်းသွားကြရန်' မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားသွားသည်။

❖ ၄–၁–၀၀။ ။ 'တိုင်းပြည် ငြိမ်းချမ်းရေး စည်းလုံးညီညွတ်ရေး ရယူရန် ဆရာတော်ကြီးနှစ်ပါး၏ ဩဝါဒကို လိုက်နာသင့်ကြောင်း' ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင်မှ နအဖအား တိုက်တွန်းလိုက်သည်။

❖ ၅–၁–၀၀။ ။ နအဖ သည် တက္ကသိုလ်များအား နှစ်ရှည်လများ ပိတ်ထားသော်လည်း ဘွဲ့လက်မှတ်များအား စာတိုက်မှ ပေးပို့လျက်ရှိသည်။ (FEER 05.01.55)

❖ ၇–၁–၀၀။ ။ NLD ကြေငြာချက်အမှတ် ၃ (၁/၂၀၀၀)။ ပဲခူး ကြခတ်ဝိုင်းဆရာတော်ကြီးနှင့် မဟာဂန္ဓာရုံ ဆရာတော်ကြီးနှစ်ပါးတို့၏ နအဖနှင့် NLD သို့ ပေးပို့သော ဩဝါဒအား မိမိတို့အနေနှင့် ရိုသေစွာနာခံရန် အသင့် ဖြစ်ကြောင်း ဖော်ပြထားသည်။ (NLD 07.01.00)

❖ ၉–၁–၀၀။ ။ လားဟူဒီမိုကရက်တစ်တပ်ဦး LDF ၏ အထွေထွေအတွင်းရေးမှူး ဘိကြာဦး (ခ) ဘင်ဂျ မင်ကြာဦး ၆၀ နှစ်သည် ထိုင်းနိုင်ငံနယ်စပ်တနေရာတွင် ကွယ်လွန်သွားသည်။ (DVB09.01.00)

❖ ၉–၁–၀၀။ ။ ဒေါ်အောင်ဆန်းစုကြည်သည် တိုင်းပြည်၏လျှို့ဝှက်ချက်များအား နိုင်ငံခြားသို့ ပေါက်ကြား ပေးနေသူ၊ ဝရမ်းပြေးများ၊ လက်နက်ကိုင်သူပုန်အဖွဲ့များနှင့် ဆက်သွယ်လျက် ဥပဒေချိုးဖောက်နေသူ ပြည်သူ့အကျိုး စီးပွားနှင့် ဆန့်ကျင်လုပ်ဆောင်နေသူဖြစ်၍ သူမအား တရားစွဲဆိုနိုင်သည်ဟု နအဖသတင်းစာတွင် ရေးသားဖော်ပြထားသည်။ (NLM 09.01.00)

❖ ၁၈–၁–၀၀။ ။ KNU အမြဲတမ်းဗဟိုကော်မတီဝင် NHEC ၏ အကြံပေးပုဂ္ဂိုလ်၊ မြန်မာနိုင်ငံဆေးပညာရှင်များ အသင်း၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာဆင်း (H.M.Singh) သည် ထိုင်း–မြန်မာနယ်စပ် တောတွင်းတနေရာတွင် ကွယ်လွန် သွားသည်။ (VOB 23.01.00)

❖ ၂၀–၁–၀၀။ ။ နအဖ ဥက္ကဋ္ဌ ဗခမကသန်းရွှေလာမည်ဖြစ်၍ ကော့သောင်းမြို့နယ် NLD ဆိုင်းဘုတ်အား စစ်ထောက်လှမ်းရေးမှ အဓမ္မဖြုတ်ချလိုက်သည်။ (DVB 20.01.00)

❖ ၂၁–၀၁–၀၀။ ။ တက္ကသိုလ်များ နှစ်ရှည်လများပိတ်ထား၍ မြန်မာနိုင်ငံ၏ ပညာရေးနှင့်ပတ်သက်ပြီး စိတ်ပူမိကြောင်း UNESCO နှင့် UNDP တို့မှ ပြောဆိုသည်။ (BP21.01.00)

❖ ၂၄–၀၁–၀၀။ ။ ထိုင်းနိုင်ငံ၊ ရပ်ချ်ဘူရီဆေးရုံအား God's Army မှ ဝင်ရောက်စီးနင်းခဲ့သည်။ ၎င်းတို့မှ မိမိတို့ တပ်စခန်းအား နအဖတပ်များနှင့် နားလည်မှုယူ၍ ညှပ်တိုက်နေသော ထိုင်းတပ်ဖွဲ့များ၏ တိုက်ခိုက်နေမှုများအား ရပ်ဆိုင်းပေးရန်၊ မိမိတို့ ပြန်လည်ထွက်ခွာရေးအတွက် ရဟတ်ယာဉ်စီစဉ်ပေးရန်၊ မိမိတို့နှင့်အတူ ထိုင်းဆရာဝန်နှင့် ဆရာမများ လိုက်ပါရန်၊ စစ်ပြေးဒုက္ခသည်များနှင့် ဒဏ်ရာရ လူနာများအား ထိုင်းနယ်မြေအတွင်း ခိုလှုံခွင့်၊ ဆေးကုသခွင့် ပေးရန်တို့ကို တောင်းဆိုထားသည်။ (DVB, BBC, VOA,24.01.00)

❖ ၂၅–၀၁–၀၀။ ။ ထိုင်းကွန်မန်ဒိုများသည် ရပ်ချ်ပူရီဆေးရုံအား ဝင်ရောက်စီးနင်းလိုက်ပြီးနောက် ခုခံခြင်းမပြုဘဲ လက်နက်ချအညံ့ခံသူများ အားလုံးကို ပစ်သတ်လိုက်သည်။ (BP 26.01.00)

❖ ၂၆–၀၁–၀၀။ ။ ယနေ့ကျင်းပပြီးစီးသွားသော ၁၂ ကြိမ်မြောက် KNU ကွန်ဂရက်မှ ဥက္ကဋ္ဌအဖြစ် ပဒို စောဘသင်၊ ဒု–ဥက္ကဋ္ဌနှင့် စစ်ဦးစီးချုပ်အဖြစ် ဗိုလ်ချုပ်ကြီးစောဘိုမြတို့အား ရွေးချယ်တင်မြှောက်လိုက်ပြီး ပေါ်လစီ အပြောင်းအလဲ ပြုလုပ်မည်မဟုတ်ဟု ကြေငြာလိုက်သည်။ (TN BP 28.01.00)

❖ ၃၁–၀၁–၀၀။ ။ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP ) ကြေငြာချက်အမှတ် ၃ (၁/၀၀) နှင့် ၄ (၁/၀၀) တို့အား ထုတ်ပြန်။ ထိုင်းကွန်မန်ဒိုများသည် ဆေးရုံဝင်စီးသူများအား လက်နက်ချပြီးမှ ပစ်သတ်ခြင်းသည်

ဂျနီဗာကွန်ဗင်းရှင်းအား ဖောက်ဖျက်ခြင်းဖြစ်၍ အလွန်အရုပ်ဆိုးလှကြောင်း ဖော်ပြထားသည်။ (CRPP. 31. 01. 00)

ဖေဖော်ဝါရီလ။

❖ ၀၂–၀၂–၀၀။ ။ သံလျှင်ရှိ စက်မှုကောလိပ် ကျောင်းသားများ ဆန္ဒပြ။ အင်းစိန် ကြို့ကုန်းရှိ စက်မှုတက္ကသိုလ်အား သံလျှင်မြို့သို့ အဆင့်လျှော့ချ၍ ပြောင်းရွှေ့လိုက်ခြင်း၊ စာသင်ခန်းများ၊ အဆင့်မီဆရာများ၊ အထောက်အကူပစ္စည်းများ ကောင်းကောင်းမွန်မွန် မရှိခြင်းအား ကျောင်းသားများမှ မကြေနပ်၍ ဆန္ဒပြကြခြင်းဖြစ်ပြီး ပညာရေးဝန်ကြီး ရောက်ရှိလာကာ ကျောင်းသားများ၏တောင်းဆိုချက် အတော်များများအား လိုက်လျောသွားသည်။ (DVB 05. 02. 00)

❖ ၀၂–၀၂–၀၀။ ။ ရက်ပေါင်းများစွာ တိုက်ပွဲဖြစ်ပွားပြီးနောက် God's Army ၏ ဌာနချုပ် ကမာပလော အား နအဖတပ်များမှ သိမ်းပိုက်လိုက်ကြသည်။ (BP 02. 02. 00)

❖ ၂၅–၀၂–၀၀။ ။ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ထုတ်ပြန်သော အမေရိကန်အစိုးရ၏ ကြေငြာချက်၌ 'ကမ္ဘာပေါ်တွင် အရက်စက်ဆုံးနှင့် အကျင့်စာရိတ္တ အပျက်ပြားဆုံးနိုင်ငံသည် မြန်မာနိုင်ငံတနိုင်ငံတည်းသာ ရှိတော့သည်' ဟု ဖော်ပြထားသည်။ (USSDR 02. 02. 00)

❖ ၃–၀၂–၀၀။ ။ မြန်မာနိုင်ငံတွင် အသက် ၅ နှစ်အောက် ကလေး ၃ ဦးလျှင် တဦးနှုန်း အဟာရချို့တဲ့နေကြောင်း ကလေးများအားလုံး၏ တဝက်မှာ ပညာမတတ်ကြောင်း နှစ်စဉ်ကလေးဦးရေ ၁.၃ သန်း မွေးဖွားနေပြီး တနှစ်မပြည့်မီ ကလေး ၉၂၅၀၀ ယောက် သေဆုံးနေကြောင်း UNICEF အရာရှိတဦးမှ ပြောဆိုသည်။ (BP 03. 02. 00)

❖ ၇–၀၂–၀၀။ ။ မြို့နယ်အာဏာပိုင်များ၏ အဓမ္မစပါးသိမ်းယူနေမှုများအား မကျေနပ်၍ ရေဝတီတိုင်း၊ ကျောင်းကုန်းမြို့နယ် အတွင်းရှိ လယ်သမား ၃၀၀ ခန့်သည် မအဖရုံးရှေ့တွင် ဆန္ဒပြခဲ့ကြသည်။ (DVB 07 .02. 00)

❖ ၁၀–၀၂–၀၀။ ။ နအဖ စစ်မဟာဗျူဟာ လေ့လာရေးဌာနသည် နိုင်ငံတကာရှိ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားနေသူများ၏ အင်တာနက်စာမျက်နှာများပေါ်သို့ သတင်းအချက်အလက်များ ပေးပို့ရာတွင် ဗိုင်းရပ်စ်ပိုးများ ထည့်သွင်းပေးပို့ခြင်းဖြင့် ဆိုက်ဖာစစ်ဆင်ရေးတရပ်အား ဆင်နွှဲလျက်ရှိသည်။ (FEER 10. 02. 00)

❖ ၁၇–၀၂–၀၀။ ။ ထိုင်းအစိုးရ၏ ဖိအားပေးမှုကြောင့် ထိုင်းနယ်စပ်ရှိ ABSDF ရုံးများ ပိတ်လိုက်ရပြီး ဆက်လက်ဖိအားပေးလာပါက ၎င်းတို့အနေနှင့် တောထဲသို့သာ ပြန်သွားမည် တတိယနိုင်ငံများသို့တော့ မသွားဟု ဆိုသည်။ (ရပ်ချ်ဘူရီဆေးရုံ အဖြစ်အပျက်ပြီးနောက်ပိုင်းမှ စတင်ကာ ထိုင်းအစိုးရသည် မြန်မာဒီမိုကရေစီ အင်အားစုများအား ဖိအားပေးမှုများ သိသိသာသာ ပြုလုပ်လာခဲ့သည်။ (DVB , BBC, BP 17. 02. 00)

❖ ၂၃–၀၂–၀၀။ ။ ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်မည့် မြန်မာနိုင်ငံသားများသည် ဝင်ငွေခွန်၏ ၁၀ ရာခိုင်နှုန်းအားလည်းကောင်း၊ မိသားစုထံသို့ လစာငွေ၏ ၅၀ ရာခိုင်နှုန်းအားလည်းကောင်း နိုင်ငံခြားငွေဖြင့် နအဖဘဏ်မှတဆင့် ပေးသွင်းရန် ဝန်ခံကတိရေးထိုးမှသာလျှင် ပြည်ပသို့ အလုပ်လုပ်ခွင့်ပြုမည်ဟု နအဖမှဆိုသည်။ (NLM240200)

❖ ၂၉–၀၂–၀၀။ ။ တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တွင် ကျင်းပမည့် မြန်မာနိုင်ငံအရေး ဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံအနေနှင့် ပါဝင်တက်ရောက်ခြင်း မပြုစေလိုကြောင်း နအဖနိုင်ငံခြားရေးဝန်ကြီးမှ ထိုင်းနိုင်ငံခြားရေးဝန်ကြီးထံ စာရေးသား ပေးပို့ခဲ့သည်။ (ဤရေးသားမှုသည် သူတပါးပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းဖြစ်သည်ဟု ထိုင်းနိုင်ငံခြားရေးဌာနမှ ဝေဖန်လိုက်သည်။) (TN 29. 02. 00)

❖ ၂၉–၀၂–၀၀။ ။ "မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးနေသည် ဆိုသော်လည်း အကျိုးသက်ရောက်မှု မရှိသေး။ (၉၇) ခုနှစ် အာရှငွေကြေးဂယက်ဒဏ်ကို ခံနေရခြင်း၊ စီးပွားရေးပိတ်ဆို့မှုဒဏ်ကို ခံနေရခြင်းတို့ကြောင့် ဖြစ်သည်ဟု ဗိုလ်ချုပ်ခင်ညွန့်မှ ပြောဆိုသည်။
(NLM 010300)

မတ်လ။

❖ ၀၃–၀၃–၀၀။ ။ ဆိုးလ်မြို့တော်တွင် ကျင်းပမည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ ညီလာခံတရပ်မတိုင်မီ နိုင်ငံတကာရှိ မြန်မာသံအမတ်ကြီးများအား အရေးပေါ်ဆွေးနွေးပွဲတရပ် ကျင်းပရန် နအဖမှ ရန်ကုန်သို့ ခေါ်ယူထားသည်။ (Asia Week 03. 03. 00)

❖ ၀၆–၀၃–၀၀။ ။ 'မြန်မာတိုင်း (Myanmar Time ) ဂျာနယ် ယနေ့စတင်ထုတ်ဝေ။ ဩစတေးလျလူမျိုး Ross Dunkley မှ အယ်ဒီတာအဖြစ် တာဝန်ယူထုတ်ဝေမည် ဖြစ်ပြီး ဂျာနယ်တွင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံတကာသတင်းများကို ထည့်သွင်းဖော်ပြသွားမည် ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်သည့် သတင်းများကိုတော့ ဖော်ပြမည်မဟုတ်ဟု ဆိုသည်။ (AP 06. 03. 00)

❖ ၀၇–၀၃–၀၀။ ။ ဆိုးလ်မြို့တော်တွင် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် နိုင်ငံတကာ ညီလာခံတရပ်ကျင်းပနေ။ အင်ဒိုနီးရှားမှလွဲ၍ အာဆီယံနိုင်ငံများ၊ အမေရိကန်၊ ဗြိတိန်၊ ဩစတေးလျ၊ ကနေဒါ၊ ဂျပန်၊ ကုလသမဂ္ဂမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ နအဖမှ အတိုက်အခံအပေါ် ပျော့ပြောင်းလာရေး ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်အဖြစ် မလေးရှားနိုင်ငံသား မစ္စတာရာဇာလီအား ရွေးချယ်ခဲ့ကြသည်။ (မြန်မာနိုင်ငံနှင့် ပတ်သက်သော ဆွေးနွေးပွဲဖြစ်သော်လည်း နအဖအား ဖိတ်ကြားခဲ့ခြင်းမရှိ။ (BP07. 03. 00)

❖ ၁၆–၀၃–၀၀။ ။ မြောက်ကိုရီးယားအနေဖြင့် ၁၉၈၃ ခုနှစ်က ရန်ကုန်မြို့ အာဇာနည်ကုန်း၌ ဗုံးဖောက်ခွဲခဲ့သည့် ကိစ္စအပေါ် တောင်းပန်မှသာ နှစ်နိုင်ငံ သံတမန်အဆက်အသွယ် ပြန်လည်ပြုလုပ်မည်ဟု နအဖမှ ပြောဆိုသည်။ (AP 17. 03. 03)

❖ ၁၇–၀၃–၀၀။ ။ နအဖ ဗဟိုဘဏ်မှ တရာတန်၊ ငါးဆယ်တန်၊ တဆယ်တန်၊ ငါးကျပ်တန်နှင့် တကျပ်တန် ငွေစက္ကူအကြွေများ ထုတ်ဝေလိုက်သည်။ (NLM 18. 03. 03)

ဧပြီလ။

❖ ၀၁–၀၄–၀၀။ ။ နအဖ သည် ဝန်ထမ်းများလစာအား ၅ ဆ တိုးမြှင့်လိုက်သဖြင့် ကုန်ဈေးနှုန်းများ အဆမတန် မြင့်တက်သွားသည်။ (Reuter 30.03.00 )

❖ ၀၄–၀၄–၀၀။ ။ ကုလသမဂ္ဂဆိုင်ရာ မလေးရှားသံအမတ်ဟောင်း Razali Ismail အား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံကိုယ်စားလှယ်အဖြစ် ခန့်အပ်လိုက်သည်။ (AP 04.04.00)

❖ ၁၀–၀၄–၀၀။ ။ နအဖ အဖွဲ့ဝင်များ စစ်ဘက်ဆိုင်ရာအကြီးအကဲများ အားဥရောပ နိုင်ငံများသို့ ဝင်ခွင့်မပေးရန်။ ဥရောပဘဏ်များရှိ ၎င်းတို့၏ ငွေများအား ထုတ်ယူခွင့်ပိတ်ပင်ထားရန် ဥရောပသမဂ္ဂမှ ဆုံးဖြတ်ချက် ချမှတ်လိုက်သည်။ (EU 11.03.00)

❖ ၁၂–၀၄–၀၀။ ။ ဗြိတိန်အစိုးရမှ ဆုတ်ခွာရန် တိုက်တွန်းသော်လည်း မိမိတို့အနေဖြင့် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း Premier Oil ရေနံ တာဝန်ရှိသူတဦးမှ ပြောဆိုသည်။ (Reuter 12.04.00)

❖ ၁၂–၀၄–၀၀။ ။CRPP အတွင်းရေးမှူး ဦးအေးသာအောင်အား ယနေ့စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးလိုက်သည်။ (AFP 16.04.00)

❖ ၁၄–၀၄–၀၀။ ။ သင်္ကြန်ရက်များအတွင်း ယာဉ်များ သင်္ကြန်မဏ္ဍပ်များတွင် နိုင်ငံခြားအလံများ လွှင့်ထူခြင်း မပြုရန် နအဖ က အမိန့်ထုတ်ပြန်ထားသည်။ မတ်လ ၂၄ ရက်နေ့က ဆိုင်ကယ်များတွင် အမေရိကန်အလံလွှင့်ထူ၍ မြို့တွင်းလှည့်လည်ခဲ့သော ၁၀ တန်းကျောင်းသား ၉ ဦးအား နအဖမှ ထောင်ဒဏ် ၃ နှစ်ချမှတ်ခဲ့သည်။ (DVB14.04.00)

❖ ၂၅–၀၄–၀၀။ ။ မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်မြေမှ မဲဆန္ဒရှင်များသည် ပါတီအား မထောက်ခံတော့ကြောင်းနှင့် ဖျက်သိမ်းပေးရန် တောင်းဆိုသည့် အခမ်းအနားများအား ၁၀ နေရာခွဲ၍ တပြိုင်တည်း ကျင်းပခဲ့ကြကြောင်း နအဖထုတ် သတင်းစာများတွင် ရေးသားထားသည်။ (NLD အားဖျက်သိမ်းပေးရန် စစ်ထောက်လှမ်းရေးမှ ပထမဆုံး အကြိမ် ကျင်းပသောအခမ်းအနားဖြစ်သည်။ ) (NLM 26. 04. 00)

မေလ။

❖ ၀၂–၀၅–၀၀။ ။ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD အဖွဲ့ဝင်များသည် တရားမဝင်အဖွဲ့များနှင့် ဆက်သွယ်မှုကြောင့် နိုင်ငံတော်သစ္စာဖောက်မှုသော်လည်းကောင်း၊ သေဒဏ်သော်လည်းကောင်း ထိုက်သင့်ကြောင်း ယနေ့ထုတ် နအဖ သတင်းစားများတွင် ရေးသားဖော်ပြထားသည်။ (NLM 02. 05. 00)

❖ ၀၄–၀၅–၀၀။ ။ အာဏာအလွဲသုံးစားလုပ်နေသည့် နအဖတွင်း–၁၊ ပြည်ထဲရေးဝန်ကြီး အပါအဝင် နအဖ အဖွဲ့ဝင်များအား NLD မှ တရားစွဲဆိုမှုအား နအဖ ဗဟိုတရားရုံးမှ ပယ်ချလိုက်ပြီး NLD အဖွဲ့ဝင်များအား ဆက်လက်ဖမ်းဆီးလျက်ရှိသည်။ (Reuter 04. 05. 00)

❖ ၁၇–၀၅–၀၀။ ။ GSM စနစ်ဖုံးများအား မြန်မာနိုင်ငံတွင် စတင်အသုံးပြုတော့မည်ဟု နအဖ သတင်းစာများတွင် ရေးသားထားသည်။ (NLM 17. 05. 00)

❖ ၁၈–၀၅–၀၀။ ။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသည့် အမတ်ဦးရေ ၄၈၅ ဦးအနက် ယခု ၁၆၉ ဦးသာလျှင် တရားဝင်ကျန်နေတော့ကြောင်း၊ ကျန် ၃၁၆ ဦးအနက် ၉၇ ဦးမှာ နုတ်ထွက်ခဲ့ပြီး ၃၄ ဦး ကွယ်လွန်ကာ ၁၈၅ ဦး အပယ်ခံခဲ့ရကြောင်း စစ်ထောက်လှမ်းရေး ဗမကသန်းထွန်းမှ ပြောဆိုသည်။ (Xin 18. 05. 00)

❖ ၂၉–၀၅–၀၀။ ။ ရှစ်လေးလုံးအရေးတော်ပုံ ကာလကြီးအတွင်း ပြည်သူလူထုနှင့် ပူးပေါင်းခဲ့သည့်အတွက် သေဒဏ်အပြစ်ပေးခံရသည့် တပ်မ ၂၂ မှ ဗိုလ်ကြီးစိုင်းဝင်းကျော်သည် ထောင်မှလွတ်မြောက်လာပြီးနောက် နယ်စပ်ဒေသသို့ ရောက်ရှိလာသည်။ (DVB 29. 05. 00)

ဇွန်လ။

❖ ၁၁–၀၆–၀၀။ ။ နအဖ မှ NLD ပါတီဖြိုခွဲရေးအား ဦးစားပေး လုပ်ဆောင်နေခြင်း ပါတီဝင်များအား ဖိအားပေး နုတ်ထွက်စေခြင်းများ လုပ်ဆောင်နေသော်လည်း NLD ပါတီသည် ပိုမိုအင်အားကောင်းလာနေကြောင်း ရန်ကုန်မြို့ရှိ သံတမန်တဦးမှ ပြောဆိုသည်။ (Asia Week RFA 11. 06. 00)

❖ ၁၄–၀၆–၀၀။ ။ တရုတ်–မြန်မာ နှစ်နိုင်ငံ သံအဆက်အသွယ် နှစ် ၅၀ ပြည့် အခမ်းအနားများအား နှစ်နိုင်ငံ သံရုံးများတွင် ကျင်းပနေကြသည်။ (Xin 14. 06. 00)

❖ ၁၆–၀၆–၀၀။ ။ နအဖ မှ ကြီးမှူးကျင်းပသည့် နိကာယ်ငါးရပ်ပါဝိဋိတော် စာမေးပွဲအား သံဃာအများစုမှ သပိတ်မှောက်ခဲ့ကြ။ ဇွန် ၆ ရက်နေ့တွင် မြိတ်မြို့ သိမ်တော်ကြီးကုန်းတော်ပေါ်ရှိ သာသနဗိမာန်တော်ကြီးတွင် နအဖမှ ကြီးမှူးကျင်းပသည့် အဆိုပါစာမေးပွဲအား သံဃာတော် ၁၅ ပါးအနက် ၄ ပါးသာ ဝင်ရောက်ဖြေဆိုခဲ့ကြသည်။ (DVB 16. 06. 00)

❖ ၁၇–၀၆–၀၀။ ။ တစည ပါတီ ဗဟိုကော်မတီဝင် ဗမကလှသန်း၏ တနင်္သာရီတိုင်း စည်းရုံးရေးခရီးစဉ် အတွင်း နအဖစစ်တပ်မှ လိုက်လံစောင်းရှောက် ကူညီမှုများပေးခဲ့သည်။ (RFSA 27. 06. 00)

❖ ၂၃–၀၆–၀၀။ ။ NLD ပါတီဝင် ညီမဖြစ်သူအားဖမ်းမမိ၍ အမနှင့် တနှစ်ခွဲအရွယ်သားလေးတို့အား စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးခဲ့သည်။ NLD ကြေငြာချက် အမှတ် ၉၀။

❖ ၃၀–၀၆–၀၀။ ။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးလ် ပထမဦးဆုံးသော ခရီးစဉ်အဖြစ် ရန်ကုန်မြို့သို့ ရောက်ရှိ။ ဒေါ်အောင်ဆန်းစုကြည် နအဖ တွင်း–၁ တို့နှင့် တွေ့ဆုံ။ (AP 30. 06. 00)

❖ ၃၀–၀၆–၀၀။ ။ နအဖ သည် စစ်တပ်အသိုင်းအဝိုင်းမှ မိသားစုများအား ပညာရေးကိစ္စနှင့် အခြားကိစ္စရပ်များတွင် လျှို့ဝှက်၍ အကူအညီများပေးအပ်လျက်ရှိသည်။ (DVB30. 06. 00)

ဇူလိုင်လ။

❖ ၀၅–၀၇–၀၀။ ။ NLD ပါတီအား မတရားသင်းအဖြစ် ကြေငြာပြီး ဖျက်သိမ်းပစ်ရန် နအဖ သတင်းစာဆောင်းပါးတွင် ရေးသားထားသည်။ (NLM 05. 07. 00)

❖ ၀၇–၀၇–၀၀။ ။ နအဖဥက္ကဋ္ဌ ဗခမကသန်းရွှေနှင့် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဘငွေးတို့အား ရွေးကောက်ပွဲ ဥပဒေချိုးဖောက်မှု၊ NLD အဖွဲ့ဝင်များအား ခြိမ်းခြောက်အနိုင်ယူမှုများဖြင့် NLD ပါတီမှ တရားစွဲဆိုလိုက်သည်။ ( NLD ကြေငြာချက်) (ဤသို့ တရားစွဲဆိုမှုသည် စိတ်ကူးယဉ်မှုသာ ဖြစ်သည်ဟု နအဖမှ ပြောဆိုလိုက်သည်။ ( NLD 07. 07. 00)

❖ ၀၇–၀၇–၀၀။ ။ ရန်ကုန်မြို့တွင် ကျင်းပသော စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေးပွဲတွင် နအဖ စီးပွားဖွံ့ဖြိုးရေးနှင့် အမျိုးသားစီးပွားရေးဝန်ကြီး ဗိုလ်ချုပ်ဇော်ထွန်းသည် နအဖ ၏ စီးပွားရေး ပေါ်လစီများနှင့် ပတ်သက်ပြီး ပွင့်ပွင့်

လင်းလင်း ဝေဘန်ခဲ့သဖြင့် ဆွေးနွေးပွဲအပြီးမှာပင် စစ်ထောက်လှမ်းရေးမှ ခေါ်ယူစစ်ဆေးပြီး ဝ၆–ဝ၈–ဝဝ နေ့တွင် ရာထူးမှ အနားပေးလိုက်သည်။ (DVB 14. 08. 00)

❖ ၂၄–ဝ၇–ဝဝ။ ။ ၃ နှစ်ကြာ ပိတ်ထားခဲ့သော ကျောင်းများအား နအဖမှ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ (BBC24.07.00)

ဩဂုတ်လ။

❖ ၁၃–ဝ၈–ဝဝ။ ။ ကျပ်ငွေတန်ဘိုးသည် မြန်မာနိုင်ငံသမိုင်းတွင် အနည်းဆုံးဈေးအဖြစ် အမေရိကန် တဒေါ်လာလျှင် ကျပ် ၄ဝဝ အထိ ကျဆင်းသွားခဲ့သည်။ (AFP 13.08.00)

❖ ၂၅–ဝ၈–ဝဝ။ ။ NLD ပါတီ ဒု–ဥက္ကဋ္ဌ ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်သည့်အဖွဲ့သည် ကွမ်းခြံကုန်းမြို့ NLD လူငယ်အဖွဲ့ဝင်များနှင့် တွေ့ဆုံရန်အသွား ဒလမြို့တွင် နအဖ ၏ တားဆီးမှုကိုခံနေရသည်။ (Reuter 25.08.00)

❖ ၂၈–ဝ၈–ဝဝ။ ။ နအဖ ရေတပ်ဦးစီးချုပ် ဒု–ဗခက ညွန့်သိန်းအား (ရေတပ်သင်္ဘောများဝယ်ယူမှုနှင့် ပတ်သက်၍ ဝေဖန်ပြောဆိုမှုကြောင့်) ရာထူးမှ အနားပေးလိုက်သည်။ (FEER05.10.00)

အောက်တိုဘာလ။

❖ ၁–ဝ၉–ဝဝ။ ။ ဒလမြို့တွင် တားဆီးခံထားရသော ဒေါ်အောင်ဆန်းစုကြည်အား စစ်ထောက်လှမ်းရေးမှ အဓမ္မဖမ်းဆီး၍ နေအိမ်သို့ပြန်ပို့လိုက်သည်။ ဦးတင်ဦးနှင့် အခြား NLD အဖွဲ့ဝင်များအား ရဲမှန်တပ်မြို့သို့ ပို့လိုက်သည်။ ထို့အပြင် NLD ဗဟိုဌာနချုပ်အား စစ်ထောက်လှမ်းရေးများမှ ဝင်ရောက်စီးနင်း၍ သော့ခတ်ထားသော ဘီရိုများအား ဖျက်ဆီးကာ စာရွက်စာတမ်းများအား သိမ်းဆီးယူသွားသည်။ (AFP NT BBC 02.09.00)

❖ ၁–ဝ၉–ဝဝ။ ။ ဒေါ်အောင်ဆန်းစုကြည်အား စစ်ထောက်လှမ်းရေးမှ အဓမ္မပြန်ပို့ခဲ့မှုအား အမေရိကန် EU နှင့် နိုင်ငံတကာအသိုင်းအဝိုင်းများ ပြည်ပရောက် ဒီမိုကရေစီအင်အားစုများမှ ရှုတ်ချခဲ့ကြသည်။

❖ ၄–ဝ၉–ဝဝ။ ။ NLD ပါတီဝင် စုစုပေါင်း ခြောက်သောင်းကျော် ပါတီမှနုတ်ထွက်ခဲ့ပြီး ဖြစ်ကြောင်း နအဖမှ ထုတ်ဖော်ပြောကြားလိုက်သည် ။

❖ ၁ဝ–ဝ၉–ဝဝ။ ။ NLD ကြေငြာချက် အမှတ် ၁/၂ဝဝဝ ထုတ်ပြန်။ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD အဖွဲ့ဝင်များအား နအဖမှ နေအိမ်သို့ အဓမ္မပြန်ပို့ခဲ့မှုဖြစ်စဉ်အား ထုတ်ပြန်ခြင်း။ (နောက်ဆက်တွဲတွင်ရှု)

❖ ၁၂–ဝ၉–ဝဝ။ ။ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရန် ကြိုးစားခဲ့သည့် ရန်ကုန်မြို့ရှိ ဗြိတိသျှသံရုံးမှ ဝန်ထမ်း တဦးအား လုံခြုံရေးများမှ တားဆီးခဲ့။ (RFA12.09.00)

❖ ၁၄–ဝ၉–ဝဝ။ ။ NLD ပါတီဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် နအဖ တို့ တွေ့ဆုံ။ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်တွင်း တားဆီးထားခြင်းများအား ရုတ်သိမ်းလိုက်။ (BBC, DVB, RFA,14.09.00)

❖ ၁၅–ဝ၉–ဝဝ။ ။ နေအိမ်မှလွတ်မြောက်လာပြီးနောက် သူမအား လာရောက်ကြိုဆိုနှုတ်ဆက်ကြသည့် လူထုအား ဒေါ်အောင်ဆန်းစုကြည်မှ ပါတီတာဝန်များ ထမ်းဆောင်ရန် မကြာမီနယ်သို့ ကားဖြင့်ခရီးထွက်မည်ဟု ပြောဆိုလိုက်သည်။ (BBC15.09.00)

❖ ၁၅–ဝ၉–ဝဝ။ ။ ဒေါ်အောင်ဆန်းစုကြည်နှင့် ရန်ကုန်မြို့ရှိ အမေရိကန် ဗြိတိန် သံရုံးမှ သံအရာရှိကြီးများနှင့် တွေ့ဆုံ။ သူမအား စက်တင်ဘာ ၂ ရက်နေ့တွင် နအဖ ရဲမေ ဖ ဦးတို့မှ အတင်းချုပ်လှဲ၍ နေအိမ်သို့ ပြန်ပို့ခဲ့ကြောင်း ကျန်ပါတီဝင်များအား လက်ထိပ်ခတ်၍ ခေါ်ယူခဲ့ကြောင်း ဒေါ်စုမှပြောဆိုသည်။ (AP15.09.00)

❖ ၁၅–ဝ၉–ဝဝ။ ။ NLD ပါတီ ကြေငြာချက်အမှတ် ၁၄၂ (၉/ဝဝ) ထုတ်ပြန်။ NLD သည် တရားဝင် နိုင်ငံရေး ပါတီဖြစ်၍ ပါတီခေါင်းဆောင်အား အကြမ်းဖက်ဖမ်းဆီးခြင်း ပါတီဗဟိုဌာနချုပ်အား ဝင်ရောက်စီးနင်းခြင်းအား လုံးဝ လက်မခံနိုင်ကြောင်း ဖော်ပြထားသည်။ (NLD15.09.00)

❖ ၁၈–ဝ၉–ဝဝ။ ။ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီဝင်များအား ဒီမိုကရေစီခေါင်းဆောင်များအဖြစ် အမေရိကန်သမ္မတ ကလင်တန်မှ ထုတ်ဖော်ချီးကျူးလိုက်သည်။
(Wash, Reuter 18.09.00)

❖ ၂၀–၀၉–၀၀။ ။ ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်၍ NLD ပါတီ စည်းရုံးရေး လုပ်ငန်းများ ဆောင်ရွက်ရန် စက်တင်ဘာ ၂၁ ရက်နေ့တွင် မန္တလေးသို့ ထွက်ခွာသွားမည်ဟု ကြေငြာချက်ထုတ်ပြန်။

❖ ၂၁–၀၉–၀၀။ ။ ဒေါ်အောင်ဆန်းစုကြည်၏ မန္တလေးခရီးစဉ်အား မီးရထားလက်မှတ် ရောင်းမပေးဘဲ စစ်ထောက်လှမ်းရေးမှ တားဆီးနှောက်ယှက်ပြီး ခရီးအတူသွားမည့် အဖွဲ့ဝင် ၈ ဦးနှင့် လိုက်ပါနှုတ်ဆက် ပို့ဆောင်သူ ၄၀ တို့အား စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးလိုက်သည်။

❖ ၂၂–၀၉–၀၀။ ။ ရန်ကုန်ဘူတာကြီးမှ ဒေါ်အောင်ဆန်းစုကြည်အား သူမ၏နေအိမ်သို့ စစ်ထောက်လှမ်းရေးမှ အဓမ္မပြန်ပို့ပြီး နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားလိုက်သည်။

❖ ၂၄–၀၉–၀၀။ ။ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်ချုပ်ထားလိုက်ပြီး ဦးတင်ဦးနှင့် ကျန်အဖွဲ့ဝင် တချို့အား ဧည့်ဂေဟာများတွင် ထိန်းသိမ်းထားလိုက်ပြီဖြစ်ကြောင်း နအဖ ပြောခွင့်ရပုဂ္ဂိုလ်မှ ပြောကြားသည်။

အောက်တိုဘာလ။

❖ ၀၄–၁၀–၀၀။ ။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မုံးကိုးကာကွယ်ရေးတပ် MDA အတွင်း အာဏာသိမ်းမှု ဖြစ်ပွားခဲ့သည်။ နအဖ တပ်များသည် ဥက္ကဋ္ဌမုံဆာလဘက်မှ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မုံးကိုးဒေသတခုလုံးအား ဝင်ရောက်ထိန်းသိမ်းလိုက်သည်။ ၂၀၀၀ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် MDA တဖွဲ့လုံး နအဖ ထံ လက်နက်ချခဲ့ကြသည်။ (DVB 04.10.00)

❖ ၀၉–၁၀–၀၀။ ။ NLD ရုံးချုပ်တွင် အဖွဲ့ဝင်များ အရေးပေါ်အစည်းအဝေးတခု ကျင်းပခဲ့သည်။ အဖွဲ့ဝင် ၂၀၀ ကျော် တက်ရောက်ခဲ့ပြီး ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ် NLD အမတ် ဦးအောင်ဇော်မှဦးစီး၍ အဖွဲ့ဝင်များမှ လက်ရှိရင်ဆိုင်နေရသည့် အခက်အခဲခြေအနေများအား ဆွေးနွေးခဲ့ပြီး ပါတီခေါင်းဆောင်များမလွှတ်မချင်း လုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားရန် ရုံးခန်းမ မရှိသော်လည်း ဒီမိုကရေစီစိတ်ဓာတ်ရှိရှိနှင့် ဆက်လက်လုပ်ဆောင်သွားကြရန် ဆွေးနွေးခဲ့ကြသည်။ (DVB13.10.00)

❖ ၁၀–၁၀–၀၀။ ။ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်အောင်အား ရာထူးမှ အနားပေးလိုက်ပြီး ၎င်းနေရာတွင် ကမ်းရိုးတန်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သီဟသူရ၊ သူရ စစ်မောင်အား အစားထိုးခန့်ထားလိုက်သည်။ (စစ်မောင်သည် ၀၂–၂၁ နေ့တွင် ရဟတ်ယာဉ်ပျက်ကျရာတွင် သေဆုံးသွားသည်။) (DVB 10.10.00)

❖ ၁၂–၁၀–၀၀။ ။ ရက်နေ့တွင် ရန်ကုန်ရှိ ဒဂုန်တက္ကသိုလ်၊ ယဉ်ကျေးမှုတက္ကသိုလ်နှင့် ဆရာအတတ်သင် ကောလိပ်ကျောင်းများတွင် အစိုးရဆန့်ကျင်ရေး စာရွက်စာတမ်းများ ကပ်ထားခြင်းကြောင့် အဆိုပါကျောင်းများအား ရကတ တိုင်းမှူးမှ အရေးပေါ်အမိန့်ထုတ်ပြန်၍ ပိတ်ပစ်လိုက်သည်။ (DVB 13.10.00)

❖ ၁၄–၁၀–၀၀။ ။ ရန်ကုန်မြို့ရှိ ဗြိတိန်နှင့် အမေရိကန်သံအမတ်များသည် မြန်မာနိုင်ငံပြည်တွင်းရေးတွင် ဝင်ရောက် စွက်ဖက်လျှင် ပြည်တွင်းမှ နှင်ထုတ်ခံရမည်ဟု နအဖ မှ ပြောကြားသည်။ (Reuter14.10.00)

❖ ၁၅–၁၀–၀၀။ ။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး မဒမ်ဆာဒိုကာတာနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံနှင့်ပတ်သက်၍ လေ့လာရန်အတွက် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ (NLM15.10.00)

❖ ၁၉–၁၀–၀၀။ ။ မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်မှု ပြု/မပြုကိစ္စကို (နိုဝင်ဘာလတွင်) ဆုံးဖြတ်နိုင်ရေးအတွက် အခြေအနေများ လေ့လာရန် ILO ကိုယ်စားလှယ်အဖွဲ့တဖွဲ့ ယနေ့ ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ (AFP19.10.00)

❖ ၁၉–၁၀–၀၀။ ။ မြန်မာပြည် ဒီမိုကရေစီရေး လှုပ်ရှားမှုဖြင့် ထောင် ၁၇ နှစ် ချခံထားရသော ဗြိတိန်နှင့် သြစတေးလျ နိုင်ငံသား ဂျိမ်းမ်မော်စလေသည် ရက်ပေါင်း ၄၀၀ ကျော် ထောင်တွင်း နေထိုင်ခဲ့ရပြီးနောက် နအဖ မှ ယနေ့ လွှတ်ပေးလိုက်သည်။ (BBC19.10.00)

❖ ၂၄–၁၀–၀၀။ ။ မြန်မာနှင့် အင်ဒိုနီးရှားတို့သည် UNHCR အတွက် ကြီးမားသော ပြဿနာကြီးများ ဖြစ်နေဦးမည်ဟု (ယခုလ လလယ်ပိုင်းတွင်) မြန်မာနှင့်အင်ဒိုနီးရှားသို့ သွားရောက်လေ့လာခဲ့သူ UNHCR မင်းကြီး အိုကာတာမှ ပြောဆိုလိုက်သည်။ (ABC24.10.00)

❖ ၂၅–၁၀–၀၀။ ။ စစ်ထောက်လှမ်းရေးများ၏ အဓမ္မ ဖိအားပေးမှုကြောင့် NLD ဌာနချုပ်ရုံးအိမ်ရှင်သည် NLD

ဌာနချုပ်အား ဖယ်ရှားပေးရန် တင်ပြလာမှုအား ခေါင်းဆောင်များလွတ်မြောက်လာသည်အထိ စောင့်ဆိုင်း ပေးပါရန် NLD အဖွဲ့ဝင်များမှ အိမ်ရှင်အား မေတ္တာရပ်ခံထားသည်။

နိုဝင်ဘာလ။

❖ ၀၁–၁၁–၀၀။ ။ ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းများ၌ ကလေးမွေးဖွားနှုန်းသည် ၄ ရာခိုင်နှုန်းရှိပြီး ထိုင်းလူဦးရေ တိုးနှုန်းထက် ၄ ဆ မြင့်မားနေသည်။ ထို့ကြောင့် ဒုက္ခသည်စခန်းများတွင် ကလေးငယ်များ အဟာရ ချို့တဲ့၍ ဖွံ့ဖြိုးမှုနှေးကွေးသော ပြဿနာများနှင့် ရင်ဆိုင်နေရသည်။ (BP01.11.00)

❖ ၀၄–၁၁–၀၀။ ။ မြန်မာနိုင်ငံသို့ တခါမှလာခွင့်မရသူ ကုလသမဂ္ဂအထူးစစ်ဆေးရေးအရာရှိ Rajsoomer Lallah သည် ရာထူးမှနုတ်ထွက်သွားပြီဖြစ်သည်။ (BBC04.11.00)

❖ ၀၆–၁၁–၀၀။ ။ ILO မှ မြန်မာနိုင်ငံအတွင်း အဓမ္မလုပ်အားစေခိုင်းမှုများ အဆုံးသတ်စေရန် မြို့ပြနှင့်ကျေးရွာ ဥပဒေ ၂ ခုတို့ကို ပယ်ဖျက်ဖို့ တောင်းဆိုထားသော်လည်း မိမိတို့သည် ယာယီအုပ်ချုပ်ရေး အာဏာပိုင်များသာဖြစ်ပြီး အများသဘောတူ ထောက်ခံမှုနှင့်အညီ ပြဋ္ဌာန်းထားသည့် ဥပဒေအား ပယ်ဖျက်ပေးရန် အများသဘောတူ ထောက်ခံမှု မရှိသည့်အတွက် ပယ်ဖျက်ရန်ခက်ခဲကြောင်း နအဖမှ ပြောဆိုသည်။ (Kyodo 06.11.00)

❖ ၀၇–၁၁–၀၀။ ။ ILO မှ တောင်းဆိုထားသည့်ဆန္ဒနှင့်အညီ နအဖသည် အဓမ္မလုပ်အားစေခိုင်းခြင်း တားမြစ်မှုအမိန့်အား ထုတ်ပြန်လိုက်သည်။ အဆိုပါအမိန့်အား မြန်မာ့ဂေဇက်တွင်သာ ဖော်ပြထားပြီး နအဖ၏ သတင်း မီဒီယာများတွင် ဖော်ပြထားခြင်းမရှိပါ။ (Kyodo02.11.00, AFP 07.11.00)

❖ ၀၈–၁၁–၀၀။ ။ နအဖ စစ်ရုံးချုပ်မှ ရှေ့တန်းစစ်ကြောင်းမှူးများသို့ အမိန့်တရပ်ထုတ်ပြန်။ စစ်မြေပြင် ပေါ်တာများ ထွက်ပြေးလွတ်မြောက်သွားပါက စစ်ဆင်ရေးသတင်းပေါက်ကြားနိုင်သကဲ့သို့ ILO အတွက် အထောက် အထားများ ရရှိသွားနိုင်ခြင်းကြောင့် ပေါ်တာများထွက်မပြေးစေရေး အထူးကြပ်မတ်ရန် အဆိုပါအမိန့်တွင် ဖော်ပြထားသည်။ (DVB11.11.00)

❖ ၁၂–၁၁–၀၀။ ။ ရှမ်းပြည်မြောက်ပိုင် ကိုးကန့်အထူးဒေသအတွင်း နအဖမှ စေလွှတ်သော အစိုးရဝန်ထမ်းများ အတွင်း စစ်ထောက်လှမ်းရေးများ ပါလာနိုင်သဖြင့် ထိုဝန်ထမ်းများအား ကိုးကန့်အဖွဲ့မှ လက်မခံဘဲ ပြန်လွှတ်လျက် ရှိသည်။ (DVB12.11.00)

❖ ၁၆–၁၁–၀၀။ ။ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော နအဖ ဒု–ဥက္ကဋ္ဌ ဗခကမောင်အေးအား အစိုးရအနေနှင့် ကော်ဇောနီခင်း၍ ကြိုဆိုခဲ့သော်လည်း ညှော်ခံပွဲတွင် အိန္ဒိယသမ္မတကတော် Uaha Narayanan (မြန်မာ အမည် ဒေါ်တင်တင်သည်) လက်ခံ မတွေ့လို၍ ညှော်ခံပွဲသို့ တက်ရောက်ခဲ့ခြင်းမရှိ။ (SCMP16.11.00)

❖ ၁၆–၁၁–၀၀။ ။ နအဖသည် အဓမ္မလုပ်အားစေခိုင်းမှုများ ဆက်လက်ကျူးလွန်နေသည်ဟူသော ILO အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်အား ထောက်ခံမဲ ၅၂ မဲ၊ ကန့်ကွက်မဲ ၄ မဲဖြင့် အရေးယူရန် ဆုံးဖြတ်ခဲ့သည်။ (Reuter AFP 17.11.00)

❖ ၁၉–၁၁–၀၀။ ။ နေအိမ်တဝက် ရယူလိုမှုနှင့် ညီမဖြစ်သူအပေါ် အမေရိကန်နိုင်ငံသားတဦးဖြစ်သည့် ဦးအောင် ဆန်းဦးက တရားစွဲဆိုထားသည့်အမှုတွင် ဦးအောင်ဆန်းဦးသည် နေအိမ်၏တဝက်ကို ပိုင်ဆိုင်ခွင့်မရှိသော်လည်း ဥပဒေ တခု ခြွင်းချက်အရ အဆိုပါပစ္စည်းကို ပေးကမ်းလှူဒါန်းပိုင်ခွင့်ရှိကြောင်း ၎င်း၏ရှေ့နေမှ ပြောဆိုသည်။ (RFA191100)

❖ ၂၄–၁၁–၀၀။ ။ သာမန်ပြည်သူများကို အင်တာနက်သုံးခွင့် မပြုသည့် နအဖဥက္ကဋ္ဌ ဗခမက သန်းရွှေသည် အာစီယံဒေသအတွင်း အင်တာနက်ဆက်သွယ်မှု ပိုမိုတိုးတက်လာစေရန် ရည်ရွယ်အကောင်အထည်ဖော်မည့် E-Asean Framework Agreement ကို အာဆီယံအစည်းအဝေး (စင်္ကာပူ) တွင် လက်မှတ်ရေးထိုးလိုက်သည်။ သာမန် မြန်မာနိုင်ငံသားများ Fax, Moderm ကို သုံးစွဲပါက ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခံရမည်ဟု နအဖ မှ ဥပဒေထုတ်ပြန် ထားသည်။ (Reuter 261100)

❖ ၂၈–၁၁–၀၀။ ။ မြန်မာ့သတင်းလောကမှ အကျဉ်းထောင်တွင်းရှိ ဆရာဦးဝင်းတင်နှင့် စမ်းစမ်းနွဲ့ (သာယာ ဝတီ) တို့အား ကမ္ဘာ့သတင်းစာဆရာများအသင်း (World Association of Newspaper) က စာပေလွတ်လပ်ခွင့် ရွှေကလောင်ဆု (Pen of Freedom Award) ကို အပ်နှင်းလိုက်သည်။ (AFP BBC 28.11.00)

ဒီဇင်ဘာလ။

❖ ၁–၁၂–၀၀။ ။ NLD ပါတီမှ နေအိမ်တွင် ထိန်းသိမ်းခံထားရသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးလွင်၊ ဦးညွန့်ဝေ၊ ဦးလွန်းတင်၊ ဦးလှဖေ၊ ဦးစိုးမြင့်နှင့် ဦးသန်းထွန်းတို့အား ကန့်သတ်တားမြစ်ချက်များအား ရုတ်သိမ်းလိုက်ပြီး ဦးအောင်ရွှေ၊ ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား ဆက်လက်ထိန်းသိမ်းထားမည်ဟု နအဖ ပြောခွင့်ရပုဂ္ဂိုလ် ဒု–ဗမကလှမင်းမှ ပြောဆိုသည်။ (Reuter AFP 01. 12. 00)

❖ ၁–၁၂–၀၀။ ။ သင့်ဘဝမဂ္ဂဇင်းအယ်ဒီတာချုပ် ဦးတင်မောင်သန်းသည် လွန်ခဲ့သော ဩဂုတ်လအတွင်းတွင် နအဖ စီးပွားရေး ဒု–ဝန်ကြီး ဗိုလ်ချုပ်ဇော်ထွန်း၏ မြန်မာ့စီးပွားရေးအကြောင်း မိန့်ခွန်းအား ဆက်လက်ဖြန့်ဝေမှုကြောင့် စစ်ထောက်လှမ်းရေး၏ ခေါ်ယူမေးမြန်းခံရပြီးနောက် မိသားစုနှင့်အတူ ထိုင်းနယ်စပ်သို့ ထွက်ခွာလာသည်။

❖ ၅–၁၂–၀၀။ ။ အမေရိကန်နိုင်ငံ၏ အမြင့်ဆုံးဂုဏ်ထူးဆောင်ဆုဖြစ်သော Medal of Freedom လွတ်လပ်ခွင့်ဆုအား အမေရိကန်သမ္မတ မစ္စတာကလင်တန်မှ ဒေါ်အောင်ဆန်းစုကြည်အား ချီးမြှင့်လိုက်သည်။ ဒေါ်စုသည် ထိုဆု အပြင် ကနေဒါနိုင်ငံ မော်တော်ယာဉ်အလုပ်သမားများသမဂ္ဂ၏ ပထမဆုံးသော လွတ်လပ်ခွင့်ဆုကိုလည်း ရရှိခဲ့သည်။ (AP AFP Kyodo 06. 12. 00)

❖ ၀၈–၁၂–၀၀။ ။ နေအိမ်အကျယ်ချုပ်ဘဝနှင့် နေထိုင်နေရသော ဒေါ်အောင်ဆန်းစုကြည်၏သားငယ် ထိန်လင်း (ခ) Kim Aris သည် ဇနီး၊ ကလေးငယ်တို့နှင့်အတူ မိခင်ဖြစ်သူနှင့် ရက်သတ္တ ၃ ပတ်ကြာ နေထိုင်ရန် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ (AP BBC  08. 12. 00)

❖ ၁၀–၁၂–၀၀။ ။ ဂျပန်နိုင်ငံရှိ BYVA ,BAIJ,SOLB,BWU အဖွဲ့များ ပူးပေါင်း၍ League for Democracy in Burma ကို ဖွဲ့စည်းလိုက်သည်။

❖ ၁၄–၁၂–၀၀။ ။ "ထိုင်းနိုင်ငံ၌ ခိုလှုံနေသော မြန်မာနိုင်ငံ၏ 'ဒုက္ခသည်ဆိုသူများမှာ ဝရမ်းပြေးများ၊ လက်နက်ကိုင် သောင်းကျန်းသူများ၊ ၎င်းတို့၏မိသားစုများ မတရားသင်းအဖွဲ့ဝင်များသာ ဖြစ်ကြောင်း၊ ၎င်းတို့အား အကာကွယ် ပေးထားမှုသည် တရားမျှတမှုမရှိပါကြောင်း ၎င်းတို့၏ လုပ်ရပ်များကြောင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အဟန့်အတား ဖြစ်ရပါကြောင်း" နဝတ တွင်း–၁ ဒု–ဗကခင်ညွန့်မှ UNHCR နှစ် ၅၀ ပြည့် အခမ်းအနား (ရန်ကုန်) တွင် ပြောဆို လိုက်သည်။ NGOs များ၏ အဆိုအရ ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းများတွင် မြန်မာဒုက္ခသည်ပေါင်း ၁၂၇၀၀၀ ရှိသည်။ (NLM AP 15. 12. 00)

❖ ၁၅–၁၂–၀၀။ ။ ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံမှ ထွက်ခွာသွားခြင်းက နိုင်ငံအတွက် ပိုအကျိုးရှိမည်။ မြန်မာနိုင်ငံအား စီးပွားရေးပိတ်ဆို့ထားမှုသည် အကျိုးမဖြစ်ထွန်းဟု Asia-Week မှ ရေးသားထားသည်။ (AW 15. 12. 00)

❖ ၂၁–၁၂–၀၀။ ။ နအဖ စစ်အစိုးရသည် တပ်တွင်းမကျေနပ်မှုများကြောင့် ပြိုလဲသွားနိုင်သည်။ ဒီမိုကရေစီ အစိုးရ အသင့်မဖြစ်မီ စစ်တပ်ပြိုကွဲပါက ပြည်တွင်းစစ် ဖြစ်သွားနိုင်သည်ဟု နိုင်ငံတကာ အကြပ်အတည်း လေ့လာရေး အဖွဲ့ ICG မှ ပြောဆိုသည်။ (BBC 21. 12. 00)

❖ ၂၆–၁၂–၀၀။ ။ ၂၀၀၀ ခုနှစ်၊ မေလအတွင်း ရှမ်းပြည်နယ်၊ ကွန်ဟိန်မြို့နယ်အတွင်းရှိ ရှမ်းတိုင်းရင်းသား ရွာသူရွာသားများ အစုလိုက်အပြုံလိုက် အသတ်ခံရမှုနှင့် ပတ်သက်ပြီး SNLD အဖွဲ့ နအဖနှင့် အပစ်အခတ် ရပ်စဲထားသော SSA,SSNA အဖွဲ့ ခေါင်းဆောင်များ ဆွေးနွေးကြသည်။ အဆိုပါကိစ္စနှင့် ပတ်သက်ပြီး စစ်ထောက်လှမ်းရေးနှင့် SSA တို့ကြား အကြီးအကျယ် စကားများခဲ့ကြသည်။ (SHAN 26. 12. 00)

❖ ၂၉–၁၂–၀၀။ ။ လုံခြုံရေးအခြေအနေများကြောင့် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးအား နောက်သီတင်းပတ်ထိ တိုင်အောင် ပိတ်ထားမည်ဟု ဝါရှင်တန်ရှိ အမေရိကန် နိုင်ငံခြားရေးဌာနမှ ပြောဆိုသည်။ (AFP 29.12.00)

❖ ၃၀–၁၂–၀၀။ ။ ရပ်ချဘူရီပြည်နယ်၊ ဆွမ်ဖန်ခရိုင်ရှိ ထိုင်းရွာသားများအား တမန်တော်တပ်ဖွဲ့ God's Army များမှ ဝင်ရောက်ပစ်ခတ်သတ်ဖြတ်ခဲ့၊ ထိုကိစ္စအတွက် ထိုင်းအစိုးရမှ ဖိအားပေးလာရာ နောက်ဆုံး ၁၅–၀၁–၀၁ နေ့တွင် ဂျော်နီထူးနှင့်လူသာထူး အမွှာညီနောင်ခေါင်းဆောင်သော အဖွဲ့ဝင် ၁၂ ဦးတို့ ထိုင်းအစိုးရထံ လက်နက်ချလိုက်။ (DVB RFA 03-15. 01. 01)

❑ ❑ ❑ ❑ ❑ ❑ ❑

## ၂၀၀၁ ခုနှစ်အတွင်း မြန်မာနိုင်ငံသတင်းများ

ဇန်နဝါရီလ။

❖ ၁–၀၁–၀၁။ ။ နိုင်ငံတကာသို့ရောက်ရှိနေသော မြန်မာ့သတင်းစာ လောကသားများနှင့် နိုင်ငံခြားမိတ်ဆွေများ ပူးပေါင်း၍ မြန်မာ့သတင်းသမဂ္ဂ (Burma Media Association BMA ) ကို ယနေ့ ဖွဲ့စည်းလိုက်သည်။

❖ ၁–၀၁–၀၁။ ။ နအဖ မှ အီလက်ထရွန်းနစ်ပညာရေး E-Education ကို ယနေ့စတင်သည်။

❖ ၄–၀၁–၀၁။ ။ လွတ်လပ်ရေးနေ့ အခမ်းအနားများ၌ နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဓာတ်ပုံမှလွဲ၍ အခြားမည်သူ့ပုံမှ ချိတ်မဆွဲကြရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုအကြောင်း ပြောဆိုရာတွင်လည်း လူပုဂ္ဂိုလ်အမည်များအား ရှောင်ရှား၍ တပ်မတော်၏ကြိုးပမ်းမှုကိုသာ ဦးတည်ပြောဆိုကြရန် နအဖမှ အောက်ခြေသို့ ညွှန်ကြားထားသည်။ (DVB 06. 01. 01)

❖ ၅–၀၁–၀၁။ ။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးလ် မြန်မာနိုင်ငံသို့ ရောက်ရှိလာ။ (ထိုခရီးစဉ်မှအပြန် နအဖနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ၂၀၀၀ ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ တွေ့ဆုံဆွေးနွေးမှုများရှိနေကြောင်း မစ္စတာရာဇာလီမှ ထုတ်ဖော်ပြောဆိုခဲ့။)

❖ ၆–၀၁–၀၁။ ။ NLD ပါတီဝင် ဦးဇော်လင်း၏ ဟိုင်းကြီးကျွန်းတွင် တည်ထားသော စေတီတည်ဆောက်ရေးအား ကူညီပေးခဲ့မှုဖြင့် မုဒုံမြို့ လက်ခတ်တောင်တောရဆရာတော် ဦးမင်းဓမ္မအား စစ်ထောက်လှမ်းရေးမှ ယနေ့ဖမ်းဆီးလိုက်သည်။ (DVB 16. 01. 01)

❖ ၉–၀၁–၀၁။ ။ မစ္စတာရာဇာလီမှ နအဖ နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ၂၀၀၀ ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ တွေ့ဆုံဆွေးနွေးမှုများရှိနေကြောင်း ထုတ်ဖော်ပြောဆိုလိုက်။ ထိုသတင်းအား နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် အတိုက်အခံများမှ ကြိုဆိုခဲ့ကြသည်။

❖ ၁၁–၀၁–၀၁။ ။ မင်းဘူးမြို့နယ် NLD ပါတီဝင် ၂၁ ဦးတို့သည် ပါတီဝင်အဖြစ်မှ နုတ်ထွက်ကြောင်း နအဖ သတင်းမီဒီယာများတွင် ရေးသားဖော်ပြခဲ့။ (ဤသတင်းသည် NLD ပါတီဝင်များ နုတ်ထွက်ကြောင်း နအဖ သတင်းစာများတွင် နောက်ဆုံးရေးသားဖော်ပြသော သတင်းဖြစ်သည်။)

❖ ၁၂–၀၁–၀၀။ ။ မြန်မာနိုင်ငံဘက်မှ တည်ဆောက်နေသော ရေကာတာတခုနှင့် စပ်လျဉ်း၍ မြန်မာ–ဘင်္ဂလားဒေ့ရှ်နယ်စပ် စစ်တပ်ချင်း အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွား။ ထိခိုက်ဒဏ်ရာရမှု မရှိ။ (RFA 12. 01. 01)

❖ ၁၄–၀၁–၀၁။ ။ နအဖ သတင်းစာများတွင် CRPP ပေါ်ပေါက်ချိန်မှ စတင်၍ ဒေါ်အောင်ဆန်းစုကြည်အား အပုပ်ချ ရေးသားထိုးနှက်နေသော ဆောင်းပါး၊ ကာတွန်းများ ယနေ့မှစတင်ကာ ရပ်ဆိုင်းလိုက်သည်။

❖ ၁၅–၀၁–၀၁။ ။ နအဖ တွင်း–၁ မှ 'နိုင်ငံတော်သစ် ပေါ်ထွန်းရေးအတွက် ပြည်တွင်းရှိ နိုင်ငံရေးအင်အားစု အားလုံးနှင့် လက်တွဲသွားရန် ဆန္ဒရှိကြောင်း၊ KNU သည် မကြာမီကာလတွင် မိမိတို့နှင့် လက်တွဲလာနိုင်မည်ဟု မျှော်လင့်ကြောင်း' သံတမန်ရေးရာ သင်တန်းဖွင့်ပွဲ (ရန်ကုန်) တွင် ပြောကြားသွားသည်။ (ကြေးမုံ)

❖ ၁၅–၀၁–၀၁။ ။ ၁၃ နှစ်အရွယ် ဂျော်နီထူးနှင့် လူသာထူး အမွှာညီနောင် ဦးဆောင်သော တမန်တော်တပ်ဖွဲ့ God’s Army ၁၂ ဦး ထိုင်းအစိုးရထံ လက်နက်ချလိုက်။ (RFA 15. 01. 01)

❖ ၁၆–၀၁–၀၁။ ။ အိန္ဒိယ ရေတပ်ဦးစီးချုပ်နှင့်အဖွဲ့ ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီး ရောက်ရှိလာ။ အိန္ဒိယ ရေတပ် စစ်ဦးစီးချုပ်တယောက်၏ အနှစ် ၂၀ အတွင်း ပထမဆုံးသောချစ်ကြည်ရေး ခရီးဖြစ်သည်။ (NLM 17.01.01)

❖ ၂၁–၀၁–၀၁။ ။ တရားဝင်နိုင်ငံရေးပါတီတခုဖြစ်ပြီး ရွေးကောက်ပွဲအပြီး နဝတမှ ဖျက်သိမ်းခဲ့သည့် 'ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် UNLD အား လွတ်မြောက်ဒေသ တနေရာတွင် UNLD-LA အဖြစ် ပြန်လည်ဖွဲ့စည်းလိုက်သည်။ (S.H.A.N 20. 01. 01)

❖ ၂၄–၀၁–၀၁။ ။ နအဖမှ ၄ လကြာ ဖမ်းဆီးထားသော NLD ပါတီ ဒု–ဥက္ကဋ္ဌ ဦးတင်ဦး ယနေ့ပြန်လွတ်လာခဲ့သည်။

❖ ၂၈–၀၁–၀၁။ ။ အဖွဲ့ဝင် ၅ ဦးပါဝင်သော EU ကိုယ်စားလှယ်အဖွဲ့ ၄ ရက်ကြာခရီးစဉ် လှည့်လည်ရန် ရန်ကုန်မြို့သို့ ယနေ့ရောက်ရှိလာသည်။

❖ ၂၈–၀၁–၀၁။ ။ ၃–၀၁–၀၁ နေ့ မြန်မာနိုင်ငံချစ်ကြည်ရေး ခရီးစဉ်အတွင်း မိမိအကြံပြုခဲ့သော 'ရွေးကောက်ပွဲ

အသစ်’ ပြုလုပ်ရေး အကြံပေးချက်အား နအဖမှ လက်ခံခဲ့ကြောင်း Mainchi သတင်းစာနှင့် တွေ့ဆုံခန်းတွင် မလေးရှားဝန်ကြီးချုပ် မဟာသီမှ ပြောဆိုသည်။ (VOB 04. 02. 01)

❖ ၂၉–၀၁–၀၁။ ။ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲအသစ်တခု ကျင်းပမည်ဟူသောသတင်းများ ထွက်ပေါ်ပြီး နောက် တစည်ပါတီသည် (ကြံ့/ဖွံ့)နှင့် တွဲ၍ စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ (RFA 29. 01. 01)

❖ ၂၉–၀၁–၀၁။ ။ ဗကသ များအဖွဲ့ချုပ်ဥက္ကဌ ကိုမင်းကိုနိုင်အား ချက်သမ္မတနိုင်ငံအခြေစိုက် The People in need Foundation မှ ၂၀၀၀ ခုနှစ်အတွက် The Homo Homori ဆု ချီးမြှင့်လိုက်သည်။ (DVB 29. 01. 01)

❖ ၃၀–၀၁–၀၁။ ။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးအသစ် ကောလင်းပါဝယ်မှ ‘မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၇၅ နိုင်ငံအပေါ် အမေရိကန်၏ စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့ထားမှုများအပေါ် ပြန်လည်ရုတ်သိမ်းရန်’ အဆိုပြုချက်အား မြန်မာနိုင်ငံ ကုန်သည်ကြီးများအသင်းမှ ကြိုဆိုထောက်ခံလိုက်သည်။ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး ပြောခွင့်ရပုဂ္ဂိုလ်မှ ၎င်းအဆိုသည် ဆီးနိတ်လွှတ်တော်၌ပြောသည့် မိန့်ခွန်းတခုသာဖြစ်ပြီး အစိုးရ၏ ပေါ်လစီမဟုတ်ဟု ငြင်းဆိုသည်။ (DVB 30. 01. 01)

ဖေဖော်ဝါရီလ။

❖ ၁–၀၂–၀၁။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ NCGUB ဝန်ကြီး ဦးသိန်းဦးက NLDနှင့် နအဖကြား အာဏာခွဲဝေမှုများ ဖြစ်လာမည်ဟု ယုံကြည်ကြောင်း နအဖ ကသာ ရိုးသားမည်ဆိုလျှင် သဘော တူညီချက်များ ထွက်ပေါ်လာမည်ထင်ကြောင်း ပြောဆိုလိုက်သည်။ (ABC 01. 02. 01)

❖ ၃–၀၂–၀၁။ ။ နအဖ ခေါင်းဆောင်များအား အာဏာသိမ်းလိုက်သည်ဆိုသည့် သတင်းများ ဘန်ကောက်၌ ပြန့်နှံ့နေသည်။ (DVB 03. 02. 01)

❖ ၃–၀၂–၀၁။ ။ မိမိတို့ဝန်ကြီးချုပ်ဖြစ်လာလျှင် နှစ်နိုင်ငံပြဿနာများကိုဖြေရှင်းရန် ပထမဦးဆုံးသွားမည့် ပြည်ပခရီးစဉ်သည် မြန်မာနိုင်ငံဖြစ်ကြောင်း ထိုင်းနိုင်ငံရွေးကောက်ပွဲ၌ မဲအများဆုံးရခဲ့သော Thai Rak Thai ပါတီ အကြီးအကဲ Taksin Shinawatna က ပြောဆိုလိုက်သည်။ (VOB 03. 02. 01)

❖ ၄–၀၂–၀၁။ ။ နအဖ စစ်ထောက်လှမ်းရေးက သံဃာယောင်ဆောင်၍ မွတ်ဆလင်ဘာသာဝင်များအား စတင်ရိုက်နှက်ရာမှ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်တို့ အဓိကရုဏ်းဖြစ်ပွားခဲ့သည်။ (DVB 04. 02. 01)

❖ ၆–၀၂–၀၁။ ။ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်မှ Mr. Paulo Sergi0 Pinher0 အား မြန်မာပြည် လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေး အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ကြောင်း ထုတ်ပြန်ကြေငြာလိုက်သည်။

ပြတ်သားသောနိုင်ငံခြားရေးပေါ်လစီမရှိဘဲ မြန်မာပြည်သို့မသွားရန် ထိုင်းဝန်ကြီးချုပ်သစ်အား လွှတ်တော် နိုင်ငံခြားရေးရာကော်မတီဥက္ကဌက သတိပေးပြောဆိုလိုက်သည်။ (VOB 06.02.01)

❖ ၁၀–၀၂–၀၁။ ။ အနုမြူဓာတ်ပေါင်းဖိုတည်ဆောက်ရေးအတွက် ရုရှားနိုင်ငံက ကူညီရန်အသင့်ရှိကြောင်း၊ နအဖ က လက်ခံမည်ဆိုလျှင် ရုရှားစွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မူကြမ်းရေးဆွဲရန် အသင့်ရှိနေကြောင်းသိရသည်။ (AFP, DVB 10.02.01)

❖ ၁၁–၀၂–၀၁။ ။ ထိုင်းအခြေစိုက်စခန်း ၂ ခုအား နအဖတပ်များ ဝင်ရောက်သိမ်းပိုက်ထားခြင်းအတွက် ထိုင်း တပ်မတော် အမှတ် ၃ မှ ဒု–ဗိုလ်ချုပ်ကြီးဝါတနာချိုင်းက ရန်စကျူးကျော်မှုအဖြစ် ပြင်းထန်စွာရှုံ့ချလိုက်သည်။ (DVB11.02.01)

❖ ၁၉–၀၂–၀၁။ ။ နအဖ တွင်း–၂ ဒု–ဗခက တင်ဦး၊ ရတခတိုင်းမှူး ဗခသီဟသူရ သူရစစ်မောင်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗမခလွန်းမောင်နှင့်အဖွဲ့ဝင် ၂၂ ဦးလိုက်ပါလာသော တပ်မတော်ရဟတ်ယာဉ်တစီးသည် ဖားအံမြို့အနီး သံလွင်မြစ်အတွင်း ပျက်ကျ၍ ဒု–ဗခကတင်ဦး၊ ဗခစစ်မောင်၊ ဗမခလွန်းမောင် အပါအဝင် ၁၉ ဦးတို့ ပွဲချင်းပြီးသေဆုံး၍ ကျန်သူများ ပျောက်ဆုံးနေသည်။ ရာသီဥတုဆိုးရွားမှုကြောင့် ရဟတ်ယာဉ် ပျက်ကျခြင်းဖြစ်ကြောင်း နအဖမှ ပြောဆိုသည်။

❖ ၂၀–၀၁–၀၁။ ။ မြန်မာနိုင်ငံ၌ အနုမြူဓာတ်ပေါင်းဖို တည်ဆောက်ရန် ရုရှားအစိုးရမှ သဘောတူလိုက်ပြီ ဖြစ်ကြောင်း ရုရှားအစိုးရ အနုမြူဝန်ကြီးဌာနမှ ပြောဆိုသည်။ (AFP 21. 02. 01)

❖ ၂၈–၀၂–၀၁။ ။ KIO အဖွဲ့အတွင်း အာဏာသိမ်းမှုဖြစ်ပွားခြင်းမှာ မဟုတ်မှန်ကြောင်း အစည်းဝေးဆုံးဖြတ်ချက်အရ ရာထူးအပြောင်းအလဲတချို့ ပြုလုပ်ခြင်းသာဖြစ်ကြောင်း KIO အဖွဲ့မှ ပြောဆိုသည်။ (SHAN 28. 02. 01)

မတ်လ။

❖ ၁–၀၃–၀၁။ ။ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်နေသဖြင့် နအဖ အနေနှင့် ပျော့ပြောင်းလာပြီဟု ယူဆ၍ ODA အကူအညီများ ပြန်ပေးရန် ဂျပန်နိုင်ငံမှ စဉ်းစားနေသည်။ (Kyodo 01. 03.01)

❖ ၁–၀၃–၀၁။ ။ စစ်မှန်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်ရန်အတွက် နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာကြရန် အချိန်တန်ပြီဖြစ်ကြောင်း နအဖနှင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ထားသောအဖွဲ့ ၆ ဖွဲ့ (ကလလတ၊ ရလလဖ၊ ကယန်းပြည်သစ်ပါတီ၊ မွန်ပြည်သစ်ပါတီ၊ ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီ၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့) တို့မှ သဘောထားထုတ်ပြန်သည်။ အပစ်အခတ်ရပ်စဲရေးအဖွဲ့ အင်အားအများဆုံး ပထမဆုံး စုပေါင်းသဘောထား ထုတ်ပြန်ခြင်းဖြစ်သည်။ (ထိုအတွက် အဖွဲ့အစည်း ခေါင်းဆောင်များအား နအဖ တွင်း–၁ မှ ၂၆–၀၃–၀၁ နေ့တွင် ခေါ်ယူသတိပေးခဲ့သည်။) (ABSDF 01. 03. 01)

❖ ၁–၀၃–၀၁။ ။ နအဖ ဝါဒဖြန့်ချိရေး တိုးချဲ့မှုတရပ်အဖြစ် နအဖ ထုတ် ကြေးမုံနှင့် မြန်မာ့အလင်း သတင်းစာများအား မန္တလေးမြို့တွင် ထပ်ဆင့်ရိုက်နှိပ် ဖြန့်ချိမည်ဖြစ်သည်။

❖ ၄–၀၃–၀၁။ ။ မိမိတို့နှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ တွေ့ဆုံဆွေးနွေးမှုသည် ကနဦးအဆင့်မှာ ရှိနေသော်လည်း အသွင်ကူးပြောင်းရေးဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့ရန် အခြေခံများ ရှာဖွေညှိနှိုင်းနေသည်ဟု စစ်ထောက်လှမ်းရေး ဒုအကြီးအကဲ ဗခကျော်ဝင်းမှ ပြောဆိုသည်။ (Sydeny Morning Hearld 01. 03. 01)

❖ ၄–၀၃–၀၁။ ။ လွတ်မြောက်ဒေသရှိ မြန်မာ့ဒီမိုကရေစီအင်အားစု များနှင့် တိုင်းရင်းသားအဖွဲ့ပေါင်း ၂၂ ဖွဲ့တို့၏ ညှိနှိုင်းပွဲတရပ်အပြီး သဘောထားထုတ်ပြန်ချက်တွင် နအဖနှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ တွေ့ဆုံဆွေးနွေးပွဲ အား ကြိုဆိုကြောင်း၊ ဆွေးနွေးပွဲအောင်မြင်ရေးအတွက် မိမိတို့အနေနှင့်လည်း ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲရလဒ်ကို အမြန်ဆုံးထုတ်ပြန်ပေးရန်၊ ဒေါ်အောင်ဆန်းစုကြည်အား အမြန်ဆုံးလွတ်ပေးရန် ဖော်ပြထားသည်။

❖ ၆–၀၃–၀၁။ ။ ရဟတ်ယာဉ် ပျက်ကျမှုနှင့် ပတ်သက်၍ စုံစမ်းတွေ့ရှိချက်ကို မိမိတို့အား အမှန်အတိုင်းထုတ်ပြန်ပေးရန် နအဖတွင်း–၂ ၏ ဇနီးအပါအဝင် ကျန်ရစ်သူမိသားစုတို့မှ စုပေါင်းလက်မှတ်ရေးထိုး၍ နအဖဥက္ကဋ္ဌထံ တင်ပြတောင်းဆိုထားသည်။ (DVB 07. 03. 01)

❖ ၈–၀၃–၀၁။ ။ ဗကသ များအဖွဲ့ချုပ်နှင့် ဗကသများအဖွဲ့ချုပ် ဥက္ကဋ္ဌမင်းကိုနိုင်တို့အား နော်ဝေးနိုင်ငံ ကျောင်းသား ငြိမ်းချမ်းရေးကော်မတီမှ ၂၀၀၁ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ ကျောင်းသားငြိမ်းချမ်းရေးဆုကို ယနေ့ ချီးမြှင့်လိုက်သည်။ (VOA 08. 03. 01)

❖ ၈–၀၃–၀၁။ ။ မြန်မာ့ဒီမိုကရေစီအရေးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား ထောက်ခံအားပေးခဲ့သည့် အိန္ဒိယကာကွယ်ရေးဝန်ကြီး ဂျော့ဖာနန်ဒက်ဇ် ရာထူးမှနုတ်ထွက်သွားခဲ့သည်။ (BBC 15. 03. 01)

❖ ၁၀–၀၃–၀၁။ ။ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ၏ န၀မ အကြိမ်မြောက် ညီလာခံကျင်းပ။ ကရင်နီ အစိုးရ အဖွဲ့သစ်အား ဖွဲ့စည်းလိုက်ပြီး နအဖအား တိုက်ခိုက်နေသော အင်အားစုများနှင့် လက်တွဲတိုက်ခိုက်သွားမည်ဟု ကြေငြာချက်တွင် ဖော်ပြထားသည်။ (KNPP 10. 03. 01)

❖ ၁၁–၀၃–၀၁။ ။ ရန်ကုန်တိုင်းအတွင်းရှိ NLD မြို့နယ်ရုံးများ ပြန်လည်ဖွင့်လှစ်ရန် အဖွဲ့ချုပ်ရုံးမှ စီစဉ်နေသည်။

❖ ၁၄–၀၃–၀၁။ ။ ဩစတေးလျ လူ့အခွင့်အရေး ကော်မရှင်နာမင်းကြီး မစ္စတာစီဒိုးတီ ဦးစီး၍ နအဖ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိများအား လူ့အခွင့်အရေးသင်တန်းများ ပို့ချပေးနေသည်။ (DVB 14. 03. 01)

ဧပြီလ။

❖ ၄–၀၄–၀၁။ ။ မြင်းခြံမြို့နယ် NLD ဆိုင်းဘုတ်ပြန်တင်ရန် ကြိုးစားနေသော NLD အဖွဲ့ဝင်များအား အာဏာပိုင်များမှ တားဆီးလိုက်သည်။ (DVB 04. 04. 01)

❖ ၈–၀၄–၀၁။ ။ မီးသတ်တပ်ဖွဲ့သည် ကာကွယ်ရေး အရန်အင်အားစုဖြစ်သောကြောင့် သင်တန်းပေးရာတွင်

ကာကွယ်ရေးတာဝန်များကိုပါ ထမ်းဆောင်နိုင်အောင် လေ့ကျင့်ပေးရန် နအဖဥက္ကဋ္ဌမှ မီးသတ်သင်တန်းကျောင်းတွင် ပြောဆိုခဲ့သည်။ (NLM 08. 04. 01)

❖ ၁၈–၀၄–၀၁။ ။ မြန်မာပြည်တွင် ဆယ်စုနှစ်ပေါင်းများစွာအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် နိုင်ငံရေးအပြောင်းအလဲဖြစ်လာမည့် လက္ခဏာများတွေ့ရကြောင်း မြန်မာပြည်ဆိုင်ရာ အမေရိကန်သံအရာရှိ Mrs.Priscilla Clapp မှ ထုတ်ဖော်ပြောဆိုသည်။ (VOB 19. 04. 01)

မေလ။

❖ ၁–၀၅–၀၁။ ။ မြန်မာနိုင်ငံအား ဒီမိုကရေစီနိုင်ငံအဖြစ် အမြန်ဆုံးအကောင်အထည်ဖော်ရန် နအဖအား တိုက်တွန်းကြောင်း NLD ပါတီမှ ကြေငြာချက် ထုတ်ပြန်ထားသည်။ (Reuter 02. 05. 01)

❖ ၅–၀၅–၀၁။ ။ NLD နှင့် နအဖ တို့ တွေ့ဆုံဆွေးနွေးမှု ရပ်ဆိုင်းနေသည်ဆိုသည့်သတင်း မမှန်ကန်ကြောင်း တွေ့ဆုံမှုသည် ဆွေးနွေးပွဲအဆင့်သို့ မရောက်သေးကြောင်း အမျိုးသားရင်ကြားစေ့ရေးအတွက် NLD ပါတီ တခုတည်း သာမက အခြားပါတီများ လူမျိုးစုများ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ထားသော အဖွဲ့များပါ ပါဝင်ပြုလုပ်သွားမည် ဖြစ်ကြောင်း နအဖနိုင်ငံခြားရေးဝန်ကြီးမှ ဂျပန်ကိုယ်စားလှယ်တဖွဲ့နှင့် တွေ့ဆုံစဉ် ပြောဆိုလိုက်သည်။ (DVB 08.05.01)

❖ ၁၂–၀၅–၀၁။ ။ အမေရိကန် နိုင်ငံ၌ ကျင်းပနေသည့် ADB အစည်းအဝေးတွင် နအဖဘဏ္ဍာရေးဝန်ကြီး ဦးခင်မောင်သိန်းမှ မြန်မာနိုင်ငံအား ADB ချေးငွေပြန်လည် ပေးရေးမေတ္တာရပ်ခံခဲ့သော်လည်း ADBမှ ငြင်းဆိုလိုက်သည်။ (VOB 12.05.01)

❖ ၁၄–၀၅–၀၁။ ။ စစ်အာဏာရှင်ကြီး ဦးနေဝင်း၏အသက် ၉၀ ပြည့် မွေးနေ့အား ရန်ကုန်မြို့၊ မဟာဝိဇယ စေတီတွင် ကျင်းပခဲ့သည်။ (RFA 20. 05. 01)

❖ ၁၅–၀၅–၀၁။ ။ ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်ဘာသာတို့၏ ဘာသာရေးအဓိကရုဏ်းများ တောင်ငူမြို့နှင့် တောင်ကြီးမြို့များတွင် ဖြစ်ပွားနေသည်။ (ထို့နောက် ညောင်လေးပင်၊ ရေတာရှည်နှင့် တောင်တွင်းကြီးမြို့များတွင်လည်း ဆက်လက်ဖြစ်ပွားသွားသည်။)

❖ ၂၀–၀၅–၀၁။ ။ NLD နှင့် နအဖ တို့တွေ့ဆုံဆွေးနွေးနေမှုနှင့် ပတ်သက်၍ စစ်မှန်သည့် ဆွေးနွေးပွဲဖြစ်ရန် ဆွေးနွေးပွဲရလဒ်ကို ထုတ်ပြန်ကြေငြာပေးရန် ဗိုလ်မှူးအောင် ခေါင်းဆောင်သော ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့မှ ပန်ကြားလွှာတစောင် ထုတ်ပြန်လိုက်သည်။

❖ ၂၄–၀၅–၀၁။ ။ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)မှ ထိုင်းနိုင်ငံနှင့်ပတ်သက်သည့် သမိုင်းဆောင်းပါးများ နအဖသတင်းစာတွင် ရေးသားနေသည်။

❖ ၃၀–၀၅–၀၁။ ။ မန္တလေး–မြစ်ကြီးနား အဆန်ရထားတစီး ယနေ့ မူးမြစ်တွင်းထိုးကျသွားခဲ့။ ခရီးသည် ၁၀၀ ခန့် သေဆုံး။ ဒေသခံလူထုမှ ကယ်ဆယ်ရေး ချက်ခြင်းဆောင်ရွက်ခဲ့ကြပြီး နအဖ ကယ်ဆယ်ရေးအဖွဲ့သည် ဇွန်လ ၂ ရက်နေ့ ညနေပိုင်းကျမှ ရောက်ရှိလာသည်။ (AFP, DVB 02. 06. 01)

ဇွန်လ။

❖ ၁–၀၆–၀၁။ ။ မစ္စတာရာဇလီသည် စတုတ္ထမြောက် ခရီးစဉ်အဖြစ် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ သူ့ ခရီးစဉ်အပေါ် မြန်မာနိုင်ငံအရေး စိတ်ဝင်စားနေသူအားလုံးမှ မျှော်လင့်ချက်ထားခဲ့ကြသော်လည်း ထူးခြားသောရလဒ် ပေါ်ထွက်မလာခဲ့။

❖ ၃–၀၆–၀၁။ ။ မိတ္ထီလာမြို့တွင် မုန်တိုင်းဆည်ကျိုးပေါက်မှုကြောင့် ရေအကြီးအကျယ်လွှမ်းမိုးခဲ့သော်လည်း နအဖသတင်းမီဒီယာများမှ သတင်းအမှောင် ချထားခဲ့သည်။

❖ ၆–၀၆–၀၁။ ။ စစ်မှုထမ်းဟောင်းများအနေနှင့် နိုင်ငံရေးတာဝန်များကို ထမ်းရွက်နိုင်ရေးကြိုးပမ်းကြရန် နအဖဥက္ကဋ္ဌမှ စစ်မှုထမ်းဟောင်းညီလာခံတွင် တိုက်တွန်းလိုက်သည်။

❖ ၂–၀၆–၀၁။ ။ မေလ ၃၁ ရက်နေ့က မူးမြစ်အတွင်းသို့ မန္တလေး–မြစ်ကြီးနား အဆန်ရထားတစင်း ထိုးကျမှု ဖြစ်ပွားခဲ့ရာ ဒေသခံလူငယ် ၃၀ က ကယ်ဆယ်ရေးလုပ်ငန်းကို ချက်ချင်းလုပ်ခဲ့သော်လည်း နအဖ၏ ကယ်ဆယ်ရေးအဖွဲ့

များသည် ဇွန် ၂ ရက်နေ့ ညနေပိုင်းကျမှ ရောက်ခဲ့ကြသည်။ ခရီးသည် ၃၀၀ အနက် ၁၀၀ ခန့် သေဆုံးခဲ့ကြသည်။ (AFP, DVB 02. 06. 01)

❖ ၇–၀၆–၀၁။ ။ နိုင်ငံရေးအကျဉ်းသားများအားလုံးကို လွှတ်ပေးရန်နှင့် NLD အား ဖိနှိပ်ချုပ်ချယ်မှုများအား ဇွန်လမကုန်ခင် ပြန်လည်ရုတ်သိမ်းပေးရန် ဒေါ်အောင်ဆန်းစုကြည်က နအဖအား တောင်းဆိုလိုက်သည်။ (BBC 07. 06. 01)

❖ ၁၀–၀၆–၀၁။ ။ တနင်္သာရီတိုင်း၊ မြိတ်ခရိုင်ပညာရေးဦးစီးဌာနမှ ခရိုင်ပညာရေးအကျိုးဆောင်အဖွဲ့များ အစည်းအဝေးကျင်းပအပြီး ဆရာ/ဆရာမများ ဝိုင်းဖွဲ့စကားပြောရာ၌ ကျောင်းသုံးစာအုပ်မှ ထိုင်းနိုင်ငံအကြောင်း ပြဌာန်းချက်သည် ကျောင်းသားများအတွက် အကျိုးရှိသောပညာကို သင်ကြားပေးခြင်းနှင့်မတူ ရန်လိုမုန်းတီးစိတ် ပွားအောင် သင်ကြားပေးသကဲ့သို့ဖြစ်နေကြောင်း ဝေဖန်ခဲ့သောကြောင့် ဖမ်းဆီးခံခဲ့ရသည်။ (RFA 10. 06. 01)

❖ ၁၂–၀၆–၀၁။ ။ ကမ္ဘာပေါ်၌ ကလေးစစ်သား ၃၀၀,၀၀၀ နီးပါးရှိသည့်အနက် မြန်မာနိုင်ငံ၌ ၅၀,၀၀၀ ခန့် ရှိနေကြောင်း နိုင်ငံတကာ ကလေးစစ်သားများ အသုံးပြုမှုကာကွယ်ရေး ညွန့်ပေါင်းအဖွဲ့၏ ကြေညာချက်၌ ဖော်ပြထားသည်။ (RFA 12. 06. 01)

❖ ၁၂–၀၆–၀၁။ ။ အနာဂတ်မြန်မာနိုင်ငံကိုမျှော်မှန်း၍ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလအတွက် ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် ဆွေးနွေးပွဲတခုကို ဘန်ကောက်မြို့၌ကျင်းပခဲ့သည်။ ထိုဆွေးနွေးပွဲကို ပြည်ပရောက်ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသား အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ တက်ရောက် ခဲ့ကြသည်။ (DVB 12.06.01)

❖ ၁၄–၀၆–၀၁။ ။ ဗမာပြည်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌဟောင်းသခင်ဇင်၏ဇနီး ဒေါ်ကြည်ကြည် အသက် ၈၂ နှစ်သည် ရန်ကုန်ဆေးရုံကြီး၌ နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

❖ ၁၈–၀၆–၀၁။ ။ ဧရာပနအခမ်းအနားတခုသို့ တက်ရောက်နိုင်ရန် NLD ဥက္ကဋ္ဌဦးအောင်ရွှေနှင့် ဒု–ဥက္ကဋ္ဌ ဦးတင်ဦးတို့အား နအဖ က နေအိမ်အကျယ်ချုပ်မှ ခေတ္တလွှတ်ပေးခဲ့သည်။

❖ ၁၉–၀၆–၀၁။ ။ ထိုင်းဝန်ကြီးချုပ် သပ်စင်ရှင်နာဝပ် ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ၂ ရက်ကြာ လည်ပတ်ရန် ရန်ကုန်သို့ရောက်ရှိသည်။

❖ ၀၂–၀၆–၀၁။ ။ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ CRPP အဖွဲ့ဝင် ဇိုမီးအမျိုးသားကွန်ဂရက် အတွင်းရေးမှူး Mr.Yg. Vangh Za Pau သည် ရန်ကုန်ပုဂ္ဂလိက ဆေးရုံတရုံ၌ ကွယ်လွန်ခဲ့သည်။

❖ ၂၃–၀၆–၀၁။ ။ နအဖသည် FEC ရောင်ဝယ်ခွင့် လိုင်စင်များအားလုံးကို ဖျက်သိမ်းလိုက်ပြီး စစ်တပ်ပိုင် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ မြဝတီဘဏ်နှင့် အခြားဘဏ်အနည်းငယ်ကိုသာ လုပ်ပိုင်ခွင့်လိုင်စင်များ ထုတ်ပေးလိုက်သည်။ (AFP24. 06. 01)

❖ ၂၈–၀၆–၀၁။ ။ ယနေ့ပြန်လည်ဖွင့်လှစ်လိုက်သော တိုက်ကြီးမြို့နယ်ရုံး အပါအဝင် ရန်ကုန်မြို့ဝန်းကျင်မြို့နယ် ၁၈ မြို့နယ်၌ NLD ရုံးများ ပြန်လည်ဖွင့်ခွင့်ရကြောင်း NLD ဗဟိုကော်မတီဝင် ဦးလွင်ကပြောဆိုသည်။

❖ ၂၆–၀၆–၀၁။ ။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှ နုတ်ထွက်ခဲ့သော မြန်မာနိုင်ငံအားဒဏ်ငွေ ၄၀,၀၀၀ ချမှတ်လိုက်သည်။ နောက်တကြိမ်ကျင်းပမည့် ပြိုင်ပွဲကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပိတ်လိုက်သည်။ (VOB 26.06.01)

ဇူလိုင်လ

❖ ၄–၀၇–၀၁။ ။ ယခင်ရန်ကုန်စက်မှုတက္ကသိုလ် RIT အား YTU Yangoon Technological University ဟု အမည်ပြောင်း၍ တက္ကသိုလ်ခွဲများအဖြစ် လှိုင်သာယာ၊ မှော်ဘီ၊ ပဲခူး စသည့်ဒေသများတွင် ခွဲ၍ဖွင့်လှစ်ထားသည်။

❖ ၁၄–၀၇–၀၁။ ။ ၅၄ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခြင်း မရှိသည့်အတွက် တွေ့ဆုံဆွေးနွေးရေး အခြေအနေမှာ အားရစရာမကောင်းသေကြောင်း ပြသနေသည်ဟု အကဲခတ်ကြသည်။

❖ ၂၃–၀၇–၀၁။ ။ နအဖ နှင့် ဒေါ်အောင်ဆန်းစုကြည် တို့၏ တွေ့ဆုံဆွေးနွေးပွဲ အခြေအနေမှာ အလားအလာ ကောင်းနေဆဲ ဖြစ်ကြောင်း နအဖနိုင်ငံခြားရေးဝန်ကြီးမှ ပြောဆိုသည်။ (BP 23. 07. 01)

❖ ၂၇–၀၇–၀၁။ ။ ဗိုလ်မှူးကြီးအဆင့်ရှိ အမျိုးသမီး ၁ ဦး အပါအဝင် ထိုင်းမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့မှ

စစ်ဘက်၊ အရပ်ဘက် အရာရှိ ၇ ဦးသည် တာချီလိတ်မြို့အနီးတွင် 'ဝ'တပ်ဖွဲ့များ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ၎င်းတို့အား ဩဂုတ်လ ၂ ရက်နေ့တွင် ထိုင်းအစိုးရ တာဝန်ရှိသူများမှတဆင့် ပြန်လည်လွှဲပေးလိုက်သည်။

❖ ၂၈–၀၇–၀၁။ ။မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ FM လိုင်းရေဒီယိုအား နိုဝင်ဘာလတွင် စတင်ထုတ်လွှင့်မည်ဖြစ်ပြီး သတင်းနှင့်ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး ရန်ကုန်မြို့တွင်းမှာသာ ဖမ်းယူနိုင်မည် ဖြစ်သည်။

ဩဂုတ်လ။

❖ ၅–၀၈–၀၁။ ။NLD ပါတီမှ ရေနံချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ကျော်ဟန်သည် ထိုင်း–မြန်မာနယ်စပ်ရှိ ဒီမိုကရေစီအင်အားစုများထံသို့ ယနေ့ရောက်ရှိလာသည်။ ဦးခင်ကျော်ဟန်သည် နအဖ၏ အမျိုးသားသွေးစည်းညီညွတ်ရေးကို ကျောခိုင်းသွားခြင်းဖြစ်သည်ဟု နအဖမှ ဩဂုတ်လ ၇ ရက်နေ့တွင် ဝေဖန်လိုက်သည်။

❖ ၁၃–၀၈–၀၁။ ။နယ်စပ်ရောက် မြန်မာ့တပ်မတော်သားများ စုပေါင်းပြီး ထိုင်း–မြန်မာနယ်စပ်တွင် 'မျိုးချစ်ဗမာ့တပ်မတော်'အမည်ဖြင့် တပ်တတပ်အား ဖွဲ့စည်းလိုက်သည်။ (DVB16. 08. 01)

❖ ၁၅–၀၈–၀၁။ ။စစ်အင်အားတိုးချဲ့ရေး စီမံကိန်းအရ တပ်မအင်အားနှင့် ညီမျှသော စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်(စကခ) များကို နအဖမှ ဆက်တိုက်ဖွင့်လှစ်နေရာ ယခုအခါ စကခ ပေါင်း ၂၄ ခု ရှိသွားပြီ ဖြစ်သည်။ (DVB15.08.01)

❖ ၂၂–၀၈–၀၁။ ။စစ်ထောက်လှမ်းရေးမှ နောက်ကွယ်မှ ကြိုးကိုင်ထားသည့် မြန်မာတိုင်းဂျာနယ်၏ ပြီးခဲ့သောလတွင် မြန်မာစာနယ်ဇင်းသမားများအပေါ် နှိမ်ချရေးသားထားသည့် ဆောင်းပါးတပုဒ်ကြောင့် အပြန်အလှန် ရေးသားမှုများ ဖြစ်ပေါ်နေသည်။

❖ ၂၄–၀၈–၀၁။ ။အင်ဒိုနီးရှားသမ္မတသစ် မေဂါဝါရီသည် သူမ၏ အာဆီယံခရီးစဉ်အတွင်း ရန်ကုန်မြို့သို့ ၄ နာရီကြာမျှ ဝင်ရောက်ရပ်နားသွားသည်။

❖ ၂၆–၀၈–၀၁။ ။အထိန်းသိမ်းခံထားရသော NLD ဥက္ကဋ္ဌဦးအောင်ရွှေနှင့် ဒု–ဥက္ကဋ္ဌဦးတင်ဦးတို့အား ကန့်သတ်ထားခြင်းများအား နအဖမှ ယနေ့ ရုတ်သိမ်းပေးလိုက်သည်။ ရုတ်သိမ်းပေးလိုက်သည်နှင့် ၎င်းတို့နှစ်ဦးသည် ဒေါ်အောင်ဆန်းစုကြည်နှင့် သွားရောက်တွေ့ဆုံခဲ့ကြသည်။ (AFP, BBC 26.08.01)

❖ ၂၇–၀၈–၀၁။ ။မစ္စတာရာဇာလီသည် ပဥ္စမအကြိမ်မြောက် ခရီးစဉ်အဖြစ် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

❖ ၃၀–၀၈–၀၁။ ။ယခုလ ၂၆ ရက်မှ ၃၀ ရက်နေ့အထိ KNU လော့ခီးလာစခန်း၌ တိုင်းရင်းသား အဖွဲ့အစည်းအများအပြားပါဝင်သော နီးနှောဖလှယ်ပွဲတရပ်ကျင်းပပြီး ကော်မတီတရပ် ဖွဲ့စည်းခဲ့သည်။ ထိုကော်မတီသည် မြန်မာနိုင်ငံအတွင်း၌ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဖြစ်ပေါ်လာပါက အဖွဲ့အစည်းများ ကိုယ်စားပြု၍ သွားရောက်ဆွေးနွေးမည် ဖြစ်သည်။ (DVB RFA 30.08.01)

စက်တင်ဘာလ။

❖ ၃–၀၉–၀၁။ ။နအဖတွင်း–၁ ဒုဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံသို့ ၃ ရက်ကြာ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိလာ။ ၎င်းအား ထိုင်းအစိုးရမှ ကော်ဇောနီခင်း၍ကြိုဆိုသကဲ့သို့ ထိုင်းကျောင်းသားများမှ ဆန္ဒပြကြွေးကြော်သံများဖြင့် ကြိုဆိုခဲ့ကြသည်။ (AFP, BP 04.09.01)

❖ ၅–၀၉–၀၁။ ။တိုင်းရင်းသားလူမျိုးစုများသည် ဒေါ်အောင်ဆန်းစုကြည်အား ယုံကြည်လေးစားသော်လည်း သူမသည် တိုင်းရင်းသားများအရေးကို တိတိကျကျ နားလည်မှုမရှိနိုင်သောကြောင့် တိုင်းရင်းသားများကိုယ်တိုင် တိုင်းရင်းသားအရေးကို ဆွေးနွေးခြင်းသည် ပိုသင့်လျော်ကြောင်း SNLD ဥက္ကဋ္ဌဦးခွန်ထွန်းဦးမှ ပြောဆိုသည်။ (DVB, BBC 05.09.01)

❖ ၆–၀၉–၀၁။ ။နအဖသည် ဒေါ်အောင်ဆန်းစုကြည်အား အာဏာခွဲဝေရေး အစီအစဉ်တခု အကြံပြုထားသည်ဟု နအဖတွင်း–၁ မှ မိမိအား ပြောကြားကြောင်း ထိုင်းကာကွယ်ရေးဝန်ကြီး ချာဗါလစ်မှပြောဆိုသည်။ (BBC 06. 09. 01)

❖ ၇–၀၉–၀၁။ ။လက်နက်ကိုင် တိုင်းရင်းသားလူမျိုးစုများအနေနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်တွင် ပါဝင်လာစေရန် ထိုင်းအစိုးရအနေနှင့် ကြားဝင်ဆောင်ရွက်ပေးရန် နယ်စပ်ကော်မတီအစည်းအဝေးတွင် နအဖမှ

မိမိတို့အား မေတ္တာရပ်ခံခဲ့သည်ဟု ထိုင်းအမှတ် ၃ တပ်မတော်မှ ဒု–ဗခက ဝါတနာချိုင်းမှ ပြောဆိုသည်။ (BP 07. 09. 01)

❖ ၁၂–၀၉–၀၁။ ။ နအဖ ပြည်ထဲရေးဝန်ကြီး ဗမကတင်လှိုင်မှ ပြည်နယ်/တိုင်း၊ ထွေ/အုပ်မှူးများ အစည်းအဝေးတွင် 'သုံးပွင့်ဆိုင် ဆွေးနွေးပွဲအား လက်မခံ၊ ၉၀ ခုနှစ်ရွေးကောက်ပွဲ အကောင်အထည်ဖော်ရန် ကြိုးပမ်းနေမှုနှင့် CRPP ကိုလည်း လက်မခံ၊ အမျိုးသားညီလာခံ ပြန်လည်ကျင်းပရန် စီစဉ်လျက်ရှိကြောင်း' ပြောဆိုသွားသည်။ (DVB 12. 09. 01)

❖ ၁၈–၀၉–၀၁။ ။ အမေရိကန်နိုင်ငံရှိ ကမ္ဘာကုန်သွယ်ရေးဗဟိုဌာနချုပ်နှင့် ပင်တဂွန်စစ်ဌာနချုပ်တို့ တိုက်ခိုက်ခံရမှုတွင် သေဆုံးခဲ့ရသူများအတွက် ဘာသာရေးဆုတောင်းပွဲတခုအား အင်းယားလိတ်ဟိုတယ်၌ ပြုလုပ်ရာ စစ်အာဏာရှင်ကြီး ဦးနေဝင်းမှ ဝမ်းနည်းကြောင်း စာတစောင်ပေးပို့ခဲ့သည်။ (AFP 19. 09. 01)

❖ ၂၃–၀၉–၀၁။ ။ အမေရိကန်ရှိ ကမ္ဘာ့ကုန်သွယ်ရေး ဗဟိုအဆောက်အဦးနှင့် ပင်တဂွန်စစ်ဌာနချုပ်အား အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးရသူများအတွက် မြန်မာစစ်အစိုးရမှ ဝမ်းနည်းကြောင်း စာတစောင်အား အမေရိကန်အစိုးရထံ ပေးပို့ခဲ့သည်။ (AFP 23. 09. 01)

❖ ၂၃–၀၉–၀၁။ ။ ထိုင်း–မြန်မာနယ်စပ်တနေရာ၌ စက်တင်ဘာ ၁၈ မှ ၂၂ ရက်နေ့အထိ လူနည်းစုတိုင်းရင်းသားအမျိုးသားလူငယ်များ၏ တွေ့ဆုံပွဲတခုကျင်းပခဲ့ပြီး ညီညွတ်သောအမျိုးသားလူငယ်အဖွဲ့ချုပ် UNYL ကို ထူထောင်ခဲ့ကြသည်။ (NMG 23. 09. 01)

❖ ၂၄–၀၉–၀၁။ ။ ထိုင်းနိုင်ငံအတွင်း တရားမဝင်လာရောက် အလုပ်လုပ်ကိုင်သူများအား တရားဝင်မှတ်ပုံတင်ခြင်း လုပ်ငန်းအား ထိုင်းနိုင်ငံတဝှမ်းလုံးတွင် စတင်လိုက်သည်။

❖ ၂၅–၀၉–၀၁။ ။ နအဖဥက္ကဋ္ဌ ဗခမကသန်းရွှေသည် မလေးရှားဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ ၃ ရက်တာ ခရီး လည်ပတ်ရန် ထွက်ခွာသွားသည်။

❖ ၂၇–၀၉–၀၁။ ။ NLD တည်ထောင်ခြင်း ၁၃ နှစ်မြောက် အခမ်းအနားအား ဌာနချုပ်တွင်ကျင်းပရာ သံတမန်များ၊ ဧည့်သည်တော်များနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ကြပြီး ဒေါ်အောင်ဆန်းစုကြည်အား ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။

❖ ၂၇–၀၉–၀၁။ ။ ယူကိုဆလားဗီးယားနိုင်ငံသည် စီးပွားရေးအကြပ်အတည်းကြောင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ၎င်းတို့၏သံရုံးများအား ပိတ်မည်ဟု ကြေငြာသည်။ (AFP 27. 09. 01)

❖ ၂၇–၀၉–၀၁။ ။ နအဖစစ်ထောက်လှမ်းရေးအဖွဲ့အား လာမည့်အောက်တိုဘာလမှ စတင်၍ တပ်ရင်း ၁၂ ရင်းဖြင့် ပြင်ဆင်ဖွဲ့စည်းသွားမည်ဖြစ်သည်။ တပ်ရင်းတရင်းတွင် တပ်ခွဲ ၉ ခွဲ၊ တပ်ခွဲ တခွဲတွင် တပ်စု ၃ စုထားရှိမည်ဖြစ်ပြီး နောက်တန်းနှင့် ရှေ့တန်း ၂ ပိုင်းခွဲ လှုပ်ရှားမည်ဖြစ်သည်။ စစ်တိုင်းတတိုင်းလျှင် တပ်ရင်းတရင်းထားရှိမည်ဖြစ်ပြီး ခရိုင်မြို့အဆင့်၌ တပ်ခွဲအဆင့်မှ တာဝန်ယူ၍ မြို့နယ်အဆင့်ကို တပ်စုမှတာဝန်ယူမည်ဖြစ်သည်။ (DVB 21.09. 10)

❖ ၂၉–၀၉–၀၁။ ။ အသက် ၉၁ နှစ်အရွယ်ရှိ စစ်အာဏာရှင်ကြီးဦးနေဝင်း စင်္ကာပူသို့ ဆေးကုသရန်ထွက်ခွာ၊ အောက်တိုဘာ ၁၁ ရက်နေ့တွင် ပြန်လည်ရောက်ရှိ။ (Reuter 01. 10. 01)

အောက်တိုဘာလ။

❖ ၁–၁၀–၀၁။ ။ နအဖသည် ၎င်းတို့ထုတ်ဝေသောသတင်း စာနယ်ဇင်းများ အချိန်မှီရောက်ရှိနိုင်ရေးအတွက် မကွေးနှင့်တောင်ကြီးမြို့များတွင် အစိုးရပိုင်ပုံနှိပ်တိုက်များကို ထပ်မံတိုးချဲ့ ဖွင့်လှစ်လိုက်သည်။

❖ ၁–၁၀–၀၁။ ။ ထိုင်းနိုင်ငံသည် ၁၀ နှစ်ကျော်ကာလအတွင်း ထွက်ပြေးလာသူများအပါအဝင် တရားမဝင် မြန်မာနိုင်ငံသား ၂ သိန်းနီးပါး၏ဝန်ထုပ်ကို ထမ်းနေရသည်ဟု ထိုင်းလွှတ်တော်အမတ် အုဒွန်တန်တီစန်ထောင်မှ ပြောဆိုသည်။ (BP 01. 01. 01)

❖ ၂–၁၀–၀၁။ ။ မော်လမြိုင်မှရေးမြို့သို့သွားသော မီးရထား။ ရေးမြို့နယ်၊ လမိုင်းရွာအနီးတွင် မိုင်းထိမှန်ခဲ့။ နအဖမှ KNU လက်ချက်ဟု စွပ်စွဲ။

❖ ၃–၁၀–၀၁။ ။ NLD ပါတီသည် ကချင်နှင့်ကယားပြည်နယ်မှအပ ကျန်ပြည်နယ်နှင့်တိုင်းများရှိ ရုံးခွဲများအား

ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်နေသည်။

❖ ၈–၁၀–၀၁။ ။ ပြည်မြို့တွင် ဗုဒ္ဓဘာသာဝင်တချို့နှင့် မွတ်ဆလင်ဘာသာဝင်တချို့အကြား အဓိကရုဏ်း ဖြစ်ပွားခဲ့ပြီး ညမထွက်ရအမိန့် ထုတ်ပြန်ထားသည်။ (BBC 08. 10. 01)

❖ ၉–၁၀–၀၁။ ။ အမေရိကန်နှင့် ဗြိတိန်ဦးဆောင်သော တပ်များမှ အာဖဂန်အား ဒုတိယအကြိမ် ဗုံးကြဲ တိုက်ခိုက်ပြီးနောက် ရန်ကုန်မြို့ရှိ ကန်နှင့် ဗြိတိန်သံရုံးများအား ၂ ရက်ကြာ ယာယီပိတ်ထားလိုက်သည်။ (Xin 09. 10. 01)

❖ ၉–၁၀–၀၁။ ။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာပီညဲရိုးသည် ရန်ကုန်မြို့သို့ ဒုတိယအကြိမ်မြောက်ခရီးစဉ်အဖြစ် ရောက်ရှိလာသည်။ သူ့ခရီးစဉ်မတိုင်မီ နအဖမှ နိုင်ငံရေးအကျဉ်းသား တချို့အား လွှတ်ပေးခဲ့သည်။

❖ ၂၀–၁၀–၀၁။ ။ စစ်မဟာဗျူဟာ လေ့လာရေးဌာနမှ ဒု–ဗမကသိန်းဆွေ၊ ဗမကသန်းထွန်း၊ ဒု–ဗမကစန်းပွင့်၊ ဒု–ဗမက လှမင်းတို့အား ရာထူးတဆင့်တိုး၍ ဌာနအသစ်များ တိုးချဲ့ထားသော တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးရုံးသို့ ပြောင်းရွှေ့ပေးလိုက်သည်။ စစ်မဟာဗျူဟာ လေ့လာရေးဌာနအား ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း သတင်းများထွက်ပေါ်နေသည်။ (NMG 20. 10. 01)

❖ ၂၂–၁၀–၀၁။ ။ တစည်ပါတီ စည်းရုံးရေးမှူးများ ညီလာခံအား ရန်ကုန်မြို့တွင် အောက်တိုဘာလ ၃၁ ရက်နေ့တွင် စတင်ကျင်းပမည်ဖြစ်ပြီး ပါတီဝင်အသစ်များ စုဆောင်းရေးကို အဓိကထား ဆွေးနွေးကြမည်ဖြစ်သည်။ (DVB 22. 10. 01)

❖ ၂၂–၁၀–၀၁။ ။ ဟင်္သာတမြို့တွင် ဗုဒ္ဓဘာသာဝင်တချို့နှင့် မွတ်ဆလင်ဘာသာဝင်တချို့တို့၏ ဘာသာရေး အဓိကရုဏ်းများ ဖြစ်ပွားနေသဖြင့် ညမထွက်ရအမိန့် ထုတ်ပြန်ထားသည်။ ပဲခူးမြို့တွင်လည်း အလားတူဖြစ်ပွားနေသည်။

❖ ၃၁–၁၀–၀၁။ ။ မှန်ပြည်သစ်ပါတီ ဗဟိုကော်မတီဝင်တဦးဖြစ်သူ နိုင်ပန်းညွန့်သည် ပါတီမှခွဲထွက်၍ သီးခြားပါတီ ထူထောင်မှုကြောင့် ပါတီမှထုတ်ပယ်လိုက်ကြောင်း မွန်ပြည်သစ်ပါတီမှ ကြေငြာသည်။ (DVB 05. 11. 01)

❖ ၃၁–၁၀–၀၁။ ။ ဒေါ်အောင်ဆန်းစုကြည်၏ အကြံပြုချက်အရ အဖွဲ့ဝင် ၂၂ ဦး ပါဝင်သော NLD ပါတီ ဗဟို လူမှုအထောက်အကူပြုအဖွဲ့အား ဖွဲ့စည်းလိုက်သည်။

နိုဝင်ဘာလ။

❖ ၅–၁၁–၀၁။ ။ ဘရူနိုင်းနိုင်ငံ၌ ကျင်းပနေသော အာဆီယံထိပ်သီးဆွေးနွေးပွဲ အလွတ်သဘောဆွေးနွေးပွဲတွင် ဗခမကသန်းရွှေမှ ဂျပန်ဝန်ကြီးချုပ်အား 'နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် ဒေါ်အောင်ဆန်းစုကြည် အနိုင်ရခဲ့ပါက မိမိတို့အနေနှင့် တစုံတရာ ဝင်ရောက်စွက်ဖက်မည် မဟုတ်ကြောင်း' ပြောဆိုသည်။ (DVB 05. 11. 01)

❖ ၉–၁၁–၀၁။ ။ နအဖကြေငြာချက်အမှတ် ၅/၂၀၀၁ နှင့် ၆/၂၀၀၁ တို့ ထုတ်ပြန်၍ နအဖတွင်း–၃၊ ဒု–ဗခက ဝင်းမြင့်နှင့် ဒု–ဝန်ကြီးချုပ်နှင့် တပ်မတော်ရေးရာဝန်ကြီး ဒု–ဗခကတင်လှတို့အား ရာထူးမှ ထုတ်ပယ်လိုက်သည်။

❖ ၁၁–၁၁–၀၁။ ။ နအဖ အဆင့်မြင့် အရာရှိကြီးများဖြစ်ကြသော ဒု–ဝန်ကြီးချုပ် ဒု–ဗခက မောင်မောင်ခင်၊ ဒု–ဗခက တင်ထွန်း၊ ယဉ်ကျေးမှုဝန်ကြီး ဦးဝင်းစိန်၊ သမဝါယမ ဝန်ကြီး ဦးအောင်စန်း၊ လဝကဝန်ကြီး ဦးစောထွန်းတို့အား ရာထူးမှ ထုတ်ပယ်လိုက်သည်။

❖ ၁၃–၁၁–၀၁။ ။ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူး ၁၀ ဦးအား ဒု–ဗခက ရာထူးများ တိုးမြှင့်ပေးလိုက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်သို့ ပြောင်းရွှေ့လိုက်သည်။

❖ ၁၃–၁၁–၀၁။ ။ ထိုင်းနိုင်ငံ၊ မနီလွိုင်စခန်းအား ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ပိတ်ပစ်မည်ဖြစ်ပြီး စခန်းတွင်း ရှိသူများအား ထိုင်း–မြန်မာနယ်စပ်သို့ ပို့မည်ဟု ထိုင်းအာဏာပိုင်များမှ ပြောဆိုသည်။ (DVB13.11.01)

❖ ၁၈–၁၁–၀၁။ ။ နအဖအဖွဲ့အတွင်း ရာထူးအပြောင်းအလဲများ ပြုလုပ်ခြင်းအတွက် နအဖနှင့် ဒေါ်အောင် ဆန်းစုကြည်တို့အကြား တွေ့ဆုံဆွေးနွေးမှုကို ထိခိုက်စေမည်မဟုတ်ကြောင်း စစ်ထောက်လှမ်းရေး ဒု–အကြီးအကဲ ဗခကျော်ဝင်းမှ ယနေ့ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုသည်။

❖ ၁၈–၁၁–၀၁။ ။ အဝေးရောက် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ NCGUB အတွင်းဝန်ကြီးနေရာတချို့ အပြောင်းအလဲ ပြုလုပ်ခဲ့ကြောင်း ယနေ့ထုတ်ပြန်ကြေငြာသည်။ (RFA12.11.01)

❖ ၂၃–၁၁–၀၁။ ။ အိုစမာဘင်လာဒင်၏ အကြမ်းဖက်အဖွဲ့နှင့် အဆက်အသွယ်ရှိသည်ဟု အမေရိကန်ထောက်လှမ်းရေးအဖွဲ့မှ စွပ်စွဲထားသော ပါကစ္စတန်နျူကလီးယားပညာရှင် ၂ ဦးအား မြန်မာနိုင်ငံတွင် နိုင်ငံရေးခိုလှုံခွင့်ပေးလိုက်သည်။ CIA မှ စစ်ဆေးအပြီး ပါကစ္စတန်အစိုးရ၏ မေတ္တာရပ်ခံချက်အရ ခိုလှုံခွင့်ပေးလိုက်ခြင်းဖြစ်သည်။ (The Time of India) (အဆိုပါသတင်း မမှန်ကြောင်း နအဖမှ ၃–၁၂–၀၁ နေ့ သတင်းစာရှင်းလင်းပွဲတွင် ငြင်းဆိုလိုက်သည်။)

❖ ၂၃–၁၁–၀၁။ ။ ကဘူလ်မြို့တော်မှ တာလီဘန်တပ်များ ဆုတ်ခွာပြီးနောက် သိမ်းဆည်းရမိသော အယ်လ်ခိုက်ဒါးအဖွဲ့၏ စာရွက်စာတမ်းများအရ မြန်မာနိုင်ငံမှ မွတ်ဆလင်စစ်သွေးကြွများနှင့် ၎င်းတို့ အဆက်အသွယ်ရှိကြောင်း ဝါရှန်တန်ပို့စ် သတင်းစာတွင် ဖော်ပြထားသည်။

❖ ၂၇–၁၁–၀၁။ ။ မစ္စတာရာဇာလီအစ္စမေးလ်သည် နအဖ နှင့် အတိုက်အခံတို့အကြား စေ့စပ်ပေးရန်အတွက် ဆဋ္ဌမအကြိမ်မြောက် ခရီးစဉ်အဖြစ် ယနေ့ ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ မစ္စတာရာဇာလီသည် ယခုတခေါက် ခရီးစဉ်အတွင်း ရန်ကုန်ရှိ တရုတ်နိုင်ငံသံအမတ်ကြီး ဘီဘင်ယွန်းနှင့် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် တံခါးပိတ်ဆွေးနွေးပွဲ ကျင်းပခဲ့သည်။ (VOA)

ဒီဇင်ဘာလ

❖ ၂–၁၂–၀၁။ ။ ဗကသများအဖွဲ့ချုပ်ဥက္ကဋ္ဌ မင်းကိုနိုင်အား စစ်တွေထောင်မှ ဘူးသီးတောင်ထောင်သို့ ပြောင်းရွှေ့လိုက်သည်။ (NJR 02.12.01)

❖ ၈–၁၂–၀၁။ ။ နိုဘယ်ဆု နှစ် ၁၀၀ ပြည့် အခမ်းအနားအားကျင်းပရာ နိုဘယ်ဆုရှင်ပေါင်း ၃၀ ကျော် တက်ရောက်ပြီး ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးကို တောင်းဆိုခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည် နိုဘယ်ဆု ၁၀ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နော်ဝေးနိုင်ငံမှ ဒေါ်စုပုံပါ တံဆိပ်ခေါင်းအား ထုတ်ဝေလိုက်သည်။

❖ ၉–၁၂–၀၁။ ။ နအဖ သည် ရေကြောင်းသွားလာရေးဆိုင်ရာ အတတ်ပညာတက္ကသိုလ်အား စတင်ဖွင့်လှစ်လိုက်သည်။ ဘာသာရပ် ၆ မျိုးအား ၅ နှစ်ကြာ သင်ပေးမည်ဖြစ်ပြီး တတန်းလျှင် ကျောင်းသား ၃၀၀ လက်ခံမည်ဖြစ်သည်။

❖ ၁၁–၁၂–၀၁။ ။ မနက်ဖန် လာရောက်လည်ပတ်မည့် တရုတ်နိုင်ငံသမ္မတကြီး၏ ခရီးစဉ်အား ကြိုဆိုသောအားဖြင့် နအဖသည် မြန်မာနိုင်ငံအကျဉ်းထောင်များရှိ တရုတ်နိုင်ငံသား အကျဉ်းသား ၂၀၀ ကျော်အား ယနေ့ လွှတ်ပေးလိုက်သည်။ (BBC11.12.01)

❖ ၁၂–၁၂–၀၁။ ။ တရုတ်နိုင်ငံသမ္မတကြီး ကျန်ဇီမင်းသည် ၄ ရက်ကြာ ချစ်ကြည်ရေးခရီး လည်ပတ်ရန်အတွက် ယနေ့ ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

❖ ၁၉–၁၂–၀၁။ ။ ၁၃–၁၁–၀၁ နေ့တွင် ရာထူးတိုး၍ ပြောင်းရွှေ့ပေးလိုက်သော စစ်တိုင်းမှူးများ၏ နေရာတွင် တိုင်းမှူးအသစ်များ ယနေ့ ခန့်အပ်လိုက်သည်။

❖ ၂၇–၁၂–၀၁။ ။ ထိုင်းနိုင်ငံ၊ မနီလွိုင်စခန်းရှိ ကျောင်းသားများစခန်းအား (ဆန္ဒပြမှုများ၊ ကန့်ကွက်မှုများကြားမှပင်) ကျောင်းသားပေါင်း ၄၅၇ ဦးတို့အား 'ထန်ဟင်း ဒုက္ခသည်စခန်းသို့ ပြောင်းရွှေ့ပေးလိုက်သည်။

❑ ❑ ❑ ❑ ❑ ❑ ❑

## ၂၀၀၂ ခုနှစ်အတွင်းမြန်မာနိုင်ငံသတင်းများ

ဇန်နဝါရီလ။

❖ ၃–၀၁–၀၂။ ။ RSF နယ်ခြားမဲ့သတင်းထောက်များအဖွဲ့၏ အစီအရင်ခံစာ၌ သတင်းထောက် ၁၈ ဦးကို ဖမ်းဆီးထောင်ချထားသော မြန်မာနိုင်ငံသည် ကမ္ဘာတွင်သတင်းထောက်များကို အများဆုံးဖမ်းထားသောနိုင်ငံ ၅ နိုင်ငံတွင် ပါရှိကြောင်း၊ လွတ်လပ်စွာ သတင်းယူခွင့်မရှိသော အဆိုးဆုံး ၃ နိုင်ငံထဲတွင်လည်း ပါဝင်ကြောင်း ဖော်ပြလိုက်သည်။ (AFP 03. 01. 02)

❖ ၃–၀၁–၀၂။ ။ ဂျပန်အစိုးရသည် မြန်မာနိုင်ငံအား ၂၀၀၁ ခုနှစ်အတွင်းတွင် ကူညီငွေ အမေရိကန်ဒေါ်လာ ၁၃.၈ သန်းရှိခဲ့ပြီး၊ ၂၀၀၁ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၂၉.၂၂ သန်းမျှရှိသည့် အကြွေးများကို လျော်ပေးခဲ့သည်။

❖ ၈–၀၁–၀၂။ ။ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ခံ ပြည်နယ်/တိုင်း ရဲတပ်ရင်း၊ တပ်ဖွဲ့များမှ အဓိကရုဏ်း နှိမ်နင်းရေးတပ်ဖွဲ့များအား ဖွဲ့စည်းပုံအသစ်ဖြင့် လက်နက်ခဲယမ်းများ ဖြည့်တင်းပေးနေကြောင်း သိရသည်။

❖ ၈–၀၁–၀၂။ ။ ထိုင်း–မြန်မာနယ်စပ် မှတ်တိုင်အမှတ် ၁၄ အနီးရှိ ထိုင်းတို့ပြုလုပ်သော နယ်စပ်စည်းရိုးသည် (ကလလတ) ၏ နယ်မြေပိုင်နက်အတွင်း ကျရောက်နေသည်ဟူသော ကိစ္စနှင့်ပတ်သက်၍ အချင်းများရာမှ ယနေ့ ညနေတွင် ထိုင်းနယ်ခြားစောင့်တပ်ဖွဲ့နှင့် (ကလလတ) တပ်ဖွဲ့တို့ကြား အပြန်အလှန်ပစ်ခတ်မှုတခု ဖြစ်ခဲ့သည်။

❖ ၉–၀၁–၀၂။ ။ လေယာဉ်ပြေးလမ်းသို့ပစ်ခတ်ရန် အချိန်ကိုက်ပြင်ဆင်ထားသည့် Omhch ၆၉ အမျိုးအစား လောင်ချာနှစ်လက်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် တမိုင်အကွာခန့်ရှိ သစ်ပင်တပင်အပေါ်၌ ပြီးခဲ့သည့် တနင်္ဂနွေနေ့က သိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံကိုဖမ်းမိကြောင်း ဖော်ပြမှုမရှိသော်လည်း KNU အသုံးပြုလေ့ရှိသည့် လက်နက်ဖြစ်ကြောင်း နအဖ က ထုတ်ပြန်လိုက်သည်။

❖ ၁၁–၀၁–၀၂။ ။ နအဖ နိုင်ငံခြားရေးဝန်ကြီးက မြန်မာပြည်သည် ချူးကလီးယား သုတေသနလုပ်ငန်းကို ဆေးပညာဆိုင်ရာနှင့် စွမ်းအင်ထုတ်လုပ်ရေးအတွက် ရည်ရွယ်လုပ်ကိုင်ခြင်းဖြစ်ကြောင်း၊ ယခင်နှစ်အတွင်းက ချူးကလီးယား ဆိုင်ရာ သင်တန်းသားများကို မော်စကိုသို့ စေလွှတ်ခဲ့ကြောင်း၊ မည်သည့်သဘောတူညီချက်မျှ မလုပ်ရသေးကြောင်း BBC သို့ ယနေ့ပြောကြားလိုက်သည်။ ရန်ကုန်စစ်အုပ်စုနှင့် ချူးကလီးယားဆိုင်ရာ ဆက်ဆံမှုများကို အသေးစိတ် တင်ပြရန် International Atomic Energy Agencyက မော်စကိုအား တောင်းဆိုထားသည်။

❖ ၁၆–၀၁–၀၂။ ။ ထိုင်းလွှတ်တော် နိုင်ငံခြားရေးကော်မတီ ဒု–ဥက္ကဋ္ဌက ၂၀၀၅ ခုနှစ်တွင် မူးယစ်ဆေးဝါး လုပ်ငန်းများကို အဆုံးမသတ်ခဲ့လျှင် UWSA “ဝ”တပ်ဖွဲ့ကို စစ်ရေးအရအရေးယူရန် အမေရိကန်အား တိုက်တွန်း လိုက်သည်။

❖ ၁၆–၀၁–၀၂။ ။ မြန်မာနိုင်ငံမြို့ကြီးများတွင် ကြံ့ဖွတ်အသင်းကိုအသုံးချ၍ နအဖစစ်အစိုးရအား ထောက်ခံပွဲများ အကြီးအကျယ် ကျင်းပနေကြောင်း AFP သတင်းတပုဒ်အရ သိရသည်။

❖ ၁၇–၀၁–၀၂။ ။ နအဖစစ်ထောက်လှမ်းရေးများသည် အစိုးရအလုပ်များ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကလုပ်ငန်း များ၌ NLD ပါတီဝင်များသာမက ၎င်းတို့၏မိသားစုဝင်များကိုပါ လုပ်ကိုင်ခွင့်မရစေရန် နှောင့်ယှက်နေကြောင်း သတင်းထွက်ပေါ်လာသည်။

❖ ၂၀–၀၁–၀၂။ ။ NCUB,NCGUB နှင့် လွှတ်တော်အမတ်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ ပြည်ပရောက် ဒီမိုကရေစီအင်အားစုများ ပါဝင်သောအဖွဲ့ ၁၃ ဖွဲ့၏ “မဟာဗျူဟာညှိနှိုင်းအစည်းအဝေး” ကို ထိုင်း–မြန်မာနယ်စပ်ရှိ KNU စခန်းတခု၌ ၃ ရက်ကြာ ကျင်းပခဲ့ရာ ယနေ့ပြီးဆုံးခဲ့သည်။

❖ ၂၃–၀၁–၀၂။ ။ ပျဉ်းမနား ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခဟောင်း ဆလိုင်းထွန်းသန်းသည် ဒီဇင်ဘာလ အစောပိုင်းက ရန်ကုန်မြို့တော်ခမ်းမရှေ့တွင် တကိုယ်တော်ဆန္ဒပြခဲ့ပြီး အချက် ၅ ချက်ပါ တောင်းဆိုချက်ကို နအဖထံ ပေးပို့ခဲ့သည်။

❖ ၂၅–၀၁–၀၂။ ။ မြန်မာနိုင်ငံတွင် တည်ဆောက်မည့် အနုမြူဓာတ်ပေါင်ဖို စီမံကိန်းနှင့် ပတ်သက်၍ အသေးစိတ် သိလိုကြောင်း၊ ၎င်းစီမံကိန်း အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာအနုမြူလက်နက် မပြန့်ပွားရေးစာချုပ်ကို လေးစားရန်လိုကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ်က Itar-Tass သတင်းဌာနသို့ ထုတ်ဖော်ပြောဆို

လိုက်သည်။

❖ ၃၀–၀၁–၀၂။ ။ မြန်မာနိုင်ငံသည် ငွေမဲကိုငွေဖြူအဖြစ် လျှော်ဖွတ်သည့် လုပ်ငန်းတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ရန် ပျက်ကွက်သောနိုင်ငံ ၁၇ နိုင်ငံစာရင်းတွင် ပါဝင်သည့် နိုင်ငံတနိုင်ငံဖြစ်သည်။

❖ ၃၀–၀၁–၀၂။ ။ ယခုလ ၂၂ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖဥက္ကဋ္ဌတို့သည် ၂ နာရီကြာ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းထွက်ပေါ်၊ သို့သော် နှစ်ဘတ်စလုံးက ထုတ်ဖော်ပြောဆိုခြင်းမရှိ။

ဖေဖော်ဝါရီလ။

❖ ၁–၀၂–၀၂။ ။ စီးပွားရေးနှင့် ကောင်စစ်ရေးရာကိစ္စများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ–အိန္ဒိယတို့သည် ကောင်စစ်ဝန်ရုံးများကို မန္တလေးနှင့် ကလကတ္တားမြို့တို့တွင် မတ်လတွင် စတင်ဖွင့်လှစ်တော့မည် ဖြစ်သည်။ ကလကတ္တားရှိ မြန်မာကောင်စစ်ဝန်ရုံးသည် လွန်ခဲ့သည့်အနှစ် ၂၀ ခန့်က ပိတ်ထားခဲ့ခြင်းဖြစ်သည်။

❖ ၁၅–၀၂–၀၂။ ။ ယနေ့ညနေပိုင်းတွင် NLD ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် ဒု–ဥက္ကဋ္ဌ ဦးတင်ဦးတို့အပေါ် ကန့်သတ်ထားမှုများအား နအဖ က ရုတ်သိမ်းပေးလိုက်သည်။

❖ ၁၂–၀၂–၀၂။ ။ နအဖ နှင့် အပစ်အခတ်ရပ်စဲရေး လုပ်ထားသောအဖွဲ့ ၇ ဖွဲ့တို့ ပူးပေါင်း၍ ၅၅ နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာတစောင် နအဖထံ ပေးပို့။ နအဖ အနေနှင့် မူလရည်မှန်းထားသော ဒီမိုကရေစီရေး ဒေသဖွံ့ဖြိုးရေးတို့ကို အောင်မြင်အောင်ဆောင်ရွက်ရန် တိုက်တွန်းထားသည်။ ၇ ဖွဲ့မှာ ကလလတ၊ ရလလဖ၊ မွန်ပြည်သစ်ပါတီ၊ ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီ၊ ပလောင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့၊ ကယန်းပြည်သစ်ပါတီနှင့် KIO တို့ဖြစ်သည်။

❖ ၁၃–၁၂–၀၂။ ။ နအဖနှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ တွေ့ဆုံဆွေးနွေးမှုသည် အောင်မြင်လျက်ရှိသည်ဟု နအဖပြောခွင့်ရပုဂ္ဂိုလ်မှ ပြောဆိုလိုက်ပြီး အမေရိကန်အစိုးရနှင့် အတိုက်အခံအင်အားစုများ၏ ပြောဆိုမှုကို ပယ်ချလိုက်သည်။ (နအဖပြောခွင့်ရပုဂ္ဂိုလ်၏ ပြောဆိုမှုကို NLD ပြောခွင့်ရပုဂ္ဂိုလ်မှ ထပ်မံပယ်ချလိုက်သည်။) (RFA,BBC)

❖ ၁၄–၀၂–၀၂။ ။ ဒဂုံမြို့သစ်တောင်ပိုင်းရှိ စီးပွားရေးတက္ကသိုလ်နှင့် ယဉ်ကျေးမှုတက္ကသိုလ်တို့မှ ကျောင်းသားတချို့ ယနေ့အဓိကရုဏ်းဖြစ်ပွားခဲ့သဖြင့် စစ်တပ်မှဝင်ရောက်ထိန်းသိမ်းပြီး တက္ကသိုလ်နှစ်ခုစလုံးအား ပိတ်ထားလိုက်သည်။ (DVB)

❖ ၁၉–၀၂–၀၂။ ။ ဗခမကသန်းရွှေမှ 'နိုင်ငံတကာပိတ်ဆို့ ဒဏ်ခတ်မှုများကြောင့် ဒီမိုကရေစီပြောင်းလဲမှုများ ကြန့်ကြာနေရပြီး၊ ပြည်ပ ပယောဂအပြင် အခက်အခဲမျိုးစုံနှင့်ပါ ရင်ဆိုင်နေရကြောင်း' ပြောဆိုသည်။ (DVB 19.02.02)

❖ ၂၀–၀၂–၀၂။ ။ ကမ်းရိုးတန်းတိုင်းစစ်ဌာနချုပ်မှ တနင်္သာရီတိုင်းအတွင်း အရပ်သားပေါ်တာ တယောက်မျှ မရှိစေရ၊ အရပ်သားများအစား အကျဉ်းသားများကို အစားထိုးသွားရန် အမိန့်ထုတ်ထားသည်။ (DVB 20.02.02)

❖ ၂၈–၀၂–၀၂။ ။ စစ်အာဏာရှင်ကြီး ဦးနေဝင်းသည် ထိုင်းနိုင်ငံသို့ အစိုးရဧည့်သည်တော်အဖြစ် လာရောက်လည်ပတ်လိုကြောင်း စာရေးအကြောင်းကြားသည်။ (FEER 28.02.02)

မတ်လ။

❖ ၄–၀၃–၀၂။ ။ အရှေ့တီမောနိုင်ငံသည် အာဆီယံအဖွဲ့တွင် လေ့လာသူအဖြစ် လျှောက်ထားခြင်းအား နအဖမှ ပယ်ချလိုက်ကြောင်း အရှေ့တီမောနိုင်ငံခြားရေးဝန်ကြီး ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် Jose Ramos Hortar မှ ပြောဆိုသည်။ (DVB 04.02.02)

❖ ၅–၀၃–၀၂။ ။ ထိုင်းနိုင်ငံအရှေ့ပိုင်း ပရာချင်ပူရီခရိုင်တွင် ယောကျ်ား ၆ ဦး၊ မိန်းမ ၄ ဦးနှင့် ကလေး ၃ ဦး ပါဝင်သော မြန်မာ ၁၃ ဦး၏ အလောင်းများအား တွေ့ရှိရသည်ဟု ထိုင်းရဲတပ်ဖွဲ့မှ ပြောဆိုသည်။ (ဤအလောင်းများကြောင့် နှစ်နိုင်ငံဆက်ဆံရေးအား ထိခိုက်မည်မဟုတ်ဟု နအဖနိုင်ငံခြားရေးဒု–ဝန်ကြီး ဦးခင်မောင်ဝင်းမှ ပြောဆိုသည်။ (BBC 05.03.02)

❖ ၈–၀၃–၀၂။ ။ စစ်အစိုးရထံမှ အာဏာလုရန်ကြံစည်မှုဖြင့် ဦးနေဝင်း၏ သားမက်နှင့်မြေး ၃ ဦးတို့အား စစ်ထောက်လှမ်းရေးမှ ယနေ့ဖမ်းဆီးလိုက်ပြီး ဦးနေဝင်း၏ နေအိမ်အား အပြင်မှဝိုင်းထားလိုက်သည်။

❖ ၉–၀၃–၀၂။ ။ ဦးနေဝင်း၏သားမက် အေးဇော်ဝင်းနှင့်မြေးများ အရေးနှင့်ပတ်သက်၍ နအဖမှ သတင်းစာရှင်းလင်းပွဲကျင်းပ။ ဦးအေးဇော်ဝင်းတို့ သားအဖများသည် နအဖ ထိပ်ပိုင်းခေါင်းဆောင်များ အပြောင်းအလဲလုပ်ရန် တပ်မှူးတချို့နှင့် ပူးပေါင်းကြံစည်ခဲ့ကြောင်း ဦးနေဝင်းအား နေအိမ်အကျယ်ချုပ် ချထားသည်ဆိုသည်မှာ မမှန်ကြောင်း စစ်ထောက်လှမ်းရေး ဗခကျော်ဝင်းမှ ပြောဆိုသည်။

❖ ၉–၀၃–၀၂။ ။ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကြောင့် နအဖ မှ တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် အခြားအရေးကြီးနေရာများ အားလုံးတွင် လျှို့ဝှက်အရေးပေါ်အခြေအနေ ကြေငြာထားလိုက်သည်။ ဖမ်းဆီးမှု၊ စစ်ဆေးမှုများလည်း ထူထပ်လျက်ရှိသည်။

❖ ၁၁–၀၃–၀၂။ ။ နအဖ အတွင်း လက်ရှိဖြစ်ပေါ်နေသော မတည်ငြိမ်မှုများကြောင့် ထိုင်းဝန်ကြီးချုပ်၏ ၂၁ ရက်နေ့တွင် ရန်ကုန်သို့ သွားရောက်မည့် ခရီးစဉ်အား ဖျက်သိမ်းလိုက်သည်။ (BBC11.03.02)

❖ ၁၂–၀၃–၀၂။ ။ အေးဇော်ဝင်းတို့သားအဖများနှင့် ပတ်သက်သော နအဖသတင်းစာရှင်းလင်းပွဲကျင်းပ။ နအဖ ထိပ်သီးခေါင်းဆောင် ၃ ဦးအား တော်လှန်ရေးနေ့တွင် ပြန်ပေးဆွဲ၍ ဦးနေဝင်းရှေ့သို့ခေါ်သွားပြီး မိမိတို့ လိုသည့်ပုံဖြင့် အစိုးရဖွဲ့စည်းရေး အကြပ်ကိုင်ရန် ဦးအေးဇော်ဝင်းနှင့်သားများမှ ကြံစည်ခဲ့ကြကြောင်း၊ ထို့အပြင် လက်ရှိဖြစ်ပေါ်နေသော ကြံစည်မှုများကြောင့် တွေ့ဆုံဆွေးနွေးရေးအား ထိခိုက်နိုင်စရာမရှိဟု စစ်ထောက်လှမ်းရေး ဗခကျော်ဝင်းမှ ပြောဆိုသည်။

❖ ၁၈–၀၃–၀၂။ ။ အာဏာသိမ်းရန်ကြံစည်မှုတွင် ပါဝင်ပတ်သက်နေသူ ၁၀၀ ခန့်အား စစ်ဆေးမေးမြန်းလျက်ရှိသည်ဟု ဗခကျော်ဝင်းမှ တတိယအကြိမ် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

❖ ၁၉–၀၃–၀၂။ ။ ယနေ့ညပိုင်း ရန်ကုန်မြို့လည် ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ မြန်မာလယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးရုံးချုပ် အဆောက်အဦးတွင် မီးလောင်မှုဖြစ်ပွား။ ဗဟိုမီးသတ်ရုံးချုပ်နှင့် နီးသော်လည်း အဆောက်အဦးတခုလုံး မီးလောင်ပြာကျသွားခဲ့သည်။

❖ ၂၀–၀၃–၀၂။ ။ မစ္စတာရာဇာလီ၏ မြန်မာပြည်ခရီးစဉ်အား နအဖတွင်း အရှုပ်အထွေးများကြောင့် ရွှေ့ဆိုင်းလိုက်သည်။

❖ ၂၄–၀၃–၀၂။ ။ မတ်လ ၁၈ ရက်နေ့မှ စတင်ကျင်းပသော NCUB ၏ ဆဌမအကြိမ်ညီလာခံ ပြီးဆုံး။ ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်မြ၊ အထွေထွေအတွင်းရေးမှူးအဖြစ် ဦးအောင်မိုးဇော်တို့အား ရွေးချယ်ခဲ့ပြီး၊ လတ်တလော ကျင့်သုံးရမည့် မဟာဗျူဟာအဖြစ် 'သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ပေါ်ပေါက်ရေး၊ ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်အား အခြေခံ၍ ပြည်သူ့လွှတ်တော် ခေါ်ယူပေးရေး' တို့ကို ချမှတ်ပြီး၊ 'လူ့အခွင့်အရေး ချိုးဖောက်မှုများ ရပ်တန့်ရေး၊ နိုင်ငံရေး အကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရေး၊ နိုင်ငံရေးပါတီများ လွတ်လပ်စွာလှုပ်ရှားခွင့်၊ လွတ်လပ်စွာ အဖွဲ့အစည်း ထူထောင်ခွင့်နှင့် သတင်းစာလွတ်လပ်ခွင့် ပေးရန်' တို့ကို တောင်းဆိုထားပြီး၊ 'နအဖနှင့် NLD တို့အကြား နိုင်ငံရေးအရ ဆွေးနွေးမှုများ ပြုလုပ်ရန်' ကို တိုက်တွန်းထားသည်။ (BBC25.03.02)

❖ ၂၆–၀၃–၀၂။ ။ ဗမာ့တပ်မတော် ပြည်ပရောက် စစ်မှုထမ်းဟောင်းများမှ 'မြန်မာနိုင်ငံ မျိုးချစ်စစ်သည်ဟောင်းများ အစည်းအရုံး' PWVB ကို ဖွဲ့စည်းတည်ထောင်လိုက်သည်။ (NMG 27.03.02)

ဧပြီလ။

❖ ၁–၀၄–၀၂။ ။ ဦးအေးဇော်ဝင်းနှင့် သား ၃ ယောက်တို့၏ အမှုအား လူသိရှင်ကြား စစ်ဆေးမည်ဖြစ်ပြီး ပြစ်မှုထင်ရှားပါက သေဒဏ်ကျခံရဖွယ်ရှိသည်ဟု စစ်ထောက်လှမ်းရေး ဗခကျော်ဝင်းမှ ပြောဆိုသည်။

❖ ၁–၀၄–၀၂။ ။ ရန်ကုန်၊ ကမာရွတ်မြို့နယ်၊ ဝဂ္ဂီရပ်ကွက်အတွင်းရှိ ဘိုးဘွားပိုင် အိမ်မြေများအား အာဏာပိုင်များသည် ပုဂ္ဂလိက ကန်ထရိုက်တိုက်များ ဆောက်လုပ်ရန်အတွက် အိမ်ရှင်များအား ယခုလ ၅ ရက်နေ့ နောက်ဆုံးထားပြီး ပြောင်းရွှေ့ပေးရန် အမိန့်ထုတ်လိုက်သည်။ (၈ ရက်နေ့ညတွင် ရပ်ကွက်အား စစ်တပ်နှင့်ဝိုင်း၍ အဓမ္မပြောင်းရွှေ့လိုက်သည်။ အပြောင်းခံရသူများထဲတွင် ဆရာမောင်စွမ်းရည်၊ NLD အမတ် ရွှေကူမေနှင်းတို့လည်း ပါဝင်သည်။)

❖ ၈–၀၄–၀၂။ ။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ ICRC ရုံးခွဲတခုအား မန္တလေးမြို့တွင် ဖွင့်လှစ်နိုင်ရန် နအဖထံမှ ခွင့်ပြုချက်ရခဲ့ပြီဟု တာဝန်ရှိသူမှ ပြောကြား။ ၁၉၉၈၊ မေလတွင် ICRC ရုံးအား ရန်ကုန်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး

ရုံးခွဲများအဖြစ် မော်လမြိုင်၊ ကျိုင်းတုံ၊ ဖားအံ စသောမြို့များတွင် ဖွင့်လှစ်ခဲ့သည်။ (DVB 08.04.02)

❖ ၁၂–၀၄–၀၂။ ။ ဧပြီလ ၁၁ ရက်နေ့မှစတင်၍ ကုလသမဂ္ဂ၏ နိုင်ငံတကာ ရာဇဝတ်ခုံရုံး စတင်ဖွဲ့စည်းလိုက်။ ၂၀၀၃ ခုနှစ်မှ စတင်၍ မျိုးဖြုတ်သတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှု၊ လူမဆန်စွာပြုကျင့်မှုများအား အဓိကထား ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်သည်။ (BBC 12.04.02)

❖ ၂၅–၀၄–၀၂။ ။ မြန်မာကျပ်ငွေတန်ဘိုးသည် အမေရိကန်တဒေါ်လာလျှင် ၁၀၀၀ ကျပ်နီးပါးထိ စံချိန်တင်ကျဆင်းသွားသည်။ ထိုသို့ငွေတန်ဘိုးကျဆင်းမှုအတွက် ငွေလဲလှယ်သည့် ကုန်သည်တချို့အား နအဖမှ ဖမ်းဆီးလိုက်သည်။ (VOA 25.04.02)

မေလ။

❖ ၅–၀၅–၀၂။ ။ နအဖ သတင်းထုတ်ပြန်ရေးအဖွဲ့မှ သတင်းကြေငြာချက်တစောင်ထုတ်ပြန်။ မြန်မာပြည်သူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအတွက် ယနေ့ကဏ္ဍသစ်တရပ် ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။ နိုင်ငံတော်တည်ငြိမ်ရေးအား မခြိမ်းခြောက်သရွေ့ နိုင်ငံရေးလုပ်ငန်းတွင် မြန်မာပြည်သူအားလုံး ပါဝင်ခွင့်ပြုမည်ဟု ကြေငြာချက်တွင်ဖော်ပြထားသည်။

❖ ၅–၀၅–၀၂။ ။ ဒေါ်အောင်ဆန်းစုကြည်အား ယနေ့လွှတ်ပေးမည်ဖြစ်ကြောင်း နအဖမှ ငှားရမ်းထားသော ဝါဒဖြန့်ချိရေးကုမ္ပဏီ DCI မှ ထုတ်ဖော်ပြောကြားလိုက်သည်။

❖ ၆–၀၅–၀၂။ ။ ၂၀၀၀ ခုနှစ်၊ စက်တင်ဘာလ ကတည်းက နေအိမ်အကျယ်ချုပ်ဖြင့် ဟန့်တားထားသော ဒေါ်အောင်ဆန်းစုကြည်အား နအဖမှဟန့်တားထားမှုအား ရုတ်သိမ်းပေးလိုက်။ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာခြင်းအား ပြည်တွင်းပြည်ပမှ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသော်လည်း နအဖ သတင်းမီဒီယာများမှ သတင်းသော်မျှ ဖော်ပြခဲ့ခြင်းမရှိပါ။ ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာလာခြင်းအပေါ် သူမအား ကြိုဆိုနှုတ်ဆက်ကြသော ပြည်သူများ၊ သံတမန်များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။ သူမလွတ်မြောက်လာခြင်းတွင် မည်သည့် ကန့်သတ်ချုပ်ချယ်မှုမျှ မရှိကြောင်း ပြောဆိုသည်။

❖ ၆–၀၅–၀၂။ ။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာရာဇာလီသည် ၎င်းဦးဆောင်သော ကုမ္ပဏီနှင့် နအဖတို့ စီးပွားရေးပူးတွဲလုပ်ကိုင်မှု ရှိခဲ့ကြောင်း ဝန်ခံခဲ့ပြီး ဤသို့လုပ်ကိုင်ခြင်းဖြင့် ၎င်းတာဝန်ယူထားသော မြန်မာနိုင်ငံဆိုင်ရာ တာဝန်များအား မထိခိုက်ကြောင်း ပြောဆိုသည်။ (RFA 07. 05. 02)

❖ ၈–၀၅–၀၂။ ။ နအဖသည် သမိုင်းစာမျက်နှာသစ်ဖွင့်လိုက်ပြီဟု ပြောဆိုမှုနှင့်အတူ ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးခဲ့သဖြင့် နိုင်ငံရေးပြဿနာများအား ဆွေးနွေးအဖြေရှာရေး မျှော်လင့်ချက်များ ထွက်ပေါ်လာချိန်တွင် ကျောင်းသားတပ်မတော်နှင့် KNU တပ်ဖွဲ့များအား အကြီးအကျယ် ထိုးစစ်ကြီးဆင်နွှဲရန် ပြင်ဆင်နေသည်။ (ABSDF 08. 05. 02)

❖ ၈–၀၅–၀၂။ ။ မြန်မာ့ကျပ်ငွေဈေးသည် ဒေါ်အောင်ဆန်းစုကြည်အား မလွှတ်မီတရက်တွင် အမေရိကန်တဒေါ်လာကျပ် ၉၅၀ ရှိရာမှ ၃ ရက်အတွင်း ကျပ် ၇၅၀ သို့ တက်လာခဲ့သည်။ ( DVB 08. 05. 02)

❖ ၈–၀၅–၀၂။ ။ NLD မှ ယနေ့ ကြေငြာချက်တစောင် ထုတ်ပြန်လိုက်သည်။ ကြေငြာချက်တွင် ‘ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာခြင်းသည် ဒီမိုကရေစီအောင်ပွဲတရပ်ဟု မယူဆသင့်သေး၊ တွေ့ဆုံဆွေးနွေးမှု မပြုလုပ်ရသေးသမျှ ကာလပတ်လုံး NLD ၏ မူဝါဒမှာ ပြောင်းလဲမှုမရှိကြောင်း’ ဖော်ပြထားသည်။

❖ ၉–၀၅–၀၂။ ။ စစ်ထောက်လှမ်းရေးအကြီးအကဲတဦးဖြစ်သော ဗိုလ်မှူးကြီးကျော်သိန်းအား မူးယစ်ဆေးဝါးကိစ္စ ဆွေးနွေးရန် အမေရိကန်မှ ပြည်ဝင်ခွင့်ဗီဇာပေးလိုက်ပြီဖြစ်သည်။

ဤသို့ပေးအပ်ခြင်းနှင့် ပတ်သက်၍ အမေရိကန် အစိုးရ ပြောခွင့်ရပုဂ္ဂိုလ် ရစ်ချဒ်ဘောက်ချာမှ ‘အမေရိကန်မှ ပြဋ္ဌာန်းထားသော ဗီဇာပိတ်ပင်မှုသည် ဗိုလ်ချုပ်နှင့် အထက် အဆင့် အရာရှိများသာဖြစ်သည် ၎င်းနှင့်အကျုံးမဝင်’ ဟု ပြောဆိုသည်။ (VOA 10. 05. 02)

❖ ၁၃–၀၅–၀၂။ ။ ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဆွေးနွေးပွဲအမြန်ဆုံးစတင်ရန် နအဖအား တောင်းဆိုလိုက်သည်။ နအဖမှ ထုတ်ပြန်ထားသည့် ‘သမိုင်းစာမျက်နှာသစ် လှန်လိုက်ပြီ’ ဟူသော

စာသားတွင် လှန်လိုက်သောစာရွက်သည် ဘာမျှမပါသော စက္ကူဖြူမဖြစ်စေလိုကြောင်းပြောဆိုလိုက်သည်။ (RFA, BBC 15. 05. 02)

❖ ၁၅–၀၅–၀၂။ ။ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေးအား ယနေ့ညနေတွင် ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်စောလွင်မှ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး အစည်းအဝေးကို ရုတ်သိမ်းလိုက်သည်။

❖ ၁၇–၀၅–၀၂။ ။ စီးပွားရေးပိတ်ပင်မှု ငွေကြေးအကူအညီ အမျိုးသားညီလာခံ ရွေးကောက်ပွဲ စသည်များနှင့် ပတ်သက်၍ NLD ၏ မူဝါဒ မပြောင်းလဲကြောင်း ဆွေးနွေးပွဲမှာ ယခုတိုင်မစတင်ရသေးဘဲ ရက်သတ္တပတ် အနည်းငယ်တွင်း စတင်မည်ဟု ခန့်မှန်းကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ ပြောဆိုသည်။ (Reuter 07. 05. 02)

❖ ၁၇–၀၅–၀၂။ ။ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီးနောက် ဒေါ်အောင်ဆန်းစုကြည်သည် ပထမဆုံး ခရီးစဉ်အဖြစ် ရွှေပြည်သာ NLD ရုံးသို့ သွားရောက်ခဲ့သည်။

❖ ၁၇–၀၅–၀၂။ ။ မြေမြှုပ်မိုင်းဆန့်ကျင်ရေး ဆိုင်ရာဆွေးနွေးပွဲတရပ်ကို ထိုင်းနိုင်ငံတွင်ကျင်းပရာ အာဆီယံ နိုင်ငံများထဲမှ စင်္ကာပူနှင့် မြန်မာနိုင်ငံတို့မှအပ ကျန်အဖွဲ့ဝင်အားလုံးတို့ တက်ရောက်ကြသည်။ စင်္ကာပူသည် မြေမြှုပ်မိုင်း ကင်းရှင်းသော နိုင်ငံဖြစ်၍ ဤဆွေးနွေးပွဲအား ထိခိုက်မှုမရှိစေသော်လည်း မြေမြှုပ်မိုင်းအများဆုံးရှိသော နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ ပျက်ကွက်ခြင်းအတွက် ဆွေးနွေးပွဲစီစဉ်သူများ အလွန်စိတ်ပျက်သွားကြသည်။ (BP 17. 05. 02)

❖ ၁၉–၀၅–၀၂။ ။ 'မြန်မာနိုင်ငံ အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသားများ မရှိတော့၊ ကျန်ရှိနေသော အကျဉ်းသားများအနက် NLD အဖွဲ့ဝင် ၂၀၀ ကျော်မှာ ရာဇဝတ်အကျဉ်းသားများသာ ဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်း စုကြည်အား လွှတ်ပေးခြင်းတွင် အမေရိကန် နှင့် အနောက်အုပ်စုထံမှ တစုံတရာမျှော်ကိုးချက်ရှိ၍ မဟုတ်ကြောင်း နအဖနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ အမြန်ဆုံးတွေ့ဆုံဆွေးနွေးရန်ရှိသော်လည်း ရက်အတိအကျ မသတ်မှတ် ရသေးကြောင်း' နအဖပြည်ထဲရေးဝန်ကြီး ဗမကတင်လှိုင်မှ ကွာလာလမ်ပူမြို့တွင် ပြောကြားလိုက်သည်။ (DVB 20. 05. 02)

❖ ၂၂–၀၅–၀၂။ ။ ထိုင်း–မြန်မာနယ်စပ် ရှမ်းပြည်တပ်မတော်မှ နအဖတပ်စခန်းတချို့အား ဝင်ရောက် တိုက်ခိုက်။ အဆိုပါတိုက်ခိုက်မှုတွင် ထိုင်းစစ်တပ်များပါ ပါဝင်နေသည်ဟု နအဖမှ စွပ်စွဲရာမှ ထိုင်း–မြန်မာနယ်စပ် တင်းမာမှုများ စတင်ခဲ့သည်။ နအဖမှ အစဉ်အလာမပျက် နယ်စပ်ဂိတ်အားလုံးကို တဖက်သတ်ပိတ်ပစ်လိုက်။

❖ ၂၂–၀၅–၀၂။ ။ နအဖမှ ပြည်တွင်းထုတ် ပုဂ္ဂလိကစာနယ်ဇင်းများတွင် ထိုင်းနိုင်ငံထုတ် ကုန်ပစ္စည်းကြော်ငြာများ ထည့်သွင်းခြင်းမပြုရန် ထိုင်းနိုင်ငံ၏ (အခြား) သတင်းများ ရေးသားခြင်းလုံးဝမပြုရန် တားမြစ်လိုက်ပြီး အစိုးရထုတ် သတင်းစာမှ ထိုင်းနိုင်ငံအား ထိုးနှက်စွပ်စွဲထားသည့် (ဒေါက်တာ မတင်ဝင်း စသည်) တို့၏ ဆောင်းပါးများ ဖော်ပြခဲ့ပြီး 'ထိုင်း' အစား 'ယိုးဒယား' ဟူသော စကားကို (ထိပ်သီး စစ်ခေါင်းဆောင်များ၏ မိန့်ခွန်းများအပါအဝင်) လှိုင်လှိုင် သုံးစွဲလာသည်။

❖ ၂၃–၀၅–၀၂။ ။ နှစ်နိုင်ငံချစ်ကြည်ရေးကုန်း (ကြားခံနယ်မြေ) 'အလံတိုင်ကုန်း' အား နအဖတပ်များ ဝင်ရောက် တပ်စွဲလိုက်သဖြင့် နှစ်နိုင်ငံတင်းမာမှု အမြင့်မားဆုံးအဆင့်သို့ ရောက်ရှိလာသည်။

❖ ၂၄–၀၅–၀၂။ ။ နှစ်နိုင်ငံတင်မာနေမှုအား ထိုင်းနိုင်ငံဖက်မှ လိုက်လျောသောအားဖြင့် နယ်စပ်အနီးတွင် ပြုလုပ် နေသော မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး စစ်ရေးလေ့ကျင့်မှုအား ရပ်ဆိုင်းလိုက်သည်။ (BBC 24. 05. 02)

❖ ၂၄–၀၅–၀၂။ ။ ထိုင်း – မြန်မာ နယ်စပ်အနီး တင်းမာနေသော နေရာမှ ထိုင်းတပ်များ မိမိပိုင်စခန်းကုန်းမှ နောက်ဆုတ်ပေးရေး ထိုင်းဝန်ကြီးချုပ်၏အမိန့်အား ထိုင်းပြည်သူများမှ မကြေနပ်။ ထို့အပြင် နယ်စပ်ဂိတ်များ ပိတ်လိုက် သဖြင့် ထိုင်းကုန်သည်များအနေဖြင့် တနေ့လျှင် ဘတ်ငွေသန်းပေါင်း ၃၀ မျှ အရှုံးပေါ်နေသည်။ (BP 24. 05. 02)

ဇွန်လ။

❖ ၁–၀၆–၀၂။ ။ ထိုင်းနိုင်ငံအား ရှုံ့ချမှုမပြုသဖြင့် NLD ပါတီအား နအဖ သတင်းစာများမှ အပြစ်တင်လိုက်သည်။

❖ ၂–၀၆–၀၂။ ။ ယနေ့နံနက်ပိုင်း ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့တွင် ထိုင်းနိုင်ငံ၊ KNU နှင့် SURA အဖွဲ့များ ရှုံ့ချပွဲကို ထောက်လှမ်းရေးမှ ဦးစီးကျင်းပ။ ထိုင်းနိုင်ငံအားရှုံ့ချရန်၊ ထိုင်းကုန်ပစ္စည်းများအား သပိတ်မှောက်ကြရန်၊ KNU နှင့် SURA အဖွဲ့များအား အမြစ်ပြတ်ချေမှုန်းသွားရန်တို့ကို အဆိုတင် ထောက်ခံခဲ့ကြသည်။ (NLM 03. 06 .02)

❖ ၄–၀၆–၀၂။ ။ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဗခစောလွင်ဦးဆောင်ပြီး အမျိုးသားညီလာခံကျင်းပရေး အစည်းအဝေးအား ယနေ့မှွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။

❖ ၄–၀၆–၀၂။ ။ ယနေ့နံနက်ပိုင်းတွင် တနလ်ာရီနယ်စပ်အနီး ရပ်ချုပူရီခရိုင်အတွင်း ထိုင်းကျောင်းကားတစီးအား ဝင်ရောက်ပစ်ခတ်ခြင်းနှင့် ပတ်သက်၍ ဒေသခံများက မြန်မာနယ်စပ်မှ လက်နက်ကိုင်များဖြစ်မည်ဟု ယူဆကြသော်လည်း ထိုင်းဝန်ကြီးချုပ်သက်ဆင်က နအဖမဖြစ်နိုင်သလို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များလည်း မဖြစ်နိုင်ဟု ပြောဆိုခဲ့သည်။ ကရင်မျိုးသားအစည်းအရုံးနှင့် စွမ်းအားမြင့် မြန်မာကျောင်းသားများ စစ်သည်တော်အဖွဲ့ကလည်း ၎င်းတို့နှင့် သက်ဆိုင်ခြင်းမရှိကြောင်း ငြင်းဆိုလိုက်သည်။ (DVB 04. 06. 02)

❖ ၇–၀၆–၀၂။ ။ နအဖ ကာကွယ်ရေးဦးစီးချုပ်မှ ဒု–ဗခက သူရရွှေမန်း (ယခင် နတခ တိုင်းမှူး) အား တပ်မတော် (ကြည်း၊ ရေ၊ လေ) ညှိနှိုင်းကွပ်ကဲရေးမှူးချုပ်နှင့် တပ်မှူးချုပ်အဖြစ် ခန့်အပ်လိုက်သည်။

❖ ၉–၀၆–၀၂။ ။ မေလ ၂၆ ရက်နေ့က အထူးဒေသ ၆၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က အရှည်ပေ ၇၀၊ အမြင့်ပေ ၃၅၊ အကျယ်ပေ ၁၆၊ တန်ချိန်အားဖြင့် ၃၀၀၀ ကျော်ရှိသော ကျောက်စိမ်းတုံးကြီးကို နအဖအား ပေးလှူခဲ့သည်။

❖ ၁၀–၀၆–၀၂။ ။ မေမြို့ တပ်မတော်နည်းပညာကောလိပ် GTC တွင် ကျောင်းသားများဆန္ဒပြသဖြင့် ကျောင်းကို ရက်အကန့်အသတ်မရှိ ပိတ်လိုက်သည်။ (DVB 12. 06. 02)

❖ ၁၁–၀၆–၀၂။ ။ မေမြို့ရှိ စစ်တက္ကသိုလ် DSA မှ ဗိုလ်လောင်းကျောင်းသားများသည် အထွေထွေမကျေနပ်မှုများအား ဖေါ်ပြကန့်ကွက်ခဲ့ကြသဖြင့် ပြီးခဲ့သည့်သတင်းပတ်မှစ၍ မေမြို့စစ်တက္ကသိုလ်အား ခေတ္တပိတ်ထားလိုက်သည်။ (RFA 11. 08. 02)

❖ ၁၂–၀၆–၀၂။ ။ ထိုင်း–မြန်မာနှစ်နိုင်ငံကြား တင်းမာမှုများ အရှိန်မြင့်တက်နေချိန်တွင် နယ်စပ်ရှိ ထိုင်းအရပ်သားများက စစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်။ မဲဆောက်မြို့တွင် နှစ်နိုင်ငံကြားတင်းမာမှုများ အဆုံးသတ်ရန်၊ စျေးကွက်များပြန်ဖွင့်ရန် စသည့်လှုံ့ဆော်စာများ ချိတ်ဆွဲခဲ့ကြသည်။ (BBC 12. 06. 02)

❖ ၁၄–၀၆–၀၂။ ။ ဒေါ်အောင်ဆန်းစုကြည်သည် အခြား NLD ခေါင်းဆောင်များနှင့်အတူ သာမညတောင်ဆရာတော်အား ဖူးမြော်ရန် ရန်ကုန်ပြင်ပသို့ ပထမဦးဆုံးခရီးစဉ်အဖြစ် ထွက်ခဲ့သည်။

❖ ၁၄–၀၆–၀၂။ ။ SSA ၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်အား နအဖမှ ပယ်ချလိုက်သဖြင့် ဗိုလ်မှူးကြီးYowd Serk က နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ကုလသမဂ္ဂအနေဖြင့် ကြားဝင်စေ့စပ်မှုများ ပြုလုပ်ပေးရန် တောင်းဆိုခဲ့သည်။ (The Nation 14. 06. 02)

❖ ၁၄–၀၆–၀၂။ ။ နအဖသည် SSA မှ သိမ်းယူထားသော ၎င်းတို့၏စခန်းများကို ပြန်လည်မသိမ်းနိုင်သေးသရွေ့ ထိုင်းနိုင်ငံနှင့် ဆွေးနွေးမှုများ ပြုလုပ်မည်မဟုတ်ကြောင်း ဗခကျော်ဝင်းမှ ထုတ်ဖေါ်ပြောဆိုလိုက်သည်။

❖ ၁၇–၀၆–၀၂။ ။ ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖတို့ ဆွေးနွေးမှုများ စတင်ပြီးနောက်ပိုင်း အဖွဲ့ချုပ်အနေဖြင့် လွတ်လပ်စွာ လှုပ်ရှားခွင့်ရရှိလာသော်လည်း တိုင်းရင်းသားပါတီများအဖို့ ယခုအချိန်ထိ လှုပ်ရှားခွင့်မရသေးပေ။ တိုင်းရင်းသားပါတီများ၏ လှုပ်ရှားမှုကို ဆက်လက်ပိတ်ပင်ထားမည်ဆိုလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်နိုင်သည်ဟု SNLD ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးမှ ပြောကြားသည်။ (DVB 17. 06. 02)

❖ ၂၀–၀၆–၀၂။ ။ ရှမ်းပြည်နယ်တွင် ပြီးခဲ့သည့် ၅ နှစ်အတွင်း နအဖစစ်တပ်အရာရှိများ ကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်မှု၊ အကြမ်းဖက်မှုများနှင့် ပတ်သက်၍ ရှမ်းလူ့အခွင့်အရေးအဖွဲ့မှ အစီရင်ခံစာတစောင် (Licence to Rape) ထုတ်ပြန်ခဲ့သည်။

❖ ၂၁–၀၆–၀၂။ ။ SSA သည် သိမ်းပိုက်ထားသော တောင်ကုန်းများမှ ပြန်လည်ရုတ်သိမ်းလိုက်ပြီဖြစ်သည်။ နအဖ က အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို SSA အား တိုက်ခိုက်ရန် အမိန့်ပေးခဲ့သဖြင့် အခြားတိုင်းရင်းသားများနှင့် ထိပ်တိုက်တွေ့မှုမှ ရှောင်ရှားရန်ဖြစ်သည်ဟု SSA မှ ပြောဆိုသည်။ (VOB 21.06.02)

❖ ၂၄–၀၆–၀၂။ ။ ဒေါ်အောင်ဆန်းစုကြည်သည် ဖခင်၏ မွေးရပ်ဇာတိဖြစ်သော နတ်မောက်မြို့သို့ ရောက်ရှိနေပြီဖြစ်သည်။ လမ်းခရီးတလျှောက်တွင် နအဖအာဏာပိုင်တို့၏ ဖိတ်ခေါ်မှုကြောင့် မြောက်နဝင်းဆည်၊ ရန်ပယ်ချောင်းဆည် စီမံကိန်း၊ မကွေးတံတားတည်ဆောက်ရေး စီမံကိန်းများအား ဝင်ရောက်ကြည့်ရှုခဲ့သည်။

❖ ၂၄–၀၆–၀၂။ ။ နအဖနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကြား ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်နေကြောင်း နအဖထောက်လှမ်းရေး ဗခကျော်ဝင်းမှ ယနေ့ပြုလုပ်သော သတင်းစာဆွေးနွေးပွဲတွင် ပြောကြားသည်။ (DVB 24.04.02)

❖ ၂၅–၀၆–၀၂။ ။ ထိုင်းကာကွယ်ရေးဝန်ကြီး Chavalit Yong ChaiYudh သည် မြန်မာသတင်းစာများတွင် ပုတ်ခတ်ရေးသားမှုများအား ထိုင်းစစ်တပ်သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားများမှ တုံ့ပြန်ရေးသားကြရန် အမိန့်ပေးလိုက်သည်။

❖ ၂၆–၀၆–၀၂။ ။ ယနေ့နံနက်ပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်သည် မန္တလေးမြို့သို့ရောက်ရှိပြီး မဟာမြတ်မုနိဘုရားကြီးအား ဝင်ရောက်ဖူးမြော်ခဲ့သည်။ ၎င်းအား ရဟန်းရှင်လူ ပြည်သူများ ၁၀,၀၀၀ ခန့် လာရောက်နှုတ်ဆက်ကြသည်။

❖ ၂၇–၀၆–၀၂။ ။ SSA တပ်ဖွဲ့များအား တိုက်ခိုက်ရန်အတွက် ဘိန်းဘုရင်ဝေ့ရှမ်း၏ တပ်ရင်းတခုလုံး နအဖအား ကူညီတိုက်ခိုက်ပေးသည့်အပြင် နအဖတပ်များ ရွှေ့ပြောင်းချီတက်ရာတွင် ငွေကြေးထောက်ပံ့မှုများလည်း ပြုလုပ်လျက်ရှိသည်။

❖ ၂၇–၀၆–၀၂။ ။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း နအဖသတင်းစာများတွင် ဖော်ပြခဲ့သည့် ထိုင်းဘုရင်အား ပုတ်ခတ်ထားသော ဆောင်းပါးနှင့်ပတ်သက်၍ ဆောင်းပါးရှင်အနေဖြင့် အမြန်ဆုံး တာဝန်ယူဖြေရှင်းသင့်ကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေးအား ထိခိုက်ပျက်စီးစေသည်ဟု ထိုင်း ဒု–ဗခက Suraphan Phunkaewမှ ပြောကြားလိုက်သည်။

❖ ၂၇–၀၆–၀၂။ ။ ထိုင်းဘုရင်အား ပုန်ခတ်ရေးသားမှုများအတွက် နအဖသည် ထိုင်းအား တောင်းပန်သင့်သည်ဟု ထိုင်းကာကွယ်ရေးဝန်ကြီးမှ ပြောဆိုလိုက်သည်။

❖ ၂၈–၀၆–၀၂။ ။ နအဖ အလိုကျ ထိုင်းမုန်းတီးရေးဆောင်ပါးများ ရေသားနေသော ဒေါက်တာမတင်ဝင်းနှင့် မြန်မာ့အလင်းသတင်းစာအယ်ဒီတာ ဦးမောင်မောင်အေးအား ထိုင်းနိုင်ငံသို့ လာရောက်ခွင့်မပြုသူများ စာရင်းတွင် ထည့်သွင်းရန် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ လူဝင်မှုကြီးကြပ်ရေးဌာနသို့ တောင်းဆိုထားသည်။ (BP 28.06.02)

❖ ၃၀–၀၆–၀၂။ ။ အထက်မြန်မာပြည်သို့ တပတ်ကြာခရီးထွက်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ရန်ကုန်သို့ ချောမောစွာရောက်ရှိခဲ့သည်။ ၎င်းတို့အဖွဲ့သည် ပဲခူးမြို့သို့ ခေတ္တဝင်ရောက်ခဲ့ပြီး ကြခတ်ဝိုင်းဆရာတော်ဘုရားကြီးအား ဝင်ရောက်ဖူးမြော်ခဲ့သည်။

ဇူလိုင်လ။

❖ ၈–၀၇–၀၂။ ။ ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်မှပေးမည့် လူမှုရေးအကူအညီများကို ဟန့်တားခဲ့သူဖြစ်သည်။ NLD ပါတီသည်လည်း တိုင်းပြည်အား အကျိုးမပြုသည့်ပါတီဖြစ်ပြီး ထိုင်း–မြန်မာနယ်စပ်ပြဿနာ ဖြစ်နေချိန်တွင် ကိုယ့်အမျိုးသားရေးဘက်မှ မရပ်တည်ခဲ့ဟု နအဖ ကူးသန်းရောင်းဝယ်ရေး ဒု–ဝန်ကြီး ဗမခကျော်သန်းမှ ပြောဆိုသည်။ (RFA 08. 07. 02)

❖ ၉–၀၇–၀၂။ ။ နအဖသည် မကြာမီရက်ပိုင်းအတွင်း အုန်းခွံရောင် ဆင်နှစ်ကောင်အား ဖမ်းဆီးရမိခဲ့ပြီး အဆိုပါဆင်များအား ဆင်ဖြူတော်ဟု ခေါ်ဝေါ်သမုတ်လျက်ရှိသည်။

❖ ၁၂–၀၇–၀၂။ ။ ဒေါက်တာမတင်ဝင်းနှင့် အခြားတဦးအား ထိုင်းအစိုးရမှ ပြည်ဝင်ခွင့်ဗီဇာ ပိတ်ပင်ခြင်းအား တုံ့ပြန်သောအားဖြင့် နအဖသည် သူ့အား ဝေဖန်ရေးသားနေသော ထိုင်းသတင်းစာ ဆရာ ၆ ဦးအား နာမည်ပျက်စာရင်းသွင်း၍ တုံ့ပြန်လိုက်သည်။ (BBC13. 08. 02)

❖ ၁၂–၀၇–၀၂။ ။ ပစ္စည်းခိုးသည်ဟု စွပ်စွဲ၍ ထိုင်းအိမ်ရှင်သည် မြန်မာအိမ်ဖော်မလေးတဦးအား မီးနှင့်ရှို့၍ လမ်းဘေး၌ ပစ်ထားခဲ့ရာ တွေ့ရှိသူများက ဆေးရုံသို့တင်ပို့ခဲ့ရသည်။ လူ့အခွင့်အရေးအဖွဲ့များသည် ဤကိစ္စအား စုံစမ်းဖော်ထုတ်ပေးရန် ထိုင်းရဲတပ်ဖွဲ့အား ဖိအားပေးခဲ့ကြသည်။ (ထိုမိန်းခလေးမှ ရရှိထားသော ဒဏ်ရာများကြောင့် မကြာမီ ကွယ်လွန်သွားခဲ့သည်။)

❖ ၁၈–၀၇–၀၂။ ။ မိမိတို့လက်ထက်တွင် နိုင်ငံတကာဆက်ဆံရေးနယ်ပယ် ပိုမိုတို့ချဲ့နိုင်ခဲ့ကြောင်း နအဖမှ ပြောဆိုသည်။ မြန်မာနိုင်ငံသည် လက်ရှိတွင် နိုင်ငံပေါင်း ၈၀ နှင့် သံဆက်သွယ်မှု ထူထောင်ထားပြီး နိုင်ငံတကာတွင်

သံရုံး ၃၀ ဖွင့်ထားပြီး မြန်မာပြည်တွင် သံရုံး ၂၇ ရုံးရှိကြောင်း နအဖမှ ပြောဆိုသည်။ (Xin 18. 07. 02)

❖ ၁၉–၀၇–၀၂။ ။ နအဖနှင့် ဆက်ဆံရေးပြေပြစ်စေရေး ရည်ရွယ်ပြီး ထိုင်း–မြန်မာနယ်စပ်နှင့် မြန်မာ့ဒုက္ခသည်စခန်းများသို့ နိုင်ငံခြားသတင်းထောက်များ သွားလာခွင့်အား ထိုင်းအစိုးရမှ ပိတ်ပင်တားမြစ်လိုက်သည်။ (RFA 19. 07. 02)

❖ ၂၀–၀၇–၀၂။ ။ ပြီးခဲ့သောမေလအတွင်း နအဖတပ်စခန်းများအား ဝင်ရောက်တိုက်ခိုက်ရာတွင် ထိုင်း တပ်များနှင့်အတူ အမေရိကန်တပ်များလည်း ပါဝင်သည်ဟု နအဖသတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။ (NJM 20.07. 02)

❖ ၂၁–၀၇–၀၂။ ။ ဒေါ်အောင်ဆန်းစုကြည်၏ မွန်ပြည်နယ် စည်းရုံးရေးခရီးစဉ် စတင်သည်။ ဒေါ်စုသည် နအဖ၏ကမ်းလှမ်းချက်အရ နအဖလမ်းတံတားတည်ဆောက်ရေး လုပ်ငန်းများကိုလည်း ဝင်ရောက်လေ့လာမည် ဖြစ်သည်။ (ဇူလိုင်လ ၂၄ ရက်နေ့တွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာသည်။)

❖ ၂၂–၀၇–၀၂။ ။ ဒေါ်အောင်ဆန်းစုကြည်အား မုဒုံ–သံဖြူဇရပ်–ရေး ခရီးစဉ်တွင် ပြည်သူလူထုမှ သောင်းသောင်းဖျဖျကြိုဆိုခဲ့ပြီး စစ်တပ်မှ လုံခြုံရေးယူထားပေးပြီး အနှောင့်အယှက်မပေးကြောင်း ဦးလွင်မှပြောဆိုသည်။

❖ ၂၂–၀၇–၀၂။ ။ ထိုင်း–မြန်မာနယ်စပ်ဂိတ်များ ပိတ်ထားရသည့်အတွက် ထိုင်းကုန်သည်များအနေဖြင့် ဘတ်ငွေ ၅ ဘီလီယံမျှ နစ်နာရကြောင်း ထိုင်းကုန်သည်ကြီးများမှ ပြောဆိုသည်။ (BP 22. 07. 02)

❖ ၂၃–၀၇–၀၂။ ။ ယနေ့ကျရောက်သော ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကွယ်လွန်သည့် ၃၈ နှစ်မြောက်အထိမ်းအမှတ်အဖြစ် ဆရာကြီး၏မိသားစုများ၊ တပည့်များ၊ စာရေးဆရာများ၊ ပြည်သူများမှ ဆရာကြီး၏အုတ်ဂူအားသွားရောက် ဂါရဝပြုကြသည်။ အုတ်ဂူသို့ လာရောက်သူများအား အာဏာပိုင်များမှ စစ်ဆေး စာရင်းကောက်ယူပြီးမှသာဂါရဝပြုခွင့်ပေးခဲ့သည်။ (RFA 24. 07. 02)

❖ ၂၈–၀၇–၀၂။ ။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးလှုပ်ရှားမှုများအတွက် ချီးမြှင့်လေ့ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၏ အမြင့်ဆုံး ရိုမန်မက်ဆေးဆေးဆုအား ယခုနှစ်အတွင်း အခြားနိုင်ငံသား ၄ ဦးနှင့်အတူ မြန်မာနိုင်ငံမှ ဒေါက်တာစင်သီယာမောင်အား ချီးမြှင့်လိုက်သည်။ (DVB 29. 07. 02)

❖ ၂၉–၀၇–၀၂။ ။ မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များ အမြန်တိုးတက် ဖြစ်ပေါ်စေရန်အတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် ထိုင်းဝန်ကြီးချုပ်တို့ ဆွေးနွေးခဲ့ကြသည်။ (DVB 29. 07. 02)

❖ ၃၀–၀၇–၀၂။ ။ SURA အဖွဲ့သည် ရှမ်းလူမျိုးစုအား ကိုယ်စားမပြုသည့်အတွက် ငြိမ်းချမ်းရေးကိစ္စ ၎င်းတို့နှင့်စကားမပြောနိုင်ဟု နအဖမှ သတင်းထုတ်ပြန်သည်။ (RFA 30.07.02)

❖ ၃၀–၀၇–၀၂။ ။ နအဖသည် လောလောဆယ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွေးနွေးရန် အစီအစဉ်မရှိသေးဆွေးနွေးရမည့်အခြေခံအား သုံးသပ်လျက်ရှိသည်ဟု အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး (ဘရူနိုင်း) တွင် ဦးဝင်းအောင်မှ ပြောဆိုသည်။ (RFA 30. 07. 02)

ဩဂုတ်လ။

❖ ၁–၀၈–၀၂။ ။ ထိုင်း–မြန်မာ နှစ်နိုင်ငံတင်းမာနေမှု ဖြေရှင်းနိုင်ရေးအတွက် မြန်မာနိုင်ငံသို့လာရောက်ရန် နအဖ၏ ဖိတ်ကြားချက်အား ထိုင်းဝန်ကြီးချုပ်မှ လက်ခံလိုက်ပြီး နိုင်ငံခြားရေးဝန်ကြီးအား စေလွှတ်မည်ဟု ပြောဆိုသည်။ (ဩဂုတ်လ ၅ ရက်နေ့တွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ရန်ကုန်သို့သွားရောက်။) (RFA 01. 08. 02)

❖ ၂–၀၈–၀၂။ ။ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေး အရှိန်မြှင့်ရန် ကုလသမဂ္ဂအထူးကိုယ်စားလှယ်မစ္စတာရာဇာလီသည် ၈ ကြိမ်မြောက် ခရီးစဉ်အဖြစ် ယနေ့ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

❖ ၂–၀၈–၀၂။ ။ ရှမ်းပြည်နယ်အတွင်း ရှမ်းတိုင်းရင်းသူများ အဓမ္မပြုကျင့်ခံရမှုကိစ္စများ စုံစမ်းစစ်ဆေးရန်အတွက် နအဖပြည်ထဲရေး ဒု–ဝန်ကြီး ဦးဆောင်သောအဖွဲ့ ရှမ်းပြည်နယ်သို့ ခရီးထွက်ခွာ။

❖ ၅–၀၈–၀၂။ ။ ရန်ကုန်မြို့သို့ ရောက်ရှိနေသော ဂျပန်နိုင်ငံခြားရေးဝန်ကြီး Yoriko Kawaguchi သည် ဗခမကသန်းရွှေ၊ ဗခကခင်ညွန့်၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့် တွေ့ဆုံခဲ့ပြီး ဆွေးနွေးပွဲများ အမြန်ဆုံးစတင်ရန်၊ မြန်မာ့ဒီမိုကရေစီရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ဂျပန်အစိုးရမှ ကူညီပေးသွားမည်ဟု ပြောဆိုခဲ့သည်။ (VOB 05.08.02)

❖ ၆–၀၈–၀၂။ ။ ရန်ကုန်မြို့တွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ရောင်းချနေသော စားအုန်းဆီ လက်လီဆိုင်များတွင် လူများ ညလုံးပေါက်တန်းစီနေကြရသည်။ လူတဦးလျှင် ဆီအစိတ်သား၊ တချို့နေရာများတွင် တဆယ်သား ရောင်းချပေးနေသည်။ စားအုန်းဆီ ပြင်ပပေါက်ဈေးမှာ တပိသာလျှင် ၁၉၀၀ ကျပ်ဖြစ်ပြီး ဦးပိုင်လီမိတက်မှ ၉၀၀ ကျပ် ဈေးဖြင့် ရောင်းချပေးနေသည်။ (Mizzi 06.08.02)

❖ ၇–၀၈–၀၂။ ။ " နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေးသည် NLD အရေးကြီးဆုံး အစီအစဉ်ဖြစ်သည်။ နိုင်ငံရေးအဖွဲ့အစည်းများ လွတ်လပ်စွာမလုပ်ကိုင်နိုင်သရွေ့ ဒီမိုကရေစီပြောင်းလဲရေးဖြစ်စဉ် စတင်နေပြီဟု မပြောနိုင်ကြောင်း" Alt-Asean အဖွဲ့သို့ ပေးပို့သော ဗွီဒီယိုတိပ်ခွေမှတဆင့် ဒေါ်အောင်ဆန်းစုကြည်မှ ပြောကြားလိုက်သည်။ (DVB 07.08.02)

❖ ၇–၀၈–၀၂။ ။ 'ရှစ်လေးလုံး မှတ်တမ်းပြုစုရေးအဖွဲ့' အား ရှစ်လေးလုံးကာလတွင် ပါဝင်လှုပ်ရှားခဲ့ကြသည့် နိုင်ငံတကာရောက် အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် ဖွဲ့စည်းခဲ့ကြသည်။ အယ်ဒီတာအဖြစ် ဦးဝင်းခက်မှ ဆောင်ရွက်မည် ဖြစ်သည်။ (DVB 08.08.02)

❖ ၇–၀၈–၀၂။ ။ 'ဒေါ်အောင်ဆန်းစုကြည်သည် အိမ်နီးချင်း အရှေ့တောင်အာရှနိုင်ငံများသို့ သွားရောက်လည်ပတ်ရန် အလားအလာရှိသည်' ဟု မစ္စတာရာဇာလီမှ ပြောဆိုသည်။ (ထိုကိစ္စ မဟုတ်မှန်ကြောင်း ဦးလွင်မှ ငြင်းဆိုလိုက်သည်။) (DVB 07.08.02)

❖ ၇–၀၈–၀၂။ ။ နှစ်နိုင်ငံနယ်စပ်တင်းမာမှုသည် မိမိ၏ ရန်ကုန်ဆွေးနွေးပွဲကြောင့် ပြီးဆုံးသွားပြီဟု ယူဆရကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးမှ ပြောဆိုလိုက်သည်။ (AFP 07.08.02)

❖ ၉–၀၈–၀၂။ ။ နအဖသည် အကြမ်းဖက်မှုမှုနှိမ်နင်းရေးအား အာဆီယံ၊ အမေရိကန်တို့နှင့်အတူ လက်တွဲ နှိမ်နင်းသွားမည်ဟု သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း နအဖပြောခွင့်ရ ဒု–ဗမကလှမင်းမှ ပြောဆိုလိုက်သည်။ (VOB 09.08.02)

❖ ၉–၀၈–၀၂။ ။ နအဖနှင့် ပြန်လည်သင့်မြတ်ရေး ရှေးရှုလျက် မူးယစ်ဆေးဝါးတားဆီးရေးအတွက် အမေရိကန်မှ အထူးလေ့ကျင့်ကူညီနေသော ထိုင်းတပ်ဖွဲ့ TF-399 အား ဖျက်သိမ်းရန် ထိုင်းအစိုးရမှစီစဉ်လျက်ရှိသည်။ (The Nation 09.08.02)

❖ ၉–၀၈–၀၂။ ။ နအဖအား အကျောမခံ ခုခံခဲ့သည့် ထိုင်းစစ်ဦးစီးချုပ် (ကြည်း) Surayud Chulanont ၏ နေရာတွင် ဗိုလ်ချုပ် Somdhat Attanand အား ယခင်အပတ်က ခန့်အပ်လိုက်သည်။ ၎င်းအနေဖြင့် မြန်မာနှင့် ပြဿနာများကိုရှောင်ကာ အစိုးရရွေးချယ်သည့်လမ်းအတိုင်း လျှောက်မည်ဟု Somdhat က ပြောဆိုခဲ့သည်။ (BP 09.08.02)

❖ ၁၃–၀၈–၀၂။ ။ ကရင်အမျိုးသားများ၏ ဒီမိုကရေစီနှင့် လွတ်လပ်ခွင့်အတွက် ကြိုးပမ်းတိုက်ခိုက်နေမှုအား စာနာထောက်ခံသောအားဖြင့် ဆွီဒင်နိုင်ငံသူ အသက် ၁၉ နှစ်အရွယ်ရှိ Vanja သည် တိုက်ပွဲနှစ်ကြိမ် တိုက်ခိုက်ခဲ့ပြီး ဖြစ်သည်။ (RFA 13.08.02)

❖ ၁၄–၀၈–၀၂။ ။ မြန်မာနိုင်ငံအတွင်း အရံမီးသတ်တပ်ဖွဲ့များအား တိုင်းမှူး၊ ဗျူဟာမှူး၊ တပ်ရင်းမှူး စသည့် ရာထူးအဆင့်အတန်းဖြင့် ဖန်တီးပြီး စစ်တပ်ပုံစံ ပြောင်းလဲဖွဲ့စည်းလျက်ရှိသည်။ ပြည်နယ်/တိုင်း ရဲမှူးများသည် အရန်မီးသတ်တိုင်းမှူး၊ ခရိုင်ရဲမှူးများသည် ဗျူဟာမှူးများအဖြစ် ပူးတွဲတာဝန်ယူရမည်ဖြစ်သည်။ လက်ရှိ အရန်မီးသတ်ဦးရေမှ ၂ သိန်းကျော်ရှိပြီး မီးသတ်ကားစင်းရေမှာ ၁၅၈ စီးသာရှိသည်ကို ကြည့်ခြင်းဖြင့် အရန်မီးသတ်တပ်ဖွဲ့များ၏ အဓိကတာဝန်မှာ မီးသတ်ရန်မဟုတ်ကြောင်း သိသာစေသည်။ (DVB 14.08.02)

❖ ၁၅–၀၈–၀၂။ ။ စစ်ထောက်လှမ်းရေး သင်တန်းသား ၃ ဦးတို့သည် အထက်အရာရှိအား လာဘ်ထိုးရန် ငွေကြေးအခက်အခဲကြောင့် အငှားယာဉ်မောင်းတဦးအား ဓားနှင့်ထိုးသတ်၍ ကားကိုလုယူထွက်ပြေးသွားခဲ့သည်။ (DVB 15.08.02)

❖ ၁၆–၀၈–၀၂။ ။ မလေးရှားနိုင်ငံတွင် တရားဝင်မြန်မာအလုပ်သမားပေါင်း ၁၆,၀၀၀ ကျော်ရှိနေကြောင်း မလေးရှားသံရုံးမှ ထုတ်ပြန်ကြေငြာသည်။ နအဖသည် စစ်တပ်၊ ရဲ ကြံ့ဖွံ့နှင့် စစ်မှုထမ်းဟောင်းများ၊ ၎င်းတို့မိသားစုများအား မလေးရှားသို့စေလွှတ် အလုပ်လုပ်ခိုင်းလျက်ရှိသည်။ (Xin 16.08.02)

❖ ၁၆–၀၈–၀၂။ ။ CRPP အတွင်းရေးမှူး ဦးအေးသာအောင်သည် (အခြား NLD အဖွဲ့ဝင် ၅ ဦးနှင့်အတူ) ထောင်မှ လွတ်မြောက်လာသည်။ (BBC, RFA, DVB 16.08.02)

❖ ၁၇–၀၈–၀၂။ ။ ရန်ကုန်ရွှေပြည်သာ အလက–၄ မှ အဌမတန်းကျောင်းသား မောင်မျိုးမင်းဝေအား NLD ပါတီဝင် ဖြစ်သည်ဟူသော အကြောင်းပြချက်ဖြင့် ကျောင်းအုပ်ကြီးကိုယ်တိုင် ဥက္ကဋ္ဌလုပ်သော ကျောင်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ကျောင်းထုတ်ပစ်လိုက်သည်။ (RFA 14.10.02)

❖ ၁၇–၀၈–၀၂။ ။ မြန်မာနိုင်ငံ ဒီမိုကရေစီရေးနှင့် ပတ်သက်၍ ယခင်အတိုင်း သတိထားဆက်ဆံ၍ အကောင်းဘက်မှ ကြည့်နေသည်ဟု ဒေါ်အောင်ဆန်းစုကြည်မှ ပြောဆိုသည်။ (RFA 17.08.02)

❖ ၁၈–၀၈–၀၂။ ။ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စီးပွားရေးကိစ္စများဆွေးနွေးရန် ယနေ့ ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ (ဝန်ကြီးချုပ် မဟာသီသည် မြန်မာ့ဒီမိုကရေစီရေး ကူပြောင်းရာတွင် အလျှင်စလိုမလုပ်သင့် ဖြေးဖြေးနှင့်မှန်မှန်သာ လုပ်သင့်သည်ဟု နအဖအား အကြံပြုသွားသည်။) (RFA 19.08.02)

❖ ၂၀–၀၈–၀၂။ ။ ဝန်ကြီးချုပ်ဦးဆောင်သော မလေးရှားကိုယ်စားလှယ်အဖွဲ့ အနေနှင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံလိုသော်လည်း အိမ်ရှင် (နအဖ) များ ငြိုငြင်မှုမရှိစေရေးအတွက် မတွေ့ဆုံခဲ့ဟု မလေးရှားနိုင်ငံခြားရေးဝန်ကြီးမှ ပြောဆိုသည်။ (RFA 20.08.02)

❖ ၂၀–၀၈–၀၂။ ။ ထိုင်းနိုင်ငံ၊ ဆန်ခလဘူရီရှိ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားနေသည့် အတိုက်အခံ ၄၀ ခန့်အား ထိုင်းရဲများမှ ဖမ်းဆီးသွားသည်။ (ထိုင်းနိုင်ငံအစိုးရအနေနှင့် မြန်မာ့ဒီမိုကရေစီရေး အင်အားစုများအပေါ် သဘောထား ပြောင်းလဲမှု စတင်ခြင်းဖြစ်သည်။)

❖ ၂၁–၀၈–၀၂။ ။ NLD နှင့် တိုင်းရင်းသားပါတီများ၏ မဟာမိတ်အဖွဲ့ UNA တို့ ယနေ့ ရန်ကုန်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

❖ ၂၁–၀၈–၀၂။ ။ နအဖနှင့် စေ့စပ်ညှိနှိုင်းရန် အသင့်ရှိသည်ဆိုသည်မှာ အာဏာခွဲဝေအုပ်ချုပ်ရေးအား ဆိုလိုခြင်းမဟုတ်ဘဲ အပေးအယူလုပ်၍ ဆွေးနွေးခြင်းကိုသာ ဆိုလိုကြောင်း ပြင်သစ်ရှိ မြန်မာ့အရေးလှုပ်ရှားနေသော အဖွဲ့တခုအား ဒေါ်အောင်ဆန်းစုကြည်မှ ပြောဆိုသည်။ (RFA 22.08.02)

❖ ၂၃–၀၈–၀၂။ ။ ရန်ကုန်မြို့၊ မြို့တော်ခန်းမရှေ့တွင် ဆန္ဒပြခဲ့သည့် ရန်ကုန်တက္ကသိုလ် ဥပဒေကျောင်းသားကို သက်နောင်စိုးအပါအဝင် ကျောင်းသား ၁၅ ဦးအား နအဖအာဏာပိုင်များမှ ဖမ်းဆီးလိုက်သည်။ (VOA 23.08.02)

❖ ၂၄–၀၈–၀၂။ ။ မိမိတို့ လက်ဝယ်ရရှိထားသော ဗွီဒီယိုတိပ်ခွေများအရ အယ်လ်ကိုင်းဒါးအဖွဲ့သည် မြန်မာနိုင်ငံတွင်လည်း လှုပ်ရှားခဲ့ကြသည်ဟု CNN သတင်းမှ ပြောဆိုသည်။ (London Time 24.08.02)

❖ ၂၆–၀၈–၀၂။ ။ ရိုဟင်ဂျာများသည် အယ်လ်ကိုင်းဒါ အကြမ်းဖက်အဖွဲ့နှင့် ပတ်သက်ဆက်နွယ်မှုရှိသည်ဆိုသည်မှာ မဟုတ်မှန်ကြောင်း ထိုစွပ်စွဲချက်သည် နအဖအနေနှင့် အမေရိကန်ထံမှ မျက်နှာသာရရန်အတွက် ပြောဆိုခြင်းသာဖြစ်ကြောင်း ရိုဟင်ဂျာအဖွဲ့မှ ပြောဆိုသည်။ (RFA 26.08.02)

❖ ၂၇–၀၈–၀၂။ ။ နအဖစစ်အုပ်စုအား တိုက်ပွဲဝင်နေသည့် ALP, CNF, KNPP, KNU နှင့် SSA တို့ ပါဝင်သည့် စစ်မဟာမိတ်အဖွဲ့မှ ပူးတွဲကြေညာချက်တစောင် ယနေ့ထုတ်ပြန်သည်။ ထိုကြေညာချက်တွင် (၁) လူမျိုးစုများအပေါ် အကြမ်းဖက်တိုက်ခိုက် စစ်ဆင်မှုများအား အမြန်ဆုံးရပ်ဆိုင်းပေးရန်၊ (၂) တပြည်လုံး အပစ်အခတ်ရပ်စဲရေး ကြေငြာပေးရန်၊ (၃) အနှစ်သာရရှိသည့် တွေ့ဆုံဆွေးနွေးပွဲ အမြန်ပြုလုပ်ပြီး နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် တရားမျှတစွာ ဖြေရှင်းပေးရန် စသည်တို့အား တောင်းဆိုထားသည်။ (RFA 27.08.02)

❖ ၂၉–၀၈–၀၂။ ။ ဦးအေးသာအောင်သည် ရန်ကုန်ဆေးရုံကြီးတွင် ခွဲစိတ်ကုသမှုခံယူပြီးနောက် ယနေ့ဆေးရုံမှ ပြန်ဆင်းလာသည်။ ကင်ဆာနှင့်ပတ်သက်သည့် ရောဂါလက္ခဏာ မတွေ့ရသော်လည်း အသံနှင့်ပတ်သက်သည့် အာရုံကြောထိခိုက်မှုကြောင့် နဂိုအတိုင်း စကားပြောဆိုနိုင်မည် မဟုတ်ပေ။ (DVB 29.08.02)

စက်တင်ဘာလ။

❖ ၄–၀၉–၀၂။ ။ အမေရိကန်ဦးဆောင်သော အကြမ်းဖက်ဝါဒ နှိမ်နင်းရေး လုပ်ဆောင်ချက်များသည် အစိုးရက မိမိတို့နိုင်ငံသားများကို ဖိနှိပ်ရန် အားပေးရာရောက်နေကြောင်း အာဆီယံ ပြည်သူကိုယ်စားလှယ်များ အစည်းအဝေး

တက်ရောက်နေသူများမှ ပြောဆိုသည်။ (VOB 04.90.20)

❖ ၉–၀၉–၀၂။ ။ မြန်မာနိုင်ငံတွင် ရာဇဝတ်မှုများ ထူပြောလာသောကြောင့် ရဲတပ်ဖွဲ့သည် ရာဇဝတ်မှုနှိမ်နင်းရေး နည်းလမ်းသစ်တခုအနေနှင့် မှုခင်းကျူးလွန်သူများ၏ ဓာတ်ပုံ၊ အမည်၊ လိပ်စာစသည်တို့အား အများပြည်သူများ မြင်သာစေရန် ကြော်ငြာကပ်ခြင်း နည်းလမ်းအပြင် သံသယရှိသူများ၏ အမည်စာရင်းများကိုလည်း ရဲတပ်ဖွဲ့မှ ထုတ်ဝေသည့် အပတ်စဉ်ဂျာနယ်များတွင်လည်း ဖော်ပြထားသည်။

❖ ၁၁–၀၉–၀၂။ ။ နအဖစစ်တပ်တွင် စစ်သားများအနေဖြင့် တပ်သားသစ်တဦး ရှာဖွေပေးနိုင်ပါက ငွေကျပ် ၆၀၀၀ ဆန်တအိတ်နှင့် အိမ်ပြန်ခွင့်တလပါ ရရှိသဖြင့် အဓမ္မစစ်သားစုဆောင်းမှုများ နေရာအနှံ့တွင် ဖြစ်ပေါ်နေသည်။ (DVB 11.09.02)

❖ ၁၁–၀၉–၀၂။ ။ စက်တင်ဘာ ၁၁ နှစ်ပတ်လည်အခမ်းအနားကို ရန်ကုန်မြို့ Trader Hotel တွင် ကျင်းပရာ စစ်ထောက်လှမ်းရေး ဗခကျော်ဝင်း၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒု–နိုင်ငံခြားရေးဝန်ကြီး၊ သံတမန်များ၊ လူမျိုးစုခေါင်းဆောင် များနှင့် ကုလသမဂ္ဂကိုယ်စားလှယ်များ တက်ရောက်ကြသည်။ (RFA 12.09.02)

❖ ၁၄–၀၉–၀၂။ ။ ဦးအေးဇော်ဝင်းနှင့်သား ၃ ယောက်တို့၏အမှုတွင် ပါဝင်နေသော အိမ်တော်စောင့်တပ်မှ တပ်သား ၈၀ ကျော်အား ထောင်ဒဏ် ၁၅ နှစ်စီ ချမှတ်ခဲ့သည်။ ၎င်းတို့မိသားစုများအား တစုလျှင် ကျပ်ငွေ တသောင်းစီ ပေးပြီး တပ်စခန်းမှ မောင်းထုတ်ပစ်လိုက်သည်။ (DVB 14.09.02)

❖ ၁၆–၀၉–၀၂။ ။ CRPP ၄ နှစ်မြောက်အခမ်းအနားကို NLD ဌာနချုပ်တွင်ကျင်းပရာ အဖွဲ့ဝင်အားလုံး စုံစုံ ညီညီ တက်ရောက်ခဲ့ပြီး ဦးအေးသာအောင်အား ကြိုဆိုသည့်သဘော အကျဉ်းရုံးကျင်းပခဲ့ခြင်းဖြစ်သည်။ (DVB 16.09.02)

❖ ၁၆–၀၉–၀၂။ ။ နိုင်ငံတကာကြက်ခြေနီအဖွဲ့ ICRC ၏ မန္တလေးရုံးခွဲအား ယနေ့ဖွင့်လှစ်လိုက်သည်။ ICRC သည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ဖားအံနှင့် တောင်ကြီးမြို့များတွင် ရုံးခွဲများဖွင့်လှစ်ထားပြီး နိုင်ငံတကာ ဝန်ထမ်း ၄၀ အပါအဝင် မြန်မာဝန်ထမ်း ၂၂၀ ဖြင့် လုပ်ငန်းများဆောင်ရွက်နေပြီး ၎င်းတို့သွားလိုသည့် မည်သည့်အကျဉ်းထောင်သို့ မဆို နအဖမှ ခွင့်ပြုမည်ဟုဆိုသည်။ (DVB 02.10.02)

❖ ၁၈–၀၉–၀၂။ ။ NLD ပါတီ မင်းလှမြို့နယ်ဥက္ကဋ္ဌ ဦးအောင်မေသု ၆၂ နှစ်သည် ရန်ကုန်ဆေးရုံကြီး အချုပ် ခန်းတွင် ကွယ်လွန်သွားသည်။ ဦးအောင်မေသုသည် ၁၉၈၉၊ ဇူလိုင်လ ကတည်းက အဖမ်းခံထားရသူတဦးဖြစ်ပြီး လွတ်ရက်စေ့သော်လည်း ဆက်လက်အဖမ်းခံထားရစဉ် ကွယ်လွန်သွားခြင်းဖြစ်သည်။ သူသည် ဗကသများအဖွဲ့ချုပ် ခေါင်းဆောင်၊ ကိုကိုကျွန်း ကျွန်းပြန် စသဖြင့် ဘဝတလျှောက်လုံး စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တော်လှန် တိုက်ပွဲဝင် သွားခဲ့သူတဦးဖြစ်သည်။ သူ၏ဈာပနသို့ ဒေါ်အောင်ဆန်းစုကြည်၊ ဦးအောင်ရွှေ၊ ဦးတင်ဦးနှင့် အဖွဲ့ချုပ်အဖွဲ့ဝင်များ လိုက်ပါပို့ဆောင်ခဲ့ကြသည်။ (ABSDF 18.09.02)

❖ ၁၉–၀၉–၀၂။ ။ ရန်ကုန်တိုင်း NLD ရုံးအား ယခင်က ဗဟိုဌာနချုပ်တွင် တွဲဖက်ဖွင့်လှစ်ထားရာမှ ယနေ့ တာမွေမြို့နယ်သို့ ပြောင်းရွှေ့ဖွင့်လှစ်လိုက်သည်။

❖ ၁၉–၀၉–၀၂။ ။ နအဖ၏ ခွင့်ပြုချက်ဖြင့် ဗခကခင်ညွန့်၏သား ရဲနိုင်ဝင်းဦးဆောင်သည့် Bagan Cybertech သည် လာမည့်လအတွင်း ရန်ကုန်တွင် အင်တာနက်ကဖေး ဖွင့်မည်ဖြစ်သည်။ (Irra 19.09.02)

❖ ၁၉–၀၉–၀၂။ ။ ရှမ်းအမျိုးသမီးအဖွဲ့ SWAN နှင့် ရှမ်းလူ့အခွင့်အရေးအဖွဲ့ SHRF တို့၏ ရုံးများအား ပိတ်ပစ်ရန် ထိုင်းရဲတပ်ဖွဲ့မှ အမိန့်ပေးလိုက်သည်။ ရှမ်းပြည်နယ်အတွင်း နအဖစစ်တပ်များ၏ အဓမ္မမှုများအား (Licence to Rape) စာတမ်းဖြင့် ဖော်ထုတ်ခဲ့သော အဆိုပါအဖွဲ့နှစ်ဖွဲ့အား နအဖမှ ကြေးစားလူမိုက်များငှားရမ်း၍ လုပ်ကြံရန် ကြံစည်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့သည်။ (SHAN 08.10.02)

❖ ၂၀–၀၉–၀၂။ ။ ဆန်ပြတ်လပ်မှုကြောင့် မွန်ပြည်နယ် ကမာဝက်ရပ်ကွက်တွင် ဆန်စက်တစက်အား ဝင်ရောက် လုယက်မှုဖြစ်ပွားခဲ့သည်။ အလားတူ မြဝတီ၊ ကော့ကရိတ်၊ ဖားအံ၊ မော်လမြိုင်နှင့် စစ်တွေနယ်များတွင်လည်း ဆန်လုမှုများ ဖြစ်ပွားလျက်ရှိသည်။ ( RFA 20.09.02)

❖ ၂၁–၀၉–၀၂။ ။ နအဖစစ်တပ်အတွင်း ရာထူးတိုးယူမှုများ ပြုလုပ်ခဲ့ကြသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်သူကြီးချုပ် Field Marshal၊ ဗိုလ်ချုပ်ကြီးမောင်အေးသည် ဒု–ဗိုလ်ချုပ်မှူးကြီး၊ ဒု–ဗိုလ်ချုပ်ကြီးခင်ညွန့်သည်

ဗိုလ်ချုပ်ကြီး စသဖြင့် ရာထူးတိုးယူလိုက်ကြပြီး ဗိုလ်ချုပ်များဖြစ်ကြသည့် ခင်မောင်သန်း၊ မောင်ဘို၊ အောင်ထွေး၊ ရဲမြင့်၊ သူရရွှေမန်း၊ စိုးဝင်း၊ သိန်းစိန်၊ သီဟသူရတင်အောင်မြင့်ဦး၊ တင်အေးနှင့် ကျော်ဝင်းတို့သည် ဒု–ဗိုလ်ချုပ်ကြီးများ ရာထူးကို အသီးသီးတိုးယူလိုက်ကြသည်။ (VOB 21.09.02)

❖ ၂၁–၀၉–၀၂။ ။ နအဖရဲတပ်ဖွဲ့သည် ပြည်နယ်/တိုင်းအလိုက် ၄ လတကြိမ် ရဲတပ်သားသစ် ၂၅၀၀ စုဆောင်းရန် သတ်မှတ်ထားသောကြောင့် ရဲတပ်သားသစ်များအား အရည်အသွေး မစစ်ဆေးတော့ဘဲ စာလုံးဝ မတတ်သူ၊ ကူးစက်ရောဂါရှိသူများကိုပါ ရသရွေ့စုဆောင်းနေသည်။ (DVB 21.09.02)

❖ ၂၄–၀၉–၀၂။ ။ ယခုလ ၂၃ ရက်နေ့မှ ၂၄ ရက်နေ့အထိ နယ်စပ်ဒေသရောက် အတိုက်အခံ ဒီမိုကရေစီ အင်အားစု ၁၈ ဖွဲ့တို့ စုပေါင်း၍ အစည်းအဝေးတရပ် ကျင်းပခဲ့ကြသည်။ 'နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှု ဖြစ်ပေါ် အောင်မြင်ရေးအတွက် ပြည်တွင်း၊ ပြည်ပ ဖိအားပေးမှုများကို ညီညီညွတ်ညွတ် တိုးမြှင့်လုပ်ဆောင်သွားရန်နှင့် တိုင်းရင်းသား အင်အားစုများနှင့် ဟန်ချက်ညီလုပ်ဆောင်သွားကြရန်' ဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲသို့ "တိုင်းရင်းသား လူမျိုးစုများ သွေးစည်းညီညွတ်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ENSCC" နှင့် NDF တို့မှ ကိုယ်စားလှယ်များ တက်ရောက်၍ ၎င်းတို့လက်ရှိလုပ်ဆောင်နေသော လုပ်ငန်းစဉ်နှင့် အမြင်သဘောထားများကိုလည်း ရှင်းပြသွားခဲ့ကြသည်။ (NMG 24.09.02)

❖ ၂၄–၀၉–၀၂။ ။ NLD ရှမ်းပြည်နယ် စည်းရုံးရေးကော်မတီ ဒု–ဥက္ကဋ္ဌ ဦးစိုင်းဖနှင့် ကျိုင်းတုံမြို့နယ် စည်းရုံး ရေးမှူး ဦးစောနန္ဒီတို့အား စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးလိုက်သည်။ (DVB 24.09.02)

❖ ၂၅–၀၉–၀၂။ ။ ကရင်နီအစိုးရအဖွဲ့ သမ္မတကြီးဖြစ်သူ ဦးဆင်မြုရယ်ဘနီ ၇၅ နှစ်သည် လူကြီးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။ (NMG 25.09.02)

❖ ၂၅–၀၉–၀၂။ ။ တိုင်းပြည်၏ စီးပွားရေးယိုယွင်းမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးဖောင်းပွမှုများသည် နအဖ၏ စီးပွားရေးပေါ်လစီညံ့ဖျင်းမှု၊ စီမံခန့်ခွဲမှု ညံ့ဖျင်းမှုများကြောင့် ဖြစ်ပေါ်ရသည်ဟု တစည‌ပါတီဥက္ကဋ္ဌမှ ပါတီနှစ်ပတ်လည် နေ့သို့ ပေးပို့သောသဝဏ်လွှာတွင် ဖော်ပြထားသည်။ (RFA 25.09.02)

❖ ၂၆–၀၉–၀၂။ ။ ဦးအေးဇော်ဝင်းနှင့်သား ၃ ယောက်အမှုအား စီရင်ချက်ချမှတ်။ နိုင်ငံတော်ပုန်ကန်မှုအတွက် သေဒဏ်အပါအဝင် စီးပွားရေးအမှု တခုချင်းစီအတွက်လည်း ပစ်ဒဏ်အသီးသီး ချမှတ်ခဲ့ကြသည်။

❖ ၂၆–၀၉–၀၂။ ။ မြန်မာကျပ်ငွေတန်ဖိုးသည် မြန်မာနိုင်ငံသမိုင်းတွင် စံချိန်တင်ကျဆင်းသွားသည်။ အမေရိကန် တဒေါ်လာလျှင် ကျပ်ငွေ ၁၃၅၇ ထိ ထိုးကျသွားသည်။ (RFA 26.09.02)

အောက်တိုဘာလ။

❖ ၂–၁၀–၀၂။ ။ ဆန်ဈေးနှုန်းကြီးမြင့်သည့်ပြဿနာ၊ ကုန်ဈေးနှုန်းကြီးမြင့်သည့် ပြဿနာများကြောင့် ရန်ကုန်–မန္တလေး ကားလမ်းဘေးရှိ တချို့မြို့နယ်များတွင် အဝေးပြေးကားများအား ဆန်ထွက်တောင်းသည့် ပြဿနာ တချို့ ပေါ်ပေါက်ခဲ့သည်။ ရခိုင်ပြည်နယ်တွင်လည်း ဆန်ပြတ်လပ်မှု ကြုံတွေ့နေရပြီး နောက်ဆက်တွဲပြဿနာများလည်း ဖြစ်ပေါ်နေသည်။ (RFA 02.10.02)

❖ ၂–၁၀–၀၂။ ။ နအဖ သည် အစိုးရရုံးများ လျှပ်စစ်ဓာတ်အား အမြန်ဆုံးလျှော့ချသုံးစွဲရေးအတွက် ညွှန်ကြား ချက်များ ထပ်မံထုတ်ပြန် တင်းကြပ်လိုက်သည်။

❖ ၄–၁၀–၀၂။ ။ ဦးအေးဇော်ဝင်းတို့အမှုတွင် ပါသွားသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏နေရာတွင် (မိုးမိတ်မြို့ အခြေစိုက် အမှတ် ၂၁ စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်မှူး ကြည်း–၁၃၉၀၁) ဗိုလ်မှူးချုပ်ခင်ရီအား ခန့်ထားလိုက်သည်။

❖ ၆–၁၀–၀၂။ ။ ၂၀၀၁ ခုနှစ်တွင် မြန်မာတနိုင်ငံလုံးတွင် အမြောက်တပ်ရင်း ပေါင်း ၂၅ ရင်းသာရှိပြီး ရှမ်းပြည်နယ် တခုလုံးတွင် တပ်ရင်း ၅ ရင်းသာ ရှိခဲ့ရာမှ ယခုနှစ်တွင်မူ ရှမ်းပြည်နယ်တခုတည်းတွင်ပင် အမြောက်တပ်ရင်းပေါင်း ၂၅ ရင်းရှိလာခဲ့သည်။ (DVB 06. 10. 02)

❖ ၉–၁၀၀၂။ ။ နအဖသည် လောင်စာဆီ စွမ်းအင်ချွေတာရေးစီမံချက်အား တနိုင်ငံလုံးတွင် အပြင်းအထန် လုပ်ဆောင်နေသည်။ ထိုစီမံချက်အရ (လတလ) ၏ ပထမနှင့်နောက်ဆုံးပတ် တနင်္ဂနွေနေ့များတွင် ဌာနဆိုင်ရာ မော်တော်ယာဉ်များ (စစ်တပ်မပါ) အနေဖြင့် သုံးစွဲခြင်းလုံးဝမပြုရန် တင်းတင်းကြပ်ကြပ်တားမြစ်ထားသည်။ (ကြေးမုံ)

❖ ၁၀–၁၀–၀၂။ ။ ၆–၉–၀၂ နေ့တွင် စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးခြင်းခံခဲ့ရသော NLD ပါတီ ရှမ်းပြည်နယ် စည်းရုံးရေးကော်မတီ ဒု–ဥက္ကဋ္ဌဦးစိုင်းဖသည် ကျိုင်းတုံထောင်အတွင်း ကွယ်လွန်သွားခဲ့သည်။ ဦးစိုင်းဖသည် နဝတ/နအဖ ခေတ် အကျဉ်းထောင်အတွင်း ၇၃ ယောက်မြောက် ကွယ်လွန်သော နိုင်ငံရေးအကျဉ်းသားဖြစ်သည်။ (AAPP 10. 10. 02)

❖ ၁၀–၁၀–၀၂။ ။ ဒေါ်အောင်ဆန်းစုကြည်သည် ဩစတြေးလျနိုင်ငံနှင့် ပတ်သက်၍ 'နအဖအပေါ် ချိုသာလွန်းသည်' ဟူသော ဝေဖန်ချက်ထွက်ပေါ်အပြီး ဩစတြေးလျ၏ နိုင်ငံခြားရေးပေါ်လစီနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်သင့်သည်ဟု 'ပြည်ပသို့ကူညီမှု စောင့်ကြပ်ရေးကော်မတီ Aidwat' မှ ဩစတြေးလျ အစိုးရသို့ တင်ပြခဲ့သည်။ (Sydney Asia Time 10. 10. 02)

❖ ၁၅–၁၀–၀၂။ ။ မေလ ၂၂ ရက်နေ့ကတည်းက ပိတ်ထားခဲ့သော ထိုင်း–မြန်မာနယ်စပ်ဂိတ်များအား ပြန်လည် ဖွင့်လှစ်ပေးလိုက်သည်။

❖ ၁၆–၁၀–၀၂။ ။ ယနေ့နံနက်ပိုင်း မြဝတီမြို့အတွင်း ဗုံးပေါက်ကွဲမှုဖြစ်ပွားသည်။ ပေါက်ကွဲမှု မရှိသေးသည့် ဗုံး ၄ လုံးအားလည်း နအဖ မှ ရှာဖွေတွေ့ရှိသည်။ အောက်တိုဘာ ၁၇ တွင် သဃ်န်းညီနောင် ခမရ ၃၅၆ အနီး ဗုံးတလုံး ထပ်မံပေါက်ကွဲ။ အောက်တိုဘာ ၁၈ တွင် မြဝတီမြို့မှာပင် မပေါက်ကွဲသေးသော ဗုံး ၁၀ လုံးခန့် ထပ်မံ ရှာဖွေတွေ့ရှိရသည်။

❖ ၁၉–၁၀–၀၂။ ။ KIO အဖွဲ့မှ ဦးစီးကျင်းပသော ကချင်အမျိုးသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ ကချင်အမျိုးသားကိုယ်စားလှယ်များ၊ ကချင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ စသည်တို့ပါဝင်သော ကချင်လူထု အစည်းအဝေးတရပ်အား KIO ထိန်းချုပ်ထားရာ လိုင်ဇာဒေသတွင် ကျင်းပပြီး 'ကချင်အမျိုးသားများ အတိုင်ပင်ခံအဖွဲ့' အား ဖွဲ့စည်းလိုက်သည်။ အဖွဲ့ဥက္ကဋ္ဌမှာ မြစ်ကြီးနားကောလိပ် ကျောင်းအုပ်ကြီးဟောင်း ဦးဆွန်လွတ်နော်၊ ဒု–ဥက္ကဋ္ဌမှာ ဂေါ်ရီဇော်ဆိုင်း၊ အတွင်းရေးမှူး ဒေါက်တာတူးဂျာနှင့် ဒီမိုကရက်တစ် တပ်မတော်သစ် (ကချင်) KDA မှ ဦးချန်လန်းတို့ ဖြစ်ကြသည်။

❖ ၂၃–၁၀–၀၂။ ။ CRPP အစည်းအဝေး ကျင်းပပြီး CRPP အား အဖွဲ့ဝင်သစ် ၄ ဦးဖြင့် ထပ်မံတိုးချဲ့ ဖွဲ့စည်းလိုက်သည်။ အဖွဲ့ဝင်သစ်များမှာ ALD မှ ဦးစောမရအောင်၊ MNDF မှ နိုင်ငွေသိန်း၊ ZNC မှ ဥက္ကဋ္ဌ ဦးကျင်ရှင့်ထန်နှင့် SNLD မှ ဥက္ကဋ္ဌဦးခွန်ထွန်းဦးတို့ဖြစ်သည်။

နိုဝင်ဘာလ။

❖ ၁–၁၁–၀၂။ ။ စင်္ကာပူ၊ တိုကျိုနှင့် ကွာလာလမ်ပူမြို့များရှိ မြန်မာသံရုံးများသို့ ထိုင်းနိုင်ငံစာတိုက်မှ လာသော စာအိပ်ဗုံးများ ရက်ခြား၍ ရောက်ရှိလာကြောင်း နအဖ သတင်းစာများတွင် ရေးသားထားသည်။ တိုကျိုသို့ စာအိပ်ဗုံး ရောက်ရှိလာချိန်တွင် ABSDF ဥက္ကဋ္ဌဟောင်း မိုးသီးဇွန် တိုကျိုသို့ ရောက်ရှိနေချိန်ဖြစ်သည်ဟု နအဖမှ သတင်းစာရှင်းလင်းပွဲ လုပ်၍ စွပ်စွဲလိုက်သည်။ (မြန်မာ့အလင်း)

❖ ၃–၁၁–၀၂။ ။ အဆင့်မြင့် တာဝန်များပေးအပ်ရန်ဟုဆိုကာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းများအဖွဲ့၏ အဆင်မြင့် စည်းရုံးရေးသင်တန်းများအား တနိုင်ငံလုံးတွင် နေရာခြား၍ တနေ့တည်း ဖွင့်လှစ်လိုက်သည်။ (မြန်မာ့အလင်း)

❖ ၁၁–၁၁–၀၂။ ။ မန္တလေး ဈေးချိုဆိုင်များ၏ ကထိန်များအား တနေ့တည်း အပြီးကျင်းပရမည်ဟု နအဖမှ အမိန့်ထုတ်ပြန်ထားသည်။ အစဉ်အလာအရ ဈေးချိုတော်ကထိန်အား ဈေးရုံအလိုက် သီးခြားရက်သတ်မှတ်၍ ကျင်းပခဲ့ကြသည်။ (RFA 11. 11. 02)

❖ ၁၃–၁၁–၀၂။ ။ ဒေါ်အောင်ဆန်းစုကြည်သည် ဒု–ဥက္ကဋ္ဌ ဦးတင်ဦး လူငယ်အဖွဲ့ဝင် ၁၂ ဦးတို့နှင့်အတူ ရှမ်းပြည်နယ် စည်းရုံးရေးခရီးစဉ် စတင်ထွက်ခွာသွားသည်။

❖ ၁၂–၁၁–၀၂။ ။ ရန်ကုန်မြို့သို့ ယနေ့ရောက်ရှိလာသော မစ္စတာရာဇာလီနှင့် တွေ့ဆုံရာတွင် NLD ပါတီ ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်မှ "NLD အနေဖြင့် နအဖ နှင့် တွေ့ဆုံဆွေးနွေးရန် အသင့်ရှိကြောင်း တွေ့ဆုံဆွေးနွေးရေး အတွက် မိမိတို့မှ မည်သည့် ဘောင်ကန့်သတ်ချက်မှ ချမထားကြောင်း မဆွေးနွေးခင် ဘာစည်းကမ်းချက် ဘာတောင်းဆို ချက်မှ ချမှတ်မထားတဲ့အတွက် ဒီလောက်လွယ်ကူရှင်းလင်းတဲ့ ဆွေးနွေးရေးရှိတော့မယ် မထင်ကြောင်း၊ ဘာကိစ္စပဲ

ဖြစ်ဖြစ် မိမိတို့ဘက်မှ ဆွေးနွေးရန် လမ်းဖွင့်ထားဆဲဖြစ်ကြောင်း” ပြောဆိုသည်။ (RFA 13. 11. 02)

❖ ၁၄–၁၁–၀၂။ ။ ဗခမက သန်းရွှေနှင့် တွေ့ဆုံစဉ် ‘အမျိုးသားညီလာခံ ပြန်ခေါ်ရင် ဘယ်လိုရှိမလဲ’ဟု မိမိ တင်ပြခဲ့သော်လည်း ဗခမကမှ ဘာမျှပြန်မပြောခဲ့ကြောင်း မစ္စတာရာဇာလီမှ ဦးခွန်ထွန်းဦးအား ပြောဆိုခဲ့သည်။ (RFA 13. 11. 02)

❖ ၁၅–၁၁–၀၂။ ။ မြန်မာနိုင်ငံတွင် အင်ဂျင်နီယာဦးရေ ၂၅,၀၀၀ ရှိသော်လည်း ၁၅,၀၀၀ သာ နိုင်ငံတွင်း အင်ဂျင်နီယာနှင့် သက်ဆိုင်သော လုပ်ငန်းများတွင် လုပ်ကိုင်နေပြီး ကျန်သူများမှာ ပြည်ပသို့ ထွက်ခွာသွားသူများနှင့် အခြားသက်မွေးဝမ်းကြောင်းတွင် လုပ်ကိုင်နေကြသည်။ (MT 15- 21. 11. 02)

❖ ၁၆–၁၁–၀၂။ ။ “မစ္စတာရာဇာလီလာရင် ဆွေးနွေးပွဲများ ဖြစ်လေမလားလို့ အရင်က လူထုအနေနဲ့ မျှော်လင့်ခဲ့တယ်။ ဒါပေမယ့် ရာဇာလီက သူ့စီးပွားရေးပဲ နအဖနဲ့ညှိပြီး လုပ်သွားခဲ့တယ်။ တခြား ဘာသဘောတူညီချက်တွေ လုပ်သွားတယ်ဆိုတာ လူထုက သိခွင့်လည်းမရတော့ ကြာတော့ စိတ်မဝင်စားတော့ပါဘူး” ဟု ရန်ကုန်မြို့ ခံတဦးမှ ပြောဆိုသည်။ (VOA 16. 11. 02)

❖ ၁၈–၁၁–၀၂။ ။ ရှမ်းပြည်နယ်အတွင်း စည်းရုံးရေးခရီးစဉ် လှည့်လည်နေသော ဒေါ်အောင်ဆန်းစုကြည်သည် ကျိုင်းတုံမြို့သို့ ရောက်ရှိခဲ့သည်။ နအဖ က ဒေါ်အောင်ဆန်းစုကြည်အား လေယာဉ်ဖြင့်သွားခွင့်ပြုခဲ့ပြီး ဒေါ်အောင်ဆန်း စုကြည် အနေဖြင့် ၁၄ နှစ်တာအတွင်း ပထမဦးဆုံးသော ပြည်တွင်းလေယာဉ်ခရီးစဉ်ဖြစ်ခဲ့သည်။ ကျိုင်းတုံ၌ရှိစဉ် ပြီးခဲ့သည့်အပတ်အတွင်း ကွယ်လွန်ခဲ့သည့် NLD အဖွဲ့ဝင် ဦးစိုင်းဖတ်၏နေအိမ်တွင် တည်းခိုခဲ့သည်။ (DVB 18. 11. 02)

❖ ၂၀–၁၁–၀၂။ ။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အဟာရနှင့်ပတ်သက်၍ အဝလွန်မှုအတွက် ကာကွယ်ရေးများ ဆောင်ရွက်နေကြသော်လည်း မြန်မာနိုင်ငံအနေဖြင့် အဟာရချို့တဲ့မှုပြဿနာကို မူဝါဒသတ်သတ်မှတ်မှတ် ချမှတ်ဆောင်ရွက် ကြရမည်။ အဟာရပြဿနာကို ဖြေရှင်းမည်ဆိုလျှင် စားစရာမရှိခြင်းနှင့် ရှိသည့်အရာများကို ဝယ်စား နိုင်/မနိုင် စသည်များကို စဉ်းစားဖို့လိုသည်ဟု အမျိုးသားအဟာရဖွံ့ဖြိုးရေးနှင့် သုတေသနအစီအစဉ်မှ ဒေါက်တာလှကြည်က ပြောကြားလိုက်သည်။ (MT 15-21. 11. 02)

❖ ၂၀–၁၁–၀၂။ ။ ဆေးရုံကြီး ၈ ရုံတွင် ဆောင်ရွက်ခဲ့သော စမ်းသပ်မှုရလဒ်များအရ မြန်မာနိုင်ငံရှိ သူနာပြု ဆရာမများ လူနာပြုစုမှုအပိုင်းတွင် အားနည်းနေခြင်းမှာ မိမိတို့နှင့်မသက်ဆိုင်သောတာဝန်များကို ထမ်းနေရခြင်းကြောင့် ဖြစ်သည်ဟု မြန်မာနိုင်ငံဆရာဝန်များအသင်းမှ ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်က ပြောဆိုခဲ့သည်။ ( MT 15-21. 11. 02)

❖ ၂၁–၁၁–၀၂။ ။ မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ဖော်ဆောင်မှုတွင် တိုးတတ်မှုရရှိနေကြောင်း နအဖပြန်ကြားရေးကော်မတီ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

❖ ၂၂–၁၁–၀၂။ ။ မြန်မာနိုင်ငံတွင် သံမဏိထုတ်လုပ်ရေးလုပ်ငန်း ၆ ခု ရှိသည့်အနက် မြန်မာ့စီးပွားရေး ဦးပိုင် လီမိတက်နှင့် ကိုရီးယားဖက်စပ်ကုမ္ပဏီတခု၊ ဂျပန်ကုမ္ပဏီ ၄ ခု၊ မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီတခုတို့ဖြစ်ပြီး ကုန်ကြမ်း ၈၀ ရာခိုင်နှုန်းကို နိုင်ငံခြားမှ တင်သွင်းနေရသည်။ (LCO - MAG 21 .11. 02)

❖ ၂၄–၁၁–၀၂။ ။ နအဖ သည် ယခုလ ၂၁ ရက်နေ့က နိုင်ငံရေးအကျဉ်းသားများကို တကြိမ်တည်းနှင့် ၁၁၅ ယောက် လွှတ်ပေးခဲ့ခြင်းအား ကြိုဆိုကြသော်လည်း ဤလုပ်ရပ်သည် မလုံလောက်သေးကြောင်းနှင့် နိုင်ငံရေးအကျဉ်းသား များအား ခြွင်းချက်မရှိလွှတ်ပေးရမည်ဟု အမေရိကန်နှင့် လူ့အခွင့်အရေးအဖွဲ့များက ပြောဆိုလိုက်သည်။

❖ ၂၄–၁၁–၀၂။ ။ ဘန်ကောက်မြို့တွင် ထိုင်းနိုင်ငံရေးပါတီများက အိမ်ရှင်အဖြစ်ကျင်းပသော အာရှ နိုင်ငံရေး ပါတီများ ညီလာခံကို ၂၂ ရက် နေ့မှစတင်ကာ ၃ ရက်ကြာ ကျင်းပခဲ့သည်။ ထိုဆွေးနွေးပွဲသို့ အာရှ ၂၅ နိုင်ငံမှ ကိုယ်စားလှယ်များ၊ လေ့လာသူများ တတ်ရောက်ခဲ့ပြီး ဂလိုဘယ်လိုက်ဇေးရှင်းပြဿနာ၊ ဒေသတွင်းလုံခြုံရေး ခြိမ်းခြောက်မှုနှင့် ဆင်းရဲမှုပပျောက်ရေး ပြဿနာများအား အဓိကထား ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဆွေးနွေးပွဲသို့ နအဖ နှင့် NLD အဖွဲ့တို့အား တက်ရောက်ရန် ဖိတ်ကြားခဲ့သော်လည်း နအဖဘက်က လုံးဝတုန့်ပြန်ခဲ့ခြင်းမရှိဘဲ NLD ဘက်မှ ဖိတ်စာမရရှိဟု ပြောဆိုခဲ့သည်။ ( DVB - TN 24. 11.03)

❖ ၂၆–၁၁–၀၂။ ။ ဒေါ်အောင်ဆန်းစုကြည်၏ ရှမ်းပြည်မြောက်ပိုင်းခရီးစဉ်အတွင်း မူဆယ်၊ လားရှိုး၊ သီပေါနှင့်

မေမြို့များတွင် သက်ဆိုင်ရာအာဏာပိုင်များက နောက်ယှက်မှု၊ လူထုအားဟန့်တားမှုများ ကြုံတွေ့ရကြောင်းနှင့် ၎င်း၏ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းခရီးစဉ်များတွင် အာဏာပိုင်များ၏ အလားတူ ဆက်ဆံမှုမျိုး မကြုံတွေ့ခဲ့ရကြောင်း ဦးလွင်မှပြောဆိုသည်။

❖ ၂၇–၁၁–၀၂။ ။ ဒေါ်အောင်ဆန်းစုကြည်၏ ၂ ပတ်ကြာ ရှမ်းပြည်နယ်ခရီးစဉ်အတွင်း နအဖ စစ်ထောက် လှမ်းရေးများက စိတ်ပျက်ဖွယ်ကောင်းလောက်အောင် အလွန်အကျူး နောက်ယောင်ခံ ထောက်လှမ်းခဲ့ကြသဖြင့် အရေးယူ ဆောင်ရွက်ပေးပါရန် NLD က သက်ဆိုင်ရာသို့ တိုင်ကြားခဲ့သဖြင့် နအဖ က စုံစမ်းစစ်ဆေးပေးပါမည်ဟု ပြန်လည် ဖြေကြားခဲ့သည်။ လူထုအား ဒေါ်အောင်ဆန်းစုကြည်နှင့် မတွေ့နိုင်ရန် အာဏာပိုင်တို့က နည်းမျိုးစုံဖြင့် တားဆီးခဲ့သော်လည်း လားရှိုးမြို့တွင် လူထုသုံးသောင်းကျော်တို့က ကြိုဆိုခဲ့ကြသည်။ (RFA 28. 11. 02)

ဒီဇင်ဘာလ

❖ ၁–၁၂–၀၂။ ။ နအဖ စစ်အစိုးရသည် NLD နှင့် ယုံကြည်မှုတည်ဆောက်ရေး လုပ်နေပါသည်ဟုဆိုသော လွန်ခဲ့သည် ၂ နှစ်တာ အတွင်းမှာပင် တပ်ရင်းပေါင်း ၁၀၀ နီးပါး ဆက်လက်တိုးချဲ့ခဲ့သည်။ ( DVB 01. 12. 02)

❖ ၁–၁၂–၀၂။ ။ မြန်မာနိုင်ငံတဝှမ်း ရဲတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့မိသားစုများအားလုံးအား HIV ပိုး စစ်ဆေး စေပြီး ယခုလအကုန်တွင် အပြည့်အစုံတင်ပြရန် အထက်မှညွှန်ကြားထားသော်လည်း ဆေးစစ်ရန် ငွေကြေးမတက်နိုင် သဖြင့် အခက်ကြုံနေရသည်။ (DVB 01. 12. 02)

❖ ၃–၁၂–၀၂။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေဖြင့် အဖွဲ့ဝင်အသစ်များ စတင်လက်ခံနေပြီဖြစ်ကြောင်း အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်က ပြောကြားလိုက်သည်။

❖ ၃–၁၂–၀၂။ ။ နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့တွင် ကျင်းပမြဲဖြစ်သော ရှမ်းနှစ်သစ်ကူးပွဲတော်အား ယခုနှစ်တွင် မူဆယ်မြို့၌ အစည်ကားဆုံးကျင်းပရန် ရှိသော်လည်း နအဖ အတွင်းရေးမှူး–၁ ၏ဇနီး မူဆယ်သို့ လာရောက်မည်ဖြစ်သဖြင့် ပွဲတော်မကျင်းပရန် အာဏာပိုင်များက တားမြစ်လိုက်သည်။ (NMG 03. 12. 02)

❖ ၅–၁၂–၀၂။ ။ ကြွယ်ဝသည့်မြန်မာနိုင်ငံကို အဆင်းရဲဆုံးနိုင်ငံဖြစ်အောင် ၂၆ နှစ်တာမျှ စစ်အာဏာရှင် စနစ်ဖြင့် အုပ်ချုပ်ခဲ့သည့် ဗိုလ်ချုပ်ကြီးဟောင်းဦးနေဝင်း အသက် ၉၃ နှစ်သည် နေအိမ်အကျယ်ချုပ်ဖြင့် နေထိုင်လျက် ယနေ့နံနက်ပိုင်း ၇း၄၅ နာရီတွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်က အနီးတွင် သမီးဖြစ်သူဒေါ်စန္ဒာဝင်း တဦးသာရှိခဲ့ပြီး အလောင်းအား နေ့ချင်းမြေချခဲ့ပြီး စစ်ထောက်လှမ်းရေးအပါအဝင် ၂၅ ဦးသာ ပို့ဆောင်ခဲ့သည်။

❖ ၅–၁၂–၀၂။ ။ ဗိုလ်နေဝင်းသေဆုံးခြင်းနှင့် ပတ်သက်၍ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက် ၁၃/၂၀၀၂ တွင် ဗိုလ်နေဝင်းသည် ပျိုစဉ်ကယုတ်မာ၊ အိုခါဆိုးသွမ်းရုံမက သေတော့လည်း စစ်အာဏာရှင်စနစ်အမွေဆိုး ချန်ထားခဲ့သူဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ဖြင့်သာ ၂၁ ရာစု စိန်ခေါ် ချက်ကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ စေ့စပ်ရေးတံခါးကို လူထုကိုယ်တိုင်ကဖွင့်လာလျှင် တပ်မတော်အတွင်းမှ မျိုးချစ်၊ ပြည်ချစ်များကလည်း ကူညီဖွင့်ပေးလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ ထောက်လှမ်းရေး စိတ်ကူး/ထောက်လှမ်းရေး နည်းနာသည် ပြည်တွင်းရေးတွင် အသုံးတည့်မည်ဖြစ်သော်လည်း နိုင်ငံတကာခွင်တွင် သွားလုပ်ပါက မြက်မြက်မစားရဘဲ နဲ့ကြီးကိုနင်းမိသလိုဖြစ်မည် ဖြစ်ကြောင်း၊ စေ့စပ်ရေးတံခါးကို မြန်မြန်ဖွင့်နိုင်လေ တိုင်းပြည်အတွက်ကောင်းလေဟု တင်ပြ ထားသည်။

❖ ၇–၁၂–၀၂။ ။ သံရုံးအဖွဲ့အစည်းများ၊ ကုမ္ပဏီများသာမက မြန်မာနိုင်ငံမှပညာရှင်များအထိ အင်တာနက် သုံးစွဲခွင့်အား ၂၁–၁–၀၁ ရက်နေ့မှစ၍ ခွင့်ပြုလိုက်ခြင်းသည် မြန်မာနိုင်ငံအတွက် ၂၀၀၂ ခုနှစ်အတွင်း၌ အထူးခြားဆုံး မှတ်တိုင်တခုဖြစ်သည်။

❖ မြန်မာနိုင်ငံအတွင်း ၁၉၉၁ ခုနှစ်မှစတင်ကာ NGOs လုပ်ငန်းများ အရေးပါလာခဲ့ပြီး ၂၀၀၂ ဒီဇင်ဘာထိ ပြည်တွင်းအပါအဝင် NGOs ၆ ဖွဲ့ခန့်နှင့် ပြည်ပအဖွဲ့အစည်း ၂၆ ဖွဲ့ခန့် ရှိနေပြီဖြစ်သည်။ ၎င်းတို့၏ အဓိကလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေး သုတေသန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် HIV-AIDS ကာကွယ်ရေး လုပ်ငန်းများဖြစ်သည်။ (MT 6. 12. 02)

❖ ၈–၁၂–၀၂။ ။ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ CRPP ၏ ယနေ့ကျင်းပသော ပုံမှန်အစည်းအဝေးမှ

အဖွဲ့ဝင်သစ်အဖြစ် လျှောက်လွှာတင်ထားသော အဖွဲ့ ၃ ဖွဲ့နှင့် တသီးပုဂ္ဂလ လွှတ်တော်အမတ် တဦးအနက် အမျိုးသား ဒီမိုကရေစီပါတီနှင့် အမျိုးသားလူ့အခွင့်အရေးနှင့် ဒီမိုကရေတစ်ပါတီတို့အား အဖွဲ့ဝင်သစ်အဖြစ် လက်ခံလိုက်သည်။ (DVB 08. 12. 02)

❖ ၁၀–၁၂–၀၂။ ။ ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်မြို့တွင် မြန်မာ့ဒီမိုကရေစီ အင်အားစုများမှ လူငယ်စကားဝိုင်း တခုအား ငြိမ်းချမ်းစွာကျင်းပနေစဉ် ထိုင်းရဲများမှ ဝင်ရောက်ဖမ်းဆီးပြီး အဖမ်းခံရသူ ၂၈ ဦးအနက် ၁၃ ဦးအား မြန်မာနိုင်ငံတွင်း နအဖလက်သို့ သွားရောက်ပို့ဆောင်လိုက်ပြီး ကိုအိမ်ဒေါင်းနီအား ထောင်ချလိုက်သည်။ ထိုင်းအစိုးရမှ နအဖ နှင့် နာလည်မှုယူ၍ မြန်မာ့ဒီမိုကရေစီ အင်အားစုများအား ဖြိုခွဲခြင်းဖြစ်သည်။

❖ ၁၁–၁၂–၀၂။ ။ ဆစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့အခြေစိုက် "ဟင်နရီဒူးနန့် ဆွေးနွေးအဖြေရှာရေးအဖွဲ့" သည် နအဖ နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကြား စေ့စပ်ပေးနေကြောင်း၊ ရန်ကုန်တွင် ရုံးခွဲတခုထားရှိကြောင်း၊ နှစ်ဘက် စလုံးနှင့် အဆက်အသွယ်ရှိကြောင်း၊ မစ္စတာရာဇာလီကိုလည်း အကြံပေးလေ့ရှိကြောင်း အဖွဲ့၏ဒါရိုက်တာဂရီဖစ်က ပြောဆိုလိုက်သည်။ (DVB 11. 12. 02)

❖ ၁၁–၁၂–၀၂။ ။ ဝါရှင်တန်မြို့တော်ရှိ မြန်မာသံအမတ်ကြီး ဦးလင်းမြိုင်သည် နအဖ မှ ဝါဒဖြန့်ချိရေးအတွက် ငှားရမ်းထားသော DCI အဖွဲ့၏ စီစဉ်ပေးမှုအရ အမေရိကန် ကွန်ဂရက်လွှတ်တော်အမတ်များ၏ ကိုယ်ရေးအရာရှိ များအား ၁၀–၁၂–၀၂ နေ့တွင် မြန်မာ့သံရုံး၌ ညှော်ခံပွဲတရပ်ပြုလုပ်ခဲ့သည်။ (AFP 11.12. 02)

❖ ၁၁–၁၂–၀၂။ ။ ၁၉၉၈ ခုနှစ်တွင် ဘန်ကောက်မြို့ နအဖ သံရုံးအား ဝင်ရောက်စီးနင်းခဲ့သည့် စွမ်းအားမြင့် မြန်မာကျောင်းသား စစ်သည်တော်များအဖွဲ့ VBSW ခေါင်းဆောင် ဂျော်နီအား ထိုင်းတပ်ဖွဲ့မှဖမ်းဆီးခဲ့ပြီး သုတ်သင် သတ်ဖြတ်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုကိစ္စတွင် KNU ခေါင်းဆောင်တဦးဖြစ်သည့် မန်းငြိမ်းမောင် ပါဝင်ပတ်သက်နေကြောင်း၊ VBSW အဖွဲ့မှ ကြေညာချက်ထုတ်ပြန်လိုက်သည်။ (DVB 13.11. 02)

❖ ၁၆–၁၂–၀၂။ ။ ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ် စည်းရုံးရေးခရီး စတင်သည်။

❖ ၁၇–၁၂–၀၂။ ။ ဒေါ်အောင်ဆန်းစုကြည်၏ ရခိုင်ပြည်နယ် ခရီးစဉ်နှင့် ပတ်သက်ပြီး ဦးလွင်မှ "ရခိုင်ပြည်နယ်ရဲ့ NLD အခြေအနေက ဆိုးပါတယ်။ ဆိုင်းဘုတ်တခုမကျန် အားလုံးဖြုတ်ခံထားရတယ်။ နယ်မြေလုံခြုံရေးနဲ့ လမ်းပန်း ဆက်သွယ်ရေး အခြေအနေက ရှမ်းပြည်နယ်ထက် ဆိုးကြောင်း၊ အစွန်းရောက်မွတ်ဆလင်လို အဖွဲ့မျိုးတွေလည်း ရှိနေကြောင်း' ပြောဆိုသည်။ (DVB 18. 12. 02)

❖ ၁၉–၁၂–၀၂။ ။ နယ်သာလန်နိုင်ငံတွင်ကျင်းပသော သုတေသနစာတမ်းဖတ်ပွဲတခုသို့ တက်ရောက် စာတမ်းဖတ်ရန် ထွက်ခွာလာသော စာပေဝေဖန်ရေးဆရာ၊ ကဗျာဆရာမောင်စွမ်းရည်သည် ပြည်ပရှိ သတင်းမီဒီယာ များနှင့် တွေ့ဆုံစဉ် နအဖ၏ စာပေစိစစ်ရေး အခြေအနေများကို ဝေဖန်ပြောကြားခဲ့မှုကြောင့် ဆရာမောင်စွမ်းရည်၏ စာများအား ပြည်တွင်းထုတ် စာနယ်ဇင်းများတွင် ဖော်ပြခြင်းကို နအဖ စာပေစိစစ်ရေးမှ ပိတ်ပင်တားဆီးလိုက်သည်။ (DVB 19. 12. 03)

❖ ၂၀–၁၂–၀၂။ ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား HIV ပိုးစစ်ဆေးရာတွင် စရိတ်ကုန်ကျ မှုရှိခြင်း၊ တာဝန်ချိန် လစ်ဟင်းခြင်းတို့ တွေ့ရှိရသဖြင့် ဆက်လက်စစ်ဆေးခြင်းမပြုဘဲ ရပ်ဆိုင်းပစ်ရန် ရဲချုပ်မှ အောက်ခြေ ရဲတပ်ဖွဲ့အားလုံးသို့ အမိန့်ပေးလိုက်သည်။ (ABSDF 20.12. 02)

❖ ၂၄–၁၂–၀၂။ ။ မြန်မာနိုင်ငံတွင် အားကစားဆိုင်ရာ ဆေးပညာရှင်များ ပိုမိုလိုအပ်လျက်ရှိကြောင်း၊ အား/ကာ ဦးစီးဌာနတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော ဆေးပညာရှင်များမှာ ဆရာဝန် ၈ ဦး၊ သူနာပြု ၆ ဦးနှင့် ရုပဗေဒဆေးကုပညာရှင် အကူ ၂ ဦးတို့သာရှိကြောင်း အား/ကာ ဆေးမှူးချုပ် ဒေါက်တာသိန်းညွန့်မှ ပြောဆို လိုက်သည်။ (MT 20- 26.12. 02)

❖ ၂၄–၁၂–၀၂။ ။ ဒေါ်အောင်ဆန်းစုကြည်၏ ရခိုင်ပြည်ခရီးစဉ်သည် သူမထွက်ခဲ့သမျှ ခရီးစဉ်များထဲတွင် အအောင်မြင်ဆုံး ခရီးစဉ်ဖြစ်ကြောင်း၊ စစ်အုပ်စု၏ ခြိမ်းခြောက်မှုကို အများဆုံးရင်ဆိုင်ခဲ့ရတဲ့ ခရီးစဉ်ဖြစ်ကြောင်း၊ စစ်တွေ၊ မြို့ဟောင်းမြို့များတွင် ခြိမ်းခြောက်မှုများကြားမှ လူထုသောင်းနှင့်ချီ၍ စုဝေးရောက်ရှိ ထောက်ခံမှုများရှိခဲ့ကြောင်း ဦးလွင်မှ ပြောဆိုလိုက်သည်။ (DVB 24.12. 02)

❖ ၂၅–၁၂–၀၂။ ။ ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ် စည်းရုံးရေးခရီးစဉ် ပြီးဆုံးသည်။

❖ ၂၈–၁၂–၀၂။ ။ အမေရိကန်သမ္မတအနေဖြင့် မြန်မာစစ်အစိုးရအား အတိုက်အခံများနှင့် အမြန်ဆုံးဆွေးနွေးရန် ဖိအားပေးသင့်ကြောင်း၊ စစ်အစိုးရအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးရမည်ဟု ရှင်းရှင်းလင်းလင်း ပြောသင့်ပြီဖြစ်ကြောင်း၊ အကြမ်းမဖက်သောနည်းနာဖြင့် ဒီမိုကရေစီရေးကို ကြိုးပမ်းနေသော မြန်မာအတိုက်အခံများအား အမေရိကန်အနေဖြင့် ထောက်ခံကြောင်းပြသနိုင်သည့် ရှားပါးသောအခွင့်အရေးကို လက်မလွှတ်သင့်ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာတွင် ရေးသားထားသည်။

❖ ၃၁–၁၂–၀၂။ ။ ထိုင်း–မြန်မာ အကြိမ် ၂၀ မြောက် နယ်ခြားကော်မတီအစည်းအဝေးကို မော်လမြိုင်မြို့တွင် ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် ရတခတိုင်းမှူး သူရမြင့်အောင်က ထိုင်းအာဏာပိုင်များအား ထိုင်းအခြေစိုက် မြန်မာအတိုက်အခံများအား ဖမ်းဆီးပို့ပေးရေး၊ စံခလဘူရီမှာကဲ့သို့ မြန်မာအတိုက်အခံရုံးများအား ပိတ်ပေးရန်၊ ထိုင်းစာတိုက်များအား သုံးစွဲနေခြင်း၊ အီးမေးလ်ကုမ္ပဏီများတွင် မှတ်ပုံတင်သုံးစွဲနေခြင်းများအား ပိတ်ပေးရန်တောင်းဆိုခဲ့ရာ ထိုင်းဗိုလ်ချုပ်ကြီး အူတုံချိုင်းက ထိုင်းနိုင်ငံအတွင်း အိမ်နီးခြင်းနိုင်ငံများမှ အတိုက်အခံများအား တရားဝင်ခွင့်ပြုထားခြင်း မရှိကြောင်း ပြန်လည်ပြောဆိုခဲ့သည်။ (DVB 31. 12. 02)

❖ ၃၁–၁၂–၀၂။ ။ ၂၀၀၂ ခုနှစ်အတွင်း မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ ၅၃ နိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးပဋိပက္ခများ ရှိနေကြောင်း၊ ယခင်နှစ်ထက် ၆ နိုင်ငံ နည်းသွားသော်လည်း ယခင်နှစ်က မပါသော ၁၀ နိုင်ငံ တိုးလာကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ထိုစာရင်းတွင် ဆက်လက်ပါဝင်နေဆဲဖြစ်ကြောင်း အမေရိကန်အခြေစိုက် အမျိုးသားကာကွယ်ရေး ဖောင်ဒေးရှင်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

❏ ❏ ❏ ❏ ❏ ❏ ❏